
www.burmeseclassic.com

# မြင်းကလေး

နှုတ်ခမ်းဖြင့်ချူသည်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၁၄၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/ဝနောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ယန်းမျို

သိန်းဝေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

နိုးနိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၉

၈၉၅.၈၃

မိန်းကလေး

နှုတ်ခမ်းမြင့်ချူသည် / မိန်းကလေး ။ – ရန်ကုန်။
ဖူးစာပေ ၊ ၂၀၁၂ ။

၂၈၈ – စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) နှုတ်ခမ်းမြင့်ချူသည်

## အခန်း (၁)

"အဲ"

ရုံးခန်းထဲ တောက်လျှောက်ဝင်လာခဲ့ပြီးမှ ပုလဲရင့် ခြေလှမ်းတန့်သွားၿပီ။ နှုတ်မှလည်း အားတုံ့အားနာ 'အဲ' ခနဲ အသံထွက်ကာ။

ထိုအသံလေးနောက်မှာ ပုလဲရင့် မျက်နှာလေးလည်း ပျသည်။ မပျဘဲနေမတဲ့လား။

ပုလဲရဲ့ ဘော့စ်၊ မမသစ်က ဦးဝဏ္ဏစိုးရင်ခွင်ထဲမှာ နှိုတွယ်လျက်။ ဦးဝဏ္ဏစိုးကလည်း မမသစ်ပခုံးကို ယုယုယယ ဖက်ထားၿပီ။ ဒါတင်မကသေးပါ။ မမသစ်မေးဖျားလေးကို ကြင်ကြင်နာနာ ကိုင်၍ နှုတ်ခမ်းချင်း ထိလုမတတ် စကားတွေ တွတ်ထိုးပြောနေတာလေ။

မမသစ်ကလည်း ရင်ခုန်ကြည်မွေ့သော မျက်နှာလေးနှင့် ဦးဝဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



မိုးကို စိုက်ကြည့်နေတာ အချစ်ပန်းခင်းကြီး ဖြစ်တည်တော့မယ့်အလား။

မထင်မှတ်ဘဲ ဒီလိုမြင်လိုက်ရတော့ အပျိုစင်လေး ပုလဲရင့် မြင်မြင်ချင်း အံ့ဩကာ ခြေလှမ်းတန့်ခြင်းရယ်။ တစ်ပြိုင်နက်တည်း 'အဲ'ခနဲဖြစ်သလို မျက်နှာပူ၏။ ချက်ချင်းလည်း အသိဝင်လာကာ ခြေလှမ်း နောက်ဆုတ်ပြီး သုတ်ခနဲ လှည့်ထွက်ခဲ့သည်က အနှောင့်အယှက်မပေးချင်သောကြောင့် ဖြစ်သည်။

ဟုတ်တယ်လေ။

သူများချစ်သူချင်း အချစ်ရေယဉ်ကြောမှာ မျောနေကြတဲ့ တားချက်လှလှလေး ပုလဲကြောင့် ချစ်ခရီးလေး တန့်မသွားစေချင်ပါ။

ဘာဖြစ်လို့လဲဆိုတော့ မမသစ်နဲ့ဦးဝဏ္ဏစိုးရဲ့ အချစ်ကိစ္စကို ပုလဲ အစအဆုံး သိနေတယ်မဟုတ်လား။

မမသစ်နဲ့ဦးဝဏ္ဏစိုးက ယှဉ်ကျွမ်းခွေပါ။ ချစ်ပေမယ့်လည်း မာနကြီးခဲ့လို့ ကွဲနေတာ ဆယ်နှစ်မကရယ်။

ဦးဝဏ္ဏစိုးဘက်က မာနတံခွန် ထူခဲ့သလို မမသစ်ကလည်း ခေါင်းငုံ့မခံခဲ့။ မင်္ဂလာဆောင်ပြီး ပေါင်းသင်းတာ ခြောက်လမပြည့်ခင်မှာ ကွဲသွား၏။ ဦးဝဏ္ဏစိုးက နိုင်ငံခြားထွက်သွားတော့ ကွဲဇာတ်လမ်း သက်ဆိုးရှည်လေသည်။

မမသစ်ကလည်း အဆက်သွယ်မလုပ်ဘဲ ဖြတ်ထားကာ တစ်ယောက်နဲ့တစ်ယောက် ပိုဝေးဝေးနေတဲ့အဖြစ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ဦးဝဏ္ဏစိုး ဘာစိတ်ကူးပေါက်





သည်မသိပါ။ ရွှေကြိုးတပ်ထားတဲ့ နာရီလှလှလေးတစ်လုံး လူကြုံနဲ့ လက်ဆောင်ပို့လာသည်။

ဒိုင်ခွက်ပတ်လည်မှာ စိန်ပွင့်ကလေးများ တလက်လက်နဲ့။ မမသစ်လက်ကောက်ဝတ်နဲ့ဆို တအားလိုက်ဖက်တဲ့ နာရီပိုင်းလေးပါ။

ငြင်းရက်စရာမရှိတဲ့ ထိုနာရီလေးကို မမသစ် မျက်နှာထားနဲ့ ငြင်းပယ်ခဲ့သည်။ လူကြုံလာပေးတဲ့ ဦးလွင်နိုင် ဘယ်လိုပဲ ဖျောင်းဖျပြီးပေးပေး မမသစ်က ဘူးဆို ဘူးပဲလေ။

မမသစ် နာရီကိုလက်မခံတော့ ဦးဝဏ္ဏစိုး ဖုန်းဆက်လာသည်။

ဦးဝဏ္ဏစိုးမှန်းသိတာနဲ့ မမသစ် ဖုန်းပိတ်ပစ်၏။

"ချစ်ခဲ့တာတွေ, ပေါင်းခဲ့တာတွေကို ဘာမှ သတိတရဖြစ်နေဖို့မလိုဘူး၊ ချင်းနဲ့ မိဿလင်ပဲ၊ မကြင်နာချင်လို့ ပစ်သွားပြီးမှလေ"

"ဦးစိုးက ပြန်ဆက်သွယ်ပြီပဲ မမသစ်ရယ်"

ပုလဲ ပြေရာပြေကြောင်း အကြံပေးသလို ပြောမိသေးသည်။ မမသစ်က မာန်မျက်နှာကြီးကို မဲ့လျက်။

"အမယ်လေး ဆက်သွယ်တယ်ဆိုတိုင်း မမသစ်က ပြန်ငဲ့ကြည့်ရင် မမသစ်မာနကို ချပစ်သလို ဖြစ်သွားမှာပေါ့၊ အဟွန်း မမသစ်က သူ့ထက် မာနကြီးပါတယ်ကွဲ့၊ သူ ပစ်သွားကတည်းက မမသစ်ကိုယ့်ခြေထောက်ကိုယ် ရပ်နိုင်အောင် ကြိုးစားခဲ့တယ်၊ ဟော အခုဆိုကိုယ့်ဘာသာကိုယ် ခေါင်းမော့နေနိုင်တဲ့ဘဝ ရောက်နေပြီလေ၊ လွမ်းလောက်စရာ မရှိပါဘူး"

www.burmeseclassic.com



"မမသစ်ရယ် ဘာပဲဖြစ်ဖြစ် ဦးစိုးက မမသစ်ရဲ့ လင်ယောက်ျားလေ၊ တရားဝင်စာချုပ်စာတမ်းနဲ့ ကွဲခဲ့ကြတာ မဟုတ်တာ"

"အမယ်လေး ယောက်ျားတွေအကြောင်း ညည်းလေး ဘာမှ မသိပါဘူးအေ၊ သူတို့က ကိုယ့်မယား၊ ကိုယ့်ချစ်သူဆိုပြီး ရာနှုန်းပြည့် ပျော်ရွှင်ချမ်းမြေ့မှုကို ဖန်တီးပေးတာ မဟုတ်လား၊ မမသစ်က မောင်နှမ တွေများတော့ ပေးကမ်းထောက်ပံ့ရတာတွေ ရှိတယ်၊ အဲဒီအပေါ် သူက အမြင်စောင်းတယ်၊ သူ့စည်းစိမ်ဥစ္စာတွေနဲ့ မမသစ် မောင်နှမကို ထောက် ပံ့နေတယ်လို့ နှိမ်ချစွပ်စွဲတယ်"

နားထောင်ရင်း ပုလဲ မွန်းကျပ်လို့လာသည်။ မမသစ်က နာ နာကျင်ကျင် ပြောနေဆဲ။

"မမသစ် ဘယ်လိုမှ ရှင်းပြလို့လည်း မရဘူး၊ ရှင်းပြတာလည်း လက်မခံဘူး။ မမသစ်က အရင်က ခုလို ရတနာဆိုင်ဖွင့်မထားတော့ လက်ဆုပ်လက်ကိုင်လုပ်ငန်း မပြနိုင်ဘူး၊ ရတနာကုန်သည်တချို့မှာ ရင်းနှီး မြှုပ်နှံထားတဲ့ဝင်ငွေနဲ့ ပံ့ပိုးတာလို့ ပြောရင်လည်း မယုံဘူး၊ နောက်ဆုံး တော့ သူ ပိုင်ဆိုင်မှုအားလုံးကို အရည်ဖျော်ပြီး ဩစီမှာရှိတဲ့ သူ့သူငယ် ချင်းဆီကို လွှဲပို့လိုက်တယ်၊ ပြီးတော့ မင်းက မောင်နှမတွေကို လုပ်ကျွေး ချင်တဲ့မိန်းမဆိုတော့ မင်းမောင်နှမတွေနဲ့ နေခဲ့တဲ့၊ မမသစ်ကို ထားပြီး သူက ဖုတ်ဖက်ခါ ထွက်သွားတာလေ၊ သွားပေါ့၊ မမသစ်လည်း အဲဒီ ကတည်းက သူ့ကို နှလုံးသားထဲက ဆွဲထုတ်ပစ်လိုက်တယ်၊ ဘာဖြစ် လို့လဲဆိုတော့ မမသစ်ဘက်က စများတာ မဟုတ်ဘူး၊ သူ့ဘက်က





စတာ၊ ဒါကြောင့် လုံးဝပဲ ပုလဲရယ်၊ မမသစ် ကျောခိုင်းပြီးသားကို ပြန်ငဲ့မကြည့်ချင်ဘူး။ မာနဆိုလည်း ဟုတ်တာပေါ့ကွယ်" .

မမသစ်တို့ မာနဇာတ်လမ်းလေး နားဆင်ရတာ ပုလဲရင်ကို မောလျစေတာ အမှန်။

မမသစ်က လုံးဝပြတ်သားနေခဲ့သည်။ ပစ်ခွာကျောခိုင်းတုန်း ကလည်း ဦးစိုးပဲ။ ပြန်ဆက်သွယ်လာတော့လည်း ဦးစိုး။ မမသစ် ဖုန်း နဲ့တောင် အဆက်အသွယ်မလုပ်ဘော့။ မနေနိုင်မထိုင်နိုင်ဖြစ်တာလည်း ဦးစိုး။

ကြားထဲမှာ ဦးစိုးက သူငယ်ချင်းတွေကို လွှတ်ပြီး မမသစ် လက်ခံအောင် စည်းရုံးတာလည်း အကြိမ်ကြိမ်။

ဘယ်လိုပဲ စည်းရုံးဆက်သွယ်ပါစေ၊ မမသစ် လက်မခံတော့ ပုလဲကို ကြားက ဖျောင်းဖျပေးဖို့ ဦးစိုး အကူအညီတောင်းလေသည်။

မမသစ် ရင်ဖွင့်သမျှကို နားထောင်ပေးရင်း ဦးစိုးကို ပြန်လက်ခံ ပေးဖို့ ပုလဲ စည်းရုံးပေးတဲ့နောက်မှာ မမသစ် စိတ်ပျော့လာဟန် တူ သည်။

ပြီးတော့ ဦးစိုးကလည်း မမသစ်ဆီ ရောက်လာပြီး တောင်း ပန်တာတွေနဲ့ ဇာတ်လမ်းပြန်ဆက်ဖို့ ကြိုးစားတဲ့နောက်မှာ။

ခုတော့ ပုလဲ ရှောင်ပေးရမယ့်အနေအထား ရောက်လာပြီလေ။

မမသစ်နဲ့ ဦးစိုး ပြေလည်သွားမယ့်အနေအထားကို မြင်ရပို့ ပုလဲ ဝမ်းသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲဒီအပြောင်းအလဲကြားမှာ ဘာတွေဖြစ်လာမလဲ။ ပုလဲ ရင်ပူစွာ တွေးရလေပြီ။

ထိုသို့တွေးမိတာကလည်း အကြောင်းမဲ့ မဟုတ်ပါလေ။

✿ ✿ ✿



အခန်း (၂)

"တော်ဝင်သစ်ဆန်းရတနာခင်တာ"

အရောင်းစာရေးမ နှစ်ဆယ့်နှစ်ယောက်တိတိရှိတဲ့ မမသစ်ရဲ့ ရတနာဆိုင်လေးက ဝယ်သူရောင်းသူများနဲ့ အစဉ်စည်ကားလျက် ရှိသည်။

ပုလဲက ပန်းထိမ်ဆီက ထပ်ရောက်လာတဲ့ ရတနာထည်အသစ်တွေကို တစ်ခုချင်း ပြန်စစ်ဆေးလျက် ရှိသည်။

ဒီဇိုင်းပုံကအစ လက်ရာသပ်ရပ်မှု ရှိ့မရှိ စတာတွေပေါ့။

ပုလဲတို့က Customer တွေရဲ့အပ်ထည်ကို ပို၍ ဂရုစိုက်ရတယ် မဟုတ်လား။

ရောင်းထည်အတွက်ကလည်း ဒီဇိုင်းတွေ ပုံစံမထပ်စေဖို့



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်။

အစဉ်အမြဲ ဒီဖိုင်းသစ်နေမှ ဝယ်သူ့စိတ်ကို ဆွဲဆောင်နိုင်မယ်။ ပုလဲရဲ့အဓိကတာဝန်က ဒီဖိုင်းသစ်ဖန်တီးရေးနဲ့ ဈေးကွက်ကျယ်ပြန့်လာအောင် ဆွဲဆောင်နိုင်ရေး။

ဈေးနှုန်း သင့်တင့်ရမည်။ လက်ရာကောင်းရမည်။ ရတနာရဲ့အရည်အသွေး စံမီရပေမည်။

အထူးသဖြင့် အခြေခံလူတန်းစားကအစ တကယ့် ထိတ်ထိတ်ကြဲတွေအထိ နှစ်သက်မယ့်ဒီဖိုင်းမျိုးဖြစ်အောင် အထူးကြိုးပမ်းရလေသည်။

အဲဒီကြိုးပမ်းမှုရဲ့ရလာဒ်က ဖောက်သည်များခြင်းပင်။ အခုဆိုနယ်ဖောက်သည်တွေ တိုးလာသလို ပြည်ပက အော်ဒါမှာတာတွေလည်း အမျှဉ်မပြတ်ပေ။

မမသစ်ရဲ့ တော်ဝင်သစ်ဆန်းရတနာဆိုင်က ရတနာဆိုင်တွေကြားမှာ ရေပန်းစားလျက်။

''ပုလဲရေ''

''ရှင်''

မမသစ်ခေါ်သံကြောင့် ပုလဲ ရတနာထည်တွေကြည့်နေရာမှ တန့်သွားသည်။ 'ရှင်' လို့လည်း ထူးပြီး ငဲ့ကြည့်၏။

''ပြောပါ မမသစ်''

''လာပါဦးကွယ် အရေးကြီးလို့''





ကြည်နူးမြူးရွှင်နေတဲ့ မမသစ်ရဲ့မျက်နှာလေးက အချစ်စိတ်ကြောင့် ရဲစိုနေကာ တစ်ခုခုတော့ ဖြစ်မှာသေချာသည်။

ကြည့်ရှုစစ်ဆေးနေတဲ့ ရတနာပစ္စည်းတွေကို ရတနာသေတ္တာထဲ ပြန်ထည့်သိမ်းပြီး မမသစ်အခန်းထဲ တွန့်နှေးနှေး ဝင်သွားရသည်။

မမသစ်အခန်းထဲမှာ ဦးစိုးက ရှိနေဆဲ။

ဦးစိုးမျက်နှာကလည်း မမသစ်လိုပဲ ကြည်နူးမှုတို့ ယှိစိမ့်ကာ။ ပုလဲထင်သည့်အတိုင်း အပြောင်းအလဲတစ်ခုခု ဖြစ်တော့မယ်ဆိုတာ ပိုပြီးသေချာနေပြီ။

''ထိုင်လေ ပုလဲ''

မမသစ်က ဦးစိုးနဲ့ ဘေးချင်းကပ် ဝင်ထိုင်လေသည်။ ပုလဲကိုလည်း ထိုင်ခိုင်းတော့ ပုလဲ ထိုင်ချလိုက်သည်။

ဦးစိုးက မမသစ်ကိုပဲ အရိပ်တကြည့်ကြည့်နဲ့၊ မမသစ်ကလည်း ကြည်နူးတာတွေ မဖုံးဖိနိုင်တဲ့ ခံစားချက်နဲ့ ပုလဲကိုကြည့်၏။ ပုလဲက အလိုက်သိသိပင် –

''ပြောပါ မမသစ်''

''ပြောရမယ်ဆိုရင်တော့ မမသစ်ကလေ''

စကားကို ခဏရပ်ထားပြီးမှ မမသစ် ရှက်ရေးရေးနဲ့ ခပ်တိုးတိုးဆိုသည်။

''မမသစ်ကို ဦးစိုးက အပါခေါ်နေတာကွဲ့၊ အဲဒါလေ မမသစ်လိုက်သွားမလို့၊ ဟို''

www.burmeseclassic.com



မမသစ် ပြောရင်း အားတုံ့အားနာနဲ့ ရပ်သွားပြန်သည်။ ဦးစိုးက အသေစလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်ကို မြင်လျက်သားနှင့် ပုလဲ မမြင်ချင်ဟန်ပြုကာ –

''ပြောပါ မမသစ်၊ အားမနာပါနဲ့၊ ပုလဲက ကြိုတင်တွက်ဆ ပြီးသားပါ''

''ဟင်၊ ပုလဲက ကြိုတွက်ထားတယ် ဟုတ်လား။ ဘာ ဘာကို တွက်ဆမိတာလဲ၊ ပြောပါဦးကွယ်''

မမသစ် စိတ်လှုပ်ရှားနေသလောက် ပုလဲက တည်ငြိမ်ပါသည်။ မျက်လွှာလေးချထားရင်း –

''မမသစ် ဦးစိုးနဲ့လိုက်သွားရင် ရတနာဆိုင်က အပြောင်းအလဲ တစ်ခုခု ဖြစ်မှာသေချာတယ်လေ''

''ပုလဲရယ် ညည်းလေး သိပ်တော်တယ်ဆိုတာ အဲဒါပေါ့၊ ဘာမဆို ကြိုတင်တွက်ဆတတ်တယ်၊ တွက်ဆတိုင်းလည်း ကွက်တိပဲ ကွဲ့''

''ပုလဲ နားလည်ပါတယ်၊ မမသစ် ဘယ်လိုစီစဉ်ထားလို့လဲ''

မမသစ်က ချက်ချင်း မဖြေ။ ဦးစိုးကို တစ်ချက်ငဲ့ကြည့်သည်။ ဦးစိုးက ကြည်နူးနေတဲ့ မျက်နှာလေးကို ကူခြွေဆည်ပြီး –

''ဒီလိုပါ၊ ပုလဲမယက ရတနာဆိုင်ကို အတော်သံယောဇဉ် ကြီး ပါတယ်၊ ဒါပေမဲ့ ဦးစိုးက ဟိုမှာပဲ အခြေကျနေတာဆိုတော့၊ ဒီဆိုင်ကို လှည့်ကြည့်ဖို့ မလွယ်ဘူး။ နောက်ဆုံလည်း မတင်းရအောင်၊ သံယော





ဇဉ်လည်း ပြတ်အောင်ဆိုပြီး ဒီဆိုင်ကို ရောင်းလိုက်တယ်ပေါ့''

''ရှင်''

ထင်ထားတာထက် ပိုနေတာမို့ ပုလဲ မျက်လုံးလေးပြူးကာ မမသစ်ကို ကြည့်မိသွား၏။

မမသစ်က မျက်နှာလေးမထားတတ်အောင် အားနာဟန်နှင့်–

''ဟို ရောင်းလိုက်တယ်ဆိုပေမယ့် ပုလဲတို့ဝန်ထမ်းအားလုံး ဘာမှမပြောင်းလဲပါဘူး၊ ဒီအတိုင်းပဲ ရှိနေမှာပါ၊ မမသစ်နေရာမှာ ရတနာဆိုင်ကိုဝယ်လိုက်တဲ့ ဦးစိုးရဲ့သူငယ်ချင်း အစားဝင်မယ်၊ ဒါပဲ''

ပုလဲရင်မှာ မွန်းကျပ်ကာ လေးလံလို့သွားသည်။ အလုပ်ရှင် အသစ်နဲ့ ပုလဲက အဆင်ပြေပါ့မလား။

ပြီးတော့ ပုလဲရဲ့ ငွေရေးကြေးရေးအခက်အခဲတွေ။

အိုး တွေးရင်း ရင်ပူလာကာ ပုလဲ မျက်နှာပျက်နေလေသည်။ မမသစ် ရိပ်မိတာမို့ –

''ပုလဲ စိတ်အားမငယ်ပါနဲ့ကွယ်၊ မမသစ်လည်း အခြေအနေ အရမို့ပါ၊ ရတနာဆိုင်ရောင်းပြီး မောင်နှမတွေကို ခွဲဝေပေးဖို့ တစ်ခု တည်းပါ၊ မောင်နှမတွေကို မမ နောက်ဆုံးကူညီတာပေါ့၊ သူတို့လည်း အခြေခိုင်မှ မမ ဟိုမှာနေရတာ စိတ်ဖြောင့်မှာလေ၊ အဲဒါကြောင့် ဦးစိုး အကြံပေးတဲ့အတိုင်း မမ လုပ်လိုက်တာ''

''ရပါတယ် မမရယ်၊ မမတို့ အဆင်ပြေအောင်လုပ်တာပဲ ဝမ်းသာပါတယ်၊ တစ်ခုပဲ ပုလဲ စိုးရိမ်ပါတယ်၊ မမမှာ တင်နေတဲ့ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အကြောင်းတွေ''

မမသစ်က ပြုံးပြီး ခေါင်းယမ်း၏။

''ပုလဲရယ် ဦးစိုးက အဲဒီကိစ္စ သူ့သူငယ်ချင်းကိုပြောထားပြီးပြီ၊ သူက ဘာမှမပြောပါဘူး။ မမကို ပုံမှန်ကြွေးဆပ်နေတဲ့အတိုင်း ဆပ်သွားပါ၊ သူ လက်ခံပါတယ်ပေါ့''

မမသစ် ဘယ်လိုပဲ ဖျောင်းဖျပြောပြော ပုလဲ ရင်ပူလှသည်။ ပုလဲရဲ့အကြွေးက နည်းတာမှ မဟုတ်တာ။ မမသစ်လို ပုလဲအပေါ် ရေရှည်ကောင်းနိုင်မတဲ့လား။

''ပုလဲ တစ်ခုခုကိုတွေးပြီး စိုးရိမ်မနေပါနဲ့၊ ဦးစိုးတို့သွားရင် သူ ပြန်လာလိမ့်မယ်''

''သူက''

''ဦးစိုးလိုပဲ ဟိုမှာအခြေကျနေတာ၊ အခု ပြန်လာမှာ သူ့အမေ နေမကောင်းလို့ ပြန်လာမယ့်အစီအစဉ် ရှိတယ်၊ ဦးစိုးကလည်း သစ်ကို နောက်ဆံမတင်းစေချင်လို့ ရောင်းဖို့စီစဉ်ပြီး သူနဲ့တိုင်ပင်တော့ သူက ဝယ်မယ်ဆိုတာနဲ့ ရောင်းဖြစ်သွားတာ၊ သူက ဦးစိုးနဲ့မမသစ်ကို ပြေလည်စေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ ဝယ်တဲ့သဘော၊ ပုလဲအနေနဲ့ သစ်နဲ့အတိုင်းပဲ၊ သူလည်း ပုလဲအတွက် ဒုတိယ မမသစ်ဖြစ်မှာပါ၊ စိတ်မပူပါနဲ့''

ဦးစိုးကတော့ မမသစ်လိုပဲဖြစ်မယ်လို့ ရွှန်းရွှန်းဝေအောင် ပြောလေသည်။ ပုလဲစိတ်မှာတော့ မထင်ပါဘူး။





''ကဲပါ ပုလဲလေးရယ်၊ စိုးရိမ်မနေပါနဲ့၊ နော် ညီမလေး''

မမသစ်က ဦးစိုးအပါးမှ ထ,လာပြီး ပုလဲနား လာထိုင်၏။ ပခုံးကို ဖွဖွဖက်ရင်းလည်း အားပေးစကားဆိုသည်။

ပုလဲ အားတင်းပြုံး၍ –

''ရပါတယ် မမရဲ့၊ ပုလဲတို့ အလုပ်မပြုတ်တာကိုပဲ ကျေးဇူးကြီးလှပါတယ်''

''ဒီကိစ္စ ဝန်ထမ်းတွေကို ပုလဲပဲ အသိပေးလိုက်၊ မမသစ်တို့ သွားဖို့လာဖို့ကိစ္စလေးတွေ စီစဉ်ရဦးမယ်''

''ဟုတ်ကဲ့ မမသစ်''

ပုလဲရင်မှာ မီးပုံကြီး တွန်းနေပေမယ့် မမသစ် ကျေနပ်အောင် ဟုတ်ကဲ့လိုက်ရသည်။ ပုလဲ ဟုတ်ကဲ့ဆိုတော့မှ မမသစ်မျက်နှာလေး လန်းဆန်းကာ ပုလဲအပါးမှ ထ,လေသည်။

ဦးစိုးကလည်း မမသစ်ကို မျက်ရိပ်ပြကာ အပြင်သွားကြဖို့ အချက်ပေးပြီး ထိုင်ရာမှထသည်။ မမသစ် ခေါင်းဆတ်၍ လက်ဆွဲအိတ်လေးဆွဲယူကာ ဦးစိုးလက်မောင်းကိုတွဲလျှင် ပုလဲ မမြင်ချင်ဟန်ပြုလျက်။

''ပုလဲ မမတို့ အပြင်သွားဦးမယ်''

''ဟုတ်''

ပုလဲ ငုံ့မကြည့်ဘဲ ခေါင်းလေးဆတ်ကာ ထ,ရပ်လိုက်သည်။

မမနဲ့ဦးစိုး ကိန္နရီ ကိန္နရာလို ယှဉ်တွဲထွက်သွားတာကို ငေးကြည့်ရင်း ပုလဲရင်မှာ ချော်ရည်ပူများ စိမ့်ထွက်လာသည့်နှယ် မျက်ရည်တို့



www.burmeseclassic.com

www.burmeseclassic.com



ဝဲလေသည်။

ပုလဲဟာ မမသစ်နဲ့တွေ့လို့ ကံကောင်းခဲ့ရသည်။ ဒီအဖြစ်တွေ ပုလဲတစ်သက် မမေ့နိုင်ပါ။

ရှေ့ဆက်ပြီး ပုလဲ ကံကောင်းစေဦးမှာလား။

ပြောပါလေ။

✿ ✿ ✿



## အခန်း (၃)

"ဟယ် အံ့သြစရာကြီး မမသစ်က ဦးစိုးနဲ့ တကယ်ပေါ့လေ"

မေသီရိ တအံ့တသြ မေး၏။ အခြားသော အရောင်းဝန်ထမ်း မိန်းကလေးများလည်း အံ့သြစွာ ကြည့်ကြသည်။ ပုလဲ မသိမသာ သက်မ ချ၍ –

"ဟုတ်တယ်"

"တကယ်လိုက်သွားမယ် ဟုတ်လား၊ ဘယ်တော့လဲ"

ခွေရီရီလည်း သိချင်စိတ်လောလောလေးနဲ့ မေးပြန်သည်။ ဒီအကြောင်းတွေ ဖာချဲ့ပြီးပြောနေဖို့ ပုလဲ စိတ်မပါလက်မပါ ဖြစ်ကာ

"သန်ဘက်ခါလေ"

"ဟယ်၊ ဒါဆို ဘော့စ်အသစ်နဲ့ပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နိုးရိုမ်စိတ်နဲ့ တစ်ယောက်တစ်ခွန်း ဝင်ပြောကြတဲ့ အရောင်းစာရေးမလေးများကို ပုလဲ နားလည်ပါသည်။

''စောင့်ကြည့်ကြတာပေါ့ကွယ်၊ ပုလဲတို့အားလုံး သေသေဝပ်ဝပ်ဖြစ်အောင် သတိထားနေကြဖို့ လိုတာပေါ့''

''ဟုတ်တယ် မပုလဲရဲ့၊ ဒါနဲ့ ဘော့စ်အသစ်က ဘယ်တော့လာမှာလဲ''

''မမသစ်တို့ ဟိုရောက်တာနဲ့ သူလာမှာတဲ့၊ လာခါနီး ဖုန်းကြိုဆက်ပေးမယ်လို့ မမသစ် ပြောတာပဲ''

ပုလဲစကားဆုံးတော့ အားလုံး အတွေးလေးနဲ့ ခေတ္တ ငြိမ်သက်သွားသည်။ အရောင်းစာရေးမလေးတွေလည်း ဘော့စ်အသစ် လာရောက်မှာအတွက် ရင်မှာ မသိသာ ပူနေကြဟန်တူသည်။

''ဒါနဲ့ မပုလဲ ဘော့စ်အသစ်က မမသစ်လိုပဲ အမျိုးသမီးကြီးလား''

စန်းစန်းရှင်က ဖျတ်ခနဲမေးလျှင် ဝန်ထမ်းမိန်းကလေးများ စိတ်ဝင်တစား ခေါင်းထောင်လာသည်။

ဟုတ်တာပေါ့။

ဒါလည်း သိသင့်တာပဲ မဟုတ်လား။

ပုလဲ မွန်းကျပ်စွာ ခေါင်းတစ်ချက်ယမ်းပြီး –

''မဟုတ်ဘူးဟ၊ ဦးစိုးသူငယ်ချင်းတဲ့၊ နာမည်က နေသခင်တဲ့''





''နေသခင်''

အားလုံး တီးတိုးရွတ်ကြ၏။

နေသခင် တဲ့။

နာမည်ကိုက ပူလောင်တာလား၊ လှမ်းမိုးတာလား၊ ဘာလား၊ ညာလား မသိကြသေးပေမယ့် ဝန်ထမ်းချင်းအတူတူမို့ အားလုံးစိုးရိမ်စိတ်ရှိကြတာ အမှန်။

''ဟုတ်တယ်၊ နေသခင်တဲ့၊ အခုကတည်းက အားလုံးပဲ သတိနဲ့ ဆင်ဆင်ခြင်ခြင်လေး ရှိကြပေါ့၊ မဟုတ်ဘူးလား''

''စိတ်ချပါ မပုလဲရယ်''

ပန်းကလေးက သွက်သွက်လေးပြောသည်။ ခေါင်းညိတ်သူက ညိတ်နဲ့ ပုလဲပြောတာကို အလေးအနက်ရှိကြမှန်း သိသာလျက်။

''ကဲပါလေ သိပ်လည်း ပူပင်မနေကြပါနဲ့''

''မပုလဲကသာ ဝေစိုးတို့ကို ပူပန်မနေကြဖို့ ပြောနေတာ၊ မပုလဲကိုယ်တိုင် ပူပန်နေရတယ် မဟုတ်လား''

ဝေဝေစိုး ပြောသည်က မှန်ပါပေသည်။ တည်ငြိမ်အောင်ထိန်းနေရပေမယ့် ပူပင်သောက,က ပုလဲမျက်နှာပေါ်မှာ ပေါ်လွင်လျက်။

ဝန်ထမ်းအချင်းချင်းဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြသည်မဟုတ်လား။ ဝေဝေစိုး စာနာစိတ်နဲ့ ဝင်ပြောမှန်း ပုလဲ သိပါသည်။

ဒါကြောင့်မို့ အားမပါစွာ ပြုံး၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ပုလဲ ရင်အပူရဆုံးပဲ"

ဝန်ထမ်းမိန်းကလေးအားလုံး ပုလဲကို စာနာစွာ ကြည့်ကြသည်။ ပုလဲ ဣန္ဒြေဆည်၍ –

"ကဲပါလေ၊ ဖြစ်လာမယ့်အခြေအနေကို စောင့်ကြည့်ပြီး ရင်ဆိုင်ကြရုံပေါ့၊ မဟုတ်ဘူးလား"

"ဒါလည်း ဟုတ်တာပဲ မပုလဲရယ်"

အားလုံးက စိတ်တူကိုယ်တူ ထောက်ခံချက်ပေးတဲ့နောက်မှာ ပုလဲကိုယ်ပုလဲ မာန်ပြန်တင်ရသည်။

တစ်နေ့လုံး အရောင်းစာရင်းကို ပုလဲ ပြန်စစ်ဆေးဖို့ပြင်ဆင်တော့ ဝန်ထမ်းမိန်းကလေးများလည်း သူတို့ရဲ့ သက်ဆိုင်ရာကောင်တာနံပါတ်အလိုက် ဘောင်ချာစာအုပ်တွေ၊ ငွေစာရင်းဇယားတွေအပ်ဖို့ ပြင်ဆင်ကြသည်။

ဆိုင်ပိတ်ချိန်ပြီးတိုင်း တစ်နေ့လုံးစာရင်းကို ပြန်စစ်ဆေးပြီး လက်ခံရတာ ပုလဲအတွက် အပန်းမကြီးပါ။

စာရင်းစစ်ပြီးလျှင် ဝန်ထမ်းမိန်းကလေးတွေ အလျှိုလျှို ပြန်သွားကြသည်။ နောက်ဆုံးပိတ် စင်တာထဲကျန်တာ ပုလဲတစ်ယောက်တည်းရယ်။

ခါတိုင်းဆိုတော့ မမသစ်နဲ့ နှစ်ယောက်ပေါ့။

ခုတော့ တစ်ယောက်တည်း။

အကြောင်းကြောင်းကိုတွေးရင်း အားငယ်မိတာ ဒီတစ်ကြိမ်





ပထမဦးဆုံးပါပဲ။

မာမီဆုံးတုန်းကလည်း ပုလဲ အားမငယ်ခဲ့ပါ။ ဝမ်းနည်းတာ မိခင်ကို လက်လွှတ်ဆုံးရှုံးရတာကြောင့် ကြေကွဲတာက လွှဲရင်ပေါ့။

အထူးသဖြင့် မာမီအကြွေးပိုင်းနေတဲ့အချိန်ကတောင် ပုလဲ စိတ်အားမငယ်ခဲ့ပါ။

ဖြစ်လာသမျှကို ရင်ဆိုင်ခဲ့တယ်လေ။

မာမီ့ကြွေးကိစ္စဟာ သာမန်သမီးပျိုလေးဆိုရင် ဘယ်လိုရင်ဆိုင်ဖြေရှင်းမည်မသိပါ။ ပုလဲကတော့ တိခနဲပြတ်အောင် ဖြေရှင်းခဲ့တဲ့အဖြစ်။

ဘယ်လိုစိတ်ကူးနဲ့ မေ့နိုင်မှာတဲ့လဲ။

✿

မာမီက ရတနာပွဲစားလောကမှာ နာမည်တစ်လုံးနဲ့ ဂုဏ်သိက္ခာကြီးစွာ ရပ်တည်ခဲ့တဲ့ ဒေါ်မမချစ်ပါ။

ပုလဲ ငယ်ငယ်ကတည်းက မာမီက ရတနာပွဲစားလုပ်သည်လေ။

ဒါကြောင့်မို့ ရတနာတွေနဲ့ ပုလဲ ရင်းနှီးကျွမ်းဝင်ပြီးသား။ မာမီက ပုလဲကိုလည်း သင်ပေးတတ်သည်။

သားမိနှစ်ယောက်တည်းမို့ ပြောစရာ,ဆိုစရာက အရောင်း



www.burmeseclassic.com

www.burmeseclassic.com



အဝယ်နဲ့ ဈေးစကားတွေချည်း။ ပုလဲကိုယ်တိုင်ကလည်း ဝါသနာပါတော့ မေးဖြစ် မြန်းဖြစ်သည်။

မာမီကလည်း အတွေ့အကြုံဝါရင့်သူပီပီ ချက်ကျလက်ကျ ရှင်းပြတတ်ပေသည်။

ဈေးကွက်အနေအထား Customer တွေရဲ့ အကြိုက်နဲ့ ဒီဇိုင်းတွေနဲ့ ပတ်သက်တာတွေပေါ့။ ပုလဲ ဘွဲ့ရပြီး ရတနာဒီဇိုင်းကို ဆန်းသစ်တီထွင်မယ့် ဒီဇိုင်နာလုပ်မယ်လို့ စိတ်ကူးယဉ်ခဲ့သေးသည်။

တကယ်တမ်းတော့ ထင်သလို ဖြစ်မလာပါ။

ပုလဲ ကျောင်းပြီးစ ရတနာဒီဇိုင်းတွေ ဖန်တီးဖို့လု ်တဲ့အချိန်မှာ ာမိက ရုတ်တရက် သွေးတိုးပြီး ဆုံးသွားရှာသည်။

မာမိဆုံးပါးသွားတော့ မာမီ့ရဲ့လုပ်ဖော်ကိုင် ှက်နဲ့ ပွဲစားတွေ ဝိုင်းလာကြသည်။ မာမီ့ဆီမှာ သူတို့ရောင်းနိုင်းထ းတဲ့ပစ္စည်းတွေ ရှိတယ်။ ပြန်ပေးပါတဲ့။

မာမီ့ပစ္စည်းဗီရိုကို ဖွင့်ကြည့်တော့လ ည်း ရတနာပစ္စည်း ဘာမှ မရှိပါ။ တချို့က ပစ္စည်းတွေ ၁ယ်သွားတယ်လို့ပြောပြီး ငွေချေမသွားတာလည်း ရှိတယ်။

မာမိရဲ့စာရင်းဇယားမှာ ဘယ်သူ့ကို ရောင်းတယ်၊ ဘယ်သူ့ဆီမှာ ဘယ်ပစ္စည်းဖိုး ဘယ်လောက်ရစရာရှိတယ်လို့ တွေ့ပေမယ့် ပေးရမယ့်သူတွေက ဘူးခံငြင်း၏။

ရမယ့်သူတွေက ဖွတ်အတင်းတောင်းသည်၊ နောက်ဆုံး ပုလဲက



ရှိသမျှ ရောင်းချပြီး ပေးစရာရှိသူတွေကို ဆပ်လိုက်မယ်ပေါ့။

အဲလိုဆုံးဖြတ်တော့ သက်တန့်ကျော်က ကြားဝင်လာပြန်သည်။

မာမီ့အကြောင်းအရာနောက်မှာ သက်တန့်ကျော်ကလည်း မပါမဖြစ်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၄)

"အန့်တို့ကြေးကိုဖွ ကိုယ် ရှင်းပေးမယ် ပုလဲ"

"ပုလဲဘာသာ ရှင်းနိုင်တယ်"

"ဘာနဲ့ သွားရှင်းမှာလဲ ပုလဲ၊ ပြောလေ"

မျက်မှန်ပြာလဲ့လဲ့ကို ဟန်ပါပါချွတ်လျက် စတိုင်လ်ကျကျ မေးလေသည်။ ရုပ်ရှင်မင်းသားလို ခပ်ဟော့ဟော့ရှိလှတဲ့ သက်တန့်ကျော်ကို ပုလဲ ငေးမကြည့်ဘဲ –

"ပုလဲ ဒီတိုက်နဲ့ခြံကို ရောင်းပစ်လိုက်မှာပေါ့"

"ဘာရယ်"

ပုလဲကို မျက်မှောင်ကုတ်ကြည့်ရင်း မေး၏။ ပုလဲ ဘာကိုမှ မမှုစွာ ဆက်ပြော၏။





"မာမို့အကြွေးကို ဆပ်ဖို့လေ၊ မာမီပိုင်တာကို ရောင်းပြီး ဆပ်ရမှာပေါ့"

"ကျွတ်၊ ပုလဲ ကလေးအတွေး မတွေးနဲ့၊ ဒီမှာ သူတို့ကြွေး ရမယ်ပြောတိုင်း လိုက်ဆပ်ရရင် သေရချည်ရဲ့၊ နေပါဦး ဒီတိုက်နဲ့ခြံ ရောင်းလို့ ဘယ်လောက်ရမလဲ"

ပေ လေးဆယ်–ခြောက်ဆယ် ခြံဝိုင်းလေးထဲက တစ်ထပ်တိုက်ပက်ပက်လေးက အလွန်ဆုံးရရင် သုံးရာပေါ့။ ကြွေးရှင်တွေ ဝိုင်းတောင်းကြတဲ့ စာရင်းက ငါးရာနီးပါးရယ်။

မကျေနိုင်မှန်း သိပါသည်။ ဒါပေမဲ့ ကျေသလောက် ဆပ်မယ်ပေါ့ဆိုတဲ့ အတွေးနဲ့ပါ။ ဦးသက်မေးတာကို ဒီတစ်ခါ ဒက်ခနဲ မဖြေနိုင်ပါ။ ဦးသက်ကလည်း အစစအရာရာ ပုလဲလိုပဲ တွက်ချက်ပြီးသား မဟုတ်လား။

"ပြောလေ ပုလဲ၊ ရောင်းလို့ ဘယ်လောက်ရမလဲ"

"ဘယ်လောက်ရရ"

"ဘယ်လောက်ရရဆိုတဲ့သဘောနဲ့ ပုလဲစိတ်အတိုင်း ပုလဲ လုပ်လို့ရတယ်၊ ဒါပေမဲ့ ရှေ့ဆက် ပုလဲ ဘယ်မှာနေမလဲ၊ ဘာလုပ်ကိုင်စားမလဲ၊ ရှေ့ဆက်ဆပ်ရမယ့်အကြွေးကို ပုလဲ ဘယ်လိုဆပ်မလဲ၊ တောက်လျှောက်ဖြေကြည့်စမ်းပါ"

အချက်ကျကျ မေးလာတဲ့အခါ ပုလဲ ပို၍ပင် ဖြေရခက်၏။ သက်တန့်ကျော်က ပုလဲကိုပဲ စိုက်ကြည့်နေရင်း ဒူးတနန့်နန့်နှင့် ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



အဖြေကို စောင့်စားနေခဲ့သည်။

"ကျွတ် နေစရာမရှိရင် အဆောင်ငှားနေမှာပေါ့၊ ပုလဲဘဝအတွက် ပုလဲ အလုပ်တစ်ခုလုပ်မယ်၊ ဆပ်ရမယ့်အကြွေးကိုလည်း အဆင်ပြေအောင် ရှန်းဆပ်သွားမှာပေါ့"

အားတင်းပြီး ပုလဲပြောတော့ သက်တန့်ကျော်က နောက်လှန်ပြီးသင်ထားတဲ့ ဆံပင်ကို တစ်ချက်သရင်း ရယ်လေသည်။

ထိုရယ်သံကြီး ပုလဲ သဘောမကျပါ။

ပုလဲ ရန်စောင်သလိုကြည့်တော့ –

"ပုလဲရယ် ကိုယ်ပြောရင်လည်း ပုလဲ စိတ်ဆိုးဦးမယ်၊ အန်တီ့ကြွေးကို ဆပ်ပေးချင်တဲ့စိတ်ရှိတာကို ကိုယ် ချီးကျူးပါတယ်၊ ဒါပေမဲ့ အဖက်ဖက်က ဘေးကျပ်နံကျပ်ဖြစ်နေမယ်ဆိုတာ ကိုယ် ကြိုတွက်ပြီးသားပါ၊ ဒါကြောင့် ကိုယ် ရှင်းပြပေးမယ်လို့ ပြောတာ"

ပုလဲ တစ်ခုခုဝင်ပြောဖို့ ပါးစပ်ပြင်သည်။ သက်တန့်ကျော် လက်ဟန့်၍ ဆက်ပြော၏။

"ပုလဲ ရည်ရွယ်တဲ့အတိုင်း အန်တီ့ကြွေးအားလုံးကို ကိုယ် ရှင်းပေးမယ်၊ အန်တီပိုင်တဲ့ ဒီတိုက်ခန်းမှာ ပုလဲ ဆက်နေသွား၊ ပြီးတော့ ပုလဲရဲ့အသုံးစရိတ်မှန်သမျှ ကိုယ် လစဉ် ထောက်ပံ့မယ်လေ"

"အလကားသက်သက်မှ မဟုတ်တာ"

ပုလဲ မဲ့မဲ့ရွဲ့ရွဲ့ပြောချလိုက်သည်။ သက်တန့်ကျော်က သဘောပေါက်ပြုံး၍ –





"ဒါတော့ မှန်တယ်၊ ပုလဲ ကိုယ့်ကို လက်ထပ်ရမယ်၊ ဒါပါပဲ"

"စိတ်ချ၊ ရှင့်ကို ဘယ်တော့မှ လက်မထပ်ဘူး"

ပုလဲ အပြတ်ပြောပစ်လိုက်၏။ သက်တန့်ကျော် နည်းနည်းမှ မမှုပါ။ ဒူးလေးတနန့်နန့်နှင့် –

"ကိုယ့်ဘက်က ပုလဲအတွက် အဆင်သင့်ဖြစ်နေတယ်၊ ပုလဲ စဉ်းစားပေါ့၊ ဘယ်အချိန်အခါဖြစ်ဖြစ် open ပဲ၊ နောက်တစ်ခု အခွင့်အရေးပေးလိုက်မယ်၊ လက်ထပ်မယ့်ကိစ္စကို ကိုယ့်ဘက်က အလျှင်မလိုဘူး။ ပုလဲဆန္ဒရှိတဲ့အချိန်အထိ ကိုယ်စောင့်နိုင်တယ်၊ စောင့်လည်းစောင့်မယ်၊ ဒါပဲ ပုလဲ၊ ကိုယ်သွားမယ်"

ချွတ်ကိုင်ထားတဲ့ အလှမျက်မှန်လေး ပြန်တပ်ကာ ယုံကြည်မှုအပြည့်ရှိတဲ့ခြေလှမ်းနဲ့ ထွက်သွားတဲ့ သက်တန့်ကျော်။

ပုလဲ အံတကြိတ်ကြိတ်နဲ့ ကျန်ခဲ့သည်။

ဦးသက်တန့်ကျော် ရှင့်ကို လက်ထပ်ပေါင်းသင်းဖို့ မပြောနဲ့၊ မြင်တောင်မမြင်ချင်ခဲ့တာ စတွေ့ကတည်းက။

မာမီ့ဆီက စိန်လက်စွပ်တစ်ကွင်း ဝယ်ယူရာမှ ဆာမိနဲ့ ဒီလူကြီး ရင်းနှီးခဲ့သည်။ အသက်က ပုလဲထက် ဆယ့်လေးနှစ်ကြီးသည်။

ဥပမိရုပ်ကောင်းသည်။ ဖော်ဖော်ရွေရွေရှိသလို ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်သည်။ ဝတ်စားပြင်ဆင်တာကအစ စမတ်ကျ၏။ ဦးသက်ကို မြင်သူတိုင်း သဘောကျစမြဲ ဖြစ်သည်။

ပိုက်ဆံအပြည့်အတင်းထည့်ထားတဲ့ လက်ကိုင်အိတ်ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကြီးကို ချိုင်းမှာညှပ်ထားလေ့ရှိတဲ့ ဟန်နဲ့ စနစ်တကျပုံသွင်းထားတဲ့ နှုတ်ခမ်းမွေးကြောင့် မြင်စကတည်းက ပုလဲ မျက်မုန်းကျိုးနေခဲ့သည်။

ပြုံးရိရိနှုတ်ခမ်းပေါ်က ထိုနှုတ်ခမ်းမွေးကို ပုလဲ အမုန်းဆုံးဖြစ်သည်။ ပိုမုန်းစရာကောင်းတာက ပုလဲကိုမြင်ရင် ညို့အိအိ စိုက်ကြည့်တတ်၏။ စကားရော ပြောရုံမက ကျောင်းတက်နေတဲ့ ပုလဲကို ဖွတ်အတင်း ကျောင်းကြိုကျောင်းပို့ လုပ်၏။

ပုလဲ ခါးခါးသီးသီးငြင်းတော့ မာမီက ပုလဲကို တိုးတိုးကျိတ်ကျိတ် ဖျောင်းဖျစည်းရုံး၏။

"သမီးရယ် ကိုယ့်အပေါ် လိုလိုလားလားရှိတဲ့ ယောကျ်ားတစ်ယောက်အပေါ် သိပ်ရင့်သီးမနေပါနဲ့၊ သမီးကို သူ သဘောကျနေတာ မာမီသိတယ်၊ မာမီ့ကိုလည်း ဖွင့်ပြောထားတယ်၊ သမီးကို အိမ်ထောင်ချပေးမယ်ဆိုရင် သူ လက်ထပ်ယူဖို့ အဆင်သင့်ပဲတဲ့"

"မာမီ"

ပုလဲ ဒေါသနဲ့ ဖိအော်သည်။ မာမီ စိတ်မလျှော့ဘဲ ဆက်ပြော၏။

"သမီးကို မာမီပြောနေတာ နားထောင်စမ်းပါ၊ မိန်းကလေးဆိုတာ အိမ်ထောင်ကျသွားရင် တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံ နေရဖို့ အရေးကြီးတယ်၊ မာမီ့ဘဝကို ကြည့်စမ်း။ သမီးဒယ်ဒီကို အပြစ်ပြောတာ မဟုတ်ဘူး။ မယားရယ်, သမီးရယ်ဆိုပြီး ဦးစီးဦးဆောင်ပြု ရှာဖွေကျွေးမွေးတာ မဟုတ်ဘူး"

ပုလဲ မျက်နှာဆူလျက် ငြိမ်နေလိုက်ရသည်။ ဒယ်ဒီက ပုလဲ





သိတတ်စကတည်းက ဘာအလုပ်မှ မယ်မယ်ရရလုပ်တာ မမြင်။

သူငယ်ချင်းတွေနဲ့ ဟိုအလုပ် လုပ်နိုးနိုး၊ ဒီအလုပ် လုပ်နိုးနိုးနဲ့ ယောင်ချာချာ၊ လူပေါ်ကြော့သမား။ အချိန်တန်ရင် မာမီ့ဆီက လက်ဖြန့်တောင်း။ တောင်းသလောက်မရရင် မာမီ့ကို ဆူပွက်။ အဲဒီလိုနဲ့ပဲ ဒယ်ဒီက ပုလဲ ဆယ့်သုံးနှစ်အရွယ်မှာ ဆီးချိုတက်ပြီး ဆုံးပါးသွားလေသည်။

"မာမီတစ်ယောက်တည်း ရုန်းကန်ပြီး လူလူသူသူ နေနိုင်ဖို့ ကြိုးစားခဲ့ရတဲ့ဘဝက သိပ်ပင်ပန်းလွန်းတယ် သမီးရယ်၊ သမီး အိမ်ထောင်ကျရင် မာမီ့လို ရုန်းကန်ရတာမျိုး မဖြစ်စေချင်ဘူး၊ ဒါကြောင့် သက်တန့်ကျော်ကို မာမီ လက်ခံမိတာပါကွယ်၊ သမီးဘက်က သိပ်ပြီး တင်းမနေပါနဲ့၊ လျှော့လျှော့ပေါ့ပေါ့လေး ဆက်ဆံကြည့်ပါလားကွယ်"

"ကျွတ် မာမီက ငွေတစ်မျက်နှာတည်း ကြည့်တာကိုး၊ အသက်လည်း ကြီးတယ်၊ ပြီးတော့ အိမ်ထောင်ကွဲ"

ပုလဲ တစ်ခွန်းမကျန်ပြောချသည်။ မာမီက သွေးအေးစွာပင်–

"အသက်ကြီးတော့ ဘာဖြစ်လဲ၊ သမီးကို အစစအရာရာ အလိုလိုက်မယ်လေ၊ အိမ်ထောင်ကွဲတာက တရားဝင် ကင်းကင်းရှင်းရှင်းကွဲကြတာ"

"ကောင်မလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်နေတာလည်း ထည့်ပြောဦး"

"သမီးနဲ့တော့ ပြောရခက်ပါတယ်အေ၊ လွတ်လပ်တဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးပဲကွယ်၊ အပျော်တွဲတာတော့ ရှိမှာပေါ့၊ ဒါပေမဲ့ သူက သမီးကိုပဲ တရားဝင်လက်ထပ်ချင်လို့ ချဉ်းကပ်လာတာလေ''

''တော်ပြီ မာမီ၊ ဆက်မပြောနဲ့တော့၊ ပုလဲ ဘာမှစိတ်မဝင်စားဘူး၊ ကျောင်းအေးအေးတက်ပါရစေ၊ ဒီလူကြီး ကြုံပို့တဲ့ကား ပုလဲ မစီးဘူး၊ ဘတ်စ်ကားနဲ့ ပုလဲဘာသာ ပုလဲသွားမယ်၊ ဒါပဲ''

ပုလဲ ပြတ်ပြတ်သားသားပြောကာ ခပ်တင်းတင်းနေခဲ့သည်။ မာမီနဲ့ ဦးသက် ဆက်ဆံရေးကြဲမသွားပါ။ မာမီ သွားရေးလာရေး လွယ်ကူဖို့ မာစီးဒီးတစ်စီး ပေးထားခဲ့သည်။

ပုလဲ ထိုကားကို ယောင်လို့ပင် မစီးခဲ့ပါ။

မာမီနဲ့ဦးသက် ဘယ်လိုပဲ တညီတညွတ်တည်း ဖြစ်နေပါစေ၊ ပုလဲရင့်စိတ်က မပြောင်းလဲခဲ့ပါ။

မထင်မှတ်ဘဲ မာမီဆုံးသွားတဲ့အတွက် ဦးသက် ဖြေရှင်းပေးဖို့ ကမ်းလှမ်းလာခြင်း။

''ပုလဲရယ် ဒါကတော့ ဦးသက်ရဲ့စေတနာပဲ၊ သူက ပုလဲကို လိုချင်လွန်းလို့သာ ဒီလောက်လိုက်လျောတာလေ''

သံသာဦးက သက်တန့်ကျော်ဘက်က ဝင်ပြောလာသည်။

''အောင်မာ လိုက်လျောတိုင်းလည်း ပုလဲက သူ့ကို မယူနိုင်ပါဘူး''

''ဒါက ပုလဲသဘောအတိုင်းပေါ့၊ ကြွေးကိစ္စကို ဘယ်လိုလုပ်မလဲ၊ ဟိုမှာ တောင်းမယ့်သူတွေ တန်းစီလာနေကြပြီ''





မာမီရဲ့ လုပ်ဖော်ကိုင်ဖက်တွေလေ။ ခုတော့ ရစရာရှိတာကို မရ ရအောင် တောင်းယူဖို့ မောင်းတင်လာကြလေပြီ။

ကြွေးရှင်တွေကို မြင်ရတော့ ပုလဲရင်မှာ မီးတောက်ကာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''မမသစ်ကတော့ ပုလဲစိတ်ဓာတ်ကို သဘောကျပါတယ်၊ မိန်းကလေးဆိုပေမယ့် ဖြစ်လာသမျှကို ကိုယ်ခွန်းကိုယ်စရှိရှိ ရင်ဆိုင်မယ် ဆိုတော့ မမသစ် ကူညီပေးမှာပေါ့''

''ကျေးဇူးကြီးလှပါတယ် မမရယ်''

''မလိုပါဘူး။ မမသစ်ကလည်း ဒီလိုအနေအထားရောက်ဖို့ ကြိုးစားလာခဲ့သူလေ၊ နောက်ထပ် ကြိုးစားလာမယ့်သူကို မမသစ် တတ်နိုင်သမျှ ကူညီခွင့်ရတာ ကျေနပ်လှပါတယ်၊ ပြီးတော့ ပုလဲမာမီ မမချစ်မျက်နှာလည်း ရှိသေးတယ် မဟုတ်လား။ မမချစ်က ရတနာပွဲစားလောကမှာ ဂုဏ်သိက္ခာကြီးကြီး ရပ်တည်လာခဲ့တာလေ၊ ပုလဲကိုလည်း မမချစ် သမီးမို့ မမသစ် ယုံကြည်တယ်၊ ယုံကြည်လို့ ကူညီပေးတဲ့သဘောပါ၊





ညီမလေး အားမငယ်နဲ့ ဟုတ်ပြီလား၊ ကြွေးကိုစွရှင်းဖို့ စိစဉ်ပြီး ရက်ချိန်းလိုက်၊ ပုလဲ လိုအပ်မယ့်ငွေအမောက်ကို မမသစ်အဆင်သင့်လုပ်ထားပေးမယ်''

ပုလဲကို ပခုံးလေးဖက်ကာ အားပေးကူညီရှာတဲ့ မမသစ်။ ပုလဲဘဝအတွက်၊ မာမီ့ဂုဏ်သိက္ခာအတွက် ကျေးဇူးကြီးလှပေတယ်။

ခြံနဲ့တိုက်ကိုရောင်းပြီး ရတဲ့ငွေနဲ့ လိုတဲ့ငွေ သိန်းနှစ်ရာတစ်ဆယ်တိတိကို မမသစ်ဆီက ယူပြီး မာမီ့ကြွေးကိုစွ ရှင်းပစ်လိုက်သည်။

''ပုလဲကို မမသစ် အကူအညီတောင်းချင်တယ်''

''ဘာများလဲ မမသစ်''

''ပုလဲသိတဲ့အတိုင်းပဲလေ၊ မမသစ်ဆိုင်က သူများဆိုင်နဲ့ မတူဘူး။ ကိုယ်ပိုင်ဒီဇိုင်းအသစ်အဆန်းကလေးတွေ ဖန်တီးရောင်းချတာဆိုတော့ ပုလဲက ရတနာဒီဇိုင်းသစ်ကို အစီကာထားပြီး ဖန်တီးပေးဖို့ပါ၊ ဒိုင်းတစ်ခုချင်းအတွက် ထိုက်တန်တဲ့ percentage ကို မမသစ် ပေးယ်၊ လခက အလွတ်ပေါ့''

''မမသစ်ရယ် ပုလဲက မမသစ်သဘောအတိုင်းပါပဲ၊ ပုလဲကည်း ဒီဇိုင်းသီးသန့်ဖန်တီးဖို့ စိတ်ဝင်စားတယ်လေ''

''အိုကေ၊ မမသစ်တို့ အကျိုးတူတွဲလုပ်ကြတာပေါ့''

ဒီလိုနဲ့ မာမီဆုံးပြီးကတည်းက မမသစ်နဲ့ လက်တွဲလာတာဆို သုံးနှစ်နဲ့ တစ်လတင်းတင်း ပြည့်ပြီ။

ရတနာဒီဇိုင်း ဖန်တီးလို့ပေးတဲ့ percentage နဲ့ ပုလဲရဲ့စားရေး



www.burmeseclassic.com

www.burmeseclassic.com



နေရေးကို ဖန်တီးလိုက်သည်။ ဒါတင်မက နိုင်ငံခြားဘာသာစကားသင်တန်းတွေလည်း တက်နိုင်အောင် ကြိုးစားရသေးသည်။

အဆောင်ခန်းကျဉ်းကျဉ်းလေး ငှားနေပြီး ဖြစ်သလို ချက်ပြုတ်စား၏။ မမသစ်ပေးတဲ့ လခနှစ်သိန်းနှစ်သောင်းတိတိကို ပုလဲ တစ်ပြားတစ်ချပ်မှ ဆုတ်မယူဘူး။

လခနဲ့ မမသစ်အကြွေးကိုဆပ်ကာ ပုလဲဘဝလေး ကျွန်ခြေရရ ရပ်တည်နေခဲ့တာပါ။

ဦးသက်တော့ မမသစ်ကူညီတဲ့ကိစ္စကို ဘာမှဝင်မစွက်ဖက်ပေမယ့် ချို့တဲ့စွာစားသောက်နေရပြီး ကျဉ်းကျပ်စွာနေရတဲ့ ပုလဲဘဝကို သဘောမတွေ့လှပါ။

''ပုလဲ အနေဆင်းရဲ အစားဆင်းရဲပြီး ရုန်းကန်နေတာကို ကိုယ် ဖြူဖြူစင်စင် ပံ့ပိုးပေးမယ် ပုလဲ၊ အဲဒါတော့ မငြင်းနဲ့၊ နေစရာ တိုက်ခန်းနဲ့ စားရေးသောက်ရေးအတွက် လစဉ်ငွေကိုလေ''

''ကျေးဇူးတင်ပါတယ် ဦးသက်ရယ်၊ ပုလဲစိတ်ကို နားလည်ပေးပါ''

''ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ ဘဝကို မာန်တင်းပြီး ရုန်းကန်နေရတဲ့အနေအထားဟာ သိပ်ပြီး အန္တရာယ်များလှပါတယ်၊ ဒါတွေကို ကြိုမြင်လို့ ကိုယ်ပြောနေတာပါ''

''ဦးသက်ပြောတာကို ပုလဲ လက်ခံပါတယ်၊ လောလောဆယ် မမသစ်နဲ့ပုလဲ အဆင်ပြေပြေပါပဲ၊ အချိန်အတိုင်းအတာတစ်ခုရောက်





လို့ ကြွေးစာရင်းအားလုံး ကျေသွားရင် ပုလဲ အသက်ရှူချောင်သွားမှာပေါ့၊ အဲဒီတော့ ပုလဲ တင့်တင့်တယ်တယ် နေထိုင်စားသောက်လို့ရမယ်၊ ခုတော့ ရုန်းကန်ကြိုးစားပါရစေ''

''ပုလဲသဘောပါ၊ ဒါပေမဲ့ အခြေအနေ၊ အချိန်အခါအရ အကျပ်အတည်းရှိရင် ကိုယ့်ကိုပြော၊ ကိုယ်က ပုလဲအတွက် အမြဲတမ်း အဆင်သင့်ပဲ''

''ကျေးဇူးတင်ပါတယ်''

ဦးသက်တန့်ကျော် ဖွဲမလျှော့သေးပေမယ့် ပုလဲရဲ့ ရုန်းကန်မှုကို အသိအမှတ်ပြုကာ နောက်ဆုတ်နေရပြန်သည်။

အရင်ကလောက် ဦးသက်ကို ပုလဲစိတ်က ခါးသီးမနေပေမယ့် ဦးသက်ဖြစ်စေချင်တာတွေကို ပုလဲ မလိုက်လျောနိုင်တာ ပုလဲရဲ့ ခိုင်မာတဲ့စိတ်ပါပဲ။

''ပုလဲရယ် ပုလဲမို့လို့ ဒီလောက် ဒုက္ခခံနေတာ၊ သံသာဆို ဦးသက်ကိုယူပြီး အေးအေးချမ်းချမ်း နေလိုက်တော့မယ်''

''လိုချင်ရင် သွားယူလိုက်လေ''

''ဟဲ့ ဦးသက်က ပုလဲကိုပဲ အချစ်မိုးကြီးရွာနေတာလေ''

''ဘယ်လောက်ရွာရွာ ပုလဲက ဦးသက်ကို ဘယ်လိုမှ စိတ်မဝင်စားဘူး၊ လက်ထပ်ပေါင်းသင်းဖို့ဆိုတာ မနှစ်မြို့ဆုံးပဲ''

''ဘာဖြစ်လို့လဲ ပုလဲရယ်''

ဘာဖြစ်လို့မှန်း ပုလဲ မသိပါ။ ပြောလည်းမပြောတတ်ပါ။ ပုလဲ

www.burmeseclassic.com



တိတ်ဆိတ်နေလိုက်တော့ သံသာဦးက ပခုံးချင်းတိုက်ပြီး မေး၏။

"ပြောလေ၊ ဘာဖြစ်လို့လဲ၊ ဦးသက်က အသက်ကြီးပေမယ့် နုနုပျိုပျိုရှိတယ်လေ၊ ပုလဲနဲ့ယှဉ်ရင် ဘာမှသိသာတာ မဟုတ်ဘူး"

"ပုလဲ အဲဒါတွေ စိတ်မဝင်စားပါဘူး"

"အဟင့်၊ အချင်းချင်း မသိရင်ခက်မယ်"

"အောင်မာ၊ ဘာလဲ မသိရင် ခက်မယ်ဆိုတာ"

ပုလဲ ဒီဖိုင်းစာရွက်ပေါ် ပုံကြမ်းရေးခြစ်နေရာမှ သံသာကို ဘုကြည့်ကြည့်သည်။ သံသာက ပုလဲကိုကြည့်ပြီး ရယ်လျက် –

"ဦးသက် အိမ်ထောင်ကွဲဖြစ်တာရယ်, လက်ရှိကောင်မလေးတွေ ထည့်လဲတွဲတာတွေအပေါ်မှာ ရှင် မကြည်တာက အဓိကလေး ဟုတ်တယ်မဟုတ်လား"

ပုလဲ တစ်ချက်တွေသွားပါသည်။

ဟုတ်ရဲ့လားပေါ့ဆိုတဲ့ အတွေးလေးနဲ့ပါ။

"ပုလဲရယ် မှုမနေပါနဲ့၊ အဲဒီကိစ္စက ပုလဲ ခေါင်းညိတ်လိုက်တာနဲ့ ဦးသစ်ရဲ့အပျော်ဓာတ်လမ်းတွေ အလိုလိုပြတ်သွားမှာပါ သူငယ်ချင်းရဲ့"

"ဟင့်အင်း"

ပုလဲ မနှစ်မြို့စွာ ခေါင်းခါလိုက်သည်က ချက်ချင်း။

"တကယ်ပြောတာဟ၊ ဦးသစ်က ရှင့်ကိုပဲ အလေးအနက် လိုလားတာ၊ ပုလဲကိုရရင်"





"တော်ပါတော့ အောင်သွယ်တော် မမရယ်၊ ပုလဲဘဝကို ပုလဲ စင်ကြယ်အောင် နေခဲ့တယ်၊ ပုလဲယူမယ့်ယောကျ်ားဟာလည်း ပုလဲလို ပဲ စင်ကြယ်မှုတွေ ရှိရမယ်လေ၊ ငွေကြေးစည်းစိမ်မရှိရင် နေပါစေ၊ ဦးသက်လိုလူမျိုးတော့ ဘယ်တော့မှ မယူဘူးပော့၊ ရွံလွန်းလို့"

"အပြောမကြီးနဲ့ မိန်းမရယ်၊ နောက်မှ ဦးသက်ထက်ဆိုးတဲ့ သူနဲ့ တွေ့နေမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

ပုလဲ ပိုရှုံ့ရှုံ့ရှာဟန်လေးနဲ့ နှာခေါင်းရှုံ့တွလုပ်ပြီး နှုတ်ခမ်းမဲ့ ပြလိုက်လေသည်။

"ဒါနဲ့ ပုလဲရဲ့ဘော့စ်အသစ် ဘယ်နေ့ရောက်မှာလဲ"

"နက်ဖြန်လေ"

"မြင်ယောင်ပါသေးတယ် ပုလဲရယ်၊ အဲဒီဘော့စ်အသစ်နဲ့ ရှင့်ရဲ့ မဆုံးသေးတဲ့ ကြွေးကိစ္စတွေ"

ပုလဲမျက်နှာလေး ပြန်လည်တည်ငြိမ်သွားကာ –

"အခြေအနေပေါ်မူတည်ပြီး ခရီးဆက်ရမှာပေ့ါ၊ ဘာတတ်နိုင်မှာလဲ"

"အင်း၊ ရှင့်အရေး တွေးလေ ရင်မောလေပဲဟယ်၊ ဘာတတ်နိုင်မလဲ၊ ရှင်မှ ဦးသက်ကို လက်မခံဘဲ၊ ရှင့်စိတ်တိုင်းကျ ရှန်းကန်လှုပ်ရှားပေဦးပေ့ါ၊ မဟုတ်ဘူးလား သူငယ်ချင်း"

"ပုလဲ ကျေနပ်ပါတယ် သံသာရယ်၊ အကြွေးကိစ္စအားလုံး ရှင်းသွားရင် ပုလဲဘဝက အပူအပင်ကင်းသွားပြီလေ၊ ပုလဲကတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုပဲတွေးပြီး ခွန်အားတွေရှိနေတာဟ၊ ကဲပါ ရှင်လည်း ပြန်ချိန် ရောက်နေပြီ၊ ပြန်ပါတော့၊ ပုလဲ ဒီဖိုင်းလေးတွေ ဆွဲရဦးမယ်''

ပုလဲ ဒီဖိုင်းစာရွက်ပေါ် အကြည့်ပြန်ပို့ရင်း ပြောသည်။

''ဆွဲပါအေ၊ သံသာလည်း ပြန်ပါတော့မယ်၊ တော်ကြာ မောင်တော် စိတ်ကောက်နေဦးမယ်၊ သူငယ်ချင်းဆီရောက်ရင် ယောက်ျားကို မေ့ရသလားလို့''

ပြောရင်း လက်ဆွဲအိတ်လေး ဆွဲကိုင်ပြီး ပြန်မလို့ ထရပ်တဲ့ သံသာဦး။

''ရှင်ကတော့ ဒါပဲ''

''ဒါပဲပေါ့ဟ၊ ယောက်ျားရှာစာ ဖိမ်နဲ့ ထိုင်စားနေရတဲ့ မိန်းမလေ၊ ယောက်ျားကိုတော့ ဘယ်မေ့ထားလို့ရမလဲ၊ သွားပြီ သူငယ်ချင်း ဘိုင်''

သွက်သွက်လေးပြောကာ နှုတ်ဆက်ထွက်သွားတဲ့ သံသာရယ်၊ သံသာ့ကိုယ်ပေါ်မှ အကောင်းစားရေမွှေးနံ့လေးက သံသာနောက် တစ်ပါတည်း ပါသွားလေသည်။

သံသာဦးကတော့ ပုလဲလိုမဟုတ်ပါ။ ချစ်သူရည်းစားရှိခဲ့ဖူးသတဲ့။ ဒါပေမဲ့ ထိုချစ်သူရည်းစားကို ထားရစ်ကာ စက်ရုံပိုင်သူဌေး ဦးမိုးသားနဲ့ လက်ထပ်တယ်မဟုတ်လား။ သံသာ့ချစ်သူ ဘယ်လိုခံစားရမလဲ။ ဒါတော့ ပုလဲ မသိပါ။ သံသာ့ရည်းစား ဘယ်သူဆိုတာလည်း ပုလဲ မမြင်ဖူးပါ။





သံသာက ငွေအရှာကောင်းတဲ့ယောက်ျားကို တွေ့တော့ ပထမနှစ် ကျောင်းတက်စနဲ့ပင် ယူပြီး ဘဝကို လှလှပပရပ်တည်နေတာလေ။ ယောက်ျားရှာပေးသမျှ ဖိမ်နဲ့ထိုင်စားသလို ယောက်ျားက သေဆိုသေ၊ ရှင်ဆိုရှင် ဖြစ်နေတဲ့မိန်းမ။

ပုလဲက သံသာရဲ့ စိတ်သဘောနဲ့ ဆန့်ကျင်စွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"စိတ်မပူပါနဲ့ မမသစ်၊ ပုလဲ လေဆိပ်ဆင်းတော့မလို့"

"မမသစ်က တစ်ခုခုလွဲမှာစိုးလို့ ပြန်ဆက်လိုက်တာ"

"ကျေးဇူးပဲ မမသစ်ရယ်"

"ရပါတယ် ပုလဲ၊ ဒါပဲနော်"

မမသစ် သတိပေးပြောပြီး ဖုန်းချသွားလေသည်။ ပုလဲ ဖုန်း ပိတ်ပြီး လက်ကိုင်အိတ်ထဲ ပြန်ထည့်၏။

အဆင်သင့်ဖြစ်နေတဲ့ ကိုယ်ကို မှန်ရှေ့မှာ တစ်ချက်ပြန်ရ ကြည့်လျက်။

နောက်မှာ ခွဲထားပေမယ့် အလွှာတစ်ထပ်ပါတဲ့ ဒူးဖုံးစကတ် က ခေတ်ရှေ့ပြေးစကတ်တွေလို ဟိုဟိုဒီဒီပေါ်နေတာမျိုး မဟုတ်။





ဣန္ဒြေသိက္ခာထိန်းထားနိုင်တဲ့ စကတ်လေးရယ်။ အပေါ်က ကုတ်ပုံလက်စကာ။ အနားသတ်မှာ ငွေမင်ရောင်လှဲ့လှဲ့ပြေးနေသော ပိုး သားလေး ဘောင်ကွပ်ထားတဲ့ ပန်းခရမ်းရောင်ဝတ်စုံက ပုလဲကိုယ်လုံး လေးအတိုင်း ကြော့ရှင်းလှပလို့ နေပါသည်။

ညာရင်အုံမှာ –

ပုလဲရင့်

တော်ဝင်ဆန်းသစ်ရတနာစင်တာ

ရွှေရောင်စာတန်းလေးလည်း ထင်ရှားနေကာ။

ပခုံးတိုက်လုနီးနီး အထပ်ထပ်ကောနေသော ဆံပင်ဒီဇိုင်းနဲ့ ပုလဲရင့်က ဇာည်ငြိမ်ရင့်ကျက်သောအသွင်နဲ့ ခန့်ညားနေပါသည်။

မျက်နှာပါးလေးမှာ ပန်းရောင်ပြေပြေလိမ်းထားပြီး နှုတ်ခမ်းနဲ့ မျက်ခွံမှာ ပန်းခရမ်းရင့်ရောင် ဆေးခြယ်ထားတာကအစ လိုက်ဖက်၏။

လက်ဝတ်ရတနာဆင်ရတာ ပုလဲ သဘောကျပါသည်။

ရတနာစစ်စစ် မဝတ်နိုင်ပေမယ့် ကိုယ်တိုင်ဖန်တီးထားတဲ့ ဖန်စီကျောက်ပွင့်ကလေးများကို ရောင်စုံစပ်ပြီး လည်ကပ်ပုံစံ သုံးလေး ကုံး ဆင့်ဝတ်လျက်။ ရောင်စုံ ကျောက်နားဆွဲကလည်း ပုလဲ လှုပ်ရှား တိုင်း တလက်လက်နဲ့ အရောင်ဖြာလို့နေသည်။

ယက်ကောက်ဝတ်နဲ့ လက်ခလယ်မှာလည်း လည်ကပ်ကြိုးနဲ့ ဒီဇိုင်းတူဆင်ကာ။

ပုလဲရတနာဒီဇိုင်းနာလို့ မပြောရဘူး။ မြင်သူတကာ ငေးသွား



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆန် ဆံစီးကော့ကက်ရောင်စုံဒီဇိုင်းနဲ့ အလှသွေးကြွယ်လျက်။

ဝတ်စားပြင်ဆင်ထားတာ လှလှကြွကြွ၊ ကျွန်ုပ်သိက္ခာရှိသော မိန်းကလေးပုံစံ တင့်တယ်နေပါပြီ။

မှန်မှာ ပေါ်လွင်ထင်ရှားနေတဲ့ ပုံစံလေးကို ပုလဲရင့် စိတ်တိုင်းကျဖြစ်ပြီမို့ လက်ဆွဲအိတ်လေး ဆွဲယူကာ ခွာလုံးဖိနပ်မြင့်မြင့်လေးနဲ့ စတိုင်လ်ကျကျ ရုံးခန်းထဲက ထွက်ခဲ့သည်က ဘော့စ်အသစ်ကို ကြိုဖို့ဖြစ်သည်။

တော်ဝင်ဆန်းသစ်ရတနာစင်တာ စာတန်းပါတဲ့ စင်တာသုံး ဘင်နိကားအဖြူရောင်ကို ပုလဲကိုယ်တိုင် မောင်းခဲ့၏။

နေ့လယ်တစ်နာရီဖလိုက်နဲ့ ရောက်လာမယ့်ဘော့စ်က ပုလဲကို မြင်တာနဲ့ မမသစ်ရဲ့တပည့် ပုလဲရင့်ဆိုတာ တန်းသိမှာ မလွဲဘူး။

ပုလဲက ဘော့စ်ကို မမြင်ဖူးပေမယ့် မမသစ် ကြိုပြောထားတဲ့ ပုံစံအရ နေသခင်ကိုမြင်တာနဲ့လည်း ပုလဲ ဒက်ခနဲ သိမှာပါ။

ဘာဖြစ်လို့လဲဆို သူ့ပုံစံက ထူးခြားတယ်တဲ့။

လမ်းလျှောက်ဟန်ကအစ လှသလို၊ နှုတ်ခမ်းလေးစေ့ထားတတ်၏။ သူ့မျက်နှာပေါ် ထူးခြားတာက ထူထဲတဲ့ မျက်ခုံးနှစ်သွယ်။ ပြီးတော့ ညာဘက်မျက်ခုံးရဲ့ အစွန်းဆုံးမှာ မှဲ့သီးနက်နက်ကလေး ရှိသည်။

ထိုမှဲ့သီးအနက်က သူ့ရဲ့အထင်ပေါ်ဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံး သင်္ကေတတဲ့။ ဟုတ် မဟုတ် မြင်ရမှ သိမယ်လေ။

မမသစ်ပြောသမျှ ပုလဲ တစ်ခုမကျန် မှတ်ထားသည်က အလွဲ





အမှား မဖြစ်စေဖို့ပါ။

လေဆိပ်ထဲ ပုလဲရောက်ချိန်က လေယာဉ်ဆိုက်မယ့်အချိန်ထက် နာရီဝက်ကျော်ကျော် စောနေသေးသည်။

ပုလဲ တမင်ပဲ စောစောထွက်ခဲ့ခြင်းပဲ။ ပုလဲက သူ့ရဲ့ဝန်ထမ်း မဟုတ်လား။ ကြိုရောက်နှင့်ပေါ့။

ပုလဲ ဧည့်ဆောင်ထဲမှာပဲ ခအေးအေးလူလူ ထိုင်နေလိုက်သည်။ ထိုအခိုက် –

"ပုလဲ"

ခေါ်သံနဲ့အတူ ထုံသင်းကြိုင်အီသော အကောင်းစားရေမွှေးနံ့ ပါ ပျံ့လွင့်လျက် သက်တန့်ကျော် ပုလဲနား ရောက်လာသည်။

ပုလဲ မော့ကြည့်လိုက်တော့ လှပသော ဦးသက်ရဲ့ သင်္ကေတ နှုတ်ခမ်းမွှေးကို တန်းမြင်သည်။

ထိုနှုတ်ခမ်းမွှေးကို ပုလဲ မနှစ်မြို့ဆုံးပဲ။ ပုလဲကသာ မနှစ်မြို့တာ။ ဦးသက်ရဲ့နှုတ်ခမ်းမွှေးကို အမျိုးသမီးတိုင်း မြင်ရင် နှစ်သက်ကြသည်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခုက နာမည်ကျော်ရုပ်ရှင်မင်းသား 'ဝင်းဦး' လိုပဲပေါ့။

နှုတ်ခမ်းမွှေးကြောင့် ပိုကျက်သရေရှိကာ ကြည့်ရတာလည်း ဆွဲအားပါသတဲ့။

"ကိုယ့်မိတ်ဆွေတစ်ယောက်ကို လာကြိုတာ။ ပုလဲကို မြင်လိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ပြောရင်း ပုလဲနဲ့ ဘေးချင်းကပ်ထိုင်ခုံမှာ ဝင်ထိုင်လေသည်။ ဒီတော့မှ ပုလဲ ဦးသက်နှုတ်ခမ်းမွှေးကို ငေးကြည့်နေရာမှ အကြည့်ရုပ်သိမ်းပြီး –

"ပုလဲ ဘော့စ်ကို လာကြိုတာပါ"

"ကိုယ်သိတယ်၊ အဲဒီကိစ္စ ကိုယ်ပြောချင်တာနဲ့"

ဦးသက် ပြောနေရင်းစကားကို ရပ်တန့်ထားလိုက်သည်။ ဒူးတစ်ဖက်ပေါ် ခြေတစ်ဖက် ခေါက်တင်လိုက်ပြီး ဦးသက်က သူ့မူပိုင်ဟန်အတိုင်း ခြေဖျားလေးနန့်နေ၏။

"ဦးသက်က ဘာပြောချင်တာလဲ"

"အသစ်ရောက်လာမယ်ဆိုတဲ့ ပုလဲရဲ့ဘော့စ်က ယောက်ျားနော်"

ပုလဲ ရှေ့တူရူကိုပဲ ငေးကြည့်နေကာ –

"ဟုတ်တယ်"

"အဲဒီဘော့စ်က ပုလဲရဲ့ကြွေးကျန်ကိစ္စနဲ့ ပတ်သက်ပြီး"

"ဦးသက်"

သက်တန့်ကျော် စကားမဆုံးခင် ပုလဲ ဖိခေါ်လိုက်သည်က ဟန့်တားတဲ့သဘော။ မပြောပါနဲ့၊ ဝင်မစွက်ပါနဲ့တော့လို့ တားဆီးခြင်း။ သက်တန့်ရောင်က မမှုပါ။

ကျောပြင်ကို ထိုင်ခုံနောက် ကပ်မှီလိုက်ပြီး ပန်းနုရောင်စိုအိနေတဲ့ ပုလဲမျက်နှာနဲ့ ပန်းခရမ်းရောင် နှုတ်ခမ်းစုစုတင်းတင်းလေးကို





ခြုံကြည့်လျက် –

"နေသခင်ဟာ သစ်သစ်မင်းလို အမျိုးသမီးတစ်ယောက်ဖြစ်နေမယ်ဆိုရင် ကိုယ် ဝင်မပြောဘူး၊ ခုဟာက ပုလဲ့မမသစ်လို မိန်းမမဟုတ်ဘူး။ ယောက်ျားတစ်ယောက်၊ အဲဒီယောက်ျားဟာ ငွေကို ဆီလိုယိုပေါက်မရှိအောင် ပရိယာယ်ကြွယ်ကြွယ်နဲ့ ဆုပ်ကိုင်ထားနိုင်တဲ့ အရည်အသွေးရှိတယ်လို့ ကိုယ် သတင်းကြားထားတယ်၊ အဲဒီသတင်းအရဆိုရင် သူ့ကိုဆပ်ရမယ့် ပုလဲရဲ့ ကြွေးတစ်ရာကျော်အတွက် သူ့ဘက်က စင်စင်ကြယ်ကြယ်နဲ့ ပုလဲကို လက်ခံထားမယ်လို့ ကိုယ် မယူဆဘူး၊ ဒါကြောင့်"

"နေပါဦး ဦးသက်၊ ဦးသက် ဘာဖြစ်လို့ ဒီကြွေးကိစ္စထဲ ကြားဝင်လာရတာလဲ၊ ကြားဝင်လာရတဲ့ ဦးသက်ရဲ့ရည်ရွယ်ချက်က ဘာတွေလဲ"

ပုလဲ ဆတ်ခနဲ ထရပ်လေသည်။ ပုလဲမေးခွန်းနောက်မှ ဦးသက် သက်သောင့်သက်သာထိုင်နေရာမှ အမူအရာမပျက် မော့ကြည့်၏။

"ဒီမှာ ပုလဲ၊ ပုလဲ ကိုယ့်အပေါ် ဘာဖြစ်လို့ ဒီလောက်တောင် တင်းမာနေရသလဲ၊ ပုလဲစိတ်ထဲမှာ ကိုယ်က ဗီလိန်ကျင့် ကျင့်နေတယ်လို့ ယူဆနေတာလား"

ပုလဲ တစ်ခွန်းမှ မပြောမိ၊ နှုတ်ဆိတ်နေလိုက်သည်။

"ပြောလေ ပုလဲ၊ ကိုယ့်ဘက်က မျက်နှာရှုံ့ ဗီလိန်ကြီးလို့ ပုလဲ ထင်နေတာဆိုရင် ကိုယ် ဘာတတ်နိုင်မှာလဲ၊ ဒါပေမဲ့ ပုလဲ၊ ပုလဲကို ကိုယ်လိုချင်တာ မှန်တယ်၊ အဲဒီလိုချင်စိတ်က သန့်သန့်လေးပါ၊ ချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



နယ်၊ မြတ်နိုးတာရယ်၊ တန်ဖိုးထားတာရယ် ဒါပါပဲ၊ မိန်းမတစ်ယောက်ကို မတော်မတရားကြံစည်ပြီး သိမ်းပိုက်ဖို့ ကိုယ် ဘယ်တုန်းကမှ စိတ်မကူးဘူး၊ ပုလဲလက်ခံမှ၊ ပုလဲလက်ခံလာအောင် ကိုယ် ကြိုးစားတာက တခြား၊ ပုလဲ အန္တရာယ်နဲ့ကြုံရမှာကို တွေးပြီးစိုးရိမ်တာက တစ်ပိုင်း။

ပုလဲ မျက်တောင်ဖျားလေးတစ်ချက် ခတ်ကာ မသိမသာ ငုံ့ကြည့်မိသည်။ ဦးသက်က ပကတိ တည်ငြိမ်စွာ။ ချိုင်းမှာညှပ်ထားတဲ့ သားရေပိုက်ဆံအိတ် ဖောင်းဖောင်းကြီးကို ပေါင်ပေါ်တင်လျက်။

ခြေဖျားလေး နန့်နေတာ ရပ်မသွားဘဲ ပြောလေသည်။

"ပုလဲမာမီ ဆုံးတုန်းက ကြွေးရှင်ပတ်လည်ဝိုင်းလာတဲ့အချိန်က ကိုယ် အများကြီး မျှော်လင့်တယ်၊ အားကိုးရာမဲ့နေတဲ့အချိန်မှာ ပုလဲ လက်ခံမယ်ပေါ့"

ပုလဲ မဲ့မဲ့လေး နှုတ်ခမ်းတွန့်၏။ ဦးသက်က ဘာကို သဘောကျသည်မသိ။ ဟက်ခနဲ ရယ်ပြီး –

"ဒါပေမဲ့ ပုလဲစိတ်နဲ့ပုလဲ ရွေးချယ် လျှောက်လှမ်းသွားတဲ့ဆူးခင်းကိုမြင်တော့ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်မိတယ်၊ ပုလဲစိတ်ကိုလည်း ချီးကျူးတယ်၊ ဘာပဲဖြစ်ဖြစ် ပုလဲ လိုအပ်တဲ့အချိန်မှာ ကိုယ့်ဘက်က အမြဲတမ်း တံခါးဖွင့်နေခဲ့တယ်၊ အဲဒါက ဘ၀ခရီးလမ်းအတွက် လက်တွဲသွားမယ့် ဖနီးကောင်းအဖြစ် မျှော်လင့်ပြီးတော့ပါ၊ ခုလည်း မျှော်လင့်တယ်၊ ပုလဲ လက်မခံသေးလို့ ကိုယ့်ဘက်က ရပ်နေခဲ့တဲ့သဘော၊ အဲဒီကိစ္စနဲ့ အခု ကိုယ်ပြောနေတဲ့အကြောင်းအရာက





တခြားစီပါ"

"ဦးသက် စိုးရိမ်ပေးတယ်ဆိုလည်း ပုလဲ ကျေးဇူးတင်ပါတယ်"

ပုလဲ မတိုးမကျယ် တစ်ခွန်းဝင်ပြောလျှင် –

"ကိုယ် ရှင်းရှင်းပဲပြောမယ် ပုလဲ၊ ပုလဲဆပ်ရဦးမယ့် ကြွေးတစ်ရာကျော်ကြောင့် နေသခင်ဟာ ပုလဲကို လှည့်ကွက်တစ်ခုခုနဲ့ စီးပွားရေးမှာ အသုံးချမယ်ဆိုရင်"

"ပုလဲက အဲဒီလောက်ဖျင်းတဲ့မိန်းမမို့လား ဦးသက်ရယ်"

"ပုလဲကို ဖျင်းတယ်လို့ ကိုယ်မမြင်ဘူး၊ ကိုယ့်ဘက်က စိုးရိမ်နေတဲ့အတွက်ပါ"

"မစိုးရိမ်ပါနဲ့"

"ကိုယ်လည်း မစိုးရိမ်ချင်ပါဘူး။ ဒါကြောင့် ကိုယ် တစ်ခုခုတော့ ပြောမယ်"

ပုလဲ ငုံ့ကြည့်တော့ ပုလဲကိုမကြည့်ဘဲ သက်တန့်ကျော် ပြောသည်။

"နေသခင်မှာ ဆက်လုပ်ပြီး ပုလဲရဲ့လခနဲ့အကြွေးကို နှိမ်သလိုပေါ့၊ ကိုယ်လည်း အနှိမ်ခံမယ်၊ လောလောဆယ် နေသခင်ကို ဆပ်စရာရှိတဲ့ တစ်ရာနှစ်ဆယ့်ငါးသိန်းနဲ့နှစ်သောင်းကို ကိုယ်ပေးမယ်၊ အဲဒီငွေအားလုံး နေသခင်ကို ပုံဆပ်ပြီး နေသခင်ဆီမှာ ဆက်လုပ်၊ ကိုယ် မကန့်ကွက်ဘူး၊ ကြွေးမရှိရင် ဘော့စ်နဲ့ဝန်ထမ်းကြားမှာ တံတိုင်းတစ်ခုခြားထားသလို မဖြစ်ဘူး၊ ပြီးတော့ ကြွေးရှိနေတဲ့ဝန်ထမ်းလို မနေ



www.burmeseclassic.com

www.burmeseclassic.com



အခင့်အရေးမှာ ပုလဲ သိမ်ငယ်စရာမလိုဘူး၊ ဂုဏ်သိက္ခာရှိရှိနဲ့ မျက်နှာမော့ပြီး တာဝန်ထမ်းလို့ ရတာပေါ့၊ မဟုတ်ဘူးလား''

ပုလဲ ခပ်ငေးငေးလေး ဖြစ်သွားသည်။

''ပုလဲ စဉ်းစားမယ်ဆို စဉ်းစား၊ ကိုယ့်ဘက်ကတော့ ပုလဲအတွက် အဆင်သင့်ပဲ၊ ကိုယ် အခုပြောတာက မိတ်ဆွေရင်းအနေနဲ့ ရိုးရိုးစင်းစင်း အကြံပေးပြီး ကူညီချင်တာ၊ ပြီးတော့ ပုလဲမာမီ ပုလဲအပေါ် အမြဲတမ်း ပူပန်စိုးရိမ်နေတာကို ကိုယ် အမြဲတမ်း မြင်နေခဲ့တယ်၊ အဲဒီအတွက်လည်း စာနာတယ်၊ ဒါကြောင့်ပါ''

ဦးသက်စကားအဆုံးမှာ ပုလဲ သက်မတစ်ကြိမ် ချမိလေသည်။

''ကိုယ်ပြောချင်တာ ဒါပဲ ပုလဲ''

ပေါ့ပေါ့ပါးပါးပြောပြီး ဦးသက် ထိုင်နေရာမှ စတိုင်လ်ကျကျ ထရပ်လိုက်သည်။ လက်ကနာရီ တစ်ချက်ကြည့်ပြီး ထွက်သွားဖို့ဖြစ်သည်။

''ဟာ လေယာဉ်ဆိုက်ပြီ ထင်တယ်၊ ဟိုမှာ ခရီးသည်တွေ ထွက်လာနေကြပြီ''

ပုလဲတို့ရှေ့က ညွှန်ကြိုလာတဲ့ မိသားစုတစ်စု ပြောရင်း ရှေ့တိုးသွားသည်။ ပုလဲလည်း ကြည့်မိတော့ ဟုတ်ပါရဲ့။ ပြည်ပထွက်ခွာခန်းထဲက ခရီးသည်တွေ ထွက်လာနေကြပြီ။

''ကဲ ပုလဲ ပုလဲလည်း ပုလဲဘော့စ်ကို ကြိုလိုက်ဦး၊ ကိုယ်လည်း ကိုယ့်မိတ်ဆွေကို သွားကြိုဦးမယ်''

ဦးသက်ပြောပြီး ရှေ့က ထွက်သွားသည်။ ပုလဲကလည်း ရှေ့





တိုးသွားကာ ထွက်လာသမျှ ခရီးသည်တွေထဲက ဘော့စ်ဆိုသူကို အာရုံစိုက်ကြည့်တယ်။

ထွက်လာကြတဲ့ ခရီးသည်တွေထဲက ဦးသက်ကြိုသည့်ပုဂ္ဂိုလ်က ထိပ်ပြောင်ပြောင်နဲ့လူကြီး။ ထိုလူကြီးကို ဖက်လှဲတကင်းကြိုကာ ပုလဲကိုပါ လက်ပြနှုတ်ဆက်ပြီး ထွက်သွားလေသည်။

ပုလဲမှာလည်း ဦးသက် လက်ပြနှုတ်ဆက်ထွက်သွားတာကို မြင်ပေမယ့် မတုံ့ပြန်နိုင်။

မျက်လုံးတောင်းမှောက် ရှာနေသည်က ဘော့စ်ကိုသာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟင်"

ဧည့်သည်တွေသာ ကုန်သွားသည်။ ဘော့စ်နဲ့တူသူ တစ်ယောက်မှလည်း မမြင်ရတော့။ ပုလဲ မျက်လုံးလေး ဝိုင်းရလေပြီ။

မမသစ် သေချာပြောထားရဲ့။ နေ့လယ်ဖလိုက်နဲ့ လာမယ်ဆိုပြီးတော့။ လာမယ်ပြောပြီး အကြောင်းတစ်ခုခုပေါ်လို့ မလာဖြစ်တာလားထင်ရဲ့။

လက်ကိုင်ဖုန်းကို ပြန်ထုတ်၏။ မမသစ်ဆီ ဖုန်းဆက်မေးမယ်ဆိုတဲ့အတွေးနဲ့ပါ။ လက်ဆွဲအိတ်ထဲက ဖုန်းထုတ်လျှင် ဖုန်းထဲမြည်၏။

ပုလဲ စိတ်လှုပ်ရှားကာ ပေဂျာပေါ်က နံပါတ်ကိုကြည့်သည်။ ထိုနံပါတ်က ပုလဲနဲ့ လုံးဝစိမ်းနေသည်။

အရေးထဲ ဘယ်သူ့ဖုန်း မှားဝင်နေမှန်း မသိပါ။ ဖုန်းဝင်လာ





တော့ ပုလဲ မကိုင်၍ မဖြစ်တော့ပါ။ ဖုန်းထူးလိုက်ရသည်။

"ဟဲလို"

"ပုလဲရှင့် ကိုယ်ပါ"

"ရှင်၊ ဘယ် ဘယ်သူ"

"နေသခင်"

"..."

ကြည်လင်စူးရှနေသော အသံနောက်မှာ 'ရှင်' ဟုပင် ပုလဲ အသံမထွက်နိုင်တော့ပါ။

အံ့ဩလွန်းကာ အသက်ရှူဖို့ပါ မေ့သွားသည်။

"ပုလဲရှင့် အခု ဘယ်မှာလဲ"

"လေ လေဆိပ်မှာရှင့်"

ပုလဲ ကမန်းကတန်း ဖြေလိုက်သော်လည်း သိသိသာသာ မဖြစ်အောင် အသံကို ထိန်းပြော၏။

"ကိုယ် စကားဖြူစံရိပ်ငြိမ်မှာ"

"ရှင်၊ စကားဖြူစံရိပ်ငြိမ်မှာ"

"ဟုတ်တယ်၊ ကိုယ် မနက်က ဖလိုက်နဲ့ ပြန်ရောက်နေတယ်"

ပုလဲ အံ့ဩပြီးရင်း အံ့ဩရလေသည်။ မနက်ကတည်းက ရောက်နှင့်တာတဲ့။ ရောက်နှင့်ရင်လည်း ဖုန်းဆက်ပါတော့လား။

ခုတော့ -

ပုလဲက လေဆိပ်မှာ။ ဘော့စ်က စကားဖြူစံရိပ်ငြိမ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



အွဲချော်မှာမှိုင်နေခဲ့သလောက် ခုတော့ လွဲနေတဲ့အဖြစ်။

"ဟုတ် ဟုတ်ကဲ့၊ ပုလဲ လာခဲ့ပါ့မယ်၊ စကားဖြူစံရိပ်ငြိမ်က ဘယ်နားမှာလဲရှင့်"

"ပြည်လမ်းမပေါ်က ရွှေနံ့သာလမ်းသွယ်ထဲမှာ"

"ဟုတ်ကဲ့၊ ခုပဲ လာခဲ့ပါ့မယ်"

ပုလဲ စကားဆုံးသည်နှင့် သူ့ဘက်က ဖုန်းပိတ်ချလိုက်သည်။ နားက ဖုန်းကိုခွာကာ၊ အနီရောင်ခေါက်ဖုန်းလေးကိုကြည့်ရင်း ပုလဲရင်မှာ အတွေးများစွာ ပွားလို့နေသည်။

နေသခင်။

ရှင်က ဘယ်လိုဘော့စ်မျိုးလဲ။ သိချင်စမ်းရဲ့။

✿

"စကားဖြူစံရိပ်ငြိမ်"

နာမည်နဲ့လိုက်ဖက်စွာ စကားဖြူစံရိပ်ငြိမ်က ဖွေးဖွေးကြီး ရှိန်းကြွနေတဲ့ တိုက်ကြီးရယ်။

နှစ်ထပ်တိုက်ဖြစ်ပေမယ့် ထုထည်ကြီးသလို အခြားသောနှစ်ထပ်တိုက်တွေထက် မြင့်၏။ ဆင်ဝင်နှစ်ဖက်ပါတဲ့ တိုက်မျက်နှာစာရှေ့မှာ စကားဖြူပင်တွေချည်းသာ အကန့်လိုက် စိုက်ထားသည်က စကားဖြူ





တောနှယ်။

စိမ်းရင့်သော အရွက်ကြီးများကြားတွင် စကားဖြူပန်းတွေ ဖွေးဖွေးလှုပ်လျက် ပွင့်နေသည်က စိတ်ကို လန်းဆန်းစေသည်။ ပွင့်ကြွေတွေကလည်း မြေပေါ်မှာ ဖွေးလို့။ ကားဝင်လမ်းတစ်လျှောက်မှာ အုပ်ဆိုင်းနေတဲ့ စကားဖြူကိုင်းတွေရယ်၊ ကြွေနေတဲ့ ပန်းတွေရယ်။

ပန်းတောထဲ ဖြတ်သန်းနေရသလို စကားဖြူရနံ့တို့ ချိုမြမြလေး မွှေးသင်းလျှက်။

ဆင်ဝင်အောက်မှာ ကားရပ်ပြီးသည်နှင့် ပုလဲ ကားပေါ်က ဆင်း၏။ တိုက်ထဲဝင်တဲ့ ဘာဂျာတံခါး ဟင်းလင်းပွင့်နေသောကြောင့် တခမ်းတနားရှိလှတဲ့ ဧည့်ခန်းကို တန်းမြင်ရသည်။

ဧည့်ခန်းထဲ ပုလဲလှမ်းဝင်တော့ အစိမ်းရောင်တောက်ပတဲ့ ဆိုဖာထိုင်ခုံတွေ ဆီးကြိုနေသည့်နှယ်။ ဆိုဖာစိမ်းကြီးတွေရဲ့နောက်ဘက်နံရံမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံတစ်ပုံ။

အားကစားဝတ်စုံနဲ့ ကြက်တောင်ရိုက်နေတဲ့ လူရယ်။ သေချာတာက ဘော့စ်ငယ်ငယ်က ရိုက်ထားတဲ့ပုံဖြစ်မယ်။ ကြက်တောင်ကို အရှိန်နဲ့ လွှဲရိုက်လိုက်ပုံသည် အားမာန်ပါသလို၊ ညာမျက်ခုံးထောင့်မှ မှဲ့နက်က ထင်းကြွလျှက်။

"မမက မမပုလဲရင့် ထင်တယ်"

ဓာတ်ပုံဆီမှ ပုလဲ အကြည့်ရုပ်ကာ အသံရှင်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်ကြည်လဲ့နေတဲ့ လိုက်ကာပျော့အိအိလေးကို သိမ်းဖယ်၍ ညှော်ခန်းထဲရောက်လာတဲ့ ကောင်မလေး။

ရုပ်ရည်လေး သန့်ပြန့်သလို အဝတ်အစားကလည်း သန့်သန့်ရယ်။ မေးပုံလေးက ရိုရိုကျိုးကျိုးနဲ့။

"ဟုတ်ပါတယ်"

"မမ ထိုင်ပါဦး"

ပုလဲ ခေါင်းဆတ်၍ တစ်ယောက်ထိုင်ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လေသည်။

"ခဏစောင့်နော် မမ"

"ရပါတယ်"

ပုလဲ ပေါ့ပါးစွာပြောလိုက်တော့ ကောင်မလေး လက်ယာဘက်ရှိ အတွင်းခန်းတစ်ခုထဲ ဝင်သွားလေသည်။

မကြာခင် ရင်ဆိုင်တွေ့ရတော့မယ့် ဘော့စ်ကို တည်တည်ငြိမ်ငြိမ် တွေ့နိုင်ဖို့ ပုလဲ ကိုယ့်ကိုယ်ကိုယ် ခွန်အားဖြည့်ထားလျက်။ ဆိုဖာ စိမ်းစိမ်းပေါ်မှာ မတ်မတ်ကလေးထိုင်နေမိတဲ့ ကိုယ်ဟန်က ဣန္ဒြေရနေပါပြီ။

"အဟမ်း"

ချောင်းဟန့်သံပေးကာ ညှော်ခန်းထဲ လှမ်းဝင်လာသူ၊ ပုလဲ ထင်သလို ဘော့စ်မဟုတ်ပါ။

ဘော့စ်နဲ့ ရုပ်ချင်းဆင်သော အမျိုးသမီးကြီး။ လူမှုရေးအ





ပုလဲ မတ်တတ်ရပ်ကာ အရိုအသေပေးလိုက်သည်။

ပုလဲကို အမျိုးသမီးကြီး စိုက်ကြည့်ပြီး နှစ်လိုစွာ ပြောသည်။

"ထိုင်ပါကွယ်"

"ဟုတ်ကဲ့"

ပုလဲ ထိုင်ချလိုက်သည်။

ဆံပင်တွေ ပြောင်သိမ်းကာ နောက်မှာထုံးထားပြီး စကားဖြူပန်းတွေ ပန်ထားသည်။ အဖြူခံမှာ အနားစင်းတွေပါသော အကောင်းစားချည်ထည်ကို ဝမ်းဆက်ချုပ်ဝတ်ထားတဲ့ ကိုယ်နေမှုဟန်က မြန်မာဆန်စွာ။

နှုတ်ခမ်းတွေ ပြုံးထားကာ ဖော်ဖော်ရွေရွေမျက်နှာပေးလေးနှင့်။

"သမီးက ပုလဲရင့်နော်"

ပုလဲနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း မေးသည်။ ပုလဲ ခေါင်းအသာညိတ်ကာ –

"ဟုတ် ဟုတ်ကဲ့ပါ အန်တီ"

"ချစ်စရာလေးပဲကွယ်၊ ဟင့် ဟင့် ဟင့်" -

အမျိုးသမီးကြီး လိုက်လှဲရွှင်ပျစွာ ပြောသည့်နောက်မှာ မျက်လုံးက ပုလဲတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား ခြုံကြည့်ပြီးသား ဖြစ်လေသည်။

ပုလဲစိတ်မှာ အံ့ဩတာတွေနဲ့ မလုံမခြုံသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့လာတာ ဘော့စ်ကိုပါ။ တကယ်တွေ့နေရတာ ဘော့စ်နဲ့ဆင်တူတဲ့ အမျိုးသမီးကြီး။ ဘာကြောင့် ဒီလိုတွေ လွဲလွဲနေရတာလဲ။

"အန်တီက"

"ဪ အန်တီက နေသခင်ရဲ့ မေမေပါ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ။ အန်တီ နေမကောင်းဘူးလို့ ကြားပါတယ်၊ ခုကော နေသာရဲ့လားဟင်"

လိုအပ်လား၊ မလိုအပ်လား မသိပါ။ လူမှုအရေးအရ ပုလဲ စကား ဆိုမိချေသည်။ ဒါကလည်း အကြောင်းမဲ့မဟုတ်ပါ။ ဘော့စ် ပြန်လာတာ သူ့မိခင် နေမကောင်းလို့တဲ့။

ဦးစိုးပြောလို့ သိထားတယ်မဟုတ်လား။

ပုလဲမေးလိုက်တော့ သူ့မိခင် သဘောကျကာ မျက်လုံးလေး ကြည့်ရွှင်လာပါသည်။

အပေါ်ယံဝတ်ထားတဲ့ သိုးမွေးဆွယ်တာလေးကို ရင်ရှေ့မှာ ဆွဲစေ့လျက် –

"အင်း။ နေလို့ကတော့ သာပါပေတယ်၊ ဒါပေမဲ့ အသက်ကြီးလာပြီ မဟုတ်လား၊ တော်ကြာနေ ဟိုနေရာက နာလိုက်၊ ဒီနေရာက အောင့်လိုက်နဲ့ပေါ့ သမီးရယ်၊ ငယ်ငယ်တုန်းကလိုတော့ ဘယ်ဟုတ်တော့မလဲ၊ ဒါနဲ့ သမီးလေးမှာ မိဘမရှိတော့ဘူးဆို"

သူ့မေမေ စကားပြောရင်း ပုလဲကို မေးခွန်းထုတ်သည်က ဆန်းစစ်သလိုလို ဘာလိုလိုနဲ့။





"ဟုတ်ကဲ့ မရှိတော့ပါဘူး"

ပုလဲ ပုံမှန်သံလေးနဲ့ ပြောသည်။ အမျိုးသမီးကြီးက ကရုဏာသက်စွာ ပုလဲကို ငေးကြည့်ပြီး –

"ဆွေမျိုးတွေရော"

"ရှိကြပါတယ် အန်တီ"

"သူတို့တွေနဲ့ရော အဆက်အသွယ်ရှိလား"

"ရှိ ရှိပါတယ်၊ ဟိုလေ ပုလဲက အလုပ်တစ်ဖက်နဲ့ဆိုတော့ အသွားအလာနည်းတယ်ပေါ့၊ ဘာဖြစ်လို့ မေးတာလဲ အန်တီ"

"ဘာရယ်မဟုတ်ပါဘူး သမီးရယ်၊ ဒီလိုပဲ မေးကြည့်တာပါ၊ ဟင့် ဟင့် ဟင့်"

အမျိုးသမီးကြီး ပေါ့ပါးစွာပြောပြီး ပြုံးရယ်ရယ်လေး ပုလဲကို စိုက်ကြည့်နေသေးသည်၊ ပုလဲခမျာ အတော်ကြီး နေရထိုင်ရခက်သည်။

ဘော့စ်နဲ့တွေ့ဖို့လာတာက အလုပ်ကိစ္စ။ ဘော့စ်မိခင်က ကိုယ်ရေးကိုယ်တာတွေ အင်တာဗျူးနေတာ ဖြေနေရတဲ့အဖြစ်။

အခြေအနေက ထင်တာနဲ့ တက်တက်စင်။

ပုလဲ ဣန္ဒြေမပျက် ဟန်ဆောင်ပြုံးကာ ပြောဆိုနေရပေမယ့် လည်တဆန့်ဆန့်နဲ့။ ဘယ်အခန်းထဲကများ ဘော့စ် ထွက်လာမလဲဆိုတဲ့ မျှော်လင့်မျက်လုံးနဲ့ပါ။

"ဒါနဲ့ သမီး"

"ရှင် ပြောပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့တွေ့မလို့ မဟုတ်လား"

"ဟုတ်ကဲ့ အန်တီ"

"သား မှာသွားပါတယ်"

"ရှင်"

ပုလဲ အံ့သြရပြန်၏။ အမျိုးသမီးကြီးက ကျေနပ်စွာပြုံးလျက်–

"သမီးရောက်နေကတည်းက အန်တီ ပြောမလို့ပါပဲ၊ သမီး အကြောင်းတွေမေးရင်း နှောင့်နှေးသွားတာကွဲ့၊ သားက သားမိတ်ဆွေ တွေ ချိန်းလို့ဆိုပြီး ထွက်သွားတာလေ၊ သမီးရောက်လာရင် သားဆီ တစ်ပါတည်း လိုက်သွားခိုင်းတယ်"

အန်တီ့စကားမဆုံးခင် ပုလဲစိတ်က ပျော့ခွေပုံကျသွားချင် လောက်အောင် စိတ်ဓာတ်ကျချင်ချင် ဖြစ်လေသည်။

နေသခင်ဆိုတာ ဘာလဲလို့ တွေ့ချင်၊ သိချင်လေ နေသခင်က ဝက်ပါလမ်းကြောင်းထဲမှာ ပတ်ပြေးနေလေ။

"ဘယ် ဘယ်ကိုလိုက်သွားရမှာလဲ အန်တီ"

"ပါရမီစားတော်ဆက်၊ ပြည်လမ်းပေါ်မှာပဲ သမီးရဲ့၊ သိပ်မဝေး လှဘူး အခန်းနံပါတ် 03 မှာ သား ရှိနေလိမ့်မယ်၊ သမီး သွားတွေ့လိုက်"

"ဟုတ်ကဲ့ပါ အန်တီ"

ပုလဲ စိတ်ကို တတ်နိုင်သမျှ ရှည်အောင်ဆွဲဆန့်ရကာ။

နေသခင့်မိခင် ဒေါ်စကားဖြူကို နှုတ်ဆက်ပြီး စကားဖြူစံရိပ် ငြိမ်ကို ကျောပေးထွက်ခဲ့ရပြန်ပြီ။





နေသခင် –

ရှင်က ဝက်ပါပတ်ပြေးနေတာလား။ ဒါမှမဟုတ် စိန်ပြေးတမ်း ကစားတဲ့ သဘောတရားကို ဆုပ်ကိုင်ထားသူလား။

ရှင့်လက်ကိုင်သီအိုရီကို ပုလဲ သေချာဆန်းစစ်ရမှာ သေချာ နေပြီ။

ဟုတ်တယ်နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ပါရမီ စားတော်ဆက်။

ခြံကျယ်အလယ်မှာ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်ဖြစ်ပေမယ့် ဆိုင်အပြင်အဆင်က ခေတ်မီသားနားလှသည်။

သီးသန့်စားသောက်နိုင်တဲ့ ခန်းမတွေက မှန်တံခါးတွေနဲ့မို့ လုံလုံခြုံခြုံ ရှိလှ၏။

နေ့လယ်ခင်းဖြစ်ပေမယ့် ဆိုင်က စည်ကားလျှက်။

ကားကို ပါကင်မှာထိုးရပ်ပြီး စားသောက်ခန်းမကျယ်ကြီးရဲ့ အဝင်အဝမှာရှိတဲ့ ညှော်ကြိုကောင်တာမှာ မေးမြန်းလိုက်သည်။

အခန်းနံပါတ် 03 ဘယ်နားလဲပေါ့။

ပြုံးချိုသောမျက်နှာလေးနဲ့ ဝန်ထမ်းသမီးပျိုလေးက ဖော်ရွေ





လှ၏။ ဝိတ်တာတစ်ဦးကိုခေါ်ပြီး 03 အရောက် ပုလဲကို လိုက်ပို့ပေးသည်။

03 ရှေ့ရောက်တော့ ဝိတ်တာ လှည့်ပြန်သွားသည်။ စေ့ပိတ်ထားတဲ့ တံခါးရှေ့မှာ ပုလဲ ခေတ္တရပ်၏။ ပုလဲကိုယ်ပုလဲ တည်ငြိမ်အေးဆေးအောင် အားဖြည့်တင်းပြီး မှန်တံခါးကို တွန်းဖွင့်ကာ။

"ဟား ဟား ဟား"

တံခါးဖွင့်ဖွင့်ချင်း အုပ်စုလိုက် ရယ်မြူးသံက ဆီးကြိုနေသည့်နှယ်။

ခြောက်ယောက်တိတိ ဝိုင်းဖွဲ့ထိုင်နေကြတဲ့ လူရွယ်အုပ်စု။ ထိုအုပ်စုထဲမှ ပုလဲက ဘောစ်ကိုပဲ ရှာဖွေမိ၏။

"ပြောဦးကွ နေ့၊ ဇာတ်လမ်းဟောင်း ဆက်ဖို့လား၊ ဇာတ်လမ်းသစ် ဖန်တီးဖို့လား"

တစ်ယောက်သောလူရွယ်က ပွင့်ပွင့်လင်းလင်း မေး၏။ တစ်ဖွဲ့လုံး စားလိုက်သောက်လိုက် ပြောနေကြတာမို့ ပုလဲ ဝင်လာတာကို ရုတ်တရက် သတိမူမိဟန်မတူ။

"ပြောစမ်းပါ လျှိုမနေနဲ့"

"ကိုယ်တို့ကောင်တွေ ကူညီမှာပါကွ"

သူ့သူငယ်ချင်းတွေ ဝိုင်းပြောကြပြန်သည်။ ပုလဲနဲ့ မျက်နှာချင်းဆိုင်လိုဖြစ်နေတဲ့ သုံးယောက်က သူငယ်ချင်းတွေသာ။ ပုလဲကို ကျောပေးဆိုင်နေတဲ့ သုံးယောက်ထဲက တစ်ယောက်ယောက်ကတော့ ဘောစ်ဖြစ်မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူတို့စကားသံတွေနဲ့ချည်း ညံစီနေတာကို ပုလဲ စောင့်ဆိုင်းမနေချင်ပါ။

"အဟမ်း"

ပုလဲ ချောင်းဟန့်အချက်ပေးလိုက်မှ အားလုံးငြိမ်သက်သွားကာ။

"ဦးနေသခင် ကျွန်မ ရောက်နေပါပြီးရှင့်"

ပုလဲအသံက တည်ငြိမ်စွာ လွှမ်းသွားသည်၊ ဒီတော့မှ ပုလဲကို တဲ့မြင်သူက တဲ့ကြည့်၊ တဲ့မမြင်သူက ငဲ့လှည့် လှည့်ကြည့်လုပ်လာကြသည်။

လှည့်ကြည့်လာတဲ့တစ်ယောက်နဲ့ ပုလဲ မျက်လုံးချင်းဆုံ၏။ သေချာသည်။ မျက်လုံးချင်းဆုံတဲ့ ထိုတစ်ယောက်က ညာဘက်မျက်ခုံးစွန်းမှာ မှဲ့နဲ့။

မျက်နှာထားက သွယ်ပြီး အရှိန်အဝါတစ်မျိုးနဲ့ မာန်ဝင့်ဝင့်ကလေး ဖြစ်လို့နေသည်။

ဆုံလာတဲ့အကြည့်နောက်မှာ စေ့ပိတ်ထားတဲ့ နှုတ်ခမ်းက မိန်းကလေးတွေကို အထင်တကြီးမရှိကြောင်း သိသာကာ –

"မင်းက ပုလဲရှင့်၊ ဟုတ်တယ်နော်"

ပုလဲကို ထက်အောက်စုန်ဆန်ကြည့်၍ ပုံမှန်သံနဲ့ တစ်ခွန်းဆိုသည်။

"ဟုတ်ပါတယ် ဦးနေသခင်"

ပုလဲ မျက်လွှာချထားလိုက်သည်၊ ဘယ်သူ့ကိုမှမကြည့်တဲ့ မတို





မကျယ်ဆိုသည်။ ဒီတော့မှ သူ့ဘော်ဒါတွေအားလုံး ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာကာ ပုလဲကို ဆန်းစစ်တဲ့မျက်ဝန်းနဲ့ ဝိုင်းကြည့်လေသည်။

ပုလဲ ဣန္ဒြေမပျက်လှပါ။

နေသစ်ကလည်း အရှိန်အဝါကြီးစွာ တည်ငြိမ်လှပါ၏။ နှစ်ယောက်သား တွေ့ဆုံသွားတဲ့အကြည့်နောက်မှာ တစ်ယောက်ကိုတစ်ယောက် ဆန်းစစ်တာတွေပါဝင်နေမှန်း၊ နှစ်ဦးစလုံး ကိုယ်တိုင်သိနိုင်ကြသည်။

သူက ခုချိန်ထိ အကြည့်မလွှဲသေးဘဲ –

"အင်း ကိုယ် ဒီနေ့ တော်ဝင်သစ်ဆန်းကို ရောက်ဖြစ်ဖို့ မရှိဘူး။ နက်ဖြန်တော့ ရောက်လိမ့်မယ်၊ အဲ တစ်ခုတော့ နိုင်းဦးမယ်"

"နိုင်းစရာရှိတာ နိုင်းပါရှင့်"

"ဝန်ထမ်းအားလုံးနှစ်သက်မယ့် လက်ဆောင်ပစ္စည်းလေးတွေ မင်း ကြိုတင်ဝယ်ထားပေးပါ၊ ကိုယ် စင်တာကိုဝင်တာနဲ့ ဝန်ထမ်းတွေကို အသိအမှတ်ပြုလက်ဆောင် တစ်ပါတည်း ပေးမလို့"

"ဟုတ်ကဲ့၊ ကျွန်မ စီစဉ်ထားပါ့မယ်"

"ကောင်းပြီ၊ လိုအပ်ရင် ကိုယ် ဖုန်းဆက်မယ်၊ ဒါပဲ"

သူ ပြောပြီး အကြည့်လွှဲလေသည်။

"ဟုတ်ကဲ့"

ပုလဲ ခေါင်းညိတ်ပြီး ရပ်နေမိသေးသည်၊ သူက သူ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ စကားဝိုင်းပြန်ဆက်၏။

ဘော့စ်က သွားလို့မပြောသေးတော့ ပုလဲ ခြေလှမ်းတွေ နေ့သေးသည်။

"ကျွန်မ သွားပါဦးမယ်"

ပုလဲ ခွင့်တောင်းသလိုလို ပြော၏။ သွားတော့လို့ သူ မပြောလက်ဟန်နဲ့သာ သွားတော့လို့ အမူအရာနဲ့ အသံတိတ်ဆိုသည်။

သူ့ခွင့်ပြုချက်ရသည်နှင့် ပုလဲ ချက်ချင်းပဲ အခန်းထဲက ထွက်ခဲ့လေသည်။

အခန်းပြင်ရောက်မှ ပုလဲ လေပူတစ်ချက် မှုတ်ထုတ်မိ၏။

နေသခင်။

ရှင့်မှာ နေလို့ပူတဲ့အရှိန်အဝါ ရှိနေတယ်မဟုတ်လား။ ဒီလောက် ကိစ္စလေးပြောဖို့ ပုလဲကို ရှာလည်အောင်လုပ်ပြီးမှ။ ပုလဲမှာသာ လေဆိပ်လေဆိပ်ကတစ်ဆင့် စကားဖြူစံရိပ်ငြိမ်။

စကားဖြူစံရိပ်ငြိမ်ကတစ်ဆင့် ပါရမီစားသောက်ဆိုင်။

နက်ဖြန်မှ စင်တာလာမယ်။ ဝန်ထမ်းတွေအတွက် လက်ဆောင်ပစ္စည်း လုပ်ထားတဲ့။

ဒါလေးက ဖုန်းဆက်ပြောလိုက်ရင် ရရဲ့သားနဲ့။

ပုလဲကို ဇက်ပါပတ်နိုင်းသလိုပြုပြီးတော့မှ နိုင်းစေတာ တစ်ဆိတ်မလွန်ဘူးလား။

ဒါပေမဲ့ ပုလဲက သူ့ဝန်ထမ်းဆိုတော့ သူခိုင်းရာလုပ်၊ သူစေရာ





သွားလေ။ ပုလဲ စောဒကတက်လို့ ရမတဲ့လား။

သေချာတာက သူဟာ ပုလဲအတွက် ဒုတိယမမသစ် ဖြစ်မလာနိုင်ပါ။

နေသခင်ဆိုတဲ့အတိုင်း နေလိုပင် ပူပြင်းတောက်လောင်စေတဲ့ အရှင်သခင်ပဲ ဖြစ်မှာလေ။ ပုလဲ အဲလိုပဲ မှတ်ချက်ပေးကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အိုး စောလှချည်လား ပုလဲရဲ့"

"ဟုတ်ကဲ့ အန်တီ၊ ဒီနေ့စင်တာကို စောစောသွားရမှာမို့ စော

စောထဖြစ်တာပါ"

ပုလဲ ခါတိုင်းထက် စောထကာ မီးဖိုခန်းထဲရောက်နေလို့

အဆောင်ပိုင်ရှင် အန်တီမြ တအံ့တသြဖြစ်နေခြင်း။

ပုလဲက ထမင်းပူပူချက်၏။ ဟင်းချက်ဖို့ အချိန်မပေးနိုင်တော့

ပါ။ ထမင်းဘူးကို ပဲပြုတ်နဲ့ကြော်သည်။

အာပြဲခြောက်ကြော်နဲ့ ငရုတ်သီးဟာလချောင်ကြော်က ရှိနေ

သည်မို့ အထူးအထွေ လုပ်စရာမလိုတော့ပါ။

ထမင်းကြော် နှစ်ဆင့်ထည့်သည်။ အာပြဲခြောက်ကြော်



ငရုတ်သီးဟာလချောင်ကြော်ကို တစ်ဆင့်တည်း ပေါင်းထည့်၏။

သုံးဆင့်ပါတဲ့ စတီးထမင်းချိုင့်လေး အဆင်သင့်ဖြစ်ပြီဆိုတော့ စိတ်အေးရပြီ။

"ကြက်သားကြော်ထားတာ ရှိတယ် သမီးရဲ့၊ ထည့်သွားမလား"

ဒေါ်မြမြမေ ထမင်းချိုင့်ထည့်နေတာကိုကြည့်ပြီး စာနာစွာ ပြောသည်။

"မထည့်တော့ပါဘူး အန်တီမြ၊ ရှိတာလေးနဲ့ အဆင်ပြေပါတယ် အန်တီမြရဲ့၊ အန်တီမြ မီးဖိုဆောင်ဝင်တော့မလို့လား။ ပုလဲ ပြီးပြီ အန်တီမြ"

"အေးပါကွယ်၊ ပုလဲလေးကတော့ ဘာနဲ့ဖြစ်ဖြစ် ပြီးနေတာပဲ နော်"

"ဒီလိုပါပဲ အန်တီမြရယ်၊ မာမီ့အတွက် သံသရာကြွေး ပါမသွားစေချင်ဘူးလေ၊ ဒါကြောင့်ပါ"

"သာဓုပါကွယ် သာဓု သာဓု၊ သမီးမာမီကတော့ သမီးကို မွေးရကျိုးနပ်ပါပေတယ်"

ဒေါ်မြမြမေက ပြောရင်း ရေနွေးကျိုးလေသည်။

"ကဲ အန်တီမြ၊ ပုလဲ ရေချိုးတော့မယ်"

"အေး အေး သွားချိုးချေ"

ပုလဲ ထမင်းချိုင့်လေးဆွဲကာ မီးဖိုဆောင်ထဲက သွက်သွက် ကလေး ထွက်သွားလေသည်။ ပုလဲအရိပ်လေးကိုကြည့်ရင်း ဒေါ်မြမြမေ

www.burmeseclassic.com



ရင်မှာ အတိုင်းမသိ ကြည်နူးသလို ခမျာလေးစိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင်ပါ။

အဆောင်မှာ မိန်းကလေးတွေ အမျိုးမျိုးရှိနေကြတဲ့အထဲမှာ ပုလဲက တစ်ဘာသာ။ အားလုံးလိုလိုက ဘဝတိုးတက်ဖို့အတွက် ကြိုးစား ကြမှုရှိသလို တချို့က အမှီအတွယ်ကောင်းမယ့်ယောက်ျားကို မှန်းမျှော် လျက် ကိုယ်တိုင်လည်း ဝင့်ဝင့်ထည်ထည်နေတတ်ကြသည်။

ပုလဲက ထိုသို့မဟုတ်ပါ။ မိခင်ရဲ့ကြွေးကို ဆပ်ရင်း ဘဝကို ခြိုးခြံချွေတာကာ ရုန်းကန်နေတဲ့ မိန်းကလေး။ စိတ်ဓာတ်နဲ့ ရည်ရွယ် ချက်က မချီးကျူးဘဲ မနေနိုင်ပါ။

မကြာခင် ကြွေးသံသရာထဲက ခမျာလေး လွတ်မြောက်သွား မှာပါလေ။ ထိုသို့တွေးရင်း ကြိုတင်ဝမ်းသာပေးနေမိသည်။

ဒေါ်မြမြမေ ရေနွေးကျိုပြီးတော့ ထမင်းပေါင်းအိုးတည်သည်။ အိုးခွက်ပန်းကန်ပါ တစ်ဆက်တည်း ဆေးကြောလျက်။

ဈေးသွားဖို့ ဆွဲခြင်းလေး ဆွဲထွက်ခဲ့ချိန်မှာ ပုလဲက ထမင်းချိုင့် လေးဆွဲကာ စင်တာသွားဖို့ ပြင်ဆင်ပြီး အပေါ်ထပ်က ဆင်းလာတာနဲ့ ဆုံသည်။

ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ ကားဆီ လာရင်း –

“အန်တီမြ ဈေးဝယ်ဖို့ မဟုတ်လား။ ပုလဲကားနဲ့ လိုက်ခဲ့လေ”

ထိုကားက ရတနာသစ်ဆန်းစင်တာတံဆိပ်ပါတဲ့ ဗင်န်ကား လေးပါ။





“ကောင်းသားပဲ၊ အန်တီမြကို ဈေးထိပ်မှာ ရပ်ပေးနော်”

“အိုကေ”

ပုလဲကားပေါ် အန်တီမြကိုပါ လမ်းကြုံတင်ခေါ်လာကာ ဈေး ထိပ်မှာ ချပေးသလို ပန်းအိုးထိုးဖို့ ရောင်စုံနှင်းဆီပန်းတွေလည်း ပုလဲ ဝင်ဝယ်ခဲ့သည်။ ခါတိုင်း စင်တာဖွင့်တာ ကိုးနာရီ။

ပုလဲကားလေး စင်တာရှေ့ရောက်ချိန်မှာ ရှစ်နာရီတိတိပဲ ရှိ သေးသည်။ ပုလဲရောက်ပြီး စင်တာတံခါးမကြီးဖွင့်ဖို့ သော့တွဲလေး အိတ် ထဲက နှိုက်နေချိန်မှာ ဝန်ထမ်းမိန်းကလေးတွေလည်း အလျှိုလျှိုရောက် လာကြ၏။

“ဒီနေ့ စောနေပါလား ဆွေရီရီရဲ့”

“မပုလဲလည်း စောနေတယ်လေ”

“ဟုတ်ပ”

ဘော့စ်လာမယ့်နေ့မို့ ပုလဲနည်းတူ ဝန်ထမ်းမိန်းကလေးတွေ သတိဝီရိယကြီးစွာ စောရောက်နေကြလေသည်။

စင်တာတံခါးမကြီး ဖွင့်ပြီးတော့ အရောင်းစာရေးလေးတွေ သက်ဆိုင်ရာကောင်တာမှာ အသီးသီး နေရာယူကြသည်။

ခါတိုင်းနေ့နဲ့ မတူ။ ဒီနေ့ ဝန်ထမ်းအားလုံး စိတ်လှုပ်ရှားနေသလို ဘော့စ်ကိုလည်း အကဲခတ်ကြည့်ချင်စိတ်နဲ့ မျှော်လင့်တကြီး ရှိနေလေသည်။

ပုလဲက ဘော့စ်စားပွဲပေါ်က ပန်းအိုးကို နှင်းဆီပန်းအသစ်လဲ ပြီး ကျောက်ခက်တွေနဲ့ ဝေဆာအောင် ပန်းအိုးလှလှ ပြင်ဆင်ကာ။



www.burmeseclassic.com

www.burmeseclassic.com



နေသခင် စီစဉ်ခိုင်းထားတဲ့ လက်ဆောင်ပစ္စည်းတွေကို ပါကင် အကြီးကြီးထဲ စုထည့်ထားလိုက်သည်။ ဝန်ထမ်းတွေက မိန်းကလေး တွေမို့ အလှအပပစ္စည်းလေးတွေ ပုလဲ ရွေးဝယ်ထားသည်။ ပစ္စည်း တစ်ခုချင်းက တစ်ယောင်းဝန်းကျင်ချည်းသာ။

နှုတ်ခမ်းဆိုးဆေး ဘီးကုပ်၊ ရင်ထိုး၊ ခေါင်းစည်းကြိုး ရှေ့တပ် ကလစ် စတဲ့ ပစ္စည်းလှလှလေးတွေလေ။

အားလုံးစောင့်စားနေတဲ့ ဘော့စ်က ကိုးနာရီတိတိမှာ စင်တာ ရှေ့ ရောက်လာသည်။ ပုလဲ ကြိုဆို၍ ရုံးခန်းထဲ ဦးဆောင်ခေါ်ခဲ့တော့ သူက ဝန်ထမ်းကောင်မလေးတွေကို ဖြန့်ကြက်ကြည့်၍ အပြုံးနှင့် နှုတ် ဆက်၏။

အဲဒီနောက် ဝန်ထမ်းမိန်းကလေးတွေကို တစ်ယောက်ချင်း ခေါ်တွေ့ကာ နာမည်မေးပြီး လက်ဆောင်ပစ္စည်းတစ်ခုချင်း သူကိုယ်တိုင် ယူပေးလေသည်။

တစ်နည်းပြောရရင် ဝန်ထမ်းတွေအပေါ် သူ လိုက်လိုက်လှဲလှဲ ရှိတယ်ဆိုတဲ့ သဘောပါ။ မထင်မှတ်ဘဲ လက်ဆောင်ပစ္စည်းလေးတွေ ရသွားတော့ ဝန်ထမ်းမိန်းကလေးတွေ အတိုင်းမသိ ပျော်သွားကာ–

တစ်ယောက်နဲ့တစ်ယောက် ဝမ်းသာအားရ ပြောကြ၊ အလှ ပစ္စည်းလေးတွေကို ကြည့်ကြ၊ တစ်ယောက်ပစ္စည်းနဲ့ တစ်ယောက် လဲ လှယ်ကြနှင့် ထိုအစီအစဉ်လေးက ဝန်ထမ်းတွေရဲ့စိတ်ကို သူ့ဘက်ပါ အောင် ဆွဲယူလိုက်လေသည်။





ဘော့စ် စင်တာကို အဦးဆုံးလာတဲ့နေ့က ဝန်ထမ်းတွေအတွက် ပျော်ရွှင်စရာ အမှတ်လက္ခဏာပေပဲ။

ပုလဲအတွက်ကတော့ နားလည်ရခက်စွာ။

✿

"တစ်ခုလိုနေတယ် ပုလဲရင့်"

"ဟင်"

လက်ဆောင်ပစ္စည်းထည့်ထားတဲ့ပါကင်မှာ လက်ဆောင်ပစ္စည်း တွေက ဝန်ထမ်းတွေအတွက် ဦးနေသခင်ကိုယ်တိုင် နှိုက်ပေးတာ ကုန် လေသည်။

ပစ္စည်းနှစ်ဆယ့်နှစ်ခု။

ဝန်ထမ်းမိန်းကလေးတွေလည်း နှစ်ဆယ့်နှစ်ယောက်လေ။ လိုနေတယ်ပြောတော့ ပုလဲ မျက်လုံးလေးဝိုင်းကာ ဟင်ခနဲ ဖြစ်ရလေ သည်။

ထိုနောက်မှာ ပုလဲ ဣန္ဒြေမပျက်အောင် ထိန်း၍ –

"မလိုပါဘူး။ ဝန်ထမ်းအားလုံး နှစ်ဆယ့်နှစ်ယောက်လေ၊ ပစ္စည်းလည်း နှစ်ဆယ့်နှစ်ခု အတိအကျပါပဲ ဦးနေသခင်"

ပုလဲ စကားဆုံးတော့ နေသခင် စိုက်ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းအတွက်'' တဲ့။

ဦးနေသခင်ပြောမှ ပုလဲ သတိရလေသည်။ ကိစ္စမရှိပါဘူး။ ပုလဲက ဝန်ထမ်းနဲ့ဘော့စ်ကြား၊ ဆောင်ရွက်ပေးရတဲ့ ဝန်ထမ်းပါ။ ပုလဲအတွက် ပုလဲမေ့သွားတာ အရေးမကြီးပါ။ အမိက,က ဝန်ထမ်းအားလုံး လူစေ့ သက်စေ့ဖြစ်ဖို့ပဲလေ။

''နေပါစေ ဦးနေသခင်၊ ကျွန်မကို ဦးနေသခင် နိုင်းစေတာက ရတနာသစ်ဆန်းစင်တာရဲ့ဝန်ထမ်းအဖြစ် အသိအမှတ်ပြုပြီးကဲ့သဘော ဆောင်နေပါပြီ၊ ကျွန်မအတွက် လက်ဆောင်ပစ္စည်းက အရေးမကြီးပါဘူး''

''မင်းမေ့နေတာကို သတိပေးတာ''

''သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးနေသခင်၊ ဒါပေမဲ့ ကျွန်မကို ဦးနေသခင် အသိအမှတ်ပြုနေတဲ့အတွက် ဝမ်းသာလှပါပြီ''

''ဘာဖြစ်လို့လဲ''

''ကျွန်မရဲ့ကြေး''

ပုလဲစကားမဆုံးခင် သူ လက်ဟန့်တားလေသည်။ ပုလဲ ဆက်မပြောသာဘဲ စကားကို ရပ်ထားရ၏။

သူက ထိုကြေးကိစ္စကို လျှစ်လျူရှုတာလား။ ဘေးဖယ်ထားသေးတာလား။ ပုလဲ ဝေခွဲမရနိုင်အောင် သူ့မျက်နှာက လျှို့ဝှက်လွန်း၏။

''ကဲ မင်းကို ကိုယ်နိုင်းဦးမယ်၊ ကိုယ့်အတွက် မနက်စာ စီစဉ်ပေးပါ၊ ကိုယ် မနက်စာ မစားရသေးဘူး''





''ဟုတ်ကဲ့ ရပါတယ်၊ ခဏလေးစောင့်ပေးပါ၊ မမသစ် မှာ စားနေကျဆိုင်က မှာပေးပါ့မယ်''

ပုလဲ ချက်ချင်းပဲ သူ့ရုံးခန်းကျယ်ထဲက ပြန်ထွက်ခဲ့သည်။ သူနိုင်းသမျှထဲမှာ သူ့အတွက် မနက်စာမှာပေးရတာက ပုလဲအတွက် တာဝန်ကြီးတာ မဟုတ်ပေမယ့် ကသိကအောက် ဖြစ်ရသည်။

သူက ဘာစားမလဲ မပြော။ ဘာစားစရာလဲ အမည်မတပ်။

ဒီတော့ သူ့အတွက် မနက်စာကို ပုလဲ ဘာတွေစီစဉ်ပေးရမလဲ၊ မမသစ်နဲ့ ကွာတယ်ဆိုတာ အဲဒီက အစပါ။

မမသစ်က ဘာစားမယ်ပေါ့ ပုလဲရေ၊ Five Star က မှာပေးပါ ကွယ်လို့ ဆိုတတ်တယ် မဟုတ်လား။

သူ ဘာမှမပြောတော့ အဆင်ပြေအောင် ပုလဲ မှာပေးဖြစ်သည်။

သူက နိုင်ငံခြားမှာ အနေကြာလာတယ်ဆိုတော့ မနက်စာကို ဘိုစာပဲ စားမယ်ယူဆကာ –

ဘိုစာတွေ မှာပေးပါသည်။ သူက ဘိုစာတွေကိုကြည့်ရင်း နှာခေါင်းရှုံ့ပြီး –

''ထမင်းကြော်နဲ့ရေနွေး မရနိုင်ဘူးလား'' တဲ့။

သူ ဝစကားပြောတာလား၊ တမင်ရွဲ့တာလား။ ဒါတော့ ပုလဲ ခြားမသိတော့ပါ။ သူက တည်ငြိမ်နေတော့ ပုလဲ ဘာမှထပ်မမေးဖြစ်။

ဘိုစာတွေကိုဖယ်ကာ အလွယ်ကူဆုံးနဲ့ အမြန်ဆုံး ဖြစ်စေဖို့ ပုလဲထမင်းချိုင့်ကိုပဲ ဖွင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေပန်းကန်ပြားထဲမှာ ထမင်းကြော်ထည့်၏။ ကြွေပန်းကန်ပိုင်း ခပ်သေးသေးမှာ အပိုင်းလေးတွေ ပိုင်းပြီး ကြော်ထားတဲ့ အာပြဲခြောက်ကြော်နဲ့ ငရုတ်သီးဟာလချောင်ကြော်ကို အကွက်စီထည့်ပြီး ဖွန်းတပ်သည်။

ထမင်းကြော်ပန်းကန်မှာက ဖွန်းခက်ရင်းထည့်ကာ ရေနွေးကြမ်းထဲ လက်ဖက်ခြောက်ခတ်ပြီး သူ အလိုကျစေဖို့ စီစဉ်ပေးလိုက်၏။

သူ ဘာပြောမလဲ။ ပုလဲ မသိမသာ အကဲခတ်ကြည့်လျက်။ သူ ဆိုဖာဆုံလည်ထိုင်ခုံမှာ ထိုင်နေရာမှ စားသောက်စားပွဲဆီသွားပြီး အကျအန ပြောင်းထိုင်လေသည်။

နန္ဒင်းရောင် ဝါတာတာလေးနဲ့ ပဲပြုတ်ကြော်ပန်းကန်ကိုကြည့်ပြီး ချက်ချင်း စားဖွန်းကိုင်လေသည်။

ဒီထမင်းကြော်က ဆိုင်ထမင်းကြော်မဟုတ်မှန်း သိသာနေလျက် စားပြီးသည်နှင့် သူ ပြော၏။

''ဘယ်ဆိုင်က ဝယ်လာတာလဲ'' တဲ့။

''အဲ''

ပုလဲ ပြန်မဖြေရခက်စွာ နှုတ်ဆိတ်နေမိသည်။ သူက ငါးခြောက်ကြော်လေး ဝါးလိုက် ထမင်းကြော်စားလိုက်နှင့် ခံတွင်းတွေ့နေဟန်တူသည်။ ထို့နောက် ရေနွေးပူပူလေး မှုတ်သောက်ပြီး –

''မစားရတာ နှစ်တွေကြာလို့လားမသိဘူး ထမင်းကြော်နဲ့ ငါးခြောက်ကြော်စပ်စပ်လေးကို ခံတွင်းတွေ့နေတယ်၊ မနက်တိုင်း ဝယ်





လာပေး၊ အဆင်ပြေတယ် မဟုတ်လား''

''ဟုတ်၊ ပြေ ပြေပါတယ်''

ပုလဲ ထစ်ထစ်ငေါ့ငေါ့ပြောမိကာ သူ မမြင်အောင် မျက်စောင်းထိုးပစ်၏။

လူညစ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ပုလဲလေးရေ ပါဆယ်ရောက်နေတယ်"

"ပါဆယ်"

"ဟုတ်တယ်လေ၊ ပုလဲနာမည်နဲ့ နေ့လယ်ကတည်းက ရောက်နေတာအေ"

ပုလဲ ကားပေါ်မှ ဆင်းပင်မဆင်းရသေးပါ။ အန်တီမြက ပေါ်တီကိုအောက်အထိ ဆင်းလာပြီး ပြောသည်။

ပုလဲကားပေါ်က ဆင်းတော့ အန်တီမြ ဦးဆောင်ကာ ဧည့်ခန်းထဲ ဝင်လေသည်။

ပုလဲလည်း အံ့ဩကာ ပါဆယ် ဘယ်သူပေးတာလဲ သိချင်လာပါသည်။





"ဒီမှာလေ ရော့"

စားပွဲပေါ်က ပါဆယ်ကြီးကို ဒေါ်မြမြမေ ပင့်ယူပေးသည်။ ပါဆယ်က ခပ်ပေါ့ပေါ့ပေမယ့် ကြီး၏။

ပါကင်ပေပါအဝါရောင်နဲ့ ထုပ်ထားပြီး ဖဲကြိုးတွေစည်းနှောင်ကာ ပန်းပွင့်လည်း ကပ်ထား၏။ ပါဆယ်ကြီးက မြင်တာနဲ့ စိတ်ဝင်စားစဖွယ် ကောင်းလျက်။

"အကြီးကြီးပဲ အန်တီမြရဲ့"

ပုလဲ စိတ်ဝင်တစားပြော၍ လှမ်းယူလေသည်။ ဒေါ်မြမြမေနည်းတူ ဧည့်ဆောင်ထဲရှိနေတဲ့ အဆောင်သူများလည်း စိတ်ဝင်တစား လှမ်းကြည့်သည်။

ပုလဲဆီကို တစ်ခါမှုမှ လက်ဆောင်ပါဆယ်တွေ၊ ပန်းစည်းတွေ မရောက်ဖူးဘူး မဟုတ်လား။

ဦးဦးဖျားဖျားရောက်လာတဲ့ ပါဆယ်ကြီးဆိုတော့ စိတ်ဝင်စားကာ ဘယ်သူက ဘာအကြောင်းကြောင်းကြောင့် ပို့ပေးတာလဲဆိုတဲ့ သိချင်စိတ်ပါ ပါနေသည်။

"ဖွင့်ကြည့်လေ"

အန်တီမြ စိတ်ဝင်တစား ပြောသည်။ ပုလဲ အပေါ်ထပ်အခန်းရှိရာသို့ ပါဆယ်ထုပ် သယ်သွားခွင့်မသာတော့ပါ။ ပုလဲလည်း အမြန်ဆုံးသိချင်နေတာမို့ ဧည့်ခန်းက ပလတ်စတစ်ထိုင်ခုံမှာပဲ ထိုင်ချလိုက်သည်။

ဖဲပွင့်တွေ တယုတယဖြုတ်၍ ဖဲကြိုးတွေခွာကာ ပါကင်ပေပါ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်ကြည့်လျှင် –

"ဟင်"

အားလုံးသောမျက်လုံးတွေ ပုလဲလိုပဲ အံ့ဩကာ ရှင်လန်းစွာ ဝိုင်းစက်သွား၏။ နှစ်ပေအရှည် တစ်ပေခွဲအကျယ်ရှိသော ပန်းချီကား တစ်ချပ်။

ပန်းချီကားထဲက မိန်းကလေးက ဖက်ဖူးစိမ်းရောင်မြန်မာဝတ်စုံလေးနဲ့။ မော်ဒန်မလေးလို ကိုယ်နေဟန်ကြော့လျက် ကတ္တီပါထိုင်ခုံ ဝိုင်းပေါ်ထိုင်ကာ မျက်နှာလေးမော့နေတဲ့ပုံ။

ထိုမိန်းကလေးက တခြားမဟုတ်။ ပုလဲကိုယ်တိုင်ဖြစ်နေလျှင် ပုလဲ အတန်ကြာ ဆွံ့အလျက်။ အံ့ဩငုတ်တုတ် မေ့လေသည်။

"ကြည့်စမ်းဟယ် ပုလဲလေး ပုံတူပါလား၊ လှလိုက်တာကွယ်"

အန်တီမြ မအောင့်နိုင်ဘဲဆိုလျှင် –

"ဟုတ်တယ်နော် မပုလဲ၊ ဘယ်ပန်းချီဆရာမှာ အပ်တာလဲ အရမ်းလှတာပဲ"

"မီးတို့လည်း ပုံတူဆွဲနိုင်းချင်တယ်"

အဆောင်သူများ စိတ်အားထက်သန်စွာ အားအကျကြီး ဂု လျက် ပြောလေသည်။

"မပုလဲလည်း ဘယ်ပန်းချီကိုမှ အပ်မထားဘူး အန်တီမြ ဘယ်သူက ပုလဲပုံတူဆွဲနိုင်းပြီး ပို့လိုက်တာလဲ မသိဘူး၊ ကြည့်စမ်း ဒ ဩဖို့ ကောင်းလိုက်တာ"





ပုလဲ ပုံတူပန်းချီကိုကြည့်ရင်း ရင်ခုန်ပျော်မြူးစွာ ပြောမိလေသည်။

"ဟုတ်ရဲ့လား မပုလဲရယ်၊ မပုလဲ မေ့နေတာဖြစ်မယ်"

"သရဖူကလည်း ပုလဲမှတ်ဉာဏ် အဲလောက် မလွဲသေးပါဘူး၊ ဘယ်သူ့ကိုမှ ဆွဲမနိုင်းပါဘူး တကယ်ပါ"

"အဲဒါဆိုတော့ တစ်ယောက်ယောက်က မပုလဲကို အံ့ဩပြီး ရင်ခုန်သွားအောင် လုပ်လိုက်တာဖြစ်မယ်"

"ဖြစ်နိုင်တယ်ဟာ"

အန်တီမြက သရဖူ့စကားကို ထောက်ခံလေသည်။ အားလုံးကလည်း ဖြစ်နိုင်တယ်လို့ မှတ်ချက်ပေး၏။

ပုလဲမှာ ပန်းချီကားထဲက ပုလဲပုံတူလေးကို မျက်တောင်မခတ်တမ်း ကြည့်ပြီး ရင်ခုန်လို့နေသည်။

ဘယ်သူက ပုလဲ ဝအံ့တဩရင်ခုန်အောင် လုပ်တာလဲကွယ်။ ပုလဲ သိလိုလှသည်။ ပန်းချီကားအောက်မှာ ဂျေဆိုတဲ့ အင်္ဂလိပ်စာလုံးနဲ့ ရက်စွဲတစ်ခု ပါသည်။ ရက်စွဲက 1.1.2010 တဲ့။

"ဖြစ်နိုင်တယ် အန်တီမြရဲ့၊ ဒီမှာကြည့် ပန်းချီရေးသူ လက်မှတ်နဲ့ ရက်စွဲ"

မျက်စိလျင်တဲ့ သရဖီက ပန်းချီကားအောက်က လက်မှတ်နဲ့ နေ့စွဲကို လက်ညှိုးထောက်ပြ၏။

"ပန်းချီဆွဲတဲ့သူက ဂျေလို့ နာမည်အတိုကောက်ရေးထားတယ်၊

www.burmeseclassic.com



ရေးဆွဲတာက ခုမှမဟုတ်ဘူး။ နှစ်နှစ်နီးပါးပါး ကြာပြီပဲ၊ သရဖူတော့ အဲလို ယူတယ် မပုလဲ''

သရဖူက သွက်သွက်ကလေး ထင်မြင်ချက်ပေး၏။ သရဖူ ထင်မြင်ချက်ပေးတာလည်း ဖြစ်နိုင်သည်။

''သေချာတယ်၊ မပုလဲကို ကြွေတဲ့သူပဲ ဖြစ်မယ်''

''ဟယ်၊ မဟုတ်တာ သရဖူရယ်''

''ဘာလို့မဟုတ်ရမှာလဲ၊ ဟုတ်တယ်နော် အန်တီမြ၊ သရဖီ ပြောတာ ဟုတ်တယ်မဟုတ်လား''

သရဖီက ဖွတ်အတင်းပဲ အန်တီမြကို ထောက်ခံနိုင်းလေသည်။ အန်တီမြကလည်း ထိုသို့ယူဆတာမို့ –

''ဖြစ်နိုင်တယ် ပုလဲလေးရဲ့''

''အို၊ အန်တီမြကလည်း မဟုတ်က.ဟုတ်က''

ပုလဲ ရှက်ရိပ်လေးလွှမ်းကာ မျက်နှာလေး ပန်းနုရောင်သန်းလျက် ငြင်းမိသည်။

''မဟုတ်က.ဟုတ်က မဟုတ်ဘူး ပုလဲလေးရဲ့၊ ဟုတ်က.ဟုတ်က ဖြစ်နေပြီလေ၊ ကြည့်စမ်းပါဦး၊ ပုံတူပန်းချီဆွဲပြီး ပို့ပေးတာဆို တော့ ဟုတ်နေပါပြီကွယ်၊ ဟုတ်နေပါပြီ၊ ဘယ်သူဖြစ်မလဲ ပုလဲလေး ရိပ်မိမှာပေါ့၊ မဟုတ်ဘူးလား''

''ဟာ အန်တီမြကလည်း အစ်မေးနေပြန်ပြီ၊ တော်ပြီ သွားတော့မယ်''





ပုလဲ ရင်ခုန်စွာဖြင့်ကောင်းအောင် ရှက်နေမိသည်။ ဒါ ပထမဦး ဆုံးပါပဲ။ ဝိုင်းဝန်းစနောက်ကြတာလေးကိုပင် ပုလဲ မခံချင်ဖြစ်ကာ ပန်း ချီကားလေးကို တယုတယပွေ့ကိုင်ပြီး အပေါ်ထပ်သို့ သုတ်ခနဲ ပြေးထွက် ရှောင်လေသည်။

အန်တီမြနဲ့ အဆောင်သူတွေ ပုလဲအတွက် အံ့သြဝမ်းသာကာ ငေးကျန်ခဲ့သည်။ ဒီမိန်းကလေး စန်းပွင့်နေတာ ကြာနေပြီပဲ။

ခုမှ ဘွားခနဲ သိရတော့ အံ့သြတာရော၊ ဝမ်းသာတာပါ မကျန် အားကျတာလည်း ရောပါလျက်။

✿

ဘယ်သူမှ ဝင်လာလို့မရအောင် အခန်းတံခါးကို ပုလဲ ဖိပိတ်လေသည်။ ပန်းချီကားကို အရှေ့ဘက်နံရံမှာ ချိတ်ဆွဲလျက်။

ပုလဲ ခုတင်ပေါ်မှာထိုင်ကာ ပန်းချီကားကို မျက်တောင်မခတ်တမ်း စိုက်ကြည့်ရင်း ရင်ခုန်နေပါသည်။

ဖက်ဖူးစိမ်းရောင် နမ့်ျောရောင် ပိုးချိတ်ဝမ်းဆက်နဲ့ ဆံပင်ကို သားတစောင်းလေး စည်းနှောင်ကာ ရင်အုံပေါ် အလျားလိုက်ချထား၏။

လုံးဝန်းဝန်းသွေးထားတဲ့ ကျောက်စိမ်းလုံးကလေးများ ထဲ့ချိ ဘျနေတဲ့ ဒီဇိုင်းနဲ့ ကျောက်စိမ်းရောင် လက်ဝတ်လက်စားတွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားတဲ့ ပုလဲက ပန်းချီဆေးသားရောင်ကြောင့် တောက်ပပ ရွှန်းလက်နေသည်။

စည်းနှောင်ထားတဲ့ဆံပင်မှာ ကျောက်စိမ်းနဲ့ ပန်းပွင့်ပုံဖော်ထားတဲ့ ပန်းခက်ကလေး ပန့်ထားတာကအစ ကြည်လင်ပြတ်သားစွာ တွေ့ရ၏။

ဒီအပြင်အဆင် ဒီအဝတ်အစားနဲ့ ပုလဲ တွေးရင်း တွေးရင်း ရေးရေးပေါ်လာကာ အဝတ်သေတ္တာရဲ့အောက်ဆုံးထပ်က ဝတ်စုံလေးကို ဆွဲထုတ်ကြည့်မိ၏။

ထိုဝတ်စုံနဲ့ ပန်းချီကားထဲက ဝတ်စုံက ဒီဇိုင်းတူ အရောင် အသွေးကအစ ထပ်တူ။ ဒီပိုးချိတ်ဝတ်စုံချုပ်ဖြစ်တာက မှတ်မှတ်ရရလေ။

ထိုနှစ်က ဂျပန်မှာ လက်ဝတ်ရတနာဒီဇိုင်းသစ် ပြပွဲလုပ်သည်။ နိုင်ငံတိုင်းလိုလိုက ကျောက်မျက်ဝါသနာရှင်တွေ တက်ရောက်ကြ၏။ မမသစ်ကလည်း အတွေ့အကြုံရအောင် သွားရောက်လေ့လာရင်း ပုလဲကို ခေါ်သွားသည်။

ပုလဲ ဖန်တီးထားတဲ့ ရတနာဒီဇိုင်းသစ်တွေကိုပါ ယူသွားပြီး ခင်းကျင်းပြသကာ အဲဒီပြပွဲနေ့မှာ ပုလဲ ဒီဝတ်စုံလေး ဝတ်၏။

မှတ်မှတ်ရရ အဲဒီဝတ်စုံကို ဂျပန်မှာပဲ ဝတ်ဖူးတာပါ။

ဒီမှာ တစ်ခါမှ မဝတ်ဖြစ်သေး။ အဲဒီပြပွဲမှာ ဦးသက်နဲ့လည်း ဆုံပါသည်။ ဦးသက်က ဂျပန်က ကားတင်သွင်းခွင့်ရထားတဲ့ လုပ်ငန်းရှင်တစ်ဦးပါ။ ကားဝယ်ယူတင်သွင်းတဲ့ကိစ္စနဲ့ သွားတာလေ။





ကြုံကြိုက်တုန်း ရတနာပြပွဲ ဝင်ကြည့်ခြင်း။ အဲဒီမှာ ဆုံကြတော့ ဦးသက်မျက်လုံးတွေ အရောင်တွေ တဖျပ်ဖျပ်လက်ကာ။

"ပုလဲက မြန်မာဝတ်စုံနဲ့မို့ထင်တယ်၊ ကိုယ်ထင်ထားတာထက် ပိုပြီး လှနေတယ်"

မမသစ်ရှေ့မှာတင် ဦးသက်က ထိုသို့ပြောဖူးတယ် မဟုတ်လား။ ထိုစဉ်က ဦးသက်ကို ပုလဲ မျက်စောင်းထိုးပစ်သေးသည်။

"ပုလဲလေးရယ် ယောကျ်ားတွေဆိုတာ ဒီလိုပဲ၊ သူတို့စိတ်ဝင်စားနေတဲ့ မိန်းမဆိုရင် မယ်ကုဝဏ်လို ရုပ်ဆိုးဆိုးကြီး ဖြစ်နေပါစေ၊ သူတို့မျက်စိထဲမှာ ပပဝတီလို လှနေတယ်လို့ မြင်တာပဲ၊ ပုလဲက ပပဝတီလိုလည်း လှတယ်၊ ပြီးတော့ မြန်မာဝတ်စုံလေးနဲ့ ကျက်သရေရှိနေတော့ ပိုလှတယ်လို့ သက်တန့်ကျော်ပြောတာ မလွန်ပါဘူးကွယ်"

ဒါဆို ပုလဲပုံတူပန်းချီကားက ဦးသက်ကိုယ်တိုင် ဆွဲတာလား။ ပန်းချီဆရာတစ်ယောက်ယောက်ကို ဆွဲခိုင်းတာလား။ ပုလဲ သိလိုလှသည်။

ထိုစဉ်က လှတယ်လို့ ပုလဲကို ဦးသက်ပြောတာကို ပုလဲ မနှစ်မြို့ပေမယ့် ဒီပန်းချီကားလေးကိုတော့ သဘောကျ၏။

ရင်မှာလည်း ကြည်နူးစွာ ခုန်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

''တီ တီ တီ''

ဒီဖိုင်းသစ်တွင်မယ့်ကိစ္စ နေသခင် ဦးဆောင်ပြောနေချိန်မှာ ပုလဲလက်ကိုင်ဖုန်း မြည်လေသည်။

ဖုန်းမြည်သံကြောင့် အလိုမကျသော သူ့မျက်နှာအပြောင်းအလဲနောက်မှာ သူ့စကားကို တိခနဲဖြတ်ထား၏။ ပုလဲ အားတုံ့အားနာဖြစ်လျက် –

''ဆောရီး၊ ဖုန်းပိတ်ထားဖို့ မေ့နေလို့''

ပုလဲ ပြောကာ လက်ကလည်း ဖုန်းခလုတ်ကို ပိတ်ပြီးသားဖြစ်လေသည်။ ဒီတော့မှ သူ့မျက်နှာကြည်လင်လာကာ ဒီဖိုင်းကိစ္စ ဆက်ပြောသည်။





သူပြောသမျှ ပုလဲက လိုက်မှတ်၏။ တချို့ဒီဖိုင်းတွေကို သူကိုယ်တိုင် ပုံကြမ်းဆွဲပြတာလည်း ရှိသည်။

အနောက်နိုင်ငံသားတွေ နှစ်သက်တဲ့ဒီဖိုင်းနဲ့ အရှေ့တိုင်းသားတွေ စိတ်ဝင်စားတဲ့ဒီဖိုင်းကို ပုံစံထုတ်ထားတဲ့ စာအုပ်ကြီးထုတ်၍ ယှဉ်ပြတာမျိုး ရှိလည်း ရှိသည်။

သူပြောပြနေတာတွေကိုကြည့်ရင်း သူလည်း ရတနာဒီဖိုင်းကို အတော်ကျွမ်းကျင်မှန်း သိသာလှသည်။

နှစ်နာရီလောက်အချိန်ကြာအောင် သူ အသေးစိတ်ရှင်းပြပြီး အနားယူသည်။ သူ့အတွက် နေ့လယ်စာကို 'ရွှေခရာ' ထမင်းဆိုင်က မြန်မာထမင်းဟင်း မှာပေးကာ –

သူ့တစ်ယောက်တည်း ထမင်းစားချိန်မှာ ပုလဲက ပိတ်ထားတဲ့ ဖုန်းကို ပြန်ဖွင့်၏။ စောစောတုန်းက ခေါ်တာ ဘယ်သူလဲ။ ဖုန်းနံပါတ်ကို ပြန်ကြည့်တော့ ဦးသက်။

ပုလဲ ဝမ်းသာသွားသည်။

ဦးသက်ကို ပုလဲလည်း ဖုန်းဆက်ချင်သည်။ ဦးသက်ကလည်း ဖုန်းခေါ်တာနဲ့ တိုက်တိုက်ဆိုင်ဆိုင်။

သူ ထမင်းစားကောင်းနေချိန်မှာ ပုလဲက သူ့ရုံးခန်းကျယ်ထဲက လှစ်ခနဲထွက်ကာ မမသစ် သီးသန့်နားနေဖို့လုပ်ထားတဲ့ ထောင့်ခန်းလေးရှိသည် မဟုတ်လား။ အဲဒီနားနေခန်းထဲ ဝင်၏။

နားနေခန်းနဲ့ ရုံးခန်းကြားမှာ တံခါးမရှိပါ။ ထုထဲပျော့အိသော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာစထူထူကြီး ခြားလျက်။ နားနေခန်းထဲ ပုလဲဝင်သွားတော့ လိုက်ကာအိအိသွဲ့သွဲ့ လှုပ်သွားတာ နေသခင် ရိပ်ခနဲ မြင်လိုက်သည်။

ဘာမှတော့ မပြောမိပါ။ ကိုယ့်ထမင်းကိုယ် ဆက်စားနေလိုက်သည်။ ထိုအခါ –

"ဦးသက်ကို ပုလဲ ပြောစရာရှိတယ်"

ကြည်ရွှင်နူးအိနေတဲ့ သူမအသံကြောင့် သူ့မျက်ခုံးထူထူကြီး မသိမသာတွန့်၏။ ဦးသက်ဆိုတာ မမသစ်ပြောတဲ့ သက်တန့်ကျော်ဆိုတဲ့ လူကြီးပဲ ဖြစ်မယ်။

ဒီလူက ဟိုက်ဘော့စ်။ အိမ်ထောင်ကွဲ။ ခြေခပ်ရှုပ်ရှုပ်နဲ့ ဇရှိတဲ့သူ။ ဒီလူကြီးနဲ့ အတွေ့မှာ ပုလဲရင့်က အသံတွေ, ဘာတွေက အချိုမြလျက်။

ပတ်သက်မှုက ဘယ်အတိုင်းအတာ ရောက်နေသလဲ။ သူ့ ထမင်းစားတာ နှေးကျသွားပြီး တွေးနေမိကာ။

"ပုလဲလေ ဦးသက်ကို ကျေးဇူးတင်ပါတယ်၊ ပန်းချီကားလေး ပို့ပေးတဲ့အတွက်"

သူမစကားနောက်မှာ သူ့လက်ထဲက ထမင်းစားဇွန်း အလိုလို လွတ်ကျကာ။

"ပုလဲကလည်း ဦးသက်ကို တွေ့ချင်တယ်"

သူမက ရွှန်းရွှန်းဝေအောင် ပြောနေသေးသည်။

"ရပါတယ်"





"..."

"ညနေနစ်နာရီ ဟုတ်ပြီ ဦးသက်၊ ပုလဲ အဆင်သင့်ပြင်ဆင်ပြီး စောင့်နေမယ်၊ ဦးသက်က လာကြိုမယ်ဆိုတော့ အိုကေတယ်၊ ဒါပဲနော် ဦးသက်၊ ညကျမှ ဆုံမယ်"

ပုလဲ စကားဆုံးအောင်ပြောပြီး ဖုန်းပိတ်လိုက်သည်က ကျေနပ်စွာ။

ပုလဲ နားနေခန်းထဲက ပြန်ထွက်ခဲ့တော့ ထမင်းစားပွဲမှာ နေသခင်ကို မတွေ့တော့ပါ။ ထမင်းစားလျက်တန်းလန်းနဲ့ ထ,ထွက်သွားတဲ့ဟန်။

"ဘာဖြစ်လို့ပါလိမ့်"

ထမင်းဟင်းက သူ့ခံတွင်းနဲ့ မတွေ့တာလား။

"ဦးနေသခင်"

ပုလဲ မတိုးမကျယ် ခေါ်မိ၏။ ရုံးခန်းထဲမှာလည်း ရှိမနေ။ ဘယ်ကိုထွက်သွားပြီလဲ။ စင်တာဘက်က ထွက်တဲ့တံခါးကို ဖွင့်ကြည့်တော့ သူက စင်တာထဲက ထွက်သွားနေပါပြီ။

"ဦးနေသခင်"

ပုလဲခေါ်ရင်း ခပ်သွက်သွက်လေး နောက်က လိုက်ခဲ့သည်။ စင်တာထဲမှာ ရတနာဝယ်သူများက စည်ကားစပြုနေသည်။

ဝန်ထမ်းတွေကို အကဲခတ်သလိုကြည့်ရင်း ထွက်သွားတာက အကြောင်းတစ်ခုခု ရှိနေမှာမလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



ဓသချာတာက ပုလဲ ဖုန်းနံ့ဆက်တာကို မနှစ်မြို့တာပဲ ဖြစ်ရမယ်။ သူ့ကားနားရောက်တော့ ပုလဲ လှမ်းမေးလိုက်သည်။

"ဘယ်သွားမလို့လဲ ဦးနေသခင်၊ ဘာလိုလို့လဲ၊ ပုလဲကို ပြောလေ"

ပုလဲ ဘာပြောပြော သူ လှည့်မကြည့်။ ပြောလည်း မပြော။ ကားပေါ်တက်ကာ ကားကို ဂူးခနဲ ဓောင့်အောင့်မောင်းထွက်သွားလေသည်။

အဓိပ္ပာယ်က ဘာလဲ။

ပြောစမ်းပါ ဦးနေသခင်။

✿ ✿ ✿



## အခန်း (၁၂)

ပုလဲရင့်။

နာမည်နဲ့လိုက်အောင် ပုလဲရောင်ရင့်ရင့်လေး တောက်ပကာ အလှတွေ ကြွယ်နေတဲ့ မိန်းကလေး။ ညမှာမို့ ပို၍ထင်ပေါ်ကာ လှနေရော့သလား။

အပေါ်က အလွှာပါးလေးတစ်ထပ်ပါသော လည်ပင်းပိတ် အင်္ကျီရှလှလေးရယ်။ အလွှာပါးလေးပေါ်မှာ ငွေရောင်ကျောက်ပွင့်ကလေးနဲ့ မှိုးပြက်လျက်။

စကတ်က ကြာနွမ်းမဲ့လောက်အောင် တိုတိုကျပ်ကျပ်ဝတ်ထားတာ မဟုတ်ပါ။ ခါးနဲ့တင်မှာ အတိအကျဖြစ်ပြီး ဒူးပေါ်ဝဲကျနေသည်က ခြေလှမ်းလှမ်းလိုက်တိုင်း အိသွဲ့သွဲ့လှုပ်ခါသွားတာကအစ ကြည့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

လက်အိတ်ပါးပါးလေးကိုင်ကာ ထောင့်ချွန်ဖိနပ်နဲ့ စည်းချက်ကျကျ လှမ်းဆင်းလာတဲ့ ပုလဲ၊ ညှော်ခန်းမှာ ဗီဒီယိုဖတ်လမ်းထိုင်ကြည့်နေတဲ့ အန့်တီမြနဲ့ပုလဲ အကြည့်ချင်းဆုံလျှင် –

''ပုလဲကို ပန်းချီကားလက်ဆောင်ပေးတာ ဦးသက်ပဲ ဖြစ်မယ် အန့်တီမြရဲ့၊ အဲဒါ ကျေးဇူးတင်ကြောင်းပြောရင်း ညစာလည်း ပုလဲ ကျွေးမယ်ပေါ့''

''ဦးသက်တန့်ကျော်နဲ့ ချိန်းထားပြီးပြီဆိုပါတော့''

''ဟုတ်တယ် အန့်တီမြ၊ အဲဒါသွားမလို့ အဆင်သင့်ပြင်ထားတာ၊ ဦးသက် လာကြိုမယ်တဲ့''

''သွားပါလေ၊ အန့်တီမြကို ဦးသက်တန့်ကျော် ဖုန်းဆက်ပြောထားပြီးပြီ၊ အချိန်မကြာစေရပါဘူးတဲ့၊ အန့်တီမြအဆောင်က စည်းကမ်းကြီးတာ သိနေလို့တဲ့''

''ဦးသက်က အဲလိုကျတော့ လူကြီးလူကောင်းဆန်တာပဲနော် အန့်တီမြ''

''ပုလဲလေးကို တန်ဖိုးထားလို့ပေါ့ကွယ်''

အန့်တီမြ ယူဆတဲ့အတိုင်း ပြောတော့ ပုလဲစိတ်မှာလည်း ကျေနပ်သလို ခံစားရလေသည်။

တကယ်လည်း ဦးသက်က ပုလဲကို တန်ဖိုးထားပြီး လိုချင်နေခဲ့တာ မဟုတ်လား။





ပုလဲကသာ မနှစ်မြို့တာလေ။ ဒါပြင် ပုလဲဘဝအခက်အခဲကို ကယ်တင်ချင်လို့ဆိုတဲ့ အကြောင်းပြချက်မျိုး ပုလဲဘဝမှာ အစွန်းအထင်း မခံချင်တာလည်း ပါ,ပါသည်။

မာမီ့ကြွေးကို ပုလဲစွမ်းအားနဲ့ နိုင်သမျှ လွတ်လွတ်လပ်လပ် ဆပ်ခွင့်ရအောင် ပုလဲ ကြိုးစားခဲ့တာက မာမီရဲ့မွေးကျေးဇူးကို ဆပ်ချင်တာလည်း တစ်ကြောင်းပေါ့။

ဘာပဲဖြစ်ဖြစ် ကြွေးတွေဆပ်ပြီး ပုလဲဘဝ ပုလဲ ထူထောင်နိုင်ပြီလေ။ မိန်းကလေးဖြစ်နေလို့ ဘာမှအားငယ်နေစရာလည်း မလိုပါဘူး။ ယောကျ်ားယူခြင်းနဲ့ အလိုက်သင့်နေသွားဖို့လည်း ပုလဲ စိတ်ကူးမယဉ်ပါ။

ပုလဲကို တန်ဖိုးထားတာ ပုလဲတင်မက အန့်တီမြပင် သိနေပါသားဆိုတဲ့ အတွေးနဲ့ ကျေနပ်တာတော့ အမှန်။

''ပုလဲက ဦးသက်ကို လက်တွဲဖို့ စိတ်မဝင်စားတာကလွဲရင် ဦးသက်က မိတ်ဆွေကောင်းလိုတော့ ဆက်ဆံသင့်တယ်လို့ ယူဆပါတယ်၊ အဲဒါကြောင့်မို့ပါ''

''အန့်တီမြ နားလည်ပါတယ်ကွယ်၊ ဘယ်သူ့ကိုဖြစ်ဖြစ် ယတိပြတ် ပြတ်ပြတ်သားသား ဆက်ဆံတာနဲ့စာရင် ပြေရာပြေကြောင်း ဆက်ဆံတတ်ဖို့ အရေးကြီးပါတယ်''

''ပုလဲလည်း အဲလိုယူဆတာကြောင့်ပါ''

''အေးပါကွယ်၊ ပုလဲက အတွေးအမြင်ကျယ်တဲ့သူပဲ အန့်တီမြ၊



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အထူး ပြောစရာမလိုပါဘူး"

"ပွမ် ပွမ် ပွမ်"

အန်တီမြစကားမဆုံးခင် ခြံဝမှာ ကားရပ်သံနဲ့ ဟွန်းတီးသံ ပေါ်ထွက်လာသည်။

"ဟော ဦးသက်တန့်ကျော် လာပြီထင်တယ်၊ သွားတော့ ပုလဲ"

အန်တီမြ စကားဖြတ်ပြီး ဆိုလေသည်။ ပုလဲ နာရီကြည့်တော့ ခုနစ်နာရီအတိ။ ဦးသက်က အချိန်တိကျသားပဲ။ အန်တီမြကို နှုတ်ဆက်ပြီး အဆောင်ဧည့်ခန်းထဲက ထွက်ခဲ့သည်။ ကားက ခြံဝမှာ ရပ်ထားတာမို့ ပုလဲ ခပ်သွက်သွက်ကလေး လျှောက်ထွက်ရကာ –

ညမီးရောင်အောက်မှာ အမိုးပွင့်ကားအနီရဲရဲလေးဟာ တောက်ပနေသည်။

ဦးသက်က ဘယ်တုန်းကမှ ကားတစ်မျိုးတည်းကို စွဲစွဲမြဲမြဲ စီးလေ့မရှိပါ။ ကားသူဌေးပီပီ ကားထည့်လဲစီးနိုင်သူ။ ခုတော့ ပြိုင်ကားလေးနဲ့။

ကားမှန်အနက်ကြောင့် ကားမောင်းသူနေရာမှာ ဦးသက်ကို ပုလဲ မမြင်ရပါ။ ကားတံခါးဆွဲပြီး ရှေ့ခန်းမှာ ပုလဲ တက်ထိုင်ပြီးမှ ကားမောင်းသူဘက် ပြုံး၍ ငဲ့ကြည့်၏။

"ဟင်"

ပုလဲ အပြုံးလေး တန့်သွားကာ နှုတ်ခမ်းသားလေး ဝိုင်းသွား၏။ ကားမောင်းသူနေရာမှာ ပုလဲထင်သလို ဦးသက်မဟုတ်ပါ။





မျက်နှာတည်နှင့် ဟန်ပါပါရှိနေတဲ့ ဦးနေသခင်။

နေသခင် ကားကို ဝူးခနဲမောင်းထွက်သွား၏။ ထိုအခါမှ ပုလဲ အသိဝင်လာကာ –

"ဦး ဦးနေသခင်"

ပုလဲ တအံ့တသြ ခေါ်မိ၏။ နေသခင် ငဲ့မကြည့်ပါ။ ကားလမ်းကြောင်းကိုပဲ အာရုံစိုက်ကြည့်လျက် –

"ရတနာကုန်သည်တစ်ယောက်နဲ့ ကိုယ်ချိန်းထားတယ်၊ မင်းပါမှ ဖြစ်မှာပေါ့"

သူ့စကားက အလုပ်သဘောဆန်နေပေမယ့် ပုလဲမျက်နှာ တင်းသွားသည်။ ရင်ထဲမှာလည်း ပြန်ပြောချင်စိတ်တို့ ဘောင်ဘင်ခတ်ကာ။

"ဦးနေသခင် ကြိုပြောဖို့ ကောင်းပါတယ်"

"အစက အစီအစဉ်မရှိဘူး။ ခုနလေးတင် အချိန်းအချက်လုပ်သွားတာ၊ မင်းလည်း အဆင်သင့်ပဲ မဟုတ်လား"

"ပုလဲက မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့"

"မိတ်ဆွေနဲ့ အလုပ်ရှင် ဘယ်သူ့ကို အရေးပေးရမလဲ၊ မင်းဆုံးဖြတ်လေ"

သူပြောရင်း ကားကို လမ်းဘေးထိုးရပ်လေသည်။

သဘောကတော့ သူ့ဘက်က လုပ်သမျှကို ပုလဲ လိုက်နာရမယ်၊ သူ့အတွက် သူလိုရင် အဆင်သင့်ဖြစ်နေခြင်းက ပုလဲရဲ့တာဝန်တဲ့ ယူဆပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူယူဆတာကို အလျှော့ပေးလိုဟန်မတူ။ ကားကို လမ်းဘေး ထိုးရပ်ပြီး ပုလဲကို ဆုံးဖြတ်နိုင်းသည့်လေသံက တင်းမာလျက်။ သူက အလုပ်ရှင်မို့ တင်းမာနေနိုင်ပေမယ့် ပုလဲ တင်းမာနေဖို့ အခွင့်အရေး နည်းပါလွန်း၏။

ဒါကြောင့်မို့ ပုလဲ မျက်နှာကြောလျှော့ချကာ –

''ပုလဲ ကြိုတင်သိခွင့်မရလို့ပါ၊ သိရင် ပုလဲမိတ်ဆွေကို ချိန်း ထားမိမှာ မဟုတ်ဘူး''

''အခြေအနေအရဖြစ်လာတာ ကိုယ် ဘာမှမတတ်နိုင်ဘူး။ တစ်ခုတော့ ရှိတယ်၊ မင်းချိန်းထားတဲ့ကိစ္စက ကိုယ့်ကိစ္စထက် အရေး ကြီးနေတယ်ဆိုရင် မင်းသွားပါ၊ ကိုယ် မတားဘူး''

မတားချင်ရင် စောစောကတည်းက ဘာလို့ အခေါ်ရောက်လာ တာလဲ။ ပုလဲမပါဘဲ ကိုယ့်သာသာကိုယ် သွားလိုက်ပေါ့လို့ ဘုပြောချင် စိတ် ဖြစ်လာသည်။

ပုလဲစိတ်ကို တင်းမာအောင်လုပ်သလို ငြင်းလို့မရအောင် တုပ် နှောင်သလို ပြုလာပြီးမှ ရွေးချယ်ခွင့်ပေးတာ ဘာသဘောလဲ။

ပုလဲ သူ့ကို ငုံ့ကြည့်မနေတော့။ ဦးသက်မျက်နှာကို မြင်ယောင် လာပေမယ့် မျက်တောင်ပုတ်ခတ်လုပ်ကာ ဖယ်ရှားရလေသည်။

''ဦးနေသခင်က အရေးကြီးပါတယ်''

''ကောင်းပြီလေ၊ မျက်နှာကို ရှစ်ခေါက်ချိုးလုပ်မထားနဲ့''

ပုလဲ နှုတ်ခမ်းဖိကိုက်ပြီး သူ့ကို ဒေါသနဲ့ မကြည့်မိအောင်





တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်သည်။ သူက ကျေနပ်သွားဟန်နှင့် ...ားစက်နှိုး၏။ ကားကို လမ်းကြောင်းပေါ် ပြန်ဆွဲတင်ရင်း လျှာခနဲ ...ောင်းကာ နှိုးခနဲ လေချွန်လိုက်သေးသည်။

တောက်။ လူပါးဝတဲ့ ဘော့စ်။

✿

ရောင်စုံတန်းဆက်မီးလုံးလေးများ လင်းတစ်လှည့် မှိန်တစ် ...ည့်ဖြစ်သော အပင်ပိုင်းလေးအောက်က စားသောက်စားပွဲကို သူ ရွေးချယ်လိုက်သည်။

ထိုအပင်အောက်မှာ မီးရောင်က လင်းလင်းကျင်းကျင်း မဟုတ် ... သဲသဲကွဲကွဲမြင်ရပေမယ့် ညရိုကို ညို့ယူနေသော အလင်းပြာမှိန်မှိန် ...ဲ့လှဲ့ကလေး လွှမ်းကာ။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိချိန်မှာ ...လဲစိတ်ထဲ ကသိကအောက် ဖြစ်လေသည်။

ကြည့်စမ်းပါဦး။ အလင်းပြာမှိန်မှိန်အောက်က စားပွဲတိုင်းမှာ ...မီးရည်းစားစုံတွဲတွေချည်း။ ဟိုဘက်လှည့်လည်း စုံတွဲ၊ ဒီဘက်လှည့် ...ည်း စုံတွဲ။ အကြည့်စိုက်ပြီး စကားလုံးတွေနဲ့ ချစ်ကြိုသိနေကြတဲ့ ...ာဒီပတ်လည်မှာ ပုလဲနဲ့သူ နှစ်ယောက်တည်းဖြစ်နေတာက ပုလဲစိတ် ...သိကအောက် မဖြစ်ဘဲနေမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် သူ ဒီစားပွဲကို ရွေးထိုင်ရတာလဲ။

စားသောက်ခန်းမထဲက မီးရောင်လင်းလင်းကျင်းကျင်းအော

မှာဆို ပိုပြီးမတင့်တယ်ဘူးလား။ ခုတော့ –

ပုလဲ စိတ်ကသိကအောက်ဖြစ်ပြီး နေရထိုင်ရ ကျဉ်းကျပ်နေသ

လောက် သူက ဘာကိုမှမမှုသလိုနဲ့ ကြွေရနေသည်။

အစားအသောက်ကိုပင် စိတ်တိုင်းကျမှာပြီး စားပွဲပြည့်ထားေ

"မင်းရော ဘာစားမလဲ၊ တစ်ခုခုမှာလေ'

လို့ မီနူးကတ်ထိုးပေးရင်း ပြောသည်။

"မမှာတော့ဘူး"

ဟု ပုလဲ တုံးတိတိပြောတော့ သူ့မျက်ခုံးထူထူကြီး ပင့်ကြ

သွားလျက် ညာဘက်မျက်ခုံးထောင့်က မှဲ့နက်လေးက လက်ခနဲ နေ

ပြောင်လှုပသွားလေသည်။

ပုလဲ ထိုမှဲ့ဆီမှ အကြည့်လွှဲလျှင် –

"မင်း ဆာနေမှာပေ့ါကွ"

"ပုလဲ ဥပုသ်စောင့်ထားတယ်"

ပုလဲ စိတ်မှာတင်းနေတာမို့ အရွဲ့စကား ပြောမိသွားသည်

ထိုအခါ သူ နှုတ်ခမ်းလွှာလေး စေ့ထားလျက် ပြုံး၏။

တာရှည်နေတဲ့ ထိုအပြုံးနုနုလေးနောက်မှာ သူ့မျက်ဝန်းး

ကြည်လဲ့သလို ပါးပြင်နှစ်ဖက်ပါ အလင်းရောင်မှိန်မှိန်အောက်မှာ လဲ့

သွား၏။





အိုး ပုလဲ ဘာကိုကြည့်မိတာလဲ။ ကြည့်နေစရာ မလိုပါဘူး။

ပုလဲ ရှောင်လွှဲရင်း သူမှာထားတဲ့ညှော်သည်ကိုပဲ မျှော်နေ

မိသည်။ သူ့ညှော်သည်ကလည်း လာခဲ့လိုက်တာ။

သူက မှာထားတဲ့စားသောက်စရာတွေကို စားလိုက်သောက်

လိုက်နဲ့ ပုံစံက စိတ်အေးလက်အေးရှိနေနိုင်တာ အံ့ဩပါရဲ့။

ပုလဲ မျက်စောင်းနဲ့ကြည့်တော့ သူ အပြုံးမပျက် ပြော၏။

"ဥပုသ်စောင့်ထားပေမယ့် အရည်လောက်တော့ သောက်လို့ရ

တယ် မဟုတ်လား၊ ရော့"

ပြောရင်း ရေလိုကြည်လင်တဲ့ အချိုရည်ဖန်ခွက် ပုလဲရှေ့ ချ

ပေး၏။

"မသောက်ဘူး"

ပုလဲ ဒေါသထွက်ချင်ချင်ပြောမိသည်။

"ဥပုသ်စောင့်သူက ဒေါသလည်း စောင့်ထိန်းဖို့လိုတယ်ကွ"

"ရှင်နော်"

"ကိုယ် အကြံကောင်းပေးတာလေ၊ ဒေါသလည်း စောင့်ထိန်း

ရမယ်၊ မုသားလည်း မသုံးရဘူးကွ"

"တော်တော့၊ ရှင် ဘာမှမပြောနဲ့တော့"

ပုလဲ မလုံမလဲ ဟန့်တားလိုက်သည်။ ပုလဲ ဥပုသ်စောင့်တယ်

လို့ ရွဲ့ပြောတာကို သူလည်း တည်တည်ငြိမ်ငြိမ်နဲ့ အရွဲ့စကားနဲ့ တုံ့ပြ

န်



www.burmeseclassic.com

www.burmeseclassic.com



ပုလဲစိတ် မလုံခြုံစွာ ဟန့်လိုက်တော့ သူက ဝိုင်ခွက်ကောက်ကိုင်ပြီး ဖိမ်ခံသောက်၏။

ပုလဲမှာသာ မလုံတဲ့စိတ်၊ ဒေါသဖြစ်ချင်တာတွေနဲ့ ဆူလောင်ဆာလောင်ဖြစ်နေသည်မဟုတ်လား။ ဦးသက်နဲ့ ညစာအတူစားမလို့ ချိန်းထားလို့ ဘာမှစားမလာခဲ့တဲ့ ပုလဲရယ်။

ဒီအချိန်မှာ အဆာလောင်ဆုံးပဲ။

ဆာပေမယ့် ကိုယ့်စကားနဲ့ကိုယ်မို့ စားသောက်စရာတွေ မြင်နေပေမယ့် သွားရည်မကျအောင် ထိန်းနေရတာ ပင်ပန်းလှသည်။

သူကတော့ စားလိုက်သောက်လိုက်နဲ့ ဟာမိုနီကျစွာ။ ပုလဲမှာ နာရီတကြည့်ကြည့်နဲ့။

''ကုန်သည်ကလည်း ကြာလိုက်တာ''

ပုလဲ မအောင့်နိုင်ဘဲ လွှတ်ခနဲ ပြောမိသည်။

''အသေအချာ ချိန်းထားတာပဲကွ၊ အရေးကြီးတာက အချိန်းအချက်ကို ကိုယ့်ဘက်က မပျက်ကွက်ဖို့ပဲ မဟုတ်လား''

''ဒါပေမဲ့ အချိန်တိကျဖို့တော့ လိုတယ်လေ၊ ခုပဲ ကြည့်ပါလား ထိုင်စောင့်နေရတာ တစ်နာရီမကတော့ဘူး''

''မင်းပြောတာ မှန်ပါတယ်၊ နောက် နာရီဝက် ထပ်စောင့်ကြတာပေါ့''

''ရှင့်သဘော''

ပုလဲစိတ်က ရှည်အောင်ဆွဲဆန့်ထားလို့ မရနိုင်တော့ပါ။





စကားလုံးတွေ တင်းမာပြတ်တောက်နေခဲ့သည်။

သူက ဒေါသွးအေးနေသလောက် ဦးသက်က ယောက်ယက်ခတ်ဖြစ်နေမှာ တွေးရင်းလည်း သနားစိတ်ဝင်လာသည်။

သူနဲ့ လိုက်ပါလာကတည်းက ဖုန်းပိတ်ထားရသည် မဟုတ်လား။ ပုလဲဘက်က သေချာချိန်းထားလျက် ပျက်ကွက်တဲ့အဖြစ်။

ဦးသက်ရယ် ပုလဲကို နားလည်ပေးပါကွယ်။

ပုလဲဘဝက ကျောက်တုံးကြီးအောက်မှာ လက်ပိနေတဲ့ အနေအထား။ ဆွဲထုတ်ရင်လည်း ဒဏ်ရာရမယ်။ ငြိမ်ခံနေတော့လည်း နာကျင်ဖိစီးခံရတဲ့ သောကနှင့်။

သူက စိတ်တိုင်းကျ စားသောက်ပြီးတော့ နာရီကြည့်၏။

''အင်း၊ ဒီအချိန်ထိ ရောက်မလာဘူးဆိုတော့ မလာတော့လို့ထင်တယ်''

''မလာရင် ပြန်မယ်''

''အိုကေ''

ပုလဲ ပြန်မယ်ပြောရင်း ထရပ်၏။ သူက အိုကေတဲ့။ ကြည့်စမ်း သူ့ဘက်က ဘယ်လောက်တောင် အရွဲ့တိုက်နေသလဲလို့။

ပုလဲ မျက်နှာထားနဲ့စိုက်ကြည့်တော့ သူ ပခုံးလေးပင့်ကာ လှလှပပပြုံး၏။

ပုလဲ နှုတ်ခမ်းလှုပ်ပြီး ပွစိပွစိရွတ်သည်ကို သူ မမြင်ချင်ဟန်ဆောင်သည်။ ဘယ်အချိန်ကတည်းက ပါဆယ်မှာထားလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တာက ပါဆယ်ဆွဲလာပေးတဲ့ ပါကင်ကို သူကိုယ်တိုင်ဆွဲယူသည်။

ပုလဲ သူ့ရှေ့ကပဲ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ကားပေါ် ဦးစွာ တက်သည်။ သူက နောက်က တက်ကာ –

လမ်းတစ်လျှောက် ပုလဲ သူ့ကို ငဲ့မကြည့်ပါ။ သူလည်း စကား တစ်လုံးမှမပြော။ အဆောင်ခြံဝင်းရှေ့ ကားရပ်သည်နှင့် ပုလဲ ကားပေါ် က ဆင်း၏။

ပုလဲ နှုတ်မဆက်တဲ ကျောခိုင်းပြီး အဆောင်ခြံတံခါးဖွင့်ဝင်မလို ခြေလှမ်းပြင်သည်။

"ပုလဲရင့်"

သူ့ခေါ်သံကြောင့် ပုလဲ လှည့်မကြည့်ဘဲ နေလို့မရတာ သိနေ သည်။ ဒါကြောင့် လှည့်ကြည့်ပြီး ဘာလဲဟု အသံတိတ်မေးသည်။

"ရော့"

သူ့လက်တစ်ဖက် ဆန့်ထွက်လာပြီး ပါဆယ်မှာယူလာတဲ့ စား စရာပါကင် ကမ်းပေးသည်။ ပုလဲ မျက်နှာထားနဲ့ ဆွဲယူမိမလို ဖြစ်သွား သည်။ ပုလဲ ချက်ချင်း –

"ယူလေ၊ ဉပုသ်ထွက်ချိန် စားလို့ရအောင်ပါ"

"ရှင့်ကို ကျေးဇူးမတင်ဘူး"

ဒါပဲပြောပြီး ဆွဲယူရင်း ကျောခိုင်းခဲ့တာ ဘာကြောင့်မှန်း မသိ တော့ပါ။

✿ ✿ ✿



## အခန်း (၁၃)

"ထောင်း"

ဖော်ထိုက် အရှိန်နဲ့ရိုက်ချတဲ့ ကြက်တောင်ကို နေ အပြေးအလွှား ဆယ်ထိန်းလိုက်နိုင်သည်။

'ရှီး'

"နေ"

"ဒါမှ နေကွ"

ကွင်းဘေးမှာ ထိုင်ကြည့်နေတဲ့ ကျော်လေးနဲ့ ကိုကိုနိုင်တို့ရဲ့ အားပေးသံ ထွက်ပေါ်လာသည်။ နေ ဆယ်လိုက်တဲ့ ကြက်တောင်က ဆထဲပျံဝဲကာ။ ပြန်မကျခင် အားနဲ့ ဖြတ်ရိုက်လိုက်၏။

ထိုအခါ ပိုက်တန်းကို ကျော်လွန်ကာ အရှိန်နဲ့ပြေးလာတဲ့ ကြက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကို ဇော်ထိုက် ပြန်ဆယ်ပါသည်။ သို့သော်လည်း ရက်ကက်
ထိပ်ဖျားလေးနဲ့ ရှပ်ထိပြီး ကွင်းထောင့် ထိုးကျသွားလေသည်။

"ဟာ"

ဇော်ထိုက်ရဲ့အားမလိုအားမရသံ။

'ဖျောင်း ဖျောင်း ဖျောင်း'

ကိုကိုနိုင်နဲ့ ကျော်လေး၏ လက်ခုပ်သံ ပြိုင်တူထွက်လာသည်
နေက အောင်ပွဲခံမျက်နှာနဲ့ ပြုံးကာ ရက်ကက်ကို ထိုးမြှောက်လိုက်
ဇော်ထိုက်က ဘာမှမတတ်နိုင်စွာ။

ကွင်းထောင့်ကျနေတဲ့ ကြက်တောင်ကို ကောက်ယူပြီး လ
ခုပ်တီးနေတဲ့ သူငယ်ချင်းနှစ်ယောက်ဆီ ပစ်ပေါက်လေသည်။

ကျော်လေး ကြက်တောင်ကို ဖမ်းဆုပ်၏။

"ဇော်ထိုက်ရာ နေ့လက်ကို လျှော့မတွက်နဲ့လို့ ကိုယ်ပြော
ပဲ"

"လေးမှတ်တည်း ကပ်ရှုံးတာကွ"

"ဟား ဟား ဟား လေးမှတ်တည်းတဲ့"

ကိုကိုနိုင်က ရယ်ရင်း ဇော်ထိုက်ကို ခနဲ့၏။ သူငယ်ချင်းအ
ချင်းပေမယ့် ဇော်ထိုက် နည်းနည်းတင်းသွားသည်။

"နောက်ထပ်ပွဲစဉ်တွေ စောင့်ကြည့်ပါဦးကွာ"

"ကိုယ်တို့တော့ သိနေတယ်"

"ဘာသိတာလဲ"





"မင်း ထပ်ရှုံးမယ်ဆိုတာ"

"ခွေးကောင်"

ဇော်ထိုက် ရှုံးမဲ မဲသလို ရက်လည်းရက်၏။ ကျော်လေးကို
လှမ်းထိုး၏။ ကျော်လေး ရှောင်ကာထပြေးရင်း နေနဲ့ အကာအကွယ်
ယူလိုက်သည်။

နေက ရယ်လျက်။

"ဇော်ထိုက် မညံ့ပါဘူး။ ကိုယ်က ဟိုမှာလည်း ကစားနေကျ
မို့ လက်ရည်ရှိနေတာပါ"

"မင်းလက်ရည် ဘယ်လောက်ရှိရှိ တစ်ယောက်က ချန်ထားခဲ့
လို့ ကျန်ရစ်ကြီး ဖြစ်နေတယ်မဟုတ်လား"

ဇော်ထိုက်ပြောတော့ နေသစ် မျက်နှာမဲ့သွားသည်။ ဘာကို
ရည်ရွယ်ပြောမှန်း သူငယ်ချင်းအားလုံး သိကြ၏။

ကျော်လေးနဲ့ကိုကိုနိုင် အားတုံ့အားနာဖြစ်လျက် –

"ဇော်ထိုက် မင်းကလည်းကွာ၊ ကိုယ်တို့က ပျော်စရာအဖြစ်
နောက်တာ သက်သက်ပါကွ"

"ကိုယ်ကလည်း နောက်တာသက်သက်ပဲ"

"မင်းနောက်တာကလည်း"

သူငယ်ချင်းသုံးယောက် အပြန်အလှန်ပြောနေကြတာကို နေ
သခင် နားမထောင်တော့ပါ။ ပထမပွဲစဉ်ပြီးလို့ နားချိန်ပေမယ့် နားနေ
ဖို့လည်း စိတ်မဝင်စား။ လက်ထဲက ရက်ကက်ကို ပစ်ချပြီး ကားဆီ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထွက်ခဲ့သည်။

"နေ နေဦးလေကွာ"

ကျော်လေး ဟန့်တားရင်း နွေဆီ ပြေးလာသည်။

"စိတ်မဆိုးနဲ့ နေရာ၊ သူငယ်ချင်းအချင်းချင်း မဟုတ်လား"

"ကိုယ် စိတ်မဆိုးဘူး"

"စိတ်မဆိုးရင် လှည့်ပြန်စရာမှ မဟုတ်တာ၊ နောက်ပွဲစဉ်တွေ ရှိသေးတယ်လေ၊ လာ"

"တော်ပြီကွာ"

"ဖော်ထိုက် ရှုံးမဲ မဲပြီး ပြောချင်တာပြောနေတာ၊ ဖော်ထိုက် စိတ်ကို မင်းသိသားပဲ"

"သိပါတယ်၊ ဒါပေမဲ့ သူများပြောစရာဖြစ်အောင် အစွန်းအထင် အလုပ်ခံရတဲ့အဖြစ်၊ ကိုယ် ဘယ်လိုမေ့နိုင်မလဲ၊ အသည်းနှလုံးက မဟုတ် ပေမယ့် ဦးနှောက်ထဲ အဆိပ်တက်နေတယ်"

ကျော်လေး သက်မချရင်း ခေါင်းယမ်း၏။ အဖြစ်အပျက်က နှာခေါင်းသွေးထွက်တာထက် ဆိုးနေပြီမဟုတ်လား။

ဖော်ထိုက်ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ နွေမာနနဲ့ နှလုံး သားမှာ ဖြစ်တည်ခဲ့တဲ့ အစွန်းအထင်းကို ထိုးဆွလိုက်သလို ဖြစ်နေခဲ့ သည်။ အဲဒီအဖြစ်က သူတို့သူငယ်ချင်းတွေ အတွင်းသိ သိခဲ့တာလေ။ မစဉ်းစားပေမယ့် မြင်ယောင်ကာ။

❀





သူတို့ကျောင်းတုန်းကပါ။ လေးယောက်သား မန္တလေးတက္ကသိုလ် မှာ သချာၤအဓိကနဲ့ မေဂျာဘူ။ လေးယောက်တည်းမှာ နေက ရေပန်း စားသည်။

ရုပ်ရည်က ဆွဲဆောင်မှုရှိတာထက် စမတ်ကျပုံက မိန်းကလေး တွေ ငမ်းငမ်းတက်ဖြစ်စေသည်။ အထူးသဖြင့် ကြက်တောင်လက်ရွေး စင်ထဲမှာ စတားမို့ မိန်းကလေးတိုင်းရဲ့ အသည်းကျော်ဖြစ်ခဲ့သည်။

ထိုအထဲမှာ သာသာဆိုတဲ့ မိန်းကလေးက အသည်းဆုံး။

သာသာက မန္တလေးသူ မဟုတ်ပါ။ တောင်ငူသူ။ မန္တလေးကို လည်လာရင်း တွေ့တာ၊ ဖော်ထိုက်ကောင်မလေး စိမ်းပပရဲ့သူငယ်ချင်း။

ဆယ်တန်းကျောင်းသူပဲ ရှိသေးသည်။ အဲဒီအချိန်မှာ သူတို့က ဘာနောက်ဆုံးနှစ်။

သာသာက နွေကိုမြင်တာနဲ့ သဘောကျကာ နွေကို သိသိသာ သာ တွယ်ကပ်ဝင်ရောက်၏။ နေက အားနာတာလည်း ပါသည်။ နွေရဲ့ ကြက်တောင်ရိုက်ပြိုင်ပွဲတွေမှာဆို သာသာက ထိပ်ဆုံးက။

ပန်းစည်း ကမ်းရတာနဲ့၊ နွေကို အရိပ်လိုလိုက်ပြီး ဂရုစိုက်ရ တာနဲ့ သူငယ်ချင်းတွေတောင် ဘေးရောက်ကုန်သည်။

ဒီလိုနဲ့ မကြာပါဘူး။ ချစ်သူဖြစ်သွားကြတယ်။ ချစ်သူဖြစ်ကြ တော်လည်း တွေ့ရချိန် နည်းလှသည်။ သာသာက တောင်ငူပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



သော့ခတ်ရသည်။ ဒါပေမဲ့ သာသာက မန္တလေးကို တစ်လခြားတစ်
လာသည်။ သာသာလာမယ့်ရက်ဆို နေက တမျှော်မျှော်။ သူငယ်ချင်းတွေ
တောင် နောက်စရာဖြစ်လာသည်။

"စကားပုံ ပြောင်းပြန်ဖြစ်နေတယ်ကွ။ ယောကျ်ားကြိုက်တော့
ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာလေ၊ အဲဒီစကား
ပြောင်းပြန်ပြောင်းရတော့မယ်ကွ"

"ဟား ဟား ဟား။ ဟုတ်တယ်ကွ၊ နေ့အဖြစ်က မျှော်
သာသာ့အဖြစ်က ဆိုက်ဆိုက်လာ၊ ဟုတ်လည်းဟုတ်နေရောပဲ"

"စကားပုံပြောင်းပြန်ဖြစ်တာကို မြှူးမနေနဲ့၊ ကပြောင်းကပြ
ဖြစ်တာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး"

ဖော်ထိုက်က ထိုသို့ပြောဖူးသည်။ ဘာပဲဖြစ်ဖြစ် ချစ်သူဖြ
တော့ နေက မျှော်ရသူ။ သာသာက ဆိုက်ဆိုက်ရောက်လာသည်။

ကြက်တောင်ချန်ပီယံ နေက တောင်ငူက ချာတိတ်မလေ
သာသာနဲ့ဆိုတဲ့ သတင်း မန္တလေးတက္ကသိုလ်မှာ ဟိုးဟိုးကျော်သွားသ
သာသာက နေ့ကို ထားရစ်သွားတဲ့သတင်းလည်း ဟိုးလေးတကျေ
ဖြစ်လာလေသည်။

ချစ်သူဖြစ်ပြီး တစ်နှစ်မကြာ။ သူတို့ မဟာတန်းစာမေးပွဲ ဖြေ
ပြီးချိန်မှာ သာသာက ဆယ်တန်းအောင်ပြီးသားအရွယ်။

ထိုအချိန်မှာပဲ သာသာက နေ့ကိုထားရစ်ကာ ဘော့စ်တ
ယောက်နဲ့ လက်ထပ်သွားတဲ့သတင်း သတင်းစာကြော်ငြာမှာ တွေ့ရသည်





"ချာတိတ်မလေး ထားရစ်ခဲ့တာ မဟာကျောင်းသားကြီး
အသည်းဟက်တက်ကွဲတယ်တော့"

"ကြက်တောင်ချန်ပီယံလောင်းလေး ကြက်တောင်အကြောင်းပဲ
သိတာကိုး၊ ချာတိတ်မလေးအကြောင်း မသိတော့ ခံရတာ နည်းတောင်
နည်းသေး"

"ကျန်ရစ်မင်းသားကြီးလေ"

"ဟား ဟား ဟား"

နေ့ကိုမြင်သည်နှင့် ကျောင်းသူကျောင်းသားတွေ၊ ပြိုင်ဘက်
ကစားသမားတွေ ဟားတိုက်ကြလေသည်။

ထိုးနှက်ပြောဆိုခံရတဲ့စကားလုံးတွေက မျက်နှာကို ဓားနဲ့
အလှီးဖြတ်ပစ်ချင်လောက်အောင် အရှက်တွေပိုကာ။

ချစ်သူဖြစ်ခဲ့ကြပေမယ့် အချစ်ဆိုတာ ဘာမှန်း တိတိကျကျ
ခံစားလို့ မသိရသေးခင် စွန့်ပစ်ထားရစ်ခြင်းခံရတဲ့ဘဝ။

အသိတရားမှာ ရက်စိတ်က အဆိပ်တက်ကာ။ ပတ်ဝန်းကျင်
ကို ရင်မဆိုင်ရဲတဲ့နောက် နိုင်ငံခြားထွက်သွားတာ ထိုကတည်းက ဖြစ်
သည်။

သူငယ်ချင်းအချင်းချင်း အစဖော်ပြောတော့ အနာပေါ် တုတ်
ကျသလို နာသည်။ သာသာဆိုတဲ့ မိန်းကလေးကိုလည်း ဒေါသဖြစ်ပါ၏။

သူ့ကို ချန်ထားရစ်ခဲ့တဲ့ အဓိကအကြောင်းရင်းက သူက အသုံး
ဘချဖြစ်လို့တဲ့။ ပိုပြီး နာကျင်စရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အညတရလို့ ဘာကိုကြည့်ပြီး သတ်မှတ်လိုက်တာလဲ။ အမြင်အရလား။ ဖြစ်နိုင်ပါသည်။

အဲဒီအချိန်မှာ သူက သူငယ်ချင်း ကျော်လေးတို့ခြံထဲက အိမ်လေးမှာ စုပြီးနေကြတာလေ။ သူ့မိဘတွေက မိုးကုတ်က အခြေအနေကြီးသူတွေပါ။ သူက ကျော်လေးတို့ ကိုကိုနိုင်တို့နည်းတူ ထည်ထည်ဝါဝါ မနေခဲ့ပါ။ သူငယ်ချင်းတွေနဲ့ ဘဝတူလိုနေခဲ့တော့ သာသာ့စိတ်ထဲမှာ သူဟာ သူငယ်ချင်းတွေနဲ့ ကပ်နေတဲ့ အညတရလို့ ထင်ကာ။

ကျော်လေးတို့ကလည်း သာသာရှေ့မှာ အမြဲပြောလေ့ရှိသည်။

''နေက ရုပ်ဖြောင့်ပြီး ကြက်တောင်ချန်ပီယံလောင်းဖြစ်တာက လွဲရင် ဘာမှမက်စရာမရှိဘူး၊ အညတရ ဖွတ်ကျား''

လို့ ရယ်ကာမောကာ ပြောတတ်သည်။ သာသာက တကယ် ထင်ကာ။

သူငယ်ချင်းတွေ ဖွတ်ကျားလို့ ပြောတိုင်း နေက ရယ်နေလိုက်သည်။ 'တကယ်လား' လို့မေးရင် တကယ်ပါလို့ သူငယ်ချင်းတွေ လေသံအတိုင်း သူ ထုတ်ပြောခဲ့သည်။

သာသာ ဘာကိုတွက်ချက်နေမှန်း သူ တကယ်မသိခဲ့ပါ။ ချစ်သူဖြစ်ခြင်းနဲ့ သူ့ဘက်က နောက်ခံစည်းစိမ်ရှိခြင်းနဲ့ ဘာမှမဆိုင်ဘူးလို့ သူယူဆသည်။

သာသာက ဘယ်လိုယူဆသည် မသိ။ အမြင်နဲ့ဆုံးဖြတ်ကာ သူ့ကို ထားရစ်ခဲ့သည်က ရှက်စရာအကောင်းဆုံးဖြစ်သည်။





ရှက်လွန်းလို့ မန္တလေးကို သူ ခြေဦးမလှည့်ပါ။ သူ နိုင်ငံခြားထွက်ပြီးကတည်းက သူ့မိဘက ရန်ကုန်မှာ အခြေချလေသည်။ မေမေ ကျန်းမာရေးကြောင့် သူ ပြန်လာပေမယ့် သူငယ်ချင်းတွေနဲ့ အတွေ့မခံပါ။

သူငယ်ချင်းတွေ သူ့သတင်း စုံစမ်းပြီး လာဆက်သွယ်တော့သည်။ သူ မငြင်း။ အတိတ်က ဒဏ်ကို ဘေးဖယ်ပြီး ငယ်သူငယ်ချင်းပီပီ ပြန်ဆက်ဆံတဲ့အဖြစ်။

ခုတော့ ကြက်တောင်တစ်ပွဲရှုံးသည်နဲ့ အနာကို ပြန်ဆွပြောခြင်း ခံရတဲ့အဖြစ်။ နေ ဟန်မဆောင်နိုင်ဖြစ်ကာ ရှောင်ထွက်ခဲ့ခြင်း။

သာသာ -

ကိုယ့်ရင်ဘတ်ကို အနာတရလုပ်သွားတဲ့ မင်းကို ကိုယ် ဘယ်တော့မှ မမေ့ဘူး။

သေချာတာက ချစ်ခြင်းအတွက် မဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

'ဂုန်း'

'ချလွမ်း'

''ဟင်''

ဒေါ်စကားဖြူ ရင်ဘတ်ဖိကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူငယ်ချင်းတွေနဲ့ ကြက်တောင်ရိုက်ထွက်သွားတာ အချိန် ဘယ်လောက်မှ မကြာ။ ပြန်ရောက်လာတော့ မှန်တိုင်းထန်တဲ့မျက်နှာနဲ့။

တိုက်ထဲလှမ်းဝင်လာကတည်းက တစ်ခုခုကို နာနာကျင်ကျင် လုပ်ပစ်တော့မယ့်အမူအရာ သိသာနေကာ။ ဘာလုပ်မှာလဲ၊ ဘာဖြစ်လာတာလဲ၊ မေးမြန်းစူးစမ်းချိန်မရအောင် အဖြစ်အပျက်က မြန်ဆန်လေသည်။





ညှော်ခန်းနံရံမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံ။ အသက်ဝင်ကာ ဆွဲဆောင်အားပါတဲ့ ကြက်တောင်ရိုက်နေတဲ့ သားဓာတ်ပုံကို သားကိုယ်တိုင် ဆွဲဖြုတ်လျက်။

နံရံနဲ့ ပစ်ပေါက်ခွဲချလေသည်။ မှန်တွေကွဲပြီး ဓာတ်ပုံဘောင်ကျွတ်ထွက်ကာ ညှော်ခန်းရဲ့ကတ္တီပါကော်ဇောပေါ် အကျည်းတန်စွာ ပုံကျနေတဲ့အဖြစ်။

''သား''

ဒေါ်စကားဖြူ ရင်ဘတ်ဖိရင်း အံ့သြနေရာမှ လှမ်းခေါ်သည်။ သားက မိခင်ကိုလည်း လှည့်မကြည့်။ အံကြိတ်ကာ မှန်ကွဲစတွေကို ကျော်ပြီး ခြေသံပြင်းပြင်းနဲ့ အပေါ်ထပ် တက်သွားလေသည်။

သားအခန်းထဲမှာလည်း ငြိမ်သက်မနေ။ ကျသံ ကွဲသံ ဆွဲလွှဲပစ်ပေါက်သံတွေ ညံစီလျက်။

ဒေါ်စကားဖြူ ရင်တုန်ပန်းတုန်ဖြစ်ကာ မူးမူးမိုက်မိုက် ဖြစ်ချင်လာသည်။ နီးစပ်ရာဆိုဖာမှာ ဝင်ထိုင်ရင်း အသက်ကို ဝအောင်ရှူနေရသည်။

တစ်ခုခုဆို သူမစိတ်က ခံနိုင်ရည်မရှိတာ ကြာလှပြီ။ အသက်အရွယ်ကြီးလာတော့ အားယေ်တာလည်း ပါသည်။ ခင်ပွန်းသည် ဆုံးပြီးကတည်းက သူမစိတ်က ထိုသို့ဖြစ်နေခဲ့သည် မဟုတ်လား။

သားသမီးသုံးယောက်ရှိသော်လည်း အကြီးနှစ်ယောက်က အိမ်ထောင်ကျကာ သူမရင်ခွင်မှ ခွဲထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းကလည်း ဆုံး၊ သားနဲ့သမီးကလည်း ခွဲနေကြတော့ သူမမှာ အားငယ်တတ်တဲ့စိတ်နှလုံးက တလှပ်လှပ်ဖြစ်ကာ နှလုံးရောဂါ စတင်ခဲ့တဲ့အဖြစ်။

သားငယ်က သိသိတတ်တတ်နဲ့ သူမရင်ခွင်ရိပ်ကို ပြန်ခိုလှုံ လာတော့ ဝမ်းသာအားရ ဖြစ်ရပြန်သည်။ ဝမ်းသာအားရဖြစ်လို့ပင် မဆုံးသေးပါ။ သားက အပြင်မှာ ဘာဖြစ်လာသည်မသိပါ။

မေးဖို့မြန်းဖို့ နေနေသာသာ မအေနဲ့လည်း မျက်နှာချင်း မဆိုင် စိတ်ထင်တိုင်း ဝုန်းဒိုင်းကြဲနေတဲ့အဖြစ်။

"မူမူရေ ကြီးကြီးကို သောက်ဆေးလေး ယူခဲ့ပေးပါကွာ"

သူမကိုယ်သူမ သတိထားနေရသည်။ မူမူကလည်း အလိုက်သိ ပါသည်။ ချက်ချင်းပဲ နှလုံးငြိမ်ဆေးပြားလေးနဲ့ ရေဖန်ခွက်ယူလာပေး သည်။

ဒေါ်စကားဖြူ ချက်ချင်းပဲ ဆေးသောက်ကာ ဆိုဖာပေါ် သက် သောင့်သက်သာ မှေးနေလိုက်တာက အတန်ကြာ။

အပေါ်ထပ် သားအခန်းထဲက ဝုန်းဒိုင်းအသံတွေ ရပ်တန့် သွားသလို ဆေးအရှိန်နဲ့ သူမလည်း နှလုံးတုန်တာ သက်သာလာသည်။

ဘာဖြစ်တာလဲ သိချင်တာက အရင်။ ဒါကြောင့်မို့ သားဆီ လိုက်မသွားဘဲ သားသူငယ်ချင်းကျော်လေးကို ချက်ချင်းဖုန်းဆက် မေး ရလေသည်။ ကျော်လေးပြောမှ အကြောင်းရင်းမှန်ကို သိရတာ။

✿ ✿ ✿



## အခန်း (၁၅)

မနက်ကိုးနာရီထိုးလေပြီ။ အချက်ပေးနာရီသံစဉ်က သာယာလှ ပေသည်။ ထိုအချိန်ဆို ဘော့စ်ကားက စင်တာရှေ့ ထိုးရပ်ပြီးသား ဖြစ်ကာ။

ပုလဲက သူပြောတဲ့အတိုင်း နေ့တိုင်း ထမင်းကြော်နဲ့ ရေနွေး ကြမ်း အဆင်သင့်လုပ်ထားပေး၏။

ပုလဲကတော့ သူမတာဝန် သူမ ကျေပွန်ကာ။

ပဲပြုတ်ထမင်းကြော်ပူပူလေးနဲ့ ငရုတ်သီးဖာလချောင်ကြော်၊ အာပွဲခြောက်ကျော်သာမက ဒီနေ့မနက် အမဲသားကို အမျှင်ကလေးများ ဖြစ်တာ ခပ်ကြွပ်ကြွပ်လေး ကြော်ထားသေးသည်။

မနက်တိုင်း ထမင်းကြော်သာ မရိုးတမ်းစားနိုင်တဲ့ ဘော့စ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်။ ဘာကြောင့် ဒါချည်းပဲ စားနေရတာလဲ၊ အံ့သြတာလည်း ပါသလို တာဝန်ကျေဖို့လည်း လိုသည်။

ဒီမနက်တော့ အမဲသားအမျှင်အကြွပ်ကြော်လေးနဲ့ ခံတွင်းပိုတွေ့မှာပဲလို့ ထင်မှတ်ကာ အဆင်သင့်ပြင်ဆင်ပြီး စောင့်နေမိသည်။

သို့သော် ကိုးနာရီ နာရီသံစဉ်လေး ကြားပေမယ့် ကားရပ်သံ မကြားရပေ။ အချိန်က တစ်မိနစ်ပြီးတစ်မိနစ် ကျော်လာကာ နာရီဝက် ကျော်နေပါပြီ။

ဘော့စ် ရောက်မလာသေး။ ပုလဲမှာ စင်တာအပြင်ဘက် ထွက်မျှော်ရတာ လည်ပင်းလေးပင် သစ်ကုလားအုပ်လို ရှည်ထွက်နေသည်။

"မပုလဲက မမသစ်နဲ့တုန်းက ဒီလို မမျှော်ရပါဘူးနော်"

မေသီရိက စသလို နောက်သလို ပြောတ၏။ ပုလဲမျက်နှာလေး ဖြန်းခနဲ နွေးသွားကာ -

"ရှင်တို့ဘော့စ်က မမသစ်လို မဟုတ်တာလည်း ထည့်ပြောဦး"

"ဒါလည်း ဟုတ်သားပဲ၊ မမသစ်နဲ့ တခြားစီပဲ၊ ဒါကြောင့် မျှော်နေရတာပေါ့"

ဆွေရီရီက ထောက်ခံစကားလေးဆိုရင်း ပြုံးလေသည်။ ၎င်းပြုံးခြင်းကို ပုလဲ မလုံမလဲဖြစ်ကာ မျက်စောင်းနနထိုးပစ်၏။

"ရှင်တို့နော် စကားကို ဟိုလိုလို ဒီလိုလို မပြောပါနဲ့၊ ဒီမှာ စိတ်မရှည်ချင်ရတဲ့အထဲ"





"ဟုတ်ပါတယ် မပုလဲရဲ့၊ မပုလဲကို သနားလို့ပြောတာ၊ မမသစ်က မိန်းမသားမို့ မိန်းမသားချင်းဆက်ဆံရတာ အစစအရာရာ အဆင်ချောတယ်လေ၊ ဦးနေသခင်က ယောက်ျားသားဆိုတော့"

"တော်ပါတော့ ပန်းကလေးရယ်၊ ရှင်တို့တွေ ဝိုင်းပြောတာနဲ့တင် ပုလဲ အလုပ်ထွက်ချင်စိတ်ပေါက်လာပြီ"

"အလုပ်တော့ မထွက်ပါနဲ့ မပုလဲရယ်၊ မပုလဲမရှိရင် ဦးနေသခင်နဲ့ ဝေဝေစိုးတို့ ထိပ်တိုက်ပြောဆိုနေရဦးမယ်၊ ပြီးတော့ မပုလဲကိုပဲ ဦးနေသခင်ကို မျှော်နေရဦးမယ်"

"ဟဲ့ ပြောလေ ကဲလေပါလား၊ မျှော်နေတယ်ဆိုတာက"

"သိပါတယ် မပုလဲရဲ့၊ တာဝန်ကျေအောင် စောင့်နေရတယ်ဆိုတာ"

ပုလဲ စကားမဆုံးခင် စန်းစန်းရှင်က စာနာပြောလေး ပြောသည်။ အချင်းချင်း ရယ်ရယ်မောမောပြောနေကြပေမယ့် ပုလဲမှာ နေရခက်လေ၏။

"ရှင်တို့ကလေ ပုလဲဘက်ကို စာနာပေးဖို့မရှိဘူး၊ ပြောနေတာတွေက ဟိုလိုလို ဒီလိုလိုနဲ့၊ စိတ်ညစ်ပါတယ်"

"စိတ်မညစ်ပါနဲ့၊ တော်ကြာ ဘော့စ်လာလို့ မပုလဲမျက်နှာ သုန်မှုန်နေရင် ဘော့စ်က မျက်မှောင်ကုတ်ကုတ်နဲ့ စိုက်ကြည့်နေဦးမယ်"

"ကဲ အဲလောက်သိနေရင် ဘာမှမပြောပါနဲ့တော့၊ ရှင်တို့စကားတွေကို ပုလဲ ပြန်မချေပတတ်ဘူး၊ ပုလဲက တာဝန်အရလေ၊ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



အရ"

"ပဲပြုတ်ထမင်းကြော်ကောင်းကောင်းလေး ကြော်ကျွေးနေတာကလည်း တာဝန်အရပါပဲ မပုလဲရဲ့"

"ဟင့် ဟင့် ဟင့်"

ဆွေရီရီ ရယ်ကျဲကျဲလေး ပြောတဲ့နောက်မှာ ဝန်ထမ်းမိန်းကလေးအားလုံး သဘောတကျ ရယ်ကျလေသည်။

မင်တာက ဖွင့်စမို့ Customer တွေ ရောက်မလာသေးပါ။ အချင်းချင်းမို့ စကားစပြောမိတာနဲ့ တောက်လျှောက်ပြောနေကြတာက အဆုံးမပြတ်နိုင်။

ပုလဲလုပ်ဆောင်ရတဲ့ တာဝန်တွေအပေါ် သူတို့လေးတွေ သတိထားမိပြီး ပြောကြသည်က ပျော်ရွှင်စိတ်ကလေးနဲ့ပါ။

ဘာပဲဖြစ်ဖြစ် ပုလဲက ကြားထဲက အနေရခက်သလို မျက်နှာလည်း ပူသည်။ ရှက်တာလည်း ပါတယ်ပေါ့။

ဘော့စ်ကလည်းလေ ဘာဖြစ်လို့ ဒီထမင်းကြော်ကို မနက်တိုင်းစားချင်နေရတာလဲ။ အပြောင်းအလဲဖြစ်အောင် ပြောင်းလဲစားပါတော့လား။

ခုတော့ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ ပုလဲပဲ မလုံမလဲဖြစ်ရပြီ။

"တော်ပါပြီ၊ ဆက်မပြောကြပါနဲ့တော့ ပုလဲ တောင်းပန်ပါတယ်ကွယ်၊ တော်ကြာ ဘော့စ်ကြားသွားမှဖြင့် သူ့ကို ရယ်စရာလုပ်ကောင်းလားဆိုပြီး မျက်နှာကြီးတင်းထားမှဖြင့် ပုလဲပဲ အနေကျဉ်း





ကျပ်နေရဦးမယ်"

"ကဲ မပုလဲ အနေမကျဉ်းကျပ်စေဖို့ ရှင်တို့အားလုံး ပါးစပ်ကလေးတွေ ပိတ်ထားကြပါတော့ကွယ်"

ပန်းကလေး အလိုက်သိသိလေး ပြောပေးရှာသည်၊ မိန်းကလေးတွေ သဘောတကျရယ်ရင်း ပါးစပ်တွေကို လက်ဖဝါးလေးနဲ့ တကယ်ပိတ်ကာ တခစ်ခစ်ရယ်လေသည်။

သူတို့စိတ်ထဲမှာ ဘော့စ်နဲ့ မပုလဲကို စနောက်ချင်တာလေး တိုယ်စီ ရှိနေတယ်မဟုတ်လား။

စကားအစပေါ်လာတုန်း ပျော်ရွှင်စရာဖြစ်အောင် စနောက်ကာ နောက်ဆုံးတော့ မပုလဲကို အားနာပြီး ပါးစပ်ကလေးများ ပိတ်နေကြသည်။

မတော်တဆ ဘော့စ်ရောက်လာရင် သူမတို့ ဝိုင်းစတာတွေ ကြားသွားရင် ခက်ကုန်မယ်လေ။ ဒါကြောင့်ပါ။

ပုလဲမှာသာ နာရီတကြည့်ကြည့်နဲ့ တမျှော်မျှော်စောင့်နေရရှာတာ။ ဆယ်နာရီထိုးသည့်အထိ ပေါ်မလာ။

"တော်ပြီ မစောင့်တော့ပါဘူး"

ပုလဲ မျက်နှာလေးရှုကာ ခြေလေးဆောင့်ပြီး စင်တာထဲ ပြန်ဝင်လေတော့ မိန်းကလေးတွေအားလုံး တခစ်ခစ်ရယ်ကာ –

အသံက တစ်လုံးတည်း ဟိန်းထွက်လာလေသည်။

ထိုအခါ မိန်းကလေးအားလုံးကို ပုလဲ မျက်စောင်းတချိုးဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



**ထိုးသစ်ငါး**

''ခစ် ခစ် ခစ်''

တခစ်ခစ်ရယ်သံတွေက ပုလဲ ရုံးခန်းထဲရောက်သည်အထိ ကြားနေရဆဲ။

တောက် ဘော့စ်အစုတ်ပလုတ်။ ပုလဲကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့သူ။

ဟိုနေ့ညကလည်း တစ်ခါ။ ကုန်သည်နဲ့ချိန်းထားတယ်ဆိုပြီးတော့ ဦးသက်နဲ့ အချိန်းအချက်ကို ပျက်အောင်လုပ်ပြီးပြီ။

အခုလည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း စ,စရာ၊ နောက်စရာဖြစ်အောင် လုပ်ပြန်ပြီ။

ဒါ ဘာသဘောလဲ။

လက်တစ်ဖက် ခါးမှာထောက်၊ လက်ညှိုးတစ်ချောင်းထိုးပြီးမေးလိုက်ချင်စိတ် တဖွားဖွားထကာ –

✿ ✿ ✿



## အခန်း (၁၆)

''ဖော်ထိုက်ပြောတာက တစ်မျိုး၊ မင်းထိတာက တလွဲ ဖြစ်နေတယ်ကွ''

''ဘာ''

နေသခင် လက်သီးကျစ်ကျစ်ဆုပ်လျက် ထိုင်နေရာမှ ဝုန်းဆိုထသည်က ရန်လိုစွာ။

''ကျွတ်၊ စိတ်လျှော့ပါကွာ၊ ကိုယ်တို့ ပြောပါရစေဦး''

ကိုကိုနိုင်က လေပျော့လေးနဲ့ဆိုကာ ကျော်လေးက နေ့လက်ကို ဆွဲပြီး ထိုင်စေသည်။

နေ မထိုင်။ တောင့်တောင့်ကြီးရပ်ကာ မာန်ထောင်နေတဲ့မျက်နှာနဲ့ လက်သီးကို တင်းနေအောင်ဆုပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သူငယ်ချင်းအချင်းချင်း ကိုယ့်ကို ဒီလောက်ထိ နက်ဖို့ မကောင်းဘူးကွာ၊ ဒီမိန်းမ ချန်ထားခဲ့လို့ ကိုယ် ဝမ်းမနည်းဘူး ကျော်လေး"

"ကိုယ်တို့ နားလည်ပါတယ်ကွာ"

"နားလည်ရင် မပြောကြနဲ့"

နေသခင့်အသံက ပြောရင်း ထောင်ထလာသည်။

"တောက်"

ကိုင်းချင်းယှက်မတတ်ဖြစ်နေတဲ့ စကားဖြူပင်တန်းအောက်က လမ်းကြောင်းအောက်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အံတကြိတ်ကြိတ်နဲ့ တင်းမာနေတဲ့ နေသခင်။

ကျော်လေးနဲ့ ကိုကိုနိုင် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြကာ နှုတ်ဆိတ်နေလိုက်သည်။

အဖြစ်အပျက်က နှစ်အတော်ကြာခဲ့ပြီးဖြစ်ပေမယ့် အစပြန်ဖော်လာတော့ ဒဏ်ရာက လတ်ဆတ်နေသေးမှန်း သိသာနေသည်။

"အပျော်တမ်းကစားလို့ ရှုံးသွားတဲ့ ပွဲစဉ်ပါကွ၊ ကိုယ်က သူ့အပေါ် အောင်နိုင်သူကြီးလို နှိမ့်နှိမ့်ချချ ဆက်ဆံတာ မဟုတ်ဘူး၊ သူ ရှုံးသွားတာကို ရှုံးမဲ့မဲ့ပြီး ကိုယ့်တာဝအစွန်းအထင်းကို ပြန်ဖော်တာ ကိုယ် ခံရအခက်ဆုံးပဲ၊ သာသာချန်ထားလို့ ကျန်ရစ်ခဲ့တဲ့ဖြစ်စဉ်မှာ ကိုယ့်တက်က ဟိုးလေးတကြော် အရှက်ကွဲခဲ့တာ မှန်တယ်၊ အဲဒီ အရှက်တကွဲဖြစ်မှုနဲ့ သူရှုံးသွားတာ ဘာဆိုင်လဲ"

"မဟုတ်သေးဘူး နေ"





ကိုကိုနိုင် ထိုင်နေရာမှ ထသွားရင်း ပြေရာပြေကြောင်း ပြောဖို့ စကားစလေသည်။ ကျော်လေးကလည်း ထိုင်မနေတော့ပါ။ စကားဖြူပင်တန်းကြားမှ ဖြတ်ကာ နေနဲ့ မျက်နှာချင်းဆိုင်လေပြီ။

"ကိုယ်တို့လည်း အစကတော့ တင်းတာပေါ့ကွာ၊ သူငယ်ချင်းအချင်းချင်း ဒီလိုပြောရလားဆိုပြီးတော့"

နေ မျက်မှောင်ကုတ်ကုတ်နဲ့ ကျော်လေးကို စိုက်ကြည့်၏။

"ဆိုစမ်းပါဦး"

နေသခင် ခနဲ့သလိုမေး၏။ တင်းအောင်ဆုပ်ထားတဲ့ လက်သီးကိုတော့ မပြေသေး။ ကိုကိုနိုင်က ဘေးတိုက်အနေအထားနဲ့ စကားဖြူပင်ကို ပခုံးနဲ့ မှေးရပ်လေသည်။

"မင်းဘက်က ကိုယ်လည်း တင်းတယ်၊ အဲဒါနဲ့ ကိုယ်နဲ့ကျော်လေးလည်း ဖော်ထိုက်ကိုပြောပစ်တာ နင်းကန်ပဲ"

နေသခင် သက်ပြင်းမှုတ်ထုတ်ကာ လက်သီးဆုပ်နှစ်ဖက်ကို ဖြန့်၍ ခါးပေါ်ထောက်လိုက်၏။

"ဟုတ်တယ် နေ၊ သူငယ်ချင်းအချင်းချင်း ဒီလိုထိုးဆွပြောလာတာ ကိုယ်တို့လည်း မခံဘူး၊ ဒါပေမဲ့ ဖော်ထိုက်ပြန်ပြောတာက ကိုယ်တို့နားလည်တာနဲ့ လွဲနေတယ်"

"ဘာ၊ ကိုယ်တို့က လွဲတယ်၊ ဟုတ်လား"

ကျော်လေး လက်တစ်ဖက်ဟန့်တားပြီး သွက်သွက်ကလေး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ မင်း ခံရသလို ဖော်ထိုက်ကလည်း သာသာနဲ့ပတ်သက်ပြီး ခံပြင်းခဲ့တာပဲ၊ အခု သူပြောတာက မင်းလက်ရည်မကျတာက မိန်းကလေးတစ်ယောက်အတွက် ဆွဲဆောင်မှုရှိအောင် ထိန်းမထားနိုင်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မင်း တစ်ချိန်တုန်းက လက်စွမ်းတွေထက်ခဲ့ပေမယ့် သာသာလို မနူးမနပ်လေး လိမ်တာခံလိုက်ရတယ်၊ မင်းက အဲဒီလက်ရည်ကိုပဲ သတိထားထိန်းနေသလောက် ဘယ်မိန်းကလေးကိုမှ မင်းဘက်ပါအောင် ဆွဲဆောင်နိုင်မှာ မဟုတ်ဘူးတဲ့ကွာ"

"ဘာတွေလဲ၊ နားရှုပ်အောင် လာမပြောနဲ့ကွာ၊ ဟိုကောင့်တော်ကီတွေနဲ့ ကိုယ့်ဒဏ်ရာကို ဖာထေးဖို့မကြိုးစားနဲ့၊ ဒဏ်ရာက ဒဏ်ရာပဲ၊ အဲဒီတစ်ယောက်ကိုတွေ့ရင် ခုနေခါ ဟားတိုက်ရယ်ပစ်လိုက်မယ်ကွ၊ ကိုယ့်ကို အညှာတရထင်ပြီး ထားရစ်ခဲ့တဲ့ မိန်းကလေး၊ ကိုယ်ဘာကောင်ဆိုတာ သိသွားရင် သူ့လင်ပါ သူ ပစ်ပြေးချင်စိတ် ပေါက်သွားမယ်"

"ဟုတ်တယ် နေ၊ ဖော်ထိုက်ပြောတာ အဲဒီသဘော၊ မင်းက အဲဒီတုန်းက လက်ရွေးစင်စတားပီပီ လက်ရည်တက်ဖို့ပဲ မင်း စိတ်အားထက်သန်နေတာ၊ ကိုယ့်ချစ်သူစိတ်ခေတ် ဘာလဲဆိုတာ မလေ့လာလို့ ခံလိုက်ရတာ၊ ခုလည်း ဒီအတိုင်းပါပဲ"

"ဘာရယ်"

"မင်း စိတ်လှုပ်ရှားနေတယ် နေ၊ ခဏလေး၊ ကိုယ်ပြောမယ်"

ကိုကိုနိုင် ပခုံးလာဖက်ရင်း ဖျောင်းဖျဟန်လေးနဲ့ ပြောရှာသည်။





သူငယ်ချင်းနှစ်ယောက် လေပြေထိုးနေတော့ သူ့ဘက်က ဒေါသတွေကို အရှိန်ပြန်လျှော့ရမလို ဖြစ်လေသည်။

"မင်း လက်ရွေးစင်လက်ကို မင်းထိန်းဖို့ ကြိုးစားနေရင်း တခြားဘက်မှာ အာရုံရောက်မှု နည်းသွားတယ်၊ အဲဒါက မင်းနဲ့ပတ်သက်တဲ့ မိန်းကလေးတွေ ချန်ထားခံရမယ့် မင်းရဲ့အားနည်းချက်လို့ ဖော်ထိုက်ဆိုလိုတာ၊ ခုချိန်ထိ လက်ရည်မကျသေးတာ မှန်တယ်၊ ဒါပေမဲ့ နောက်တစ်ကြိမ် သာသာလိုမိန်းကလေးနဲ့ ကြုံနေရမှာစိုးလို့"

"ဘာရယ်"

"မင်းရှင်းအောင် ပြောရရင် ပုလဲရင့်"

"ဟင်"

သူ့မျက်လုံးကြီး တကယ်ပြူးသွား၏။ သူငယ်ချင်းနှစ်ယောက်က ခုမှ ပြောဖို့ဆိုဖို့ စကားလမ်းဖွင့်သွားသလို အားတက်သရောဖြစ်ကာ။

"ဟုတ်တယ်၊ မင်းစိတ်က အဲဒီမိန်းကလေးအပေါ် သာမန်မဟုတ်ဘူးဆိုတာ ကိုယ်တို့ ကောင်းကောင်းသိတယ်"

"ဟာ"

သူ့မျက်နှာကြီး ရဲတွတ်ထူအမ်းသွားသည်။ သူငယ်ချင်းတွေနဲ့ မျက်နှာချင်းမဆိုင်ရဲအောင်ဖြစ်ကာ မျက်နှာကို တစ်ဖက်လှည့်ထားလိုက်သည်။

"မိန်းကလေးတွေရဲ့စိတ်ကို မင်း လေ့လာဖို့မေ့နေရင် အရင်တစ်ခါလိုပဲ ခံသွားရမယ် သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ"

နေသခင် ဒါပဲပြောပြီး သူငယ်ချင်းတွေနဲ့ ဝေးရာ လျှောက်ခဲ့မိကာ။ သူငယ်ချင်းနှစ်ယောက်က ဆက်ပြောစရာရှိတာတွေ ပြောဖို့ အခွင့်မသာဖြစ်လျက်။

"နေ"

ခေါ်ပေမယ့် လှည့်မကြည့်တော့ပါ။ ပွင့်ကြွေတွေ ဖြူဖွေးနေတဲ့ စကားဖြူပန်းပွင့်တွေ ခင်းကျင်းထားတဲ့ မြေပေါ်မှာ မဆုံးဇာမ်းလျှောက်ရင်း။

သာသာလို့။

ပြီးတော့ သူ့လက်ဖဝါးကို သူ ပြန်ကြည့်ရင်း –

ဆိုင်တာ မဆိုင်တာ သူ ဆက်စပ်မတွေးတတ်ပေမယ့် ရင်မှာတော့ နှန်နေတာ တကယ်။

✿ ✿ ✿



## အခန်း (၁၇)

"ပုလဲ တောင်းပန်ပါတယ် ဦးသက်ရယ်"

သက်တန့်ကျော် နှုတ်ခမ်းကိုတွန့်ကာ မျက်နှာလေး မော့ထားလိုက်သည်။ သူ့မှာတော့ ရင်တခုန်ခုန်နဲ့ လာကြိုခဲ့ပါလျက် မြို့င်ကားလေးပေါ် ပါသွားတဲ့ ပုလဲ။

သေချာချိန်းဆိုထားပြီးမှ တခြားတစ်ယောက်ကားပေါ် ပါသွားတာ ခံပြင်းဆုံးပဲ။

"တောင်းပန်တာနဲ့ အဖြစ်အပျက်က ပြီးသွားမှာလား"

"ဒီလိုပါ ဦးသ... ပုလဲရဲ့ဘော့စ်က"

"တော်ပါတော့ကွာ"

ဦးသက် စိတ်ပျက်လက်ပျက်ပြောရင်း မျက်မှန်ကို ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတင်လေသည်။

ပုလဲမှာ ဖွင့်ပြောရအခက်၊ ငြိမ်နေရအခက်နှင့်၊ စိတ်ရှုပ်ထွေး လာကာ ဝမ်းနည်းသလိုလည်း ခံစားရလေသည်။ ယောက်ျားတွေရဲ့စိတ် က ဘယ်လိုကြီးလဲ။

ပုလဲ လိုက်မမီတာ အမှန်ပါ။ ဘော့စ်စိတ်က တစ်မျိုး။ ဦးသက် ရဲ့စိတ်က တစ်ဖုံ။

"ကိုယ့်ကို ခုတုံးမလုပ်ပါနဲ့ ပုလဲရယ်၊ ကိုယ် ထပ်ဆင့်တောင်း ပန်တယ်ကွ"

"မဟုတ်ဘူး ဦးသက်ရဲ့၊ ပုလဲပြောတာလည်း နားထောင်ပေး ပါဦး"

ပုလဲ အသနားခံသလိုပြောတော့ သက်တန့်ကျော် ကျွတ်ခနဲ စုတ်သပ်ရင်း ကားမောင်းသူနေရာမှာ ထိုင်နေရာမှ စိတ်ရှုပ်စွာ ကား တံခါး တွန်းဖွင့်လိုက်သည်။

ကားပြင်တော့ မထွက်ပါ။ ဘေးချင်းကပ်နီးပါး ရပ်ထားတဲ့ ကားဘေး ရပ်နေတဲ့ ပုလဲကို မော့ကြည့်ရင်း တစ်ချက်တော့ သနားစိတ် ဝင်လာကာ -

"ပြောလေ ဘာပြောမှာလဲ"

"အဲဒီကိစ္စက ပုလဲပျက်ကွက်တာ တိုက်ဆိုင်မှုသက်သက်ပါ။ ပုလဲအခြေအနေကို ဦးသက် သိသားနဲ့ လောလောဆယ်မှာ ဦးနေသခင် ကိုလည်း ပုလဲ အလေးမထားလို့မှ မဖြစ်ဘဲ"





"ပုလဲ အလေးအနက်ထားသလောက် နေသခင်က အလေး အနက်ထားလို့လား၊ အဲဒီညက တမင်အကွက်ဆင်ပြီး ပုလဲကို စား သောက်ဆိုင် ခေါ်ထိုင်တာလို့ ကိုယ်မြင်တယ်"

ပုလဲ မလုံမလဲ အကြည့်လွှဲ၍ -

"ကုန်သည်နဲ့ ချိန်းထားလို့ပါ"

"အဲဒီကုန်သည် ရောက်လာလို့လား"

ဦးသက် ဟောဟောဒိုင်းဒိုင်းမေးသည်က အဖြစ်အပျက်ကို သိနေသလို ဖြစ်နေသည်။

"ပြောလေ ပုလဲ၊ ပုလဲရဲ့ဘော့စ် ချိန်းထားတဲ့ကုန်သည်က ရောက်လာလို့လား"

ပုလဲ လိမ်ညာနေဖို့ မလုံခြုံပါ။ မသိမသာ ခေါင်းခါလျှင် -

"ဟင့် ဟင့် ဟင့်"

ဦးသက် မဲ့မဲ့လေးကြည့်ရင်း ခနဲ့သဲ့သဲ့ ရယ်ချ၏။ ထိုရယ်သံ ကို ပုလဲ နားမလည်နိုင်ပါ။ ဦးသက်ကို ပုလဲ မျက်လုံးဝိုင်းလေးနဲ့ မော့ ကြည့်သည်။

"ပုလဲ ပုလဲ မင်းက သိပ်ကို အကောင်းမြင်နေပါလား၊ ပုလဲရဲ့ ဘော့စ် ဘာအချိုးချိုးနေလဲဆိုတာ ပုလဲ မရိပ်မိဘူးလား၊ ပြောစမ်းပါ ပုလဲရဲ့"

"ဘယ်လို ဦးသက်"

"ဟ ဒီလောက်လေးမှ နားမလည်ဘူးလား။ အဲဒီနေ့က ဘော့စ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ပါဝါသုံးပြီး ပုလဲနဲ့ အကြည်စိုက်ချင်လို့ ခွင်ဆင်လိုက်တာ''

''ဘုရားရေ''

ပုလဲကိုယ်လေး တောင့်မတ်လျက် ရင်ဘတ်ဖိမတတ် အံ့သြရ လေသည်။ မျက်လုံးဝိုင်းလေးကလည်း ဦးသက်ကို မမှိတ်မသုန် ကြည့် လျက် –

''အခုမှ ဘုရားတ,မနေနဲ့ ပုလဲရင့်၊ အဲဒီငနဲ ဘာအချိုးချိုးနေ လဲဆိုတာကို ကိုယ် အစကတည်းက ရိပ်မိတယ်ကွ၊ ကိုယ်ပြောရင် ပုလဲက ကက်ကက်လန် ရန်တွေဦးမယ်၊ ဒါတွေသိလို့ ကိုယ် အနောက်က လိုက်ကြည့်မိတယ်၊ ထင်တဲ့အတိုင်းပဲလေ''

ပုလဲ အကြည့်လွှဲကာ သက်မ,ချ၏။ မျက်နှာလှလှလေးလည်း မထားတတ်အောင်ဖြစ်ကာ ဘာပြောလို့ပြောရမှန်းမသိ ဖြစ်လေသည်။

''ဒီမှာ ပုလဲရင့်လေး၊ မင်းလေးက မင်းလေးအခက်အခဲနဲ့ မင်းလုပ်ရမယ့်အလုပ်ကိုပဲ အာရုံထားနေတယ်၊ မင်းနဲ့ပတ်သက်နေတဲ့ ယောက်ျားတွေရဲ့စိတ်သဘောကို အရိပ်အခြည်လေးတောင် အကဲခတ် ကြည့်ဖို့ စိတ်မဝင်စားတာ ကိုယ် တကယ်အံ့သြတယ်၊ တခြားမိန်းကလေး တွေလို ပုလဲစိတ်က ကိုယ့်အပေါ် နည်းနည်းလေးဖြစ်ဖြစ် ဝင်စားကြည့်ပါ ကိုယ် ဘယ်လိုခံစားနေရလဲဆိုတာ ပုလဲ သိမယ်လေ၊ ခုတော့''

ဦးသက် စကားကို အရှိန်နဲ့ပြောနေရင်း တိခနဲဖြတ်ချ၏။ ပြီး ဆက်ပြောသည်။

''ကဲ ထားတော့၊ ခုလောလောဆယ် ပုလဲ တောင်းပန်တဲ့ကိစ္စ





ကိုယ် နားလည်ပေးတယ်၊ နောက်တစ်ခါဆို ဒါမျိုးတွေ မဖြစ်စေဖို့ ပုလဲ ဘက်က အကင်းပါးပါးနေဖို့လိုတယ်၊ အထူးသဖြင့် ပုလဲအပေါ် နေသခင် ဘယ်လို ခွင်ဆင်တာလဲ, ဘာလဲ ဆိုတာလေ''

''ကျေးဇူးတင်ပါတယ် ဦးသက်ရယ်၊ နောက်ဆို ပုလဲ သတိ ထားပါ့မယ်''

''ကောင်းပြီလေ၊ ဒါနဲ့ ပုလဲ ကိုယ့်ကို ပြောစရာရှိတာက ဘာလဲ''

''ဟို ပန်းချီကားလက်ဆောင်ပေးတဲ့အတွက်ပါ''

''ပန်းချီကားလက်ဆောင်ပေးတဲ့အတွက်''

သက်တန့်ကျော် သံယောင်လိုက်ရွတ်ရင်း မျက်လုံးက နားမ လည်နိုင်စွာ ကုပ်ကျုံသွားသည်။

''ဖုန်းဆက်ကတည်းက အဲဒီပန်းချီကား ပါ,ပါနေတာ ကိုယ် အံ့သြနေတယ်၊ ဘာပန်းချီကားလဲ''

''ပုလဲပုံတူဆွဲထားတဲ့ ပန်းချီကားလေ၊ ဟိုတစ်နေ့ နေ့လယ် က အဆောင်ကိုလာပေးထားတာ အန်တီမြကတစ်ဆင့် ပုလဲ ရပါတယ်''

''နိုး နိုး''

ပုလဲစကားအဆုံးမှာ သက်တန့်ကျော် လက်ကာတား၏။ ပုလဲ တားလေးပြတ်တောက်ကာ ဦးသက်ကို ငေးကြည့်၏။

ဦးသက်က စိတ်လှုပ်ရှားသွားဟန်တူသည်။ တွေးတောစဉ်းစား နေ နားမလည်နိုင်အောင် ရှုပ်ထွေးလာဟန်တူသည်။

''ပုလဲကို ကိုယ် ဘာလက်ဆောင်မှ မပေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ်လေ၊ ကိုယ်နဲ့ပတ်သက်ရင် ပုလဲက ဘာမှလက်ခံလေ့မရှိဘူး မဟုတ်လား။ ကိုယ် ဘာပဲပေးမယ်ပြောပြော ပုလဲနဲ့ တဲ့ဆိုပြီး ပြောနေကျ။ ဒီလို လျှို့လျှို့ဝှက်ဝှက် ကိုယ် မလုပ်တတ်ဘူး"

"ဒါ ဒါဆို ပန်းချီကားက ဦးသက်ပေးတာ မဟုတ်ဘူးပေါ့"

"ဟင့်အင်း"

"ကိုယ် မပေးပါဘူး"

"ဒါဆို ဘယ်သူပေးတာလဲ"

ပုလဲခေါင်းထဲ ထိုမေးခွန်းလေး ဒိုင်းခနဲ ပြေးဝင်လာသည်။ သက်တန့်ကျော်လည်း ထိုမေးခွန်းဆီ အာရုံရောက်ကာ –

ပဟေဠိဆန်နေသော ပန်းချီကားဆက်သူ။

သက်တန့်ကျော်ရင်ခွင်ကို ပူလောင်စေလျက်၊ လေပြည်နုအေးကိုလည်း မရှူနိုင်၊ ညနေဆည်းဆာရောင်လှပသော ရှုမျှော်ခင်းကိုလည်း မျှော်မကြည့်နိုင်တော့ပါ။

"ကဲပါလေ၊ ပန်းချီကားပေးတာ ဦးသက် မဟုတ်ဘူးဆိုလည်း ပြီးတာပဲ၊ ဘာပဲဖြစ်ဖြစ် ချိန်းဆိုပြီး ပုလဲ ပျက်ကွက်တဲ့အတွက် ဦးသက်ကို ဒီညစာ ပြန်ကျွေးပါ့မယ်၊ လာ ဦးသက် သွားကြစို့"

ပုလဲ စကားစဖြတ်ကာ ကားပေါ် ဦးစွာတက်လေသည်။

ရင်ပူလွန်းနေတဲ့ သက်တန့်ကျော်မျာ ပဟေဠိနတ်သားကို သိချင်စိတ်နဲ့ ချွေးပြန်လာသည်။ ချွေးစတွေကို ကူခြေမပျက်သုတ်ရင်း





ခေါင်းဆတ်လက်ခံလျက်၊ သူ့ကားပေါ် သူတက်၏။

ပုလဲကားလေးနောက်က ကားချင်း ရှေ့ဆင့်နောက်ဆင့်ဖြင့် သူ ပါခဲ့ရပေမယ့် ရင်မှာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မျက်လုံးကို မှိတ်ထားသော်လည်း မြင်နေရသည်။ မစဉ်းစားဘဲနေသော်လည်း အာရုံထဲ ရောက်ရောက်လာတာ ခက်လှ၏။

ကျွတ်။ စိတ်နဲ့အာရုံက ဘယ်လိုမှ နေသားတကျ ဖြစ်မနေ။ ထိုအခါ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်နေမှန်း မသိဖြစ်ကာ။

ထိုင်လိုက်၊ ထလိုက်၊ အခန်းထဲ ပတ်လျှောက်လိုက်၊ အိပ်ရာပေါ် ကွေးအိပ်လိုက်၊ ငေါက်ခနဲ ပြန်ထိုင်လိုက်ဖြင့် ဗျာယာခတ်လို့နေသည်။

ပုလဲရင့် မင်းလေးက မှော်မလေးလား။ ကဝေမလေးလား။

ဘယ်ယောက်ျားကိုဖြစ်ဖြစ် ဖြုစားနိုင်တဲ့ပါဝါများ ရနေရော့သလား။ ပြောစမ်းပါကွာ။

သူနဲ့တုန်းက မျက်နှာက ရှုပ္ ရှုပ္နဲ့။ ဟိုတစ်ယောက်နဲ့ကျ





တော့ မျက်နှာချင်းဆိုင်ပြီး စားလိုက် သောက်လိုက် စကားတွေ ပြောလိုက်နဲ့။

ရယ်နေတာလည်း တွေ့၊ ပြုံးပြုံးလေး နားထောင်နေတာလည်း မြင်ရ။ ဟိုနတ်ခမ်းမွေးနဲ့ဘဲက မိန်းမကြော နောကျေနေတော့။

ကျွတ်။ သူ ဆက်မတွေးချင်တော့ပါ။

နှလုံးသားက မှန်းကျပ်ကာ လူက မူမမှန်ချင်သလို၊ စိတ်ကမတည်ငြိမ်။ ဦးတည်ချက်မဲ့တဲ့ ကိုယ်က ဘယ်ဆီသွားရမှန်းမသိတဲ့ ခြေလှမ်းတွေရဲ့သယ်ဆောင်ရာဆီ ပါသွားကာ။

ခြံထဲဆင်းပြီး ငုတ်တုတ်ထိုင်နေတော့လည်း ယောင်ချာချာ။

BURMESE CLASSIC

သူ ဘာဖြစ်နေမှန်း သူ့ကိုယ်သူ ခေါင်းစဉ်တပ်ဖို့ ခဲယဉ်းနေသည်။ မေမေက ဘာကို ဘယ်လို ရိပ်မိသည်မသိပါ။

"သားကို မေမေပြောမလို့"

ဟု စကားစလေသည်။ မေမေ့ကိုတော့ သူ သနားလှသည်။ မေမေဟာ အထီးကျန်ဆန်လှတယ် မဟုတ်လား။

"ပြောပါ မေမေ"

မေမေက သူ့အပါးကပ်ထိုင်၍ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပြောသည်။

"သားက ငယ်ငယ်တုန်းကတောင် ဒီလောက်ထိ စိတ်မဆတ်ပါဘူး။ ဘာဖြစ်လို့ ခုမှ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်နေရတာလဲ၊ မေမေဖြင့် အဲဒီနေ့က ရင်တုန်လိုက်တာကွယ်၊ ကျော်လေးတို့ကို ဖုန်းဆက်မေးခါမှ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်ကို သိတာ၊ တကယ်ဆို သား ဒီလောက်မဖြစ်သင့်ပါဘူး။ အဲဒီမိန်းကလေး သားကိုချန်ထားတော့ ပိုတောင်ကောင်းတာပေါ့၊ ငွေ ဂုဏ်မက်တဲ့မိန်းမဟာ ဇနီးမယားကောင်းဖြစ်လာဖို့ မရှိဘူးလေ''

''အဲဒါနဲ့ မဆိုင်ပါဘူး မေမေ''

''မသိပါဘူး။ မေမေ့မှာတော့ သားအတွက် စိတ်ထိခိုက်ရတယ်''

''ဆောရီးပါ မေမေရယ်''

နေ့သခင် တောင်းပန်စကားဆိုရင်း ပခုံးထက် ခေါင်းလေး တင်ကာ ချွဲနွဲ့မိသည်။

မေမေက သားကို ကြင်နာစွာ ပြန်ဖက်၍ –

''မေမေက သားကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ မိသား ဝင်တွေနဲ့ ရှင်ခွဲခွဲနေရ၊ သေကွဲကွဲနေရလို့ စိတ်အားငယ်နေရတဲ့ မေ နှလုံးသားမှာ သား ပြန်ဝင်လာတာ မေမေ့အတွက် ကြီးမားတဲ့ဆုလာ ပါပဲ သားရယ်၊ သား တစ်ခုခုအတွက် စိတ်ထိခိုက်ပြီး ဘာဘာညာညာ ဖြစ်နေရင် မေမေ ရင်ကွဲမှာ သားရဲ့''

မျက်ရည်လေးများ ဝဲလာတဲ့ မေမေ့ကို သူ စာနာမိပါသည်

''ဇော်ထိုက်ပေါ့ မေမေ၊ တစ်ပွဲရှုံးတာနဲ့ အနာကို လာဆွ စကားပြောတော့ ကျွန်တော် ခံပြင်းသွားတယ်၊ သာသာအတွက် ကျ တော် ဝမ်းမနည်းဘူး မေမေ၊ အရှက်ကွဲခဲ့ဖူးတဲ့အဖြစ်ကို ရင်နာတာ

''ဒါနဲ့များ ကိုယ့်ဓာတ်ပုံကို ခွဲပစ်ရတယ်လို့''

သူ တိတ်ဆိတ်နေလိုက်သည်။ ဒေါသဖြစ်နေချိန်မှာ ဘာကို





မမြင်ချင်တော့ပါ။ တစ်ချိန်က ကြက်တောင်ချန်ပီယံလောင်းဆိုတဲ့ ဂုဏ်ကို မက်တွယ်ခဲ့သည်။

မှတ်မှတ်ရရဖြစ်စေဖို့ ထိုဓာတ်ပုံလေးကို ဧည့်ခန်းမှာ ဂုဏ်ယူစွာ ချိတ်ဆွဲခဲ့တာ ထိုစဉ်ကတည်းက။

အရှက်ခွဲခံရတဲ့ အတိတ်အကြောင်းတွေ ပြန်ခံစားရတော့ ဘာကိုမှ မမြင်ချင်။ ဘာချန်ပီယံလောင်းဆိုတဲ့ ဂုဏ်ကိုလည်း မမက်ချင်။

ဖြစ်နိုင်ရင် သူ့လက်ကို သူ ခုတ်ဖြတ်ပစ်ချင်စိတ် ပေါက်သည်။ ထိုလက်ရည်ကြောင့် သာသာဆိုတဲ့ ချာတိတ်မ လာကပ်တာနဲ့ ဇာတ်လမ်း ရှိခဲ့တဲ့အဖြစ်။

ဒီအဖြစ်က သူ့နှလုံးသားအတွက် အမည်းစက်။ တကယ်ကို နက်မှောင်နေတဲ့ အစက်ကြီး။ သူ့မျက်နှာကို သူ မှန်ထဲကြည့်မိတိုင်း မြင်နေရတဲ့ မှဲ့နက်နက်လေးလိုပဲ။

မှဲ့နက်လေးက ဆွဲအားရှိသလို သာသာကြောင့်ရတဲ့ အမည်း စက်က အကျည်းတန်စွာ။ မြင်ရတဲ့အမည်းစက်နဲ့ မမြင်ရတဲ့ အမည်း စက်က ခံစားရတာချင်း မတူ။

နာတယ် သာသာ။ ဟောဒီ ရင်ဘတ်ထဲက နာတယ်ကွ။

ကြင်နာနေတဲ့ မေမေ့လက်ချောင်းလေးတွေဟာ သူ့ဝေဒနာကို သက်သာမှု ပေးစွမ်းနေပါသည်။

''ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ သားရယ်၊ ထပ်တလဲလဲ ခံစားနေလို့ ဘာထူးမှာလဲ၊ မဟုတ်ဘူးလား''

www.burmeseclassic.com



သူ ခေါင်းမညိတ်မိပါ။

အခွင့်အရေးရရင် တုံ့ပြန်ချင်ပါသေးတယ်လို့ ရင်ထဲမှာ တေး ထားမိတယ်လေ။ ယောက်ျားတန်မဲ့ အငြိုးကြီးလေခြင်းလို့ ဆိုချင်ဆိုပါလေ။

“သား ရတနာဆိုင်မသွားတာ တစ်ပတ်တောင် ရှိပြီဆို”

“ဘယ်သူပြောလဲ”

“သားရဲ့ဝန်ထမ်းမိန်းကလေး ပြောတာပေါ့”

“ပုလဲရင့်လား”

“ဟုတ်တယ်လေ၊ သားဖုန်းက ပိတ်ထားတာချည်းပဲတဲ့၊ စင်တာကိုလည်း မလာဘူးဆိုတော့ မေမေ့ဆီ ဖုန်းဆက်မေးတာလေ”

ပုလဲရင့်ဆိုတာနဲ့ သားက ခေါင်းထောင်သွားသည်။

“မေမေက ဘာပြန်ပြောလိုက်လဲ”

“သားက ဖော်ထိုက်တို့နဲ့ ပြဿနာတက်ထားလို့ စိတ်ရှုပ်နေ တာ မေမေသိတာပေါ့။ ဒါကြောင့် အဆင်ပြေအောင် ပြောလိုက်တာပေါ့ သား နေထိုင်မကောင်းဖြစ်နေလို့ပါ၊ ဘာညာပေါ့ကွယ်”

“ကျေးဇူးပဲ မေမေ”

“ရပါတယ် သားရယ်၊ မေမေက သားကိုပဲ အရိပ်တကြည့်ကြည့် နေရတာပါ၊ သားရင်ထဲမှာ ဒဏ်ရာရှိနေတော့ ပေါက်ကွဲတဲ့စိတ်နဲ့ ဦးတည် ချက်မဲ့သွားမှာစိုးတယ်၊ ပြီးတော့ အလုပ်လည်း ထိခိုက်လာမယ်လေ”

မေမေ ဖျောင်းဖျစကားဆိုတဲ့နောက်မှာ သူ သက်ပြင်းမှုတ်မှုတ် လေးချမိ၏။ မေမေက သူ့ဘက်က အပြည့်အဝ စာနာနားလည်ပေးနိုင်





တဲ့ မိခင်ပီသစွာ ဆိုနေသေးသည်။

“နောက်တစ်ခု မေမေ သတိထားမိပါတယ်ကွယ်၊ သား မေမေ့ဆီပြန်လာတာ အကြောင်းမဲ့တော့ မဟုတ်ဘူးလေ”

“ဘယ်လို မေမေ”

မေမေက တစ်ခုခုကို ကြိုတင်နားလည်နေဟန်နှင့် နနညက် ညက်ကလေး ပြုံးလေသည်။

“သားရောက်တဲ့နေ့ကတည်းက မေမေ အကဲခတ်မိပါတယ်”

သူ မျက်မှောင်ကုတ်လျက် နားထောင်လျှင် မေမေ့အပြုံးနု သေး ပို၍ တောက်ပလာပြီး –

“သားသူငယ်ချင်းတွေနဲ့ ပါရမီစားတော်ဆက်ကို ထွက်သွားခါ း မေမေ့ကို ပြောသွားတယ်မဟုတ်လား၊ ပုလဲရင့်ရောက်လာရင် ပါရမီ ကို ပွှတ်လိုက်ပါဆိုတော့လေ”

“အဲဒါ ဘာဖြစ်လို့လဲ မေမေ”

“တကယ်ဆို မေမေ့ကို မှာနေစရာ မလိုပါဘူး၊ ပါရမီကို ိုက်ခဲ့ဖို့ ဖုန်းနဲ့ပြောလို့ရရဲ့နဲ့ မပြောဘူးလေ၊ နောက်ပြီး စကားဖြု ိမြုထဲ သူ့စိမ်းမိန်းကလေးကို ဝင်ခွင့်ပေးလိုက်တာက အကြောင်းမဲ့ ဟုတ်ဘူးလို့ မေမေထင်တယ်”

အကဲခတ်တော်နေတဲ့ မေမေ့စကားနောက်မှာ သူ့မျက်နှာ လိုက် နွေးလို့သွားသည်။

“သားရယ် သားက ဘာကိုမှ ရည်ရွယ်ချက်မဲ့ မလုပ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မေမေသိပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးချင်တယ်၊ သာသာ
လို မိန်းကလေးမျိုးနဲ့ နောက်တစ်ကြိမ်ဆုံရင် သား နောက်တစ်ခ
ဒဏ်ရာရမယ်၊ အရှက်လည်း ကွဲမယ်လေ၊ မေမေပြောတာ သား နာ
လည်မလား မသိဘူး''

သူ အလေးအနက် ခေါင်းညိတ်လျက် –

''စိတ်ချပါ မေမေရယ်''

''ကဲ သားလည်း စိတ်ပင်ပန်းနေပြီ၊ နားပါတော့''

သူ ခေါင်းအသာညိတ်လျှင် မေမေက ညင်သာဖွဖွလေး သူ
ခေါင်းကို ပွတ်သပ်၍ တိုက်ထဲဝင်သွားလေသည်။

မေမေ့စိတ်က လရောင်လို အေးမြကာ စကားဖြူပွင့်လေးတွေ
လို မွှေးပါ၏။

သို့သော်လည်း သူ့အတွက် မိခင်ပီသစွာ ရင်ပူသည်က မိခင်
တို့ ထုံးစံအတိုင်းလေ။

ပုလဲရင့်။ မင်းလေးဟာ ဒုတိယ သာသာတော့ မဖြစ်လောက်
ဘူး ထင်တယ်။

သူ ချက်ချင်း လက်ကိုင်ဖုန်းဖွင့်ကာ သူမကိုခေါ်ဖို့ လက်ချောင်း
လေးတွေက နံပါတ်ကိုနှိပ်မလိုလုပ်ပြီးမှ ပြန်ရုပ်၏။

ဒီအချိန်ဆို ဒင်းလေးက သက်တန့်ကျော်နဲ့။

သူ ခေါင်းတစ်ချက်ယမ်းမိသွားသည်။ စကားဖြူရွက်တွေကြား
မှ ဖြာကျနေတဲ့ လအလင်းရောင်ဟာ သူ့နှလုံးသားလိုပဲ။





ပြောက်တိပြောက်ကြား လင်းသလို မှောင်တဲ့နေရာ မှောင်လို့၊
စကားဖြူပင်တန်းအောက်မှာ လျှောက်နေရင်း သူ ဘာဆက်လုပ်သင့်လဲ
တွေးနေမိတဲ့ အခိုက်ဝယ် –

''တီ တီ တီ''

တယ်လီဖုန်း ဝင်လာသည်။ ပေဂျာပေါ်က နံပါတ်ကို ကြည့်
လိုက်တော့ ပုလဲရင့်။

နေပါစေတော့။ ဖုန်းကို ပြန်ပိတ်လိုက်၏။

မင်းနဲ့သက်တန့်ကျော် ပုံရိပ်က မျက်လွှာကို ဖောက်ခွဲမြင်ယောင်
လာတဲ့နောက်မှာ မင်းလေးအသံလည်း နားဆင်ဖို့ ခွန်အားမရှိတော့ပါ။

အဲဒါ ဘာကြောင့်လဲ စကားဖြူပန်းကလေးရယ်။

တစ်ဆိတ်လောက် အဖြေပေးကြစမ်းပါ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၉)

''ဘော့စ် နေမကောင်းဘူး၊ ဟုတ်လား မပုလဲ''

''အင်း''

''မပုလဲက ဘယ်လိုသိလဲ၊ ဘော့စ် နေမကောင်းတာကို''

ခွေးနီတို့ ဝိုင်းဝန်းစပ်စုကြပြန်သည်။ မပြောဘဲနေတော့လည်း

''ဘော့စ်မလာတာ အကြောင်းရှိမှာပေါ့ မပုလဲရဲ့၊ ဖုန်းဆက်ကြည့်ပါလို့''

သူတို့ပဲ ဝိုင်းပြောကြသည်။ ဝိုင်းပြောကြတာကို ပုလဲ လက်ခံပြီး ဖုန်းဆက်ပါသည်။ ဘော့စ်ဖုန်းက ဘယ်အချိန်ဆက်ဆက် ပိတ်လျက်၊ အဲဒါနဲ့ ဘော့စ်မိခင် ဒေါ်စကားဖြူဆီကို ဖုန်းဆက်မေးတော့ –

''သား နေမကောင်းလို့ပါ သမီးရယ်၊ စိတ်မပူပါနဲ့''





လို့ ပြေရာပြေကြောင်းပြောတော့ စိတ်အေးရပါ၏။ သက်သာပြီလား ဘာညာသိရအောင် ညက ဖုန်းဆက်ပါသေးသည်။

ဖုန်းဝင်လျက် မကိုင်ပေ။ ညဆိုတော့လည်း ဆေးသောက်ပြီး အိပ်လောက်ပြီ ထင်တာပေါ့။

ဒီမနက် စင်တာလာခါနီး ပြန်ခေါ်ပေမယ့် မရ။ ဧရိယာပြင်ပ ရောက်နေသည်တဲ့။ ဒါတော့ ပုလဲ မတတ်နိုင်ပါ။ ဘော့စ်က စင်တာကို ရောက်မလာတဲ့ မနက်တိုင်း ဒင်းတို့လေးတွေ တစ်မေးတည်း မေးကြသည်။ မေးကြလို့ ဖြေတော့လည်း ဘော့စ်နေမကောင်းတဲ့ကိစ္စ ဘယ်လိုသိလဲတဲ့။

မခက်ပေဘူးလား။ ပုလဲ စိတ်ထဲ ခံရခက်ခက် ဖြစ်လာသည်။

''ဟဲ့ ဘော့စ်မေမေဆီ ဖုန်းဆက်မေးလို့ သိရတာလေ''

''ဟယ်တော် ဘော့စ်မေမေနဲ့တောင် မပုလဲက ရင်းနှီးနေတယ်၊ ဟုတ်လား''

ပန်းကလေး တအံ့တဩပုံစံလေးနဲ့မေးသည်က နောက်ချင်စိတ်မျိုးဖြစ်မှန်း အားလုံးသိကြသည်။ ပုလဲလည်း ရိပ်မိတာပေါ့။ ဒါကြောင့် မျက်နှာလေး ထူပူသွားပြီး –

''ရှင်တို့ဟာလေ ပုလဲကို စဖို့ နောက်ဖို့ချည်းပဲ၊ ဒီမှာ ရှင်တို့ပဲ ဖုန်းဆက်မေးပါဆိုလို့ ပြောပြီတော့ ပုလဲရင့်က ဖုန်းဆက်တယ်၊ ရှင်တို့ ဘော့စ်ဖုန်းက အချိန်ပြည့် ပိတ်ထားတယ်၊ အဲဒါနဲ့ ဘော့စ်မေမေကို ဖုန်းဆက်မေးရတာပေါ့၊ ရှင်တို့ဘော့စ်ရဲ့ မယ်တော်ဘုရင်မကြီးက သား

www.burmeseclassic.com



တော်မောင် နေမကောင်းလို့ပါ၊ စိတ်မပူပါနဲ့တဲ့၊ ကဲ ရှင်းပြီလား''

''ခစ် ခစ် ခစ်''

ပုလဲ ခပ်ရွဲ့ရွဲ့လေးပြောလိုက်တော့ အားလုံး သဘောကျကာ ခစ်ခစ်မြည်အောင် ရယ်ကြ၏။ ပုလဲက ဆောင့်အောင့်လျက် မျက်စောင်း ထိုးလေပြီ။

''ဒါ ရယ်စရာလား''

''မပုလဲရယ် ချစ်လို့ စတာပါ၊ စိတ်မဆိုးပါနဲ့''

''စိတ်ဆိုးတာ မဟုတ်ဘူး၊ အမြင်ကတ်တာ''

''မပုလဲကလည်း ဝေစိုးတို့က ပျော်စရာအဖြစ် ပြောတာပါ၊ ဒါနဲ့ ဘောစ် ခုကော သက်သာပြီလား''

ဝေဝေစိုး အရယ်မျက်နှာပိုးလေးသတ်၍ မေးသည်။ အားလုံး မျက်လုံးတွေကလည်း ဒါပဲ စိတ်ဝင်စားလာတာမို့။

''အဲဒါတော့ သေသေချာချာ မသိသေးဘူး၊ ကိုယ်တိုင်သွား ကြည့်မှ သိမယ်လေ''

''ဒါဆို ဒီနေ့လည်း ဘောစ် စင်တာကို လာမှာမဟုတ်ဘူး ထင်တယ်''

မေသီရိ ထင်တဲ့အတိုင်း ပြောလျှင် –

''လာလာ မလာလာလေ၊ တာဝန်အရ စောင့်နေရမှာပေါ့''

''ဟုတ်တယ်လေ၊ ဘောစ်မလာတော့လည်း တစ်မျိုးကောင်း တယ်''





''ဘာဖြစ်လို့''

''ဘာဖြစ်ရမှာလဲ မပုလဲရဲ့၊ ဘောစ်မလာတာ စန်းစန်းရှင်တို့ နေရထိုင်ရ လွတ်လပ်ပေါ့ပါးတယ်လေ''

''ဟုတ်တယ်၊ အဲဒါကို ပန်းကလေး ထောက်ခံတယ်''

ဝန်ထမ်းတွေက သိတဲ့အတိုင်း ဘောစ်မလာတာကို ဘာရယ် ...ဟုတ် သဘောတွေ့နေကြသည်။ ပုလဲမှာသာ နေ့စဉ်ရက်ဆက် စာရင်း ...တွေ မအပ်ရသေးတဲ့အလုပ်က ဘောစ်မလာလေ ဝန်ပိနေလေ။

''အင်း ရှင်တို့ကတော့ ဟုတ်တာပေါ့၊ ပုလဲမှာ ဝန်ပိတယ်ဟဲ့''

''ဒါလည်း ဟုတ်တာပဲနော်''

ဆွေရီရီက စာနာဟန်လေးနဲ့ ဝင်ပြောသည်။

''ဒီနေ့မလာရင် ဘောစ်ကို လိုက်ကြည့်ဖို့ကောင်းနေပြီ မပုလဲ ...''

တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေတဲ့ ခရေလင်း ဝင်ပြော ...သည်။ အားလုံးကလည်း ခရေလင်းပြောတာကို လက်ခံပြီး ခေါင်း ညိတ်ငြ။

''ဟုတ်တယ်၊ သွားကြည့်သင့်တယ်၊ တော်ကြာ ညီမတို့ ဝန် ...မ်းတွေ လူမမှုရေးနားမလည်ဘူးလို့ ဘောစ်ထင်သွားရင် မကောင်းဘူး''

တိုးတိုးဆင့် ဝင်ပြောတာကို ပုလဲ အလေးအနက် ခေါင်းညိတ် ...လသည်။

''ညနေ စင်တာပိတ်ပြီးရင် ညီမတို့အားလုံး စုပြီးသွားကြရင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား 'မပုလဲ''

ဆွေရီရီ ပြောလာတော့ ပုလဲ ခေါင်းညိတ်ရပြန်သည်။

''အားလုံး သဘောတူညီနေမှတော့ သွားကြတာပေါ့၊ မဟုတ်ဘူးလား''

''ကောင်းတယ် မပုလဲရဲ့၊ ဒါမှ ဘော့စ်က ပီတိတွေဖြစ်ပြီ ထူထောင်လာမှာလေ၊ ဝန်ထမ်းမိန်းကလေးတွေ လူမှုရေးနားလည် လားလို့ အမှတ်ပေးမှာလေ၊ ဘော့စ် အမှတ်ပေးရင် အဲဒီအမှတ် မေတို့က မပုလဲကို ပြန်ပြီးပေးကြမယ်၊ သဘောတူကြလား''

''တူတယ်''

''ဟဲ့''

မေသီရိအပြောနောက်မှာ အားလုံးပြိုင်တူအော်ဟစ်ကြ အသံက စင်တာတစ်ခုလုံး လွှမ်းသွားကာ ပုလဲ ဟန့်လိုက်ပေမယ့် မ တော့ပါ။

''ရှူး တိုးတိုး၊ ဟိုမှာ''

ပုလဲ ပြူးပြူးပျာပျာနဲ့ ဆွဲလွဲပြောမှ အားလုံး မျက်လုံးတွေ ပြူးကာ အသံတွေ တိတ်ကျသွားလေသည်။

တစ်ယောက်နဲ့တစ်ယောက် အလုအယက်ပြောရင်း စကား ကြောမှာ မျောနေကြတာ အချိန်ကိုလည်း မေ့တ။ နာရီသံစဉ်ကိုလည်း သတိမထားမိဖြစ်လာသလို ဘော့စ်ဝင်လာတာကိုလည်း ဘယ်သူမှ မ လိုက်ပေ။





ရုတ်တရက် ဘွားခနဲ မြင်လိုက်ရမှ ကြက်သေ သေမတတ် ဖြစ်လျက်။

မနှစ်မြို့သလို စူးစူးရဲရဲရှိလှတဲ့ ဘော့စ်မျက်လုံးနဲ့ သိမ်းကျုံး စိုက်ကြည့်တာ ခံရလေမှ အားလုံး ပျာယာခတ်ကုန်သည်။

သက်ဆိုင်ရာကောင်တာတွေဆီ အပြေးအလွှား သွားကြတာ မျက်စိတကယ်နောက်လေသည်။

''ဦးနေသခင် သက်သာပြီထင်တယ်''

ပုလဲ အဆင်ပြေစေမယ့်စကားလုံး ရွေးလိုက်တော့ နေသခင် မျက်နှာ ပိုတင်းသွားလေသည်။ ဘာမှပြန်မပြောသလို ခြေလှမ်းတွေက ရုံးခန်းဆီ တန်းဝင်သွားသည်။

ပုလဲမှာသာ ရှေ့တိုးအခက်၊ နောက်ဆုတ်အခက်နဲ့ လက်ထဲ ဆွဲကိုင်လာတဲ့ သားရေအိတ်အနက်ရောင်က ဘော့စ် လွဲကိုင်သွားတဲ့ အတိုင်း တရမ်းရမ်းလှုပ်ခါပါသွားသလို ပုလဲလည်း ဘော့စ်ခြေလှမ်း နောက်က ပါသွားရတဲ့အဖြစ်။

စိတ်ထဲက ထိုမိန်းကလေးအုပ်စုကို ကျိတ်ပြီး ပွစိရွတ်နေသလို ပုလဲမျက်နှာလည်း ထားမတတ်အောင် ဖြစ်၏။

ရုံးခန်းထဲရောက်ရင် ဘယ်လိုရင်ဆိုင်ရမှာလဲ၊ ထိုသို့ တွေးပူ ရတာ တစ်ဒုက္ခ။

ရုံးခန်းထဲရောက်သည်နှင့် သူ့လက်ထဲက သားရေအိတ် စားပွဲ ပေါ်တင်ပြီး နောက်ပြန်လှည့်လျှင် ပုလဲနဲ့ မျက်နှာချင်းဆိုင် တိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ မလုံမလဲဖြစ်ပြီး ခြေတစ်လှမ်းနောက်ဆုတ်သလို သူ့အကြည့်ကိုလည်း ရင်မဆိုင်။

မသိမသာ မျက်နှာလေးလွှဲပြီး –

"မနက်စာ ပြင်ပေးပါ့မယ်"

လို့ပြောပြီး ရှောင်ထွက်ဖို့ ပုလဲ ခြေလှမ်းပြင်ပါသည်။ သို့သော် –

"မပြင်နဲ့"

တဲ့။

"ရှင်"

ပုလဲ မော့ကြည့်တော့ –

"ဆွေးနွေးစရာရှိတယ်၊ ထိုင်ဦး"

သူပြောပြီး ဆိုဖာဆုံလည်ထိုင်ခုံကြီးမှာ ဝင်ထိုင်လေသည်။ ပုလဲက သူ့ကို ငြင်းဆန်လို့ရမှာမှ မဟုတ်တာ။

သူက ထိုင်ဆိုတော့လည်း သူနဲ့ မျက်နှာချင်းဆိုင် ထိုင်ရလေပြီ။

ဘာကို ဆွေးနွေးမှာလဲကွယ်။ ပုလဲ ရင်တုန်လိုက်တာ တကယ်

✿ ✿ ✿



## အခန်း (၂၀)

"ဟင့် ဟင့် ဟင့် ပုလဲ၊ ဟီး"

ရှိုက်သံနောက်မှာ ပုလဲနာမည်လေး ခေါ်သည်။ တစ်ဆက်တည်းလည်း ထိန့်ကတုန်လှုပ်ကာ ဟီးခနဲ ငိုချလိုက်တဲ့ သံသာ့အသံလေး ပုလဲနားထဲ ဒိုင်းခနဲ ဝင်၏။

"ဟင် သံသာ၊ သံသာ ငိုနေတယ်၊ ဘာဖြစ်လို့လဲ သူငယ်ချင်းရယ် ပြောစမ်းပါ၊ ငိုမနေနဲ့လေ၊ ပြော သံသာ"

စိတ်ဆူသောအသံလေးနဲ့ ဖုန်းပြောနေတဲ့ ပုလဲရင့်။

"ဟဲ့ သံသာ ပြော၊ ပြောလေ၊ ဘာလို့ ဒီလောက်တောင် ငိုနေရတာလဲ သံသာရယ်"

ပုလဲရင့် ထပ်ဆင့်မေးသံနောက်မှာ ပါလာတဲ့နာမည်၊ သံသာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ထိုနာမည်က သူ့နားထဲ ကန့်လန့်ကြီးတိုးဝင်လာသလို ခံခက်ခက်ကြီးဖြစ်ကာ ကွန်ပျူတာရှေ့ထိုင်ပြီး ဒီဖိုင်းဆွဲနေဆဲမို့ mouse ကိုင်ထားတဲ့ သူ့လက်က အလိုလို တန့်သွားသည်။

"ဖြစ်မှဖြစ်ရလေ သံသာရယ်"

ယူကျုံးမရဖြစ်ဟန်နဲ့ ပုလဲရင့်ပြောသံ နားထဲဆောင့်ဝင်လာသည်။ ထိုအခါ သူ့မြင်လွှာမှာ ပုံရိပ်တစ်ခု ဘွားခနဲ ပေါ်လာကာ –

မျက်နှာပါးလေးမှာ ပြုံးကျယ်သယောင်ရှိသော မျက်လုံးဝိုင်းဝိုင်းလေးနှင့် ညို့ရီရီယူထားသော နှုတ်ခမ်းလေးရယ်၊ ပါးမို့မို့လေးလို ပန်းသွေးရင့်ရောင်ခြယ်လေ့ရှိသော ကာလာသွေးကြွနေသော ထိုမျက်နှာ။

ခရမ်းရောင်ဆေးဆိုးထားတဲ့ ဆံပင်တိုကို ထိုင်းအဆိုတော်မလေး မိုနာလို ဂျယ်အားကိုးနဲ့ လေပွေမွှေ့ထားသော ဒီဖိုင်းနှင့် အမူအရာ ဆတ်ဆတ်ကြွကြွဖြစ်နေသော မိန်းကလေး။

သူ့နှလုံးသားကို အစွန်းအထင်ဖြစ်စေသလို သူ့ဘဝကို အရှက်ရစေအောင်ပြုသွားတဲ့ ချာတိတ်မ။

မြင်လွှာထဲ ပေါ်လာတဲ့ရုပ်က နှလုံးသားကို အဆိပ်တက်စေသည်။ ရပ်တန့်သွားတဲ့လက်ဟာ နာကျင်မှုနဲ့အတူ ပြန်လှုပ်ရှားသည်က အခဲမကျေစွာ။

"ငိုမနေပါနဲ့ သံသာရယ်၊ စိတ်ကို တင်းထားမှပေါ့"

သူ အံကြိတ်လျက် –

"ပုလဲရင့်"





သူ့အသံကြီး ရှန်းခါပွင့်ထွက်သွားသည်က တုန်ခါစွာ။ ပုလဲဖုန်းပြောနေရာမှ လန့်ဖျပ်သွားကာ –

"ဒါပဲ သူငယ်ချင်း၊ ပုလဲ လာခဲ့မယ် သိလား၊ အားမငယ်နဲ့"

လို့ ကမန်းကတန်းပြောပြီး ဖုန်းပိတ်လိုက်ရသည်။ သူက အလုပ်ချိန်မှာ ကိုယ်ရေးကိုယ်တာဖုန်းပြောတာ လုံးဝမကြိုက်မှန်း ပုလဲသိပါသည်။

ဒါပေမဲ့ သူ ဒီဖိုင်းရေးနေတာမို့ ပုလဲ အခွင့်အရေးရသလိုဖြစ်ကာ နားနေခန်းထဲရောင်ဝင်ပြီး ပြောမိသည်။ ပြောမိတာကလည်း သံသာ့ဖုန်းမို့ပါ။

ခုတော့ ပုလဲစကားဖြတ်ကာ နားနေခန်းထဲက ထွက်လျှင် ကွန်ပျူတာရှေ့ထိုင်နေတဲ့ ဆုံလည်ထိုင်ခုံ လှည့်လာကာ မျက်နှာချင်းဆိုင်သလို ဖြစ်သွားသည်။

ပုလဲ ဆတ်ခနဲ ကိုယ်ရှိန်သတ်ပြီး –

"ပြော ပြောပါ ဦးနေသခင်"

"အလုပ်ချိန်ဆိုတာ မေ့နေလား ပုလဲရင့်"

"ဟို ဟိုလေ၊ ပုလဲသူငယ်ချင်းမို့ပါ"

"မင်းသူငယ်ချင်း ဟုတ်လား"

မနှစ်မြို့သံနဲ့ ခနဲ့သဲ့သဲ့ မေးလေသည်။ ပုလဲ ခေါင်းညိတ်လိုက်ပြီး –

"ဟုတ် ဟုတ်ပါတယ်၊ ကျောင်းတုန်းက သူငယ်ချင်း သံသာပါ"



www.burmeseclassic.com

www.burmeseclassic.com



“အဟွန့် သံသာ ဟုတ်လား”

“သံသာဦးပါ”

“ဘာ”

ဝုန်းခနဲပေါက်ကွဲသံက သူ့နှုတ်မှ ခုန်ထွက်လေလျှင် ပုလဲ အလိုလိုနေရင်း ခြေတစ်လှမ်း နောက်ဆုတ်မိလေသည်။

“အဲဒီသံသာဦးဆိုတာ သူလား”

သူ ကျောခိုင်းထားတဲ့ ကွန်ပျူတာဖန်သားပြင်ကို လက်မထိုး ပြီး ညွှန်ပြလျှင် ပုလဲ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဖန်သားပြင်မှာပေါ်နေတဲ့ မျက်နှာပုံလေးက သံသာမှ သံသာ ချွတ်စွပ်ရယ်။

နေပါဦး။ သံသာနဲ့ သူက ဘာလဲ။ ပတ်သက်မှုက ဘယ်အနေ အထားလဲ။ သေချာတာက အငြိုးအတေးတစ်ခု ရှိနေသည့်နှယ်။

“ပြောလေ သူလား”

သူ ထပ်မေးတော့ ပုလဲ ခေါင်းညိတ်မိသွားသည်။ ထိုအခါ သူ့မျက်နှာ ထက်ပိုင်းကျိုးသွားသည့်နှယ် ပုံပျက်ပန်းပျက်ဖြစ်လျက်။

“တောက်”

နာကျင်ခံပြင်းစွာ တောက်ခေါက်၏။ ပြီးတော့ ကွန်ပျူတာ ဖန် သားပြင်ဘက် ဆတ်ခနဲ ပြန်လှည့်၏။ mouse ကို ပြန်ကိုင်သည်။ ပုလဲက သူ ဘာလုပ်မှာလဲ သိချင်စိတ်ကလေးနဲ့ သံသာ့မျက်နှာပုံလေး ကြည့်နေမိ၏။





ထိုအခါ သူ့လက်လှုပ်ရှားမှုက မြန်ဆန်စွာ။ သံသာ့မျက်နှာပေါ် ကြက်ခြေခတ် အထပ်ထပ် ခြစ်ပစ်၏။

ပုလဲ ဘာကိုမှ နားမလည်နိုင်တော့ပါ။

သူနဲ့သံသာကြားက ဆက်ထုံးက ဘာလဲ။ ပုလဲ မသိပါ။ ပုလဲက သံသာနဲ့ ပထမနှစ် စတက်မှ ခင်မင်ခဲ့တဲ့ သူငယ်ချင်းပါ။ ကျောင်းတက် စကတည်းက သံသာက ယောကျ်ားယူပြီးသား။

ဆယ်တန်းတုန်းက သံသာ ရည်းစားထားဖူးတယ်လို့ တစ်ခါက ပုလဲကို ပြောဖူးတယ်။ သံသာ့ရည်းစားက သူလား။

မဖြစ်နိုင်တာဘဲ။ သံသာပြောတော့ သူ့ရည်းစားက ရုပ်ပဲ ချော တာ၊ အလကား ဖွတ်ကျားတဲ့။

“ကိုကိုက စက်ရုံပိုင်တယ်လေ၊ ပြီးတော့ သံသာ့ကို အလိုလိုက် တယ်၊ အသက်ကြီးတာကလွဲရင် ကိုကိုက သံသာ့ကို ဆိုရှယ်ကျကျ ထားနိုင်တယ်၊ ဒါကြောင့် ရည်းစားကိုချန်ထားပြီး ကိုကိုနဲ့ လက်ထပ် လိုက်တာ၊ သံသာကတော့ ဖိမ်ပဲလေ”

စည်းစိမ်ယစ်မူးသံနဲ့ ရင်ဖွင့်ပြောဖူးတဲ့ သံသာ့အကြောင်းက ထိုမျှသာ။

သံသာ့ရည်းစားက ဖွတ်ကျား။ သူက ဘော့စ်။ သံသာက စက်ရုံပိုင်ရှင် ဦးမိုးသားကို ယူထားတာ နှစ်တွေပင် မနည်းတော့။ သံသာ ပြဿနာအကြီးကြီးတက်လို့ စိတ်မကောင်းဖြစ်ရတဲ့ကြားထဲ သူက တစ်မှောင့်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဆက်စပ်တွေးလို့မရတဲ့အဆုံး အခဲမကျေစတမ်း သံသာမျက်နှာပုံပေါ် ကြက်ခြေခတ်တွေ ရေးဆွဲနေတဲ့သူကို နားလည်ရခက်စွာ ငေးကြည့်ရင်း သက်မ,ချရသည်က ရင်မောစွာ။

✿ ✿ ✿



အခန်း (၂၁)

"နုချက်ချင်း လည်ဆွဲဒီဇိုင်း အခုတစ်ရာပြည့်အောင် ဆွဲစမ်း"

တဲ့။ ပုလဲ မျက်လုံးမျက်ဆန်ပြူးသွားပါသည်။ မဖြစ်နိုင်တာကြီးလို့ ပြန်ကြည့်မိတဲ့ ပုလဲမျက်ဝန်းထဲ အမိပ္ပာယ်ကို သူ ဖတ်တတ်သွားသည်ထင့်။

"ဒီနေ့တစ်နေ့လုံး ဆွဲ,မပြီးရင် ညပါ ထိုင်ဆွဲ၊ တစ်ညလုံး ဆွဲ,မပြီးရင် နောက်တစ်နေ့ပါ ဆက်ဆွဲ၊ မပြီးမချင်း မင်းလက်က ဒီဇိုင်းတွေပဲ ဆွဲနေစေ"

မာပြတ်နေတဲ့ သူ့အမိန့်တွေက အငြိုးတွေကို လက်တုံ့ပြန်နေသည့်နှယ်။ ပုလဲ စိတ်ပျက်လက်ပျက် သူ့ကိုပဲ ငေးကြည့်နေမိတာ နာရီဝက်မကတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဖိုင်းတစ်ခုပြီးဖို့ဆိုတာ မလွယ်မှန်း သူ သိသိကြီးနဲ့။ ဒီဖိုင်
အခုတစ်ရာပြည့်အောင် နေ့နေ့ညည ထိုင်ဆွဲနိုင်းတာ ဘာသဘောလဲ

အကြောင်းတစ်စုံတစ်ခုကြောင့် ပုလဲကို တန်ပြန်နှိပ်စက်နေ
တာလား။ ပုလဲ ဘာကိုမှ ဆက်စပ်တွေးမရ ဖြစ်လေသည်။

“မင်းကို ကိုယ် ဒီဖိုင်းဆွဲနိုင်းတာ ကြားတယ်မဟုတ်လား”

နိုင်ထက်စီးနင်းလေသံမျိုးနဲ့ သူ ထပ်ပြော၏။ ပုလဲ တွေဝေ
ကြီးရပ်ပြီး သူ့ကို ငေးကြည့်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်ကာ ဖြစ်သင့်
ရာ ဖြစ်သင့်ကြောင်း ပြောဖို့ ပါးစပ်ပြင်မိပါသည်။ သို့သော် –

“မင်း ဘာမှထပ်မပြောနဲ့၊ ကိုယ်နိုင်းတာလုပ်၊ ဒါပဲ”

သူပိတ်ပြောပစ်တဲ့နောက်မှာ ပုလဲ ပါးစပ်ဟာခွင့်မသာတော့
ပုလဲလေ သူ့ကို ကြွေးတွေ လုပ်ဆပ်စရာမရှိရင် မဖြစ်နိုင်တာကို တင်
မယ်။ သူ မကျေနပ်လို့ အလုပ်ထုတ်ရင်လည်း ခံလိုက်ဖို့ စိတ်ထဲ
ဖြစ်တည်ပြီးသား။

ကြွေးကိစ္စ ကြားခံနေလို့သာပေါ့။ ဒီကိစ္စ ပုလဲ မကျေနပ်ပေမယ့်
ရင်ထဲမှာပဲထားရကာ မနာခံချင်တဲ့စိတ်နောက်မှာ ကိုယ်ပါရလေသည်

သူ့အလိုကျစေဖို့ ပုလဲ ချက်ချင်း စားပွဲရှေ့မှာ ဆောင့်အော
ထိုင်ချသည်။ နေရင်းထိုင်ရင်း ဒီလိုနိုင်းစေခြင်းခံရတာ သံသာနဲ့ ပ
သက်နေလို့လား။

သံသာ ဖုန်းဆက်လာပြီးကတည်းက သူ့ဘက်က တင်းမာနေ
တာလေ၊





သံသာ့ပုံကို ကြက်ခြေခတ် အထပ်ထပ်ခတ်ပြီးတဲ့နောက်မှာ
ပုလဲကို နိုင်းတာ လည်ဆွဲဒီဖိုင်းသစ် ပုံတစ်ရာပြည့်အောင် ဆွဲ။

တစ်ရာမပြည့်မချင်း နေ့နေ့ညည ထိုင်ဆွဲတဲ့လေ။ တမင်သက်
သက် မတရားနိုင်းနေမှန်း သိသာလျက်။

ဒါတင်မက သံသာ့အတွက်လည်း စိတ်သောကမရောက်ဘဲ
မနေနိုင်ပါ။ ဒီလိုအချိန်မှာကို ဘေးချင်းကပ်ထားပြီး ချော့မော့နှစ်သိမ့်
ပေးရမှာက သူငယ်ချင်းကောင်း ပီသစွာလေ။

ခုတော့ သူနိုင်းတာကြီး လုပ်နေရတဲ့အဖြစ်။ စိတ်က သံသာ့ဆီ
ရောက်လိုက်နှင့်။ သံသာအဖြစ်ကလည်း စိတ်ထိခိုက်စရာအဖြစ်ရယ်။

ဦးမိုး,သားပိုင်တဲ့ အထည်ချုပ်စက်ရုံမီးလောင်မှုဖြစ်လို့တဲ့။
စက်ရုံအလုပ်သမားတချို့ ဒဏ်ရာရပြီး အသေအပျောက်လည်း ရှိတယ်
တဲ့လေ။ အရေးထဲ ဦးမိုးသားက စက်ရုံမီးလောင်ထဲပါလို့ ဒဏ်ရာအကြီး
အကျယ်ရပြီး ဆေးရုံရောက်နေတဲ့အဖြစ်။

သွေးတိုး၊ ဆီးချို၊ နှလုံးစတဲ့ ရောဂါအခံရှိနေတဲ့ ဦးမိုးသားဟာ
မီးလောင်မှုမှာရရှိတဲ့ ထိခိုက်ဒဏ်ရာတွေနဲ့ပေါင်းပြီး စိုးရိမ်ရတဲ့အခြေ
အနေမှာတဲ့။

သံသာခမျာ ဘာမှ လုပ်မတတ် ကိုင်မတတ်နဲ့။ ငိုလို့ချည်းနေ
တာ ပုလဲ သနားမိပါသည်။ အနီးကပ်လည်း အားပေးချင်ပါသည်။

ဖုန်းဆက်နေရင်း သူ့ကို အကျိုးအကြောင်းပြောပြပြီး သံသာ့
ဆီ ချက်ချင်းလိုက်သွားမယ်လို့ စိတ်ကူးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခြေအနေက ထင်သလိုဖြစ်မလာ။

သံသာနဲ့ ဖုန်းစကား ဆုံးအောင်ပင် မပြောလိုက်ရပါ။ သူ့ဘက်က မုန်တိုင်းထန်တဲ့နောက်မှာ ဒီဖိုင်းတွေဆွဲနိုင်းခြင်းနဲ့ ပုလဲကို နှိပ်စက်နေတဲ့ သူ့အတွက် နားလည်လို့မရစွာ။

တကယ်ဆို ဒီဖိုင်းကိစ္စ ဆွေးနွေးကြစဉ်တုန်း သူ ဒီလိုမျိုး တင်းကြမ်းအမိန့်ပေးတာ မဟုတ်သလို နွေးနွေးညည မပြီးတမ်းဆွဲရလို့ မတရားနိုင်းတာလည်း မဟုတ်ခဲ့ပါ။

ဆွေးနွေးကြစဉ်တုန်းက သူ့ဘက်က တည်တည်ငြိမ်ငြိမ်ရယ်။

"ဥရောပက ရတနာကုန်သည်တချို့က လက်ဝတ်ရတနာဒီဖိုင်းသစ် လိုချင်တယ်တဲ့"

"ဘယ်လိုဒီဖိုင်းမျိုးလဲ"

အလုပ်ကိစ္စမို့ ပုလဲလည်း စိတ်ဝင်တစား မေးဖြစ်ပါတယ်။ သူကလည်း စိတ်ရှည်လက်ရှည် ပြောတယ်လေ။

"ဥရောပဒီဖိုင်းတွေက သူတို့အမြင်မှာ ရိုးနေတယ်၊ ဒါကြောင့် ကိုယ်တို့အရှေ့တိုင်းရဲ့ဒီဖိုင်းကို အခြေခံပြီး ဥရောပကြိုက်တဲ့ဟန်ဖြစ်အောင် ဖန်တီးရမယ်၊ အဲသလို ဖန်တီးတဲ့ဆီမှာ သူများဖန်တီးပြီးတဲ့ ဒီဖိုင်းမျိုးနဲ့ ဆင်ဆင်တူတာမျိုးတောင် မဖြစ်စေရဘူး၊ ကြည့်လိုက်တာနဲ့ New မှန်း သိသာရမယ်"

ပုလဲ ခေါင်းညိတ်မှတ်သား၍ သူ ဆက်ပြော၏။

"နောက်တစ်ခု သတိထားရမှာက ဒီဖိုင်းက New ဖြစ်ပေမယ့်





အမြင်ရိုးသလိုမဖြစ်စေဖို့ အရေးကြီးတယ်၊ သဘောကတော့ မြင်တာနဲ့ ဆွဲဆောင်မှု ရှိနေရမယ်၊ ဝင့်ဝင့်ထည်ထည်ရှိရုံမက တကယ်ပွဲကြီးတွေမှာ ဝတ်ဆင်မယ့်စံချိန် ရှိရမယ်၊ အဲလိုပွဲကြီးတွေမှာ ဝတ်ဆင်တဲ့အခါ သူများ ဝတ်ဆင်ထားတဲ့ လည်ဆွဲဒီဖိုင်းထက် ပိုထင်ပေါ်ရမယ်ပေါ့"

"ဟုတ်၊ ပုလဲ ကြိုးစားကြည့်ပါ့မယ်"

"ဒီဖိုင်းအရင်လုပ်ပြီးမှ ကျောက်မျက်ရတနာတွေရဲ့ ဘယ်အရောင်အသွေး သုံးမလဲဆိုတာ နောက်မှစဉ်းစားကြမယ်"

"ဒီဖိုင်းဘယ်နှခုလောက် လိုမလဲ"

"လိုတာက သူတို့မှာတဲ့အရေအတွက် အတိအကျပေးရမယ်၊ ဒါပေမဲ့ ဒီဖိုင်းဆွဲတဲ့ဆီမှာတော့ အများကြီး ဆွဲရမယ်၊ ဆွဲထားပြီးတဲ့ ဒီဖိုင်းတွေထဲကမှ ဆန်ခါတင်ပြန်ထုတ်မယ်၊ ကိုယ်လည်း ဆွဲမယ်၊ မင်းလည်း မင်းစိတ်ကူးထဲ ရှိသလောက်ဆွဲ၊ ပြီးရင် ကိုယ်တို့ဒီဖိုင်းနှစ်မျိုးကို ပြန်စစ်ကြည့်မယ်၊ စစ်ကြည့်ပြီးတဲ့အခါ လိုအပ်တာ ဖြည့်စွက်တာတို့ ပေါင်းစပ်ဖန်တီးသင့်ရင် ဖန်တီးတာမျိုးတို့ လုပ်ရမယ်"

"အဲဒါဆိုရင် ပုလဲကို ဥရောပဒီဖိုင်းနဲ့ ပတ်သက်တာတွေရှိရင် ပေးနိုင်လေ"

ပုလဲ ပြောလို့ပင် မဆုံးသေးပါ။ စင်တာလာတုန်းက သူဆွဲလာတဲ့ သားရေအိတ်ထဲက ဥရောပရတနာဒီဖိုင်းကက်တလောက်စာအုပ်ကြီး ထုတ်ပေးသည်။

"အရှေ့တိုင်းရဲ့နာမည်ကြီး လည်ဆွဲဒီဖိုင်းတွေလည်း ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦး''

သူ ဆက်ပြောရင်း အရှေ့တိုင်းလည်ဆွဲဒီဖိုင်းစာအုပ် ထုတ်ပေးပြန်သည်။

''အဲဒီက ဒီဖိုင်းတွေကိုကြည့်ပြီး မင်းစိတ်ကူးထဲ ပေါ်လာတဲ့ ဒီဖိုင်းတွေ ဆွဲပေါ့၊ သူတို့လိုချင်တဲ့ဒီဖိုင်းက Hand made လေ၊ ကွန်ပျူတာဒီဖိုင်းက သူတို့အတွက် ရိုးနေပြီ၊ စိတ်ကူးကောင်းကောင်းလေးနဲ့ ဆွဲပေါ့၊ ဟုတ်ပြီလား''

ပုလဲ ခေါင်းညိတ်တဲ့နောက်မှာ သူက စိတ်လက်ကြည်သာစွာပဲ ကွန်ပျူတာရှေ့ ပြောင်းထိုင်သည်။ ပုလဲက ပုလဲထိုင်နေကျ အလုပ်စားပွဲသွားပြီး ဒီဖိုင်းတွေ စိတ်ဝင်တစားကြည့်ကာ။ ဒီဒီဖိုင်းတွေကို အခြေခံပြီး ဘယ်လိုဒီဖိုင်းမျိုး အသစ်တွင်ရမလဲလို့ စိတ်ကူးထဲမှာ ပုံဖော်နေတုန်း သံသာ့ဆီက ဖုန်းဝင်လာတာပဲ။

အဲဒီနောက်မှာ သူ့ဘက်က ချက်ချင်းပြောင်းလဲသွားတာ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုနှယ်။

ဘယ်လိုအကြောင်းကြောင့်လဲ၊ ပုလဲ ဆက်တွေးတော့လို့ မရနိုင်တော့ပါ။

လက်ရှိခံစားနေရတာက သူ့ရဲ့ မတရားနိုင်းစေခြင်းအပေါ် ခံပြင်းနေသည်။ သံသာအတွက် ရင်မှာ ပူပန်နေသလို၊ သံသာရဲ့ပုံကို ကြက်ခြေခတ်တွေခတ်ပစ်တဲ့ သူ့စိတ်ကို နားမလည်အောင်ဖြစ်ရတဲ့ ခံစားမှုတွေ ပုလဲရင်မှာ ရှုပ်ရှုပ်ထွေးထွေးနှင့်။





သူနိုင်းသမျှကို ဒီဖိုင်းရေးဆွဲနေတာ အံကြိတ်လျက်။

နေသခင် –

ရှင်ဟာ ပုလဲအတွက် ဦးနှောက်ရော ရင်ဘတ်ပါ ပူလောင်စေတယ်ရှင့်။ အဲဒီပူလောင်မှုတွေအတွက် ရှင့်ကို လုံးဝမကျေနပ်ဘူး။

မကျေနပ်ဘူးရှင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ပုလဲ ပုံတူပန်းချီကားလေးကို မော့ကြည့်ရင်း ပုလဲစိတ် မွန်းကျပ်မှုကို ထွက်ပေါက်ပေးမိ၏။

ဘယ်သူပေးမှန်းမသိတဲ့ ပန်းချီကားလေးရယ်၊ ပုလဲရင်ထဲတကယ် ရောက်နေပါပြီ။ ၂ ဆိုတာက ပန်းချီဆရာရဲ့နာမည်လား။ ဒါမှမဟုတ် ဒီပန်းချီကား ကိုယ်တိုင်ရေးသူရဲ့ နာမည်အတိုကောက်လား။ ပုလဲစိတ်ကူးအတွေးတွေထဲမှာ ရှုက်လှှင့်ကာ။

ဖျတ်ခနဲဆို မြင်မိတာက ဒီဖိုင်းဆွဲနေရင်းတန်းလန်း သံသာ့နာမည်ကို ကြားမိသည်နှင့် သံသာ့ပုံကို ကွန်ပျူတာမှာ လက်တန်းရေးဆွဲလိုက်တဲ့သူက ပန်းချီလေလား။ ဒါမှမဟုတ် ပန်းချီဆွဲဝါသနာရှင်လေလား။





ဘာမှမဆိုင်ပေမယ့် ပုံတူပန်းချီကားလေးကိုကြည့်ရင်း သူ ဆွဲပြီး သူကိုယ်တိုင် ကြက်ခြေခတ်ပစ်လိုက်တဲ့ သံသာ့ပုံလေးကို မြင်ယောင်လာရင်း ဆက်စပ်မတွေးနိုင်ဖြစ်လျက်။

ရင်မှာ မောနေရသည်က ခုချိန်ထိ။

သူဆွဲခိုင်းတဲ့ လည်ဆွဲပုံတွေကို တစ်ညလုံး ထိုင်ဆွဲ၏။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်ကာ။ ပြန်နိုးလာတော့လည်း ဆက်ဆွဲဖို့ စားပွဲနားထိုင်လျှင် ပုံတူပန်းချီကားကိုကြည့်ရင်း ပုလဲ ဒီဖိုင်းဆွဲဖို့ အားမွေးရပြန်သည်။

ဝန်ထမ်းဖြစ်ရတဲ့ဘဝ၊ ပြီးတော့ ကြွေးတွေရှိနေတဲ့ အနေအထား၊ မွန်းကျပ်နေတဲ့စိတ်နဲ့အတူ ပုံတူပန်းချီကားကိုကြည့်ရင်း စိတ်ဖြေရာရသလိုလည်း ခံစားရကာ –

ပန်းချီကားပို့ပေးသူ ဘယ်သူမှန်းမသိပေမယ့် စိတ်မှန်းနဲ့ ကျေးဇူးတင်လျက် ''ကျေးဇူးတင်ပါတယ် ဂျေရယ်'' လို့ ရေရွတ်မိလေသည်။

သံသာ့ပုံကို ရေးဆွဲပြီး ကြက်ခြေခတ်ခြင်း အထပ်ထပ်ခံရတဲ့ အဖြစ်ကိုလည်း ဝမ်းနည်းသလို ရှိလာသည်။

ထိုအခါ စိတ်က သံသာ့ဆီ ရောက်ပြန်သည်။

ခုချိန်မှာ သံသာ ဘယ်လိုနေမလဲ။ သံသာ့ဆီ အတွေးဆန်ရောက်သွားပြန်သည်။

သံသာရယ် –



www.burmeseclassic.com

www.burmeseclassic.com



သံသာကို ပုလဲ ဥပေက္ခာပြုသလို ဖြစ်နေမလား။ နေပါစေလေ။ အားငယ်နေတဲ့သူငယ်ချင်းကို သွားတွေ့ပြီး အားပေးဖို့လိုတယ်။ ဒါပေမဲ့ သူရေးဆွဲနိုင်းတဲ့ ဒီဇိုင်းတွေ မပြီးသေးပါဘူး။

ခဏလေးဖြစ်ဖြစ် ပုလဲ သွားအားပေးမှပေါ့။ စိတ်ဦးဆောင်တဲ့နောက် ပုလဲကိုယ်လေး ပါသွားကာ။

✿ ✿ ✿



## အခန်း (၂၃)

"သံသာရယ်"

ပုလဲရင်ထဲမှာ တကယ်ပင် ဆို့နင့်လို့သွားသည်။ ဖက်ရှင်အသစ်နဲ့ အစဉ်အမြဲ ကြော့မော့လန်းဆန်းနေသလို ပြည့်စုံတဲ့ စည်းစိမ်အပေါ် ပုပင်ကြောင့်ကြကင်းစွာ ဝင့်ဝင့်ကြွကြွနေလာတဲ့ သူငယ်ချင်းရယ်။

ခုတော့ ရိက်ပိုင်းအတွင်း ညှိုးချုံးကာ မျက်ရည်လည်ရွဲနဲ့။ ပုလဲကိုမြင်သည်နှင့် ဝင်ဖက်လျက် ငိုချလေသည်။

"ဟီး"

"သံသာရယ် စိတ်ထိန်းမှပေါ့ကွယ်"

ပုလဲ စာနာစွာပြောရင်း ဖျောင်းဖျလျက် သံသာ့မျက်ရည်တွေကို တယုတယ သုတ်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာလာခြယ်မျက်နှာလေးနဲ့ အမြဲတမ်း အလှသွေးကြွယ်ခဲ့တဲ့ သံသာ။ ခုတော့ ဆန့်ကျင်စွာ။ မျက်ရည်တသောသော ကျနေသည်က အရွယ်လေးနဲ့ မလိုက်ဖက်ရှာ။

"ဟင့် ဟင့် သံသာ ဘယ်လိုဖြေရမလဲ သူငယ်ချင်းရယ်"

"သံသာရယ် သူ့အလိုလိုဖြစ်လာတဲ့ ကံကြမ္မာကို ဘာနဲ့တား ဆီးလို့ရမှာလဲကွယ်၊ လက်ရှိဖြစ်နေတဲ့ အနေအထားကို ရင်ဆိုင်ဖို့ အား မွေးရမှာပေါ့"

"အားမွေးဖို့ ဟုတ်လား ပုလဲရယ်၊ သံသာ ဘယ်လိုအားမျိုး မွေးရမှာလဲ၊ ဟင့် ဟင့်"

သံသာ ခံစားနေရတာကိုကြည့်ပြီး ပုလဲ တကယ်ထိနိုက်မိ သည်။ သံသာက ငိုငိုယိုယိုဖြစ်လျက်ပင် ရင်ဖွင့်လေသည်။

"ကိုကိုရှိနေရင် သံသာ ဘာပဲဖြစ်ဖြစ် သတ္တိမွေးရပါတယ် အခု ကိုကို မရှိတော့ဘူး ပုလဲရဲ့၊ ဟင့် ဟင့် ဟင့်"

"ပုလဲလည်း စိတ်မကောင်း ဖြစ်ရပါတယ်ကွယ်"

"ဟင့် ဟင့် ကိုကိုက ဆေးရုံရောက်ပြီး တစ်ရက်ပဲကြာတယ် ဆုံးသွားတာလေ"

"သံသာရယ်"

ပုလဲ ကြင်နာစွာ သံသာကို တိုးဖက်ထားမိလေသည်။ သံသာ ကိုယ်လေး ထိနိုက်ကြေကွဲတာနှင့် သိမ့်သိမ့်တုန်ကာ။

"ကိုကိုမရှိတော့ သံသာ ဘယ်လိုရင်ဆိုင်ရမလဲဟင်၊ သံသာ





မှာ လူမမယ်သမီးလေး ရှိတယ်၊ ပြီးတော့ နောက်ထပ် ကိုကို့ရင်သွေးလေး က သံသာ့ရင်ခွင်ထဲမှာ လသားရယ်၊ ဟင့် ဟင့်"

ဟုတ်ပါရဲ့။

ခုမှ ပုလဲ သတိထားမိပါသည်။ သံသာရဲ့ဝမ်းဗိုက်မှာ ဒုတိယ ကိုယ်ဝန်က ပူထွက်စရယ်။ ပုလဲမှာ ပို၍ ပင်ပန်းမွန်းကျပ်လို့လာသည်။ သံသာ ခံစားရမယ်ဆိုလည်း ခံစားလောက်ပါပေတယ်။

"စက်ရုံကလည်း မီးထဲပါသွားတယ်လေ၊ လျော်ကြေးပေးရမယ့် ကိစ္စတွေလည်း ရှိသေးတယ်၊ သံသာတို့ အခုနေတဲ့တိုက်က စက်ရုံ အတွက် ငွေလိုလို့ ကိုကိုပေါင်နှံထားတာ လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက သူငယ်ချင်းရဲ့၊ ဟင့် ဟင့်"

"ဘုရားရေ"

ပုလဲရင်ခွင်မှာ မီးတောက်ကြီးပြေးဝင်လာသည့်နှယ် ပူလောင် လို့ သွားလေသည်။ သံသာ့မိဘက အခြေကြီးအနေကြီး မဟုတ်ဘူးဆို တာ ပုလဲ သိနှင့်တယ်မဟုတ်လား။

အသက်က ငယ်ငယ်။ ကလေးက တစ်ယောက်။ ကိုယ်ဝန်က ရှိသေး။ နေစရာတိုက်ကလည်း အပေါင်ခံ။ စက်ရုံကလည်း မီးလောင်။ အမှုကိစ္စ လျော်ကြေးပေးရမှာတွေနဲ့။ ဘုရား ဘုရား။ ပုလဲ ခံစားခဲ့ရတဲ့ သောကထက် ပိုနေပါလားကွယ်။

"ကိုကို့အသက်က အရင်က အခြေခိုင်ပေမယ့် နောက်ပိုင်း သူ့ဖို့ လည်း သိပ်မပြေလည်ကြဘူး။ ယောက္ခမတော့ ရှိပါတယ် အန်တီကလည်း



www.burmeseclassic.com

www.burmeseclassic.com



နလုံးရောဂါနဲ့၊ ကိုကိုပဲ အန်တီ့ကို တာဝန်ယူထားရတာလေ၊ ခုတော့ ကိုကို့မာမီရယ်၊ သံသာတို့သားမိရယ်၊ ဘယ်လိုရှေ့ဆက် ရှင်သန်ရမလဲ ဟင်''

ပုလဲ အသက်အောင့်ထားမိသည်။

ဦးမိုးသားမာမီ ဒေါ်သီသီသော်ခမျာလည်း ယူကျုံးမရ ထိုင်ကြေကွဲစွာ ငိုယိုလျက်။ သုံးနှစ်ရွယ် သံသာ့သမီးလေးကို ရင်ခွင်မှာ ပွေ့ပိုက်ကာ။ ငိုနေရှာတဲ့မြေးကို ချော့ရင်း သူမလည်း ငိုလို့မဆုံး ဖြစ်နေသည်မဟုတ်လား။

သူငယ်ချင်းအဖြစ်က ခံစားမိလေ စိတ်ကိုထိနိုက်လေ။

''သံသာ တွေးရင်းတွေးရင်း ရင်ကွဲတယ် သူငယ်ချင်းရယ် သံသာလေ ဒီသောကတွေကို ရင်ဆိုင်ဖို့ ဘယ်ခွန်အားတွေနဲ့ ရပ်တည် ရမလဲဟင်၊ အကြံကောင်းလေးပေးပါ သူငယ်ချင်းရယ်၊ ဟင့် ဟင့် အစကတည်းက ပုလဲလိုဖြစ်လာသမျှ ရင်ဆိုင်ရဲတဲ့သတ္တိရှိရင် သိပ်ကောင်း မှာပဲလို့၊ ခုတော့ မထင်မှတ်ထားတဲ့ ကံကြမ္မာဆိုးက သံသာ့ဘဝ သောကပင်လယ်ထဲ မျှောချလိုက်သလိုပဲ သူငယ်ချင်းရယ်၊ သံသာ ဘယ် ဖြေသိမ့်နိုင်မှာလဲ၊ ပြောပါကွယ်၊ ဟင့် ဟင့်''

ဖိမ်ကျကျနေချင်လို့ အသက်ကြီးကြီး စက်ရုံသူဌေးကို ယူ ဘဝကို ကြော့ကြော့မော့မော့နေလာတဲ့ သံသာရယ်လေ။

ခုတော့ –

''သံသာ့ကို ခွန်အားသစ်တွေပေးပါ ပုလဲရယ်၊ ပုလဲမာမီ





၏ ကြေးတွေနဲ့ ပတ်လည်ဝိုင်းပြီး သောကရောက်နေတုန်းက ပုလဲ ရင်ဆိုင်ဖြေရှင်းခဲ့တဲ့ သတ္တိခွန်အားမျိုး သံသာ့ကို ပေးပါ သူငယ်ချင်းရယ်၊ ဟင့် ဟင့် ဟင့်''

သံသာ ငိုရင်းပြောလေ ပုလဲလည်း စိတ်ထိနိုက်ကာ မျက်ရည်တို့ ကျလေ။ ဒါပေမဲ့ သောကဟာ မျက်ရည်ကျရုံလောက်နဲ့ အဆုံးသတ်ထားလို့ ပြီးမှာမှမဟုတ်တာ။

ပုလဲမျက်ရည်တွေကို ပုလဲ ပြန်သုတ်သလို၊ သူငယ်ချင်းမျက်ရည်တွေကိုလည်း စာနာစွာ သုတ်ပေးမိပြီး –

''ကဲပါ သံသာရယ် ဖြစ်လာမှာတော့ ရင်ဆိုင်ရတော့မှာပေါ့''

''ဟင့် ဟင့် ဘယ် ဘယ်လိုရင်ဆိုင်မလဲ သူငယ်ချင်းရယ်၊ အခု ကိုကို့အသုဘအတွက် ကုန်ကျမယ့်စရိတ်တောင် ဟင့် ဟင့်၊ သံသာ့မှာ သံသာ့မှာ မရှိဘူး သူငယ်ချင်းရဲ့၊ ဟင့် ဟင့်''

''ဖြစ်ရလေဟယ်''

''ဟုတ်တယ် သူငယ်ချင်းရယ်၊ သံသာလေ ကိုယ်ကိုယ့်ကိုယ် ခုလို ပြည့်စုံခဲ့ပေမယ့် အများအမြင်မှာ ပိုပြီးပြည့်စုံနေတယ်လို့ထင်အောင် ဟန်အပြည့်၊ မာန်အပြည့်နဲ့ နေလာခဲ့တာ၊ ခုတော့ဟယ် ဟင့် ဟင့် ဟင့်''

''တိတ်ပါတော့ သူငယ်ချင်းရယ်၊ အန်တီတို့နဲ့တိုင်ပင်ပြီး စီစဉ်စရာရှိတာ စီစဉ်ကြတာပေါ့ကွယ်''

''သူငယ်ချင်းပဲ ဦးဆောင်ပေးပါနော်၊ နော် ပုလဲ ပုလဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ သံသာ့အတွက် တကယ့်ခွန်အားစစ်စစ် ရလိုက်သလိုပါပဲ၊ သံသာ့ကို ပစ်မထားပါနဲ့နော်၊ သံသာ့ကို ကူညီပါ သူငယ်ချင်းရယ်၊ ကူညီပေးပါ၊ ဟင့် ဟင့် ကိုကိုရေ၊ ဟင့် ဟင့်''

ပြောနေရင်း ဆိုနေရင်း သံသာ့မျာ ဦးမိုးသားကို တပြိုးငိုလေသည်၊ တစ်ဖက်မှာ အန်တီနဲ့သံသာ့သမီးလေးလည်း ကြေကြေကွဲကွဲ ငိုနေကြတော့ ပုလဲလည်း ဘယ်လိုမှ တောင့်မခံနိုင်တော့ပါကွယ်၊

သူငယ်ချင်းအတွက် ငိုချင်းချမိတဲ့အဖြစ်။

ခုချိန်မှာ ပုလဲခံစားမိတာက သူငယ်ချင်းအတွက်သာ။ အလုပ်ကိစ္စနဲ့ ဘာညာအားလုံးကို မေ့လျက်။

ကံကြမ္မာရယ် ပုလဲကို မငြိုငြင်ပါနဲ့။

✿ ✿ ✿



## အခန်း (၂၄)

''မင်းရဲ့သာသာ့သတင်း ကြားပြီးပြီလား''

''ဘာပြောတယ်ကွ''

ဇော်ထိုက်လှမ်းမေးလျှင် နေသခင် ဒေါသ ထောင်းခနဲ ထလေသည်။ ကျော်လေးနဲ့ကိုကိုနိုင်က ဇော်ထိုက်ကို မျက်နှာအမူအရာနဲ့ ကမန်းကတန်း ဟန့်ကြ၏။

''မင်းကလည်းကွာ စကားပြောရင် ရိုက်ပေါက်ကြီးပဲ''

''ဟ ကိုယ် ဘာပြောမိလို့လဲ''

ဇော်ထိုက် စောဒကတက်ချင်ချင် မေးသည်။

''ကျွတ်၊ ဇော်ထိုက် မင်း စကားပြောအပေါက်အလမ်းမတည့်လို့ သူငယ်ချင်းအချင်းချင်း တစ်ခါတင်းကြပြီးပြီ မဟုတ်လား''

www.burmeseclassic.com



ကျော်လေး ဝင်ပြောတော့ ဇော်ထိုက် သဘောပေါက်သွားသည်။ လက်သီးကို တင်းအောင်ဆုပ်ထားသေးတဲ့ နေသခင်ကို လှမ်းကြည့်ပြီး –

“ဆောရီးကွာ”

အသံနိမ့်နိမ့်ကာ တောင်းပန်သယောင်ဆိုသော်လည်း နေသခင် ဒေါသမျက်နှာက အရောင်ထွက်နေဆဲ။

နှစ်ယောက်ကြား တင်းမာနေတဲ့အခြေအနေကို ကျော်လေးနဲ့ကိုကိုနိုင် ပြန်လည်စေ့စပ်တွေ့ဆုံပေးခါမှ ပြန်လည် တင်းမာလာမယ့်အခြေအနေနဲ့ ကြုံရပြန်သည်။

“ကျွတ် ဇော်ထိုက် မင်း စကားပြောဆင်ခြင်စမ်းပါကွာ”

“မင်းတို့သဘောကွ”

ဇော်ထိုက် ပြီးပြီးရောဆိုတဲ့သဘောနဲ့ လွယ်လွယ်ပြောလိုက်သည်။ ဘီယာဂျားထဲက ဘီယာတစ်ဖန်ခွက်လောက် ငှဲ့ထည့်၏။

နေသခင် ဒေါသပြေစေဖို့ ကျော်လေးက ဇော်ထိုက်ကို မျက်[illegible]နှဲ့ဆိုသည်။ မင်း ငှဲ့ထားတဲ့ဖန်ခွက် နေ့ကို ကမ်းပေးလိုက်ဆိုတဲ့သဘော[illegible]

ဒီတစ်ခါ ဇော်ထိုက် မငြင်းပါ။ ဘီယာဖန်ခွက် ‘နေ့’ [illegible] ကမ်းပေး၏။ နေ မျက်နှာလွှဲလျှင် –

“နေ သူငယ်ချင်းအချင်းချင်းကွာ၊ ယူပါကွ”

ကိုကိုနိုင် ဘေးချင်းကပ်ထိုင်နေရာမှ ဝင်ပြောသည်။

“ယူလေ နေ”





ဇော်ထိုက် အတင်းမေးပြန်သည်။ နေသခင် လက်သီးဆုပ် မပြေသေး။

“ယူလိုက်ပါကွာ”

“သူငယ်ချင်းတွေပဲ ယူလိုက် နေ”

ကျော်လေးနဲ့ကိုကိုနိုင် တွန်းတွန်းထိုးထိုးနဲ့ ပြန်သင့်မြတ်ဖို့ တိုက်တွန်း၏။

နေ့ရင်ထဲက ဒေါသက မပြေသေး။

“ယူပါကွ”

ဇော်ထိုက် ကိုယ်ကိုကိုင်း၍ နေ့လက်သီးဆုပ်ကို ဆွဲယူပြီး အတင်းထည့်ပေး၏။ ထိုအခါ နေသခင် လက်သီးဆုပ်က ဖြည်မချချင် ပေမယ့်လည်း ဖြည်ပေးရကာ ဇော်ထိုက်ထည့်ပေးတဲ့ ဘီယာခွက်ကို မလိုချင်ဘဲ ဆုပ်ကိုင်လိုက်ရသည်။

“ဒီလိုမှပေါ့ကွ”

ကျော်လေးနဲ့ ကိုကိုနိုင် အသံတစ်ပြိုင်တည်း ထွက်၏။ ဇော်ထိုက်မျက်နှာလည်း ခုမှပဲ ပုံမှန်ဖြစ်၏။ နေသခင် ဒေါသမျက်နှာ အရောင် ဖျော့ကျသွားသည်။

ဒါပေမဲ့ လုံးလုံးလျားလျား အခဲမကျေနိုင်သေးပါ။

ဇော်ထိုက်ကမ်းပေးသည့် ဘီယာခွက်ကို နေသခင် လက်ခံလိုက်ပြီဆိုကတည်းက ကြည်လင်ခြင်းအထိမ်းအမှတ်ဖြစ်မှန်း သူငယ်ချင်းအားလုံး သဘောပေါက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဆိုလိုတာက တခြားပါကွ"

ဇော်ထိုက် စကားစလျှင် –

"ဘာကိုလဲ"

ကျော်လေး ဘီယာခွက်ကိုင်ရင်း မေးသည်။ ဇော်ထိုက်က နေ့မျက်နှာကို တွေးတွေးဆဆ ပြန်ကြည့်ပြီး စကားလုံးကို ဖော့ဖော့လေး ပြောသည်။

"ဒီလိုကွာ၊ ကိုယ်တို့ကြားမှာ သာသာ့ကိစ္စက ခုချိန်ထိ လတ်လတ်ဆတ်ဆတ် ဖြစ်နေသေးတာ"

"အဲဒါ ဘာဖြစ်လဲ"

နေ ခပ်ဘုဘုမေး၏။ ကိုကိုနိုင်က ဝင်ထိန်းတဲ့သဘောနဲ့ လက်ဟန့်ပြီး ပြောသည်။

"ဒီလိုကွ နေရ၊ ဇော်ထိုက်သဘောက ရှင်းရှင်းလေးရယ်၊ လက်ရှိ သာသာ့ဘဝအခြေအနေကို ပြောချင်တာ"

နေ့လက်ထဲက ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချ၍ –

"ဘာလဲ၊ အဲဒီမိန်းမမျက်ရည်ကို ကိုယ် လက်နဲ့သွားသုတ်ပေးရမယ်လို့ ဆိုလိုတာလား"

"နိုး နိုး၊ အဲဒီသဘော မဟုတ်ဘူး"

"ဆိုစမ်းပါဦး မင်းသဘောက"

"ဒီလိုကွာ၊ သာသာက ဘဝနိုင်ကြီးဆိုတဲ့ အမြင်နဲ့ ရွေးချယ်လိုက်တဲ့ အဖြစ်က တစ်ချိန်ချိန်မှ ဒီလိုအကျည်းတန်ဆန်ဆန် ဘဝပေး





အကျိုးဆိုးနေလိမ့်မယ်လို့ ထင်ခဲ့မှာမဟုတ်ဘူး၊ ဒီလိုအကျိုးဆိုးမျိုး ကြုံလာတော့ နေ့ကို ထားရစ်ခဲ့တဲ့အဖြစ်ကို နောင်တတစ်ရှေ့ကြီး ရနေမလားပဲ"

"နောင်တ၊ ဟွန့်"

နေသခင် မဲ့ရွဲ့လျက် ဘီယာခွက် ပြန်ကိုင်သည်။

"ပုလဲရှင့်နဲ့ သာသာက သူငယ်ချင်းမဟုတ်လား၊ ခုနေခါ ပုလဲရှင့်ရဲ့ဘော့စ်က မင်းဖြစ်နေမှန်းသိရင် နောင်တကတော့ အခါခါပဲ သူငယ်ချင်း"

"တော်စမ်း ဇော်"

နေ ခပ်တင်းတင်းပြောတော့ ဇော်ထိုက် ငြိမ်သက်ကာ ဘီယာ ထိုးသောက်နေလိုက်သည်။ ကျော်လေးက အမြည်းဝါးရင်း စကားအသွားအလာကို အကဲခတ်လျက် –

"ဖြစ်နိုင်တယ်ကွ"

ကိုကိုနိုင်ပြောလျှင် နေသခင် ပခုံးထူထူကြီး ကုပ်ကျသွားသည်။ ဒီစကားကို ဇော်ထိုက်ပြောမယ်ဆိုလျှင် နေသခင့်ဒေါသအညွှန့် တက်လာဖွယ် ရှိ၏။ ကိုကိုနိုင်ပြောတာမို့ ဒေါသအညွှန့် တက်မလာ။

မျက်မှောင်ကုတ်သွားတဲ့နောက်မှာ ကိုကိုနိုင် ဆက်ပြောကာ။

"ဘာဖြစ်လို့လဲဆိုတော့ သာသာ့စိတ်က ဘဝကို အပေးအယူသုပ်ပစ်တာမျိုး၊ ပြည့်ပြည့်စုံစုံနေရဖို့ ဘဝကို စည်းစိမ်နဲ့ ဖလှယ်တာ သာသာ့ရဲ့ဖလှယ်မှုက ဘဝတစ်သက်တာလုံးအတွက် မဟုတ်ဘဲ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကာလတိုတိုလေးမှာ ဒီလိုဘဝဆိုးနဲ့ ကြုံရတယ်ဆိုတော့''

''နားစမ်းပါကွာ၊ သူကြမ္မာ သူဖန်တီးသွားတာ၊ ဒါပေမဲ့ ကိုယ့်သိက္ခာတွေ အကျည်းတန်သွားတဲ့အဖြစ်အတွက် ကိုယ် ခုထိခံစားရတယ်၊ ချစ်သူဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်ထက် စည်းစိမ်ဆိုတဲ့အဓိပ္ပာယ်ကို လက်တွေ့ဖော်ဆောင်ပြီး ရွေးချယ်သွားတဲ့ သူ့စိတ်ဓာတ်အတွက် ကံကြမ္မာက သူ့ကို လက်ဆောင်ပြန်ပေးလိုက်တာပဲ၊ အဲဒီလက်ဆောင်အပေါ်မှာ သူ ကျေနပ်သည်ဖြစ်စေ, နောင်တရသည်ဖြစ်စေ ဘာထူးခြားချက်မှ ဖြစ်ဖို့မရှိဘူး။ ကိုယ်ကတော့ ကိုယ့်ဘဝ, ကိုယ့်သိက္ခာကို အစွန်းအထင်းဖြစ်အောင် သူလုပ်ခဲ့တဲ့အတွက် ကံကြမ္မာက တန်ပြန်တယ်လို့ ယူဆလိုက်တာပဲ၊ အဲဒီအတွက် ကိုယ့်ဘက်က တုံ့ပြန်ခွင့်က သနားစာနာခြင်းနဲ့ ဆန့်ကျင်ဘက်ပဲ''

ခုချိန်ထိ အနာမကျက်သေးတဲ့ နေ့ခံစားချက်အတွက် သူငယ်ချင်းအားလုံး မှုန်းကျပ်သွားလေသည်။

''ပြီးတော့ ဟိုတစ်ယောက်ရှိသေးတယ်''

နေ ဆက်ပြောလျှင် သူငယ်ချင်းတွေ စိတ်ဝင်တစားဖြစ်ကုန်သည်။

''ဘယ်သူလဲ''

မေးသံက သုံးသံစလုံး ပြိုင်တူ။ နေ မျက်နှာမဲ့ကာ မျက်လွှာတစ်ချက်ပင့်လျက် အံကြိတ်ပြော၏။

''ပုလဲရင့်''





''ဘာ ပုလဲရင့်''

''ပုလဲရင့်နဲ့ ဘာဆိုင်လဲကွ''

သူငယ်ချင်းတွေ ဝိုင်းမေးတာကို နေသခင် မဖြေ။ ရင်ထဲမှာ တင်းမာတာက ကျောက်ဖျာကြီးနေယ်။ ဘီယာတစ်ကျိုက်ကို အခဲမကျေသလို စုပ်သောက်ပြီး စားပွဲပေါ် ဘီယာခွက်ဆောင့်ချ၏။

ခွက်တစ်ဝက်တိတိရှိနေတဲ့ ဘီယာက ဆောင့်ချတဲ့အရှိန်နဲ့ အပေါ်ခုန်တက်ကာ ဘီယာတချို့ စားပွဲပေါ်လွင့်စဉ်ကာ ကျရလို့သွားသည်။

ဘာဆိုင်လဲတဲ့။

ကျွတ် သိပ်ဆိုင်တာပေါ့လို့ ရင်ထဲမှာ ပြောမိတာ တင်းတင်းခါခါ။

သာသာ –

မင်းနဲ့ ချိတ်ဆက်ချိန်မရအောင် သူ့ဘက်က ပုလဲရင့်ကို အလုပ်တွေ နင်းကန်းဖိခိုင်းထားခဲ့တာ အကြောင်းမဲ့မဟုတ်ပါ။

ခုတော့ ဒင်းလင်ရဲ့အသုဘတောင် ဒင်းက မစီမံနိုင်ဘဲ ပုလဲရင့်ကို တွယ်ကပ်ခိုင်းစေတဲ့ လူပေါ်ကြော့မ။

ဟိုတစ်ယောက်က သူငယ်ချင်းအတွက် အသက်ပါ ထုတ်ပေးတော့မတတ်ဖြစ်နေတာလေ။

တောက်၊ တွေ့ကြသေးတာပေါ့ ပုလဲရင့်။

''ပြောလေကွာ''

သူငယ်ချင်းတွေက ဖွတ်မေးသည်။ နေသခင် မဖြေပါ။ တိုင်နေရာမှ ရုတ်ခြည်းထလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲကွာ၊ ဒီမှာ ဝိုင်းက ခုမှစတုန်း နေရဲ့"

နေသခင် ဘာမှမပြော။ သူငယ်ချင်းတွေရဲ့ ဝိုင်းထဲက ဖဲထွက်ခဲ့သည်က ခံစားချက်တို့ အငွေ့ပျံကာ။

သာသာ –

မင်းဟာ ကိုယ့်တဝနဲ့ နှလုံးသားကို အစွန်းအထင်း ဖြစ်အောင် လုပ်ခဲ့ရုံနဲ့ အားမရသေးဘူး။

ခုတစ်ခါ ကိုယ့်ရဲ့ –

နေသခင့်ရင်ထဲက စကားလုံးက အလိုလိုနေရင်း တိခနဲ ရပ်ဆိုင်းသွားကာ သူငယ်ချင်းတွေ ဝိုင်းဆွဲနေတဲ့ကြားက ဖွတ်တစ္ခွတ် ထွက်ခဲ့မိတာက နှလုံးသားကြောင့်လား၊ ရင်ဘတ်ထဲက အနာတရကြောင့်လား။

တစ်ခုခုတော့ တစ်ခုခုပဲ။

အဲဒီတစ်ခုခုကို မင်း သိစေရမယ် ပုလဲရင့်။

✿ ✿ ✿



## အခန်း (၂၅)

"နေသခင်၊ ဟုတ်လား"

"ဟုတ်တယ် သာသာရဲ့"

"ဘုရားရေ၊ နေသခင်၊ နေသခင်က ပုလဲရဲ့ဘော်စ်၊ ဟုတ်ရဲ့လား၊ ပုလဲရယ်၊ သံသာတော့ မယုံနိုင်အောင်ဘဲ"

"ဟုတ်ပါတယ်ဆိုနေမှ"

ပုလဲ ဒီဇိုင်းကိစ္စမပြီးသေးတာနဲ့ ညည်းညည်းညူညူပြောရင်း နေသခင့်နာမည် ပါသွားလေသည်။ ထိုအခါ သံသာ အံ့သြလို့မဆုံး ဖြစ်ရလေသည်။

သံသာ့နာမည်နဲ့စပ်လျဉ်းပြီး သူ့ရဲ့မုန်တိုင်းထန်မှုကို ကြားပြီးလိုက်တော့ သံသာ့မျက်နှာလေး သေသွားတဲ့အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လွယ်တဲ့ သံသာ့မျက်ဝန်းများ မျက်ရည်ကြည်တို့ ဝေ့ဝဲကာ။ ပုလဲကိုမကြည့်ဘဲ ဟိုးအဝေးကိုငေးရင်း မြေ့မြေ့ခံစားနေလေသည်။

ဒါတင်မက သိသိသာသာ စူထွက်နေတဲ့ သူ့ဝမ်းဗိုက်ကို သူ ပြန်ငုံ့ကြည့်ရင်း မျက်ရည်တို့ ဖြာခနဲ ကျပြန်ပြီ။ သာသာ့အဖြစ်က ဘာကိုမှ ပြန်ဆယ်လို့မရစွာ ဆုံးရှုံးမှု သောကတွေထဲ တဝဲလည်လည် ဖြစ်လျက်။

တစ်ချိန်က သာသာ့ရဲ့ နေဆိုသူက ခုတော့ နေသခင် ဖြစ် နေပါရော့လား။ အဲဒီ နေသခင်က သံသာ့သူငယ်ချင်းအပေါ်မှာလည်း စိုးမိုးကာ။

သံသာရဲ့ချန်ထားရစ်မှုအတွက် သံသာ့သူငယ်ချင်းအပေါ် လက်တုံ့ပြန်လာမယ်ဆိုရင်။

ဟင့်အင်း။ သံသာ ခေါင်းခါလျက်။

ပုလဲနားလည်အောင် နေနဲ့ သာသာ့အတိတ်အကြောင်း ပြောပြလိုက်တော့ ပုလဲခမျာ ပါးစပ်လေး ဟောင်းလောင်းဖွင့်လို့။

"အဲဒါကြောင့် သံသာ့ပုံမှာ သူ ကြက်ခြေခတ်ပစ်တာကိုး"

အရာရာကို နောက်ကျမှ ပုလဲ သိခွင့်ရတဲ့အဖြစ်။

"အင်းလေ၊ နေ့အပေါ်မှာ သံသာ သစ်စိမ်းချိုးချိုးသလို ဖြ ခဲ့တာကိုး ပုလဲရယ်၊ နေ ဒီလောက်တော့ တုံ့ပြန်မှာပေါ့"

ပုလဲ သက်မမောလေးချရင်း သူငယ်ချင်းကိုပဲ သနားရမလား





သူ့ကိုပဲ စာနာပေးရမှာလား ဝေခွဲရခက်စွာ။ အရေးထဲ ဦးမိုးသား အသု ဘကိစ္စပြီးစီးအောင် ဝိုင်းဝန်းကူညီနေရလို့ သူခွဲခိုင်းထားတဲ့ ဒီဇိုင်းတွေက မပြီးနိုင်သေး။

အဲဒီအတွက် သူ ပြဿနာရှာရင်း –

ပုလဲ တွေးရင်း ရင်ခွင်မှာ နေတစ်စင်းပြီးတစ်စင်း ထွက်ပေါ် နေသလို ပူလောင်ကာ ကျွမ်းကျွမ်းရှရှ ခံစားရလေသည်။

"သံသာ လုံးဝမထင်မှတ်ပါဘူး၊ နေနဲ့ ပြန်ဆုံရမယ်လို့"

"ကံကြမ္မာဆိုတာ ဒီတိုင်းပဲမဟုတ်လား သံသာရယ်၊ ထင် သလို ဘာမှဖြစ်မလာဘဲ၊ မမျှော်လင့်ထားတာတွေဖြစ်ဖြစ်လာတဲ့အပေါ်မှာ ခံစားရတာတွေက ထိနိုက်ကြေကွဲစရာချည်းပဲ"

"ဟုတ်တယ်နော်၊ အဲဒီကြေကွဲစရာတွေက ပုလဲအတွက် ရှေ့ဆက် ဘာတွေဖြစ်စေမလဲ၊ သံသာ တွေးရင်း ရင်လေးမိတယ်ကွယ်"

သံသာက သူ့သောကနဲ့သူ မနိုင်မနင်း ခံစားနေရတဲ့ ကြား ထဲက ပုလဲအတွက်ပါ ဝိုင်းဝန်းခံစားပေးနေတော့ ပုလဲ အားနာလှသည်။

"သံသာရယ် စိုးရိမ်စိတ် လွန်ကဲမနေပါနဲ့ကွယ်၊ ပုလဲအတွက် ဘာမှတွေးပြီး ခံစားမနေပါနဲ့၊ အရေးကြီးတာ သံသာ့ကျန်းမာရေး သံသာ ဂရုစိုက်၊ နောက်ပြီး အမှုကိစ္စတွေ သွေးအေးအေးထားပြီး ဖြေရှင်း၊ ဟုတ်ပြီလား"

"ကျေးဇူးပဲ သူငယ်ချင်းရယ်"

သံသာ လှိုက်လှိုက်လှဲလှဲပြောတဲ့နောက်မှာ ပုလဲရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အပူလှိုင်းဟာ မသိမသာ လျှော့ကျသွားသလို ခံစားရလေသည်။

သို့သော် သူ့တုံ့ပြန်ချက်က သံသာစိုးရိမ်တာထက် အဆပေါင်းများစွာ လွန်ကဲနေလိမ့်မယ်လို့ ပုလဲ ကြိုတင်တွက်မထားပါ။

တကယ်တမ်း ကြုံရတဲ့အခါ –

✿ ✿ ✿



## အခန်း (၂၆)

"ဟင်"

ပုလဲ ခြေလှမ်းတုံ့ဆိုင်းကာ တစ်ကိုယ်လုံး အေးခဲမတတ် ဖြစ်သွားလေသည်။

ဧင်တာတံခါးကြီး ဟင်းလင်းပွင့်နေသလို ဝန်ထမ်းမိန်းကလေးအားလုံး စုံစုံညီညီ ရောက်ရှိနေပြီ ဖြစ်သည်။

မျက်လုံးက ယောင်ယောင်နနနဲ့ လက်ကောက်ဝတ်ကနာရီကို တစ်ချက်ငုံ့ကြည့်တယ်။ ရှစ်နာရီနဲ့ လေးဆယ့်ငါးမိနစ်တိတိသာ။

ပုလဲ နောက်မကျပါဘူး။ ဘယ်သူက စောစောလာပြီး ဧင်တာကို လာဖွင့်ပါလိမ့်။ သူကိုယ်တိုင်လား။

ဖြစ်နိုင်တာပေါ့။ ဧင်တာနဲ့ ကောင်တာသော့အားလုံးက သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတယ်လေ။ မနေ့က သာသာ့ယောက်ျား အသုဘချတဲ့နေ့မှ ပုလဲ ပျက်ကွက်ခြင်းပါ။ ခုတော့ အခြေအနေက ထင်မှတ်မထားစွာ။

ပုလဲစိတ်ကို တည်ငြိမ်အောင်ထိန်းရင်း အရာရာကိုရင်ဆိုင်ဖို့ သတ္တိစိတ်မွေးရလေသည်။

လျှပ်တစ်ပြက် အေးခဲသွားတဲ့ကိုယ်က သတ္တိစိတ်မွေးလိုက်တဲ့ နောက်မှာ တဖြည်းဖြည်းနွေးကာ ပုလဲခြေလှမ်းတို့ ပြန်လည်သက်ဝင်လေသည်။

စင်တာထဲ ပုလဲဝင်ခဲ့တော့ ဝန်ထမ်းမိန်းကလေးတွေ တိတ်ဆိတ်မှုာငေးကြည့်သည်က ထူးခြားနေသလို။ အရင်က စပယ် နောက်ပြောင်နဲ့။ အခု သူရှိနေလို့ ဖြစ်မယ်။

ပုလဲ ပုံမှန်ခြေလှမ်းနှင့် အားလုံးကို သိမ်းကျုံးပြုံးပြနှုတ်ဆက်ပြီး ရုံးခန်းဘက် ဦးတည်ကာ။

မှောင်လဲ့သောမှန်တံခါးကို အသာတွန်းဖွင့်လျှင် အထဲက သူလည်း တံခါးကိုဆွဲဖွင့်တာနဲ့ တိုက်တိုက်ဆိုင်ဆိုင်။

မှန်တံခါးအရှိန်နဲ့ ပွင့်သွားသည်မို့ ပုလဲကိုယ်လေး တွန့်ခနဲဖြစ်ကာ သူနဲ့ ပက်ပင်းဆုံသည့်အဖြစ်။

ရုတ်တရက်မို့ ပုလဲ ဆွံ့အသလိုဖြစ်သွား၏။ သူက အေးခဲခဲစိုက်ကြည့်၍ နှုတ်ခမ်းကိုမဲ့၏။ သူ့ခြေလှမ်းက အပြင်ကိုလည်း ရှေ့ထွက်မလာ၊ နောက်ကိုလည်း မဆုတ်။ ပုလဲလည်း ရှေ့တိုးဖို့ ဒါမှမဟုတ် နောက်ဆုတ်ဖို့ မေ့သလိုဖြစ်ကာ –





အခန်းဝမှာ နှစ်ယောက်တည်း တွဲဆုံသည်က အခြေအနေ မကောင်းနိုင်မယ့် အရိပ်လက္ခဏာလို့ ပုလဲမြင်မိ၏။

သူက လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ လျှိုထည့်မလိုဟန်နှင့် လှုပ်ရှားရင်း စကားစသည်။

"ဒီဇိုင်းတွေ ပြီးပြီလား"

တဲ့။ ပုလဲ မျက်တောင်တစ်ချက် ပုတ်ခတ်လုပ်မိသွားသည်။ မပြီးသေးဘူးလို့ လွှတ်ခနဲပြောဖို့ နှုတ်က မထွက်ပေ။

ဝန်ထမ်းအားလုံးလည်း ပုလဲကိုပဲ ကြည့်နေသည်။

ပုလဲ ဘာပြောမလဲပေါ့။ ပုလဲ ချက်ချင်းမဖြေနိုင်သည်က မပြီးသေးမှန်း သူ ဒက်ခနဲ သဘောပေါက်ဟန်တူသည်။

"မပြီးသေးရင် ဒီဇိုင်းကိစ္စ ခဏထား၊ နောက်တစ်ခု ထပ်ခိုင်းမယ်"

ပြောနေတဲ့ သူ့အသံက သာမန်ထက် တင်းပြတ်ဆတ်တောက်နေပါသည်။ ဘာကြောင့် သူ့အသံက ပုံမှန်နဲ့ မတူရတာလဲ၊ နောက်ပြီး အလုပ်ကိစ္စခိုင်းတာ အလုပ်စားပွဲမှာ ခိုင်းပေါ့။

အဝင်အဝမှာ ရပ်လျက်ပြောနေတာက နားလည်ဖို့ ခက်ခဲလှသည်မဟုတ်လား။

"ထရိုက်ဒါးမှာ ဆစ်ဒနီက ရတနာကုန်သည် မစ္စတာဂျေ ရောက်နေတယ်၊ ဟိုတစ်ညက ကိုယ်တို့သွားစောင့်တဲ့ ကုန်သည်ဆိုတာလေ တော့"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ သက်မ,နိုးချ၏။ သူက ပြောနေရင်း ရုံးခန်းအဝင်ဝမှာရှိတဲ့ ကောင်တာပေါ် ကြိုတင်ထားဟန်တူတဲ့ ဖိုင်တွဲကို လှမ်းယူပြီး –

''မစ္စတာဂျေဆီက ကိုယ်လိုချင်တဲ့အချက်အလက်အားလုံး အဲဒီဖိုင်ထဲမှာရှိတယ်၊ ကိုယ်လိုချင်တာ အားလုံးပြည့်အောင် မင်း ဆွေးနွေးယူနိုင်ရမယ်၊ တစ်ခုတလေမှ ကိုယ့်ဘက်က လက်လွှတ်မခံနိုင်ဘူး။ အဲဒါ မင်းခေါင်းထဲ ရိုက်ထည့်ထား''

ပြောရင်း သူ ထိုးပေးတဲ့ဖိုင်ကို ပုလဲ ယူမိသည်က တောင်တစ်လုံးလို လေးလံလှသည်ဟု ခံစားရ၏။

''မင်း သူနဲ့သွားတွေ့ရင် ဒီပုံစံနဲ့ မသွားနဲ့''

''ရှင်''

စင်တာယူနီဖောင်းနဲ့ တင့်တယ်နေတဲ့ ပုလဲကိုယ်ပုလဲ ပြန်ငုံ့ကြည့်မိသည်။ စင်တာအတွက် သူ့အကျိုးဆောင်ဖို့သွားတဲ့ကိစ္စက စင်တာယူနီဖောင်းနဲ့သွားတာက ပိုပြီး ဂုဏ်သိက္ခာရှိမနေဘူးလား။

ပုလဲက ဘယ်လိုပုံစံနဲ့ သွားရမှာလဲ၊ ဖျတ်ခနဲ မော့ကြည့်တော့ သူ မဲ့မဲ့ကြီး ပြုံး၍ –

''ဒီဘဲက နည်းနည်းဇရှိတယ်၊ သူ့မျက်လုံးကို ဆွဲဆောင်ထားနိုင်တဲ့ မိန်းကလေးဖြစ်အောင် မင်း ပြင်ဆင်သွားဖို့ လိုတယ်''

''ဘုရားရေ''

ပုလဲ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ဝန်ထမ်းမိန်းကလေးအားလုံးလည်း ငေးကြည့်နေရာမှ ကိုယ်လုံးလေးများ ဆတ်ခနဲ





တုန်သွားကာ –

''အထူးသဖြင့် သူ့မျက်လုံးထဲမှာ ရမ္မက်ဆန်ဆန် အရိပ်အငွေ့သန်းသွားစေဖို့လေ၊ အဲဒီအရိပ်အငွေ့သန်းသွားရင် မင်းဆွေးနွေးသမျှ သူ ခေါင်းညိတ်လက်ခံဖို့ အဆင်သင့်ပဲ၊ အဲဒီဖိုင်ထဲမှာ မင်း ပြင်ဆင်သွားရမယ့် ဒီဖိုင်းပါ ပါတယ်၊ ဒီမှာ''

သူက ပြောရင်း ပုလဲလက်ထဲက ဖိုင်ကို ဆွဲဖွင့်ပြလေသည်။

အင်္ဂလိပ်ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ မလုံမြုံသော ဖက်ရှင်နဲ့ ကိုယ်နေဟန်ကောက်ကြောင်းပေါ်က ရမ္မက်နှိုးဆွသော ဟန်မူရာ။

ပုလဲမျက်လုံးထဲ ပြာဝေသွားကာ သူ့ကို မော့မကြည့်ရဲအောင် အရှက်သွေးတို့ ငယ်ထိပ်အထိ ဆောင့်တက်သွားပါသည်။

''ကဲ ကိုယ်ခိုင်းတဲ့အတိုင်း အပီလုပ်ပေတော့ ပုလဲရင့်၊ မင်း ဆွေးနွေးတာ ဒီဘဲလက်ခံရင် အကျိုးတရားက မက်စရာကောင်းလောက်အောင် ရဖို့ရှိတယ်၊ မင်းအတွက်လည်း မနစ်နာစေရဘူး၊ ဒါပဲ''

ပြောပြီး ရုံးခန်းထဲ ဝင်သွားတဲ့သူ။ မှန်တံခါးပါ ကျိမ်းခနဲမြည်အောင် ဆောင့်ပိတ်သွား၏။ ထိုအခါ ပုလဲတစ်ကိုယ်လုံး တုန်ခါလှုပ်ခြွသွားသည်က လျှော်တုန်သည့်နှယ်။

သူ ဒီလိုခိုင်းတဲ့ကိစ္စက ပုလဲအပေါ် ဘယ်လောက်တောင် ဆိုးဝါးနေသလဲ။ အရှက်၊ ဂုဏ်သိက္ခာ၊ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရား။

ဘုရားရေ။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲမျက်နှာလေးက မြန်ဆယ်ထိန်းလို့မရအောင် အပျက်ပျက် အယွင်းယွင်းဖြစ်လျက်။

''မပုလဲ''

ဆွေရိရိ ပန်းကို လာပုတ်ပြီးခေါ်လျှင် ပုလဲရုက်စိတ်က အရည် ပျော်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ပြိုကျလျက်။

လက်ထဲက ကိုင်ထားတဲ့ဖိုင်တွဲက တဆတ်ဆတ်တုန်ခါနေ လေသည်။

နေသခင် –

ရှင်ဟာ ပုလဲကို ဘယ်လိုမိန်းကလေးဖြစ်အောင် တွန်းပို့နေတာ လဲ ပြောစမ်းပါကွယ်။

✿ ✿ ✿



## အခန်း (၂၇)

''တောက် နေသခင်''

အက်ကွဲတုန်ခါနေသော ဒေါသဖြင့် ဖိခေါ်တဲ့ ခံပြင်းသံကြီးက သူ့နောက်ကြောင်းကို ဆောင့်အောင် ဝင်လာသည်။

သူ့လက်ထဲက ပရင့်ထုတ်ပြီးသား ဒီဖိုင်းစာရွက်ကို စားပွဲပေါ် လွှတ်ချပြီး နောက်ပြန်လှည့်ကြည့်လိုက်တော့ –

''သာသာ''

မတွေ့ရတာ နှစ်အတော်ကြာလို့ ထင်တယ်။ သူ့မျက်လုံးထဲ မှာ အကျည်းတန်နေသည်။ ကြည့်စမ်းပါဦး။ အရောင်မှိန်ဖျော့သော အဝါရောင် ဗိုက်ပုံဖါဝန်အင်္ကျီနဲ့။ ဆံပင်တွေလည်း နောက်မှာ စုသိမ်းချည် နှောင်ကာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှာ မိတ်ကပ် ဘာညာ ကင်းဝေလျက်။ ဒေါ်သန့် ချွေးစတို့ စို့ထွက်နေသည်က တစ်ချိန်က သူ့ရဲ့သာသာနဲ့ ဆိန့်ရေလို။

"ဒီမှာ"

သံသာ ရှေ့တိုးလာသည်။ ဒီတော့မှ သူ အသိဝင်ကာ ဒီဇိုင်းစာရွက်တွေ ပရင့်ထုတ်နေရာမှ ရပ်တန့်ပြီး ကွန်ပျူတာစားပွဲရှေ့က ဆုံလည်ထိုင်ခုံပေါ်မှ ကိုယ်ကို သံသာဘက် လုံးလုံးလျားလျား လှည့်လိုက်သည်။

တစ်ချိန်တုန်းက ချစ်သူ။ ခုတော့ နာကျင်မပြယ်စွာ နှုတ်ခမ်းကို မဲ့ပစ်လိုက်ပြီး –

"ဘာကိစ္စလဲ၊ စက်ရုံပိုင်ရှင်ကတော်ကြီး"

"တောက်"

သံသာ ခံပြင်းကာ လက်တစ်ဖက် ခါးပေါ်ထောက်လျက်သား ဖြစ်သွားသည်။ မျက်လုံးက စူးစူးရဲရဲ တောက်ပသွားပြီး –

"ရှင် ခနဲ့စရာမလိုဘူး နေသခင်"

"မခနဲ့ရဲပါဘူး ဒေါ်သံသာဦး၊ ကဲ ဆိုစမ်းပါဦး"

"ဒီမှာ ရှင့်စိတ်ဓာတ် အောက်တန်းကျလှချည်လား"

သံသာ လက်ညှိုးထိုးပြောဏ်။ သူ့မျက်နှာ ချက်ချင်း တွန့်ကြေသွားကာ –

"ဘာပြောတယ်"

"ရှင့်နိုင်းစေချက်က ရှင့်စိတ် ဘယ်လောက်အောက်တန်းကျ





သလဲဆိုတာ သိသာနေတာပဲ နေသခင်"

"မင်း ဘာတွေလာပြောနေတာလဲ ဒေါ်သံသာဦး"

"ဘာပြောရမှာလဲ၊ ရှင် ပုလဲကို ဘယ်လိုအဆင့်အတန်းမျိုးရောက်အောင် တွန်းပို့နေတာလဲ၊ ရှင့်စေခိုင်းချက်က မိန်းမတစ်ယောက်ရဲ့ ကိုယ်ကျင့်တန်ဖိုးကို ဘယ်လောက်ထိပါးနေလဲဆိုတာ တစ်ဆိတ်စဉ်းစားစမ်းပါ"

"အဟွန့်"

ပုလဲအတွက် ဆတ်ဆတ်ထိမခံ ဖြစ်လာတာကိုး။ နေသခင် နှာခေါင်းရှုံ့၍ ထိုင်နေရာမှ ထလေသည်။

"မင်းနဲ့ဘာဆိုင်လဲ ဒေါ်သံသာဦး"

"ဘာဆိုင်ရမှာလဲ၊ ရှင် ကျွန်မကို ပစ်မှတ်ထားပြီး ပုလဲကို လက်စားချေနေတာ မဟုတ်လား။ ရှင်နိုင်းတာက ရိုးသားတဲ့အလုပ်ရှင်တစ်ယောက်ရဲ့လုပ်ရပ်မျိုး မဟုတ်ဘူး။ ရှင့်အကျိုးစီးပွားအတွက် မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ဈေးကားနေတာလေ၊ ကျွန်မသူငယ်ချင်းကို ရှင်ဈေးတားနေတာ သိသိကြီးနဲ့ ကျွန်မ လက်ပိုက်ကြည့်နေရမလား"

"လက်ပိုက်မကြည့်ချင် မကြည့်နဲ့လေ၊ မင်းကို ဘယ်သူက ရှေ့နေငှားလွှင်လိုက်တာလဲ"

သံသာ ပြန်ပြောလို့မရသေးခင် သူပြောချ၏။

"ဒီမှာ ဒေါ်သံသာဦး၊ မင်းသိထားဖို့က ကိုယ်က ပေးထင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အညာတရ ကလေကချေ မဟုတ်တူး၊ ကိုယ်က ပုလဲရင့်ရဲ့အလုပ်ရှင်၊ ကိုယ့်ဝန်ထမ်းကို ကိုယ်လိုသလို ခိုင်းစေခွင့်ရှိတယ်၊ မင်းက ကြားဝင်လာပြီး အသံကောင်း လာဟစ်ပြရအောင် မင်းရဲ့အတွေးအမြင်က ဘယ်လောက်များ ရိုးသားစင်ကြယ်ခဲ့လို့လဲ''

''ဟင်''

လက်စသတ်တော့ နေသခင်က သံသာကို တိုက်ခိုက်နေတာကိုး။ အဲဒီတိုက်ခိုက်မှုမှာ ပုလဲက ဓားစာခံဖြစ်နေမှန်း ခုမှ သိသာလာသည်။

''ပြောလေ ဒေါ်သံသာဦး၊ ကိုယ့်စိတ်ဓာတ် အောက်တန်းကျတယ်, ဘာညာပြောရလောက်အောင် မင်းစိတ်ဓာတ်ကရော ဘယ်လောက်များ တန်ဖိုးရှိလို့လဲ''

ထိုမေးခွန်းနောက်မှာ သံသာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါနာသွား၏။ နှုတ်ခမ်းကိုတင်းအောင် ဖိကိုက်လျက်။ နေသခင့်ရှေ့ ခြေတစ်လှမ်း တိုးသွားသည်။

''ဘာ ဘာပြောလိုက်လဲ နေသခင်''

''မင်းစိတ်ဓာတ်လေ၊ ဘယ်လောက်တန်တယ်ထင်လို့လဲ၊ ပြောစမ်းပါ ဒေါ်သံသာဦးရဲ့''

သံသာမှာ ဒေါသတွေလှိုက်တက်လာကာ ပြောထုတ်ဖို့ စကားလုံးတွေ အလုံးကြီးကြီးဆို့ကာ လည်မျိုမှာ ခံနေလေသည်။

နေသခင်က ဒလဟော ပြောချ၏။





''ယောကျ်ားတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာကို စည်းစိမ်နဲ့ လဲချင်လို့ ဘဝကိုလောင်းကြေးထပ်ပြီး ဟောဒီရင်ဘတ်ကို စော်ကားသွားတဲ့ မင်းလိုမိန်းမရဲ့စိတ်ဓာတ်ကရော ဘယ်နှပြားတန်လို့လဲ''

''ဟင် ရှင် ရှင်''

သံသာဦး အရှက်သည်းကာ ဒေါသပွက်ပွက်ဆူလျက်။ ခါးပေါ် ထောက်ထားတဲ့ လက်တစ်ဖက်က ရုတ်ခြည်း လှုပ်ရှားသွား၏။

''တောက်''

မျက်နှာပေါ် ဦးတည်မြောက်တက်လာတဲ့ သံသာ့လက်ဖဝါးကို နေသခင် ရှောင်တိမ်းရင်း ဖမ်းကိုင်လိုက်လျက် သံသာ မထိန်းနိုင်တဲ့ ဒေါသနဲ့ တောက်ခတ်၏။

ဖမ်းကိုင်ထားတဲ့ သံသာ့လက်ကို နေသခင် မလွှတ်သေးဘဲ–

''ဒီမှာ ဒေါ်သံသာဦး၊ သူများကို လက်ညှိုးထိုးမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်ပြန်မေးရတယ်ကွ၊ ငါ့စိတ်ကရော ရိုးသားခဲ့လား, ဖြူစင်ခဲ့လား, သူတစ်ပါးအပေါ် ငဲ့ညှာခဲ့လား, သူတစ်ပါးဂုဏ်သိက္ခာကို ထည့်တွက်ခဲ့ဖူးလား ဆိုတာ''

သံသာ့မျက်နှာ အပျက်ပျက် အယွင်းယွင်းနဲ့ လည်စင်းသွားသည်။

''ကျွတ်''

ဖမ်းဆုပ်ကိုင်ထားတဲ့ သံသာ့လက်ကို ဆောင့်တွန်းလွှတ်လိုက် ပြင်ပြီးမှ ရှုထွက်နေတဲ့ဗိုက်ကို မြင်လို့ သူ ဘရိတ်အုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး မင်း နောက်ထပ်သိထားရမှာက နေသခင်ဆိုတဲ့ကောင်က တစ်ချိန်က မင်း အရိုးစွဲအောင်သိထားတဲ့ အညတရကောင် မဟုတ်ဘူး၊ တစ်ချိန်တုန်းက မင်း ချန်ထားခဲ့လို့ရပေမယ့် ခုချိန်မှာ မင်းပြောချင်တိုင်း ပြောလို့မရဘူး၊ မင်းစွပ်စွဲချင်တိုင်း စွပ်စွဲလို့မရဘူး။ ခုချိန်မှာ နေသခင်ဆိုတာ နိုင်ငံတကာရဲ့ရတနာလောကမှာ နေလို ထွန်းတောက်နေတဲ့ကောင်ကွ"

သံသာ အံကြိတ်လျက် မျက်ရည်ဝဲလာပါသည်၊ ဒါပေမဲ့ ခံပြင်းတဲ့ဒေါသက မီးလို တရှိန်ရှိန် လောင်နေဆဲ။

"ရှင့်ဘာသာရှင် နေလိုမက ဘယ်လိုပဲ ထွန်းတောက်ပါစေ ကျွန်မ ဂရုမစိုက်ဘူး၊ ဒါပေမဲ့ ကျွန်မအပေါ် လက်စားချေချင်လို့ ကျွန်မသူငယ်ချင်းကို အောက်တန်းစားဖြစ်အောင် ရှင် စေခိုင်းပြီး လက်စားပြန်တာတော့ ကျွန်မ မကျေနပ်ဘူး နေသခင်"

"အဟင့်"

နေသခင် မျက်နှာမော့ကာ ဟက်ခနဲ ရယ်မောပစ်လိုက်သည်။

"မင်း မကျေနပ်လို့ရော နေသခင်ဆိုတဲ့ကိုယ်က ဂရုစိုက်မယ်တဲ့လား၊ ဟား ဟား ဟား"

"ရှင်"

သံသာဦး ဒေါသပေါက်ကွဲစွာ အော်ဟစ်လိုက်သည်။

"မင်းဒေါသတွေ ခေါက်သိမ်းလိုက်စမ်းပါ ဒေါ်သံသာဦး။ မင်းနဲ့ကိုယ် ဖတ်လမ်းက မင်းချန်ထားခဲ့ကတည်းက ပြီးဆုံးခဲ့ပြီလေ၊ ကိုယ့်ရဲ့ ဘယ်ကိစ္စကိုမှ မင်း ဝင်စွက်ဖက်ခွင့်မရှိဘူး ဒေါ်သံသာဦး။ အထူးသဖြင့် ကိုယ့်ရဲ့လုပ်ငန်းကိုင်ငန်းကိစ္စကွ"





သူ့စကားနောက်မှာ သံသာ့ဒေါသက ထိန်းမရဖြစ်ကာ သူ့ကို ပြောလို့ဆိုလို့မရသလို ပါးရိုက်ပစ်ဖို့ ဒုတိယအကြိမ် လက်မြှောက်တက်သွားပြန်သည်။

"လူပုဒ်မာ၊ ကိုယ်ကျိုးသမားကြီး"

"ဟွန်း"

မြှောက်တက်လာတဲ့ သံသာဦးလက်ကို အားမနာတမ်း သူ လက်ပြန်ပုတ်ချလိုက်၏။

"ဝမ်းနည်းပါတယ် ဒေါ်သံသာဦး။ မင်းလည်း အခက်အခဲတွေ ရှိတယ်မဟုတ်လား၊ လိုအပ်ရင် ပြော၊ မင်းတို့လိုမိန်းမတွေကို ကိုယ့်ပွဲအတွက် အသုံးချနိုင်းစားတတ်တယ်ကွ"

"တောက် နေသခင်"

"ဟီး အဟင့် ဟင့်"

ဘာမှတုံ့ပြန်ခွင့်မရတဲ့အဆုံး သံသာ သဲကြီးမဲကြီး ငိုချ၏။ ယ်းနည်းမှ မစာနာမိပါ။

"ကိုယ် ဘယ်လောက်ယုတ်မာပက်စက်တတ်လဲ, ကိုယ်ကျိုးကြည့်တတ်လဲဆိုတာ မကြာခင် မင်း သိရလိမ့်မယ်၊ ခွေးရိရိ, မေသီရိ, နီးစန်းရှင် လာကြစမ်း"

ပြောရင်း သူ့အသံ မြှင့်ခေါ်လိုက်သည်၊ ရုံးခန်းအပြင်မှာ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကိုစောင့်ကြည့်နေတဲ့ ဆွေရီရီတို့တွေ နာမည်ခေါ်သံကြားသည်နှင့် ရုံးခန်းထဲ သုတ်ခနဲ ပြေးဝင်လာသည်။

"အမိန့်ရှိပါ ဦးနေသခင်"

"ဒေါ်သံသာဦးကို ကိုယ့်ရုံးခန်းထဲက ခေါ်ထုတ်သွား"

"ဟုတ်ကဲ့"

ဆွေရီရီတို့နှစ်ယောက် အမိန့်နာခံလျက် မျက်နှာကို လက်နဲ့ ဖိအုပ်ငိုနေရှာတဲ့ သံသာကို တစ်ယောက်တစ်ဖက် ခေါ်ထုတ်၏။ သံသာ ငြင်းဆန်ဖို့အား မရှိတော့ပါ။

"ဒီမယ် ဒေါ်သံသာဦး။ နောက်တစ်ခု ကိုယ်ပြောလိုက်မယ်၊ ကိုယ်ဟာ မင်းရဲ့ကလေကချေကောင် မဟုတ်ဘူး။ နောက်တစ်ခါ ကိုယ့် ရှေ့လာဖို့ စိတ်မကူးနဲ့ မင်းဘဝ ဒီထက် ကြမ္မာဆိုးသွားလိမ့်မယ်၊ နောက်ပြီး မင်းသူငယ်ချင်းရဲ့ဘဝ"

"ကျွန်မသူငယ်ချင်းဘဝ ဟုတ်လား။ ကျွန်မသူငယ်ချင်းဘဝ ကြမ္မာဆိုးတဲ့နေ့ ရှင့်ကို ကျွန်မ သတ်တဲ့နေ့ပဲ"

"တောက်"

"ဝုန်း"

"ချွမ်း"

ဆွေရီရီတို့ ဆွဲထုတ်သွားတဲ့နောက် ပါသွားရပါသည်။

ဒါပေမဲ့ သူ့စကားကို ပြန်တုံ့ပြန်သွားတဲ့နောက်မှာ သူ့အသံ တရား ပေါက်ကွဲကာ။





ရုံးခန်းတံခါးကို ဆောင့်ကန်လိုက်တဲ့နောက်မှာ မှန်တံခါး တုန်ခါလှုပ်ယမ်းလက်။ မှန်တွေပါ ကွဲကြေလွင့်စဉ်ကျလေသည်။

မှန်ကွဲအပိုင်းအစတွေက ရုံးခန်းအတွင်းအပြင်မှာ အကျည်း တန်စွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လေပြည်လည်း မချို၊ ပန်းတွေလည်း မမွှေး။ ငှ[illegible]

တေးမဆို။ နွေနေ့လယ်ခင်းကြီးက စိတ်မချမ်းမြေ့ဖွယ် ချေ[illegible]

လိမ်လျက် အကျည်းတန်လှတဲ့အဖြစ်။

အဲဒါက ပုလဲဘဝမှာ ထပ်ဆင့်ကြုံလာမယ့် [illegible]

စုတ်ချက်တွေရဲ့ ကြမ္မာဆိုးတွေလား။ အတွေးနောက် ထိ[illegible]

လာတဲ့ မျက်ရည်တွေက အဟောမသတ်နိုင်။

နိုင်းစေရက်လေခြင်းဆိုတဲ့ ခေါင်းစဉ်အောက်

လည်း ပါပေသည်။

''ဘယ်လိုဖြစ်တာလဲ ပုလဲ၊ ကိုယ် ဘန်ကောက်သွားမလို့

လေဆိပ်တောင် ရောက်နေပြီ၊ သံသာ ဖုန်းဆက်ပြောလို့ ချက်ချင်း[illegible]





လေဆိပ်က ပြန်လှည့်လာတာ''

အမောတကောရောက်လာတဲ့ ဦးသက်ကို ပုလဲ ပြောပြဖို့ခွန်အားတောင် မရှိပါ။ မျက်ရည်တွေကြောင့် ဦးသက် သနားပိုလာမှာကိုလည်း ပုလဲ မလိုလားပါ။

မျက်ရည်တွေကိုသုတ်ရင်း ဣန္ဒြေဆည်ကာ ပြုံးပြဖို့ ကြိုးစားရသည်။

''အားနာစရာကြီး ဦးသက်ရယ်၊ သံသာပြောတဲ့အတိုင်း ယုံမနေပါနဲ့၊ ဦးသက် အလုပ်ကိစ္စ ပျက်နေပါဦးမယ်''

''ပုလဲ ဒီအချိန်မှာ ဒါတွေမပြောပါနဲ့၊ ကိုယ့်အလုပ်က ပုလဲလောက် ဘာမှအရေးမကြီးဘူးကွ''

ခုချိန်ထိ ပုလဲအပေါ် မေတ္တာမိုးရွာနေသေးတဲ့ ဦးသက်ရယ်။ ပုလဲရင်မှာ ပထမဦးဆုံးအကြိမ် စာနာစိတ်ကလေး ဝင်လို့လာသည်။

ပုလဲတစ်ကိုယ်လုံး ဦးသက်ဘက်ကို လှည့်လာရင်း –

''ပုလဲအပေါ် ခုချိန်ထိ စိတ်ရှည်လက်ရှည်ဖြစ်နေတဲ့အတွက် ပုလဲ ကျေးဇူးတင်ပါတယ် ဦးသက်ရယ်''

''မလိုပါဘူး၊ ကိုယ်က ပုလဲကျေးဇူးတင်တာကို ခံချင်နေလို့ ပုလဲအနား ရောက်လာတာမဟုတ်ဘူး၊ ပုလဲရဲ့အခက်အခဲက ဘာလဲ၊ ပုလဲ ဘာဖြစ်ချင်လဲ၊ အဲဒါတွေအားလုံး ဖြည့်ဆည်းပေးချင်တဲ့ စိတ်သန့်သန့်နဲ့ ရောက်လာတာ ပုလဲရယ်၊ ပုလဲ ကိုယ့်အပေါ် အမြင်ကြည်[illegible] သင်စမ်းပါ ကလေးရယ်၊ နော် ပုလဲလေး''



www.burmeseclassic.com

www.burmeseclassic.com



ပုလဲရပ်နေတဲ့ လှေဲ့ပုခက်နားအထိ တိုးလာကာ ဦးသက် ပြော

ဦးသက်ဟန်က ပုလဲကို လိုချင်မက်မောခြင်းတွေထက် လိုအပ်ချက်

များနေတဲ့ ကလေးတစ်ယောက်ရဲ့ မပြည့်စုံတဲ့ဘဝကို ဖြည့်ဆည်းပေ

အဆင်သင့်ဖြစ်နေတဲ့ စိတ်အားထက်သန်မှုမျိုးနဲ့ တက်ကြွနေမှန်း ပု

သိပါသည်။

ပုလဲ သက်မ,ချကာ စိုစွတ်နေတဲ့မျက်ရည်တွေကို မျက်

နဲ့ပါးပြင်ပေါ် ရှိမနေအောင် လက်ဖမိုးနဲ့ ပွတ်သုတ်၏။

ပွတ်သုတ်တဲ့အရှိန်နဲ့ ပါးမို့မို့လေး ရဲသွေးစိုလာသည်။ သ

ဟန့်ကျော် အားမရနိုင်ဖြစ်ကာ ပုလဲလက်ချောင်းတွေကိုဖယ်ပြီး သူကို

ဝှိုင် ကြင်နာစွာ သုတ်ပေးမိလေပြီ။

ပါးမို့မို့နဲ့ မျက်တောင်လေးများမှာ တွေ့ထိတာလေးတွေ

နူးညံ့သိမ်မွေ့နေပေမယ့် ပုလဲ ရင်ခုန်ပျော်ဝင်ခြင်းမရှိပါ။

ဦးသက် လက်ချောင်းတွေကို မသိမသာဖယ်၍ –

''ပုလဲက ဦးသက်အပေါ် အစကတည်းက အမြင်ကြည်

တယ်၊ ပုလဲ ခေါင်းမာတတ်တဲ့ ပုလဲအကျင့်ကြောင့် ဦးသက်အ

ပြင်းထန်နေခဲ့တာမျိုး ဖြစ်သွားတာပါ၊ အဲဒီအတွက် ဦးသက်ကို

အားနာလှတယ်''

''မလိုပါဘူးကွာ၊ ပုလဲစိတ်ကို ကိုယ်သိတယ်၊ ထဲဝဲဝင်

သိပါတယ်၊ ဒါကြောင့် အဖက်ဖက်က ဖြည့်ဆည်းပေးချင်တာ၊

ဖြည့်ဆည်းပေးချင်တဲ့တစ်ခုတည်းသောဆန္ဒက ပုလဲ စိတ်ချမ်းသာ





ခုလို မျက်ရည်ကျစရာအဖြစ်မျိုး ကြုံတွေ့စေဖို့ မဟုတ်ဘူး''

ပုလဲ နားလည်လက်ခံစွာ ခေါင်းအသာဆတ်ပြီး ဦးသက်

လက်ချောင်းတွေကို လွှတ်ချလိုက်သည်။ ဦးသက်က လွှတ်ချလိုက်တဲ့

လက်ချောင်းတွေကို အလိုက်သင့်ဖယ်ကာ ဘောင်းဘီထဲ လျှိုထည့်ပြီး

ပုလဲကို စိုက်ကြည့်၏။

ပုလဲ အကြည့်ချင်းအဆုံမခံ။ လဲ့လဲ့ရွှန်းရွှန်းတောက်ပနေတဲ့

ဦးသက်အကြည့်က ပုလဲအပေါ် အကြင်နာမိုး ယိုဖိတ်နေတယ် မဟုတ်

လား။ ပုလဲ မသိမသာ မျက်လွှာရှောင်လွှဲ၍ –

''ဒီအဖြစ်က ပုလဲဘဝမှာ နောက်တစ်ကြိမ် ကြုံလာတဲ့

အကျပ်အတည်းတစ်ခုပါ ဦးသက်ရယ်၊ မိန်းမသားမို့ မျက်ရည်ကျတာ

မှန်ပေမယ့် အဲဒီမျက်ရည်က ပုလဲဘဝကို ပုလဲ ရေစုန်မျှောချပစ်ဖို့

မဟုတ်ပါဘူး''

''ကိုယ်နားလည်ပါတယ် ပုလဲရယ်၊ အစကတည်းက ကိုယ်

နားလည်ပါတယ်''

ဦးသက်နဲ့ နီးကပ်နေတာမို့ ပုလဲ အသာခွာကာ လှေဲ့ပုခက်မှာ

တောင့်တောင့်မတ်မတ်ကလေး ထိုင်ချမိ၏။ ဦးသက်လည်း ပုလဲဘေးမှ

ဝင်ထိုင်ပါသည်။

''ပုလဲကတော့ ပြတ်ပြတ်သားသားရင်ဆိုင်ဖို့ ဆုံးဖြတ်ထား

ပါတယ်''

''ပုလဲ ဆုံးဖြတ်ချက်မှန်မယ်လို့ ကိုယ် ကြိုတွက်မိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့''

သက်တန့်ကျော် ဒါပေမဲ့စကားကို ရပ်ထားရင်း ကျဲကျဲတောက်ပူနေတဲ့ နေ့လယ်ခင်းကို ငေးကြည့်၏။ ပုလဲ စိတ်အားထက်သန်စွာ မေးသည်။

''ဒါပေမဲ့ ဘာဖြစ်လဲ ဦးသက်''

''နေသခင်ဆိုတာ စီးပွားရေးပရိယာယ်ကြွယ်တဲ့အထဲမှာ ဘုရင်တစ်ဆူပဲ၊ အဲဒါကြောင့် တစ်ချိန်ချိန်မှာ ပုလဲရဲ့ကြွေးကိစ္စအပေါ် ခုတုံးလုပ်ပြီး အခွင့်ကောင်းယူမယ်ဆိုတာ ကိုယ်ကြိုသိတယ် ပုလဲ၊ ကြိုသိနေလို့ ကြွေးကိစ္စရှင်းသွားစေဖို့ အစကတည်းက ကိုယ်ပြောသားပဲ၊ ခုတော့ ကိုယ်ထင်တဲ့အတိုင်းပဲလေ''

ပုလဲ သက်မ,ချရလေသည်။ ပုလဲက အဲလောက်ထိ တွက်ဆမထားပါ။ ဦးသက်အယူအဆ သွေးထွက်အောင် မှန်နေတော့လည်း ပုလဲ နှုတ်ဆိတ်နေလိုက်သည်။

''သူက သူ့ရဲ့အကျိုးစီးပွားအတွက် ဘာကိုမှ ငဲ့တာမဟုတ်ဘူး ဟိုမှာနေလာတာ နှစ်အတော်ကြာဆိုတော့ ယဉ်ကျေးမှုစိတ်လည်း ခန်းနေလောက်ပြီ၊ ဒါကြောင့် မိန်းကလေးတစ်ယောက်ရဲ့ကိုယ်ကျင့်သိက္ခာကို မငဲ့ညှာဘဲ နိုင်းစားဖို့ လမ်းထွင်လိုက်တဲ့သဘော''

''ပုလဲက သူထွင်တဲ့လမ်းကိုလျှောက်ဖို့ အဟုတ်''

ပုလဲ မဲ့မဲ့ရွဲ့ရွဲ့လေး မျက်နှာမော့ပစ်လိုက်သည်။ နေလို့ပူလောင်စေတဲ့ တစ်ကိုယ်ကောင်းသမား။





''သူက သစ်သစ်မင်းယောကျ်ား ဝဏ္ဏစိုးကိုတောင် ခြယ်လှယ်ထားနိုင်တယ်ဆိုတာ ပုလဲမမေ့ပါနဲ့၊ သစ်သစ်မင်းနဲ့ ဝဏ္ဏစိုးကြားမှာ ဒီကောင်က အခရာ''

''ဘယ်လို ဦးသက်၊ မမသစ်နဲ့ ဦးစိုးကြားမှာ၊ ဟုတ်လား၊ မမသစ်နဲ့ ဦးစိုးက သူတို့ချင်း အဆင်မပြေလို့ ကွဲနေရာက ပြန်ဆက်သွယ်ပြီး ပေါင်းကြတာမဟုတ်လား''

''ဒါက အပေါ်ယံအမြင်လေ ပုလဲရဲ့၊ ဝဏ္ဏစိုးဆိုတဲ့ ငနဲသားက နေသခင် သေဆိုသေ, ရှင်ဆိုရှင်တဲ့ကောင်၊ နေသခင် စီစဉ်ညွှန်ကြားတဲ့အတိုင်း ဝဏ္ဏစိုး လိုက်က,တာ၊ ပြီးတော့ သစ်သစ်မင်းကို အပါခေါ်ပြီး ဒီစင်တာကို ဝယ်ယူလိုက်တာက အကြောင်းမဲ့မဟုတ်၊ အခု ပုလဲကို ခုတုံးလုပ်ပြီး စီးပွားရေးစားကျက် လာချဲ့တယ်ဆိုတာ ပိုထင်ရှားသွားတယ် ပုလဲ၊ နေသခင်ကို ပုလဲ လျှော့မတွက်မိစေနဲ့''

''စိတ်ချပါ ဦးသက်ရယ်''

ပုလဲ အလေးအနက် ပြောမိလေသည်။

''သံသာလည်း ပုလဲအတွက် အတော်စိတ်ထိခိုက်နေတယ်''

''ပုလဲကြောင့် ဦးသက်တို့အားလုံး စိတ်အနှောင့်အယှက်ဖြစ်ရာနဲ့ ကြုံပြီနော်''

ပုလဲ ရှိုက်သံလေးနဲ့ တိုးတိုးလျလျ ပြောမိလျှင် သက်တန့်ကျော် မနေသာ။ ခေါင်းယမ်းလေသည်။

''ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ မိတ်ဆွေသူငယ်ချင်းဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင် ကိုယ်ပြုံးမယ်၊ သူငိုနေတယ် စိတ်ထိခိုက်နေတယ်ဆိုရင် နှစ်သိ
ခံစားပေးရမယ် မဟုတ်ဘူးလား''

ကောက်သားပြယ်နေပြီဖြစ်သော ပခုံးတိုက်နေတဲ့ ပုလဲဆံပ
ကောက်လေးတွေ မျက်နှာပေါ် ဝဲဖြာကျနေတာကို ကြင်နာစွာ သပ်တ
ပေးရင်း ဦးသက် ဆိုချေသည်။

ပုလဲရင်ထဲက ထိခိုက်ကြေကွဲနေတဲ့ ရှိုက်သံလေးကို ပြန်မျို
ကာ ခွန်အားတွေ ဖြည့်တင်းလိုက်ရသည်။

အခက်အခဲဆိုတာ လူတိုင်းမှာ ရှိကြတယ် မဟုတ်လား။ ပု
လည်း အဲဒီအခက်အခဲကို ကျော်ဖြတ်ရမှာပေါ့။

''ကျေးဇူးတင်ပါတယ် ဦးသက်ရယ်၊ ပုလဲ ရင်ဆိုင်ပါ့မယ်
ပုလဲဘဝမှာ ဒီတစ်ကြိမ် ဖြေရှင်းပြီးရင် ငြိမ်းချမ်းသွားမှာပါ''

''ဒါဆို ပုလဲက နေသခင်ခိုင်းတဲ့အတိုင်း ဂျေနဲ့ သွားတွေ့မယ်
ပေါ့၊ ဟုတ်လား''

ဦးသက် စူးစူးစိုက်စိုက်ကြည့်ရင်း မေးလေသည်။

ပုလဲ ဦးသက်ကိုလည်း ပြန်မကြည့်။ ရင်ထဲမှာဖြစ်တည်နေ
ဆုံးဖြတ်ချက်က ခုချိန်မှာ ပို၍ခိုင်မာလာကာ။

''စောင့်ကြည့်ပါဦးလေ''

''အိုကေ၊ လိုအပ်ရင် ကိုယ့်ကိုပြော''

''စိတ်ချပါ၊ ပုလဲရင့်ဆိုတာ ဘယ်လိုမိန်းမစားလဲဆိုတာ
သခင် သိသွားစေရမှာပါ၊ ကဲပါ ဦးသက်လည်း ဘန်ကောက်သွာ





ခရီးစဉ် ရှိတယ်မဟုတ်လား''

''ရတယ်၊ ကိုယ် ဖျက်လိုက်ပြီ''

''ပုလဲကြောင့်လားဟင်''

''ဒါတွေ မေးမနေပါနဲ့တော့၊ ပုလဲကိစ္စကို ကိုယ် စောင့်ကြည့်
နေမယ်၊ ဟုတ်ပြီလား။ အိုကေနော်''

ပုလဲ ခေါင်းညိတ်လျှင် ဦးသက် ထိုင်ရာမှ ထလေသည်။ ကား
ားအထိ ဦးသက်ကို လိုက်ပို့ပေးဖို့ ပုလဲလည်း ထိုင်နေရာမှထလျှင်
ယွဲပုခက်က လှုပ်ယမ်းလွှဲခါလို့သွားသည်။

ဦးနေသခင် ...

ရှင့်အတွေးအခေါ်တွေ အဲဒီလွှဲပုလက်ခက်လို လှုပ်ခါသွားစေ
ရမယ်ရှင့်။

ပုလဲ ဟစ်ကြွေးမိသည်က နွေနွေလယ်ခင်းကို သက်သေထူ
လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''တောက်''

ခံပြင်းစွာလွှင့်ထွက်သွားတဲ့ တောက်ခတ်သံနောက်မှာ နေသခင့် မျက်နှာသာမက တစ်ကိုယ်လုံးရှိအကြောမျှင်များ ထောင်ကြွလို့သွားသည်။

''ဒီမှာလေ မောင်နေသခင့်ကို ပုလဲရင့် ဆပ်စရာရှိတဲ့ကြွေး သိန်းတစ်ရာကျော်နဲ့ စင်တာသော့''

ဒေါ်မြမြမေ သူ့စားပွဲပေါ် ပုံချပေးလာတဲ့ ငွေထုပ်တွေနဲ့ သော့တွဲကြီးကိုကြည့်ရင်း စိတ်က ဝုန်းဒိုင်းပေါက်ကွဲသွားသည်။

''နောက်ပြီး ပုလဲရင့် ဒီစင်တာက အလုပ်နုတ်ထွက်ပါတယ်တဲ့ ထွက်စာပါ ပေးခဲ့ပါတယ်''

''ဘာ''





ဒေါ်မြမြမေ စာရွက်ခေါက်ကို စားပွဲပေါ်တင်ကာ အေးအေးဆေးဆေးပြောပြီး ထွက်သွားသည်က သူ့ရဲ့သည်းခံစိတ်တွေ ကုန်ခန်းသွားလေသည်။

''နေဦး ဒေါ်မြမြမေ''

ဟန့်တားရင်း ဒေါ်မြမြမေရှေ့က ပိတ်ရပ်လိုက်၏။ ဒေါ်မြမြမေ ရှေ့ဆက်သွားလို့မရဖြစ်လျှင် ရင်ထဲမှာ ခံပြင်းသွား၏။

ကိုယ့်သားလောက်အရွယ်က ကိုယ့်ကို ဒေါ်မြမြမေတဲ့၊ အခေါ်ခံရသည်က ဒေါ်မြမြမေစိတ်ကို ချက်ချင်း တင်းမာသွားစေသည်။

''ဒီမှာ မောင်နေသခင်၊ အန်တီက မင်းအမေအရွယ် မိန်းမတစ်ယောက်ပါ၊ မင်းအမေအရွယ်မို့ မင်းအမေလို မလေးစားရင်တောင် မင်းလက်အောက်ငယ်သားလို ပိုင်စိုးပိုင်နင်း ပိတ်ဆို့ဆက်ဆံစရာ မလိုဘူးကွ''

''အဟွန့်''

နေသခင် မျက်နှာမဲ့လျက် –

''အဲဒါဆိုလည်း ပုလဲရင့်နဲ့ကျွန်တော့်ကြား ဘာမှဝင်ပါစရာ မလိုဘူးလေ''

''အဲဒါဆို မင်းမှားသွားမယ် နေသခင်၊ ပုလဲရင့်ဟာ အန်တီ့ အုပ်ထိန်းမှုအောက်မှာရှိနေ[illegible] မိန်းကလေး''

''ဘယ်သူ့လက်အောက်မှာရှိရှိ ကျွန်တော်က ဂရုမစိုက်ဘူး ဒေါ်မြမြမေ''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုပြောလိုက်တယ်"

"ပုလဲရင့်က ကျွန်တော့်လက်အောက်က ဝန်ထမ်း၊ ရင်ဆိုင်စရာရှိတာ သူကိုယ်တိုင် လာရင်ဆိုင်ပါစေ"

"သူက မင်းနဲ့ ရင်ဆိုင်တွေ့ဖို့ စိတ်မဝင်စားဘူးလေ"

"စိတ်မဝင်စားလို့မရဘူး ဒေါ်မြမြမေ"

"အဲဒါတော့ မင်းဘာသာမင်း သွားပြောချေ"

"ကောင်းပြီလေ၊ အန့်တီယူလာတဲ့ ငွေနဲ့သော့ အန့်တီ ပြန်ယူသွား"

"အဟင့် အဲဒါတော့ ဆောရီးပဲ မောင်နေသခင်၊ ဒါပါပဲ"

"တောက်"

မျက်နှာထားနဲ့ ခနဲ့သလို ရွဲ့သလို ပြောကာ သူ့ကို အားမနာတမ်း တွန်းဖယ်ပြီးထွက်သွားတဲ့ ဒေါ်မြမြမေကို သူ ဆွဲထားခွင့်မသာ။

ခံပြင်းဒေါသ တရှုံ့ရှုံ့ထွက်ကာ သူ့ကိုယ်နဲ့ သူ့စိတ်က ဆောက်တည်ရာမရဖြစ်လေသည်။

ဒေါ်မြမြမေ တင်သွားတဲ့ပိုက်ဆံထုပ်တွေနဲ့ သော့တွဲက သူ့မျက်လုံးထဲမှာ အမောက်ထောင်ထားတဲ့ မြွေတစ်ကောင်နှယ်။

ပုလဲရင့် –

ကိုယ်နိုင်းတာ မလုပ်ရင်နေပါ။ ဒီပုံစံနဲ့တော့ တို့ပြန်ကျောခိုင်းသွားဖို့ စိတ်မကူးနဲ့။ လုံးဝ လုံးဝ ကိုယ် သည်းမခံနိုင်ဘူးကွ။

✿ ✿ ✿



## အခန်း (၃၀)

"အို"

ဘွားခနဲ သူနဲ့ ပက်ပင်းဆုံလျှင် ပုလဲ ရင်ဖို့စွာ အာမေဋိတ်သံ ထိုက်ထွက်သွားသည်။ စူးစိုက်ကြည့်နေတဲ့ သူ့မျက်လုံးဟာ ပုလဲရင်ဆိုင် စိုက်ကြည့်ဖို့ ခွန်အားမဲ့သလို၊ ရှောင်လွှဲဖို့လည်း မေ့လျော့လျက်။

သူ့ရှေ့ ရင်ကော့ဖြတ်ကျော်သွားဖို့ ရင်တလှပ်လှပ်ဖိုနေသည့် အဖြစ်။

စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေနဲ့အတူ သူ့ခြေလှမ်းတွေ ရှေ့တိုးလာသည်။ ပုလဲခြေလှမ်း နောက်ဆုတ်ရှောင်ဖယ်သွားဖို့ စိတ်မကူးပါ။

သူနဲ့ပတ်သက်လျှင် ပုလဲ ပြတ်သားပြီးသား ဖြစ်သည်။

ပုလဲဟာ သူ့ရှေ့မှာ ဘယ်လိုမိန်းကလေးဖြစ်ကြောင်း မာနနဲ့



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပြနေမယ့်သူ မဟုတ်ပါ။ လုပ်ရပ်နဲ့ သက်သေထူပြီးသားမို့ ပုလဲကိုယ်ပုလဲ လိပ်ပြာသန့်လျက် ရှိသည်။

စိတ်ကို မာန်သွင်းပြီး သူ့ကို ဖြတ်ကျော်သွားဖို့ ခြေလှမ်းတွေ စလျှင် –

"အလို"

ပုလဲလက်တစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်တဲ့ သူ့ရဲ့ အပြုအမူနောက်မှာ သူ အားနဲ့ဆွဲတဲ့အခါ ပုလဲတစ်ကိုယ်လုံး ပါသွားပါ

ဒီတော့မှ ပုလဲမာန ထောင်းခနဲ ထလာပြီး –

"ဦးနေသခင် ရှင် ဒါ ဘာလုပ်တာလဲ၊ ကျွန်မလက်ကို လွှတ်စမ်းပါ"

ပုလဲ ပြောရင်း ဆောင့်ရုန်း၏။ သူ မလွှတ်။ ဆွဲထားတဲ့အား ကို အရှိန်မလျှော့စတမ်း ဆွဲသွားလေသည်။ ပုလဲ မာနနောက်မှာ ဒေါသ လည်း ပါလာပြီး –

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဦးနေသခင်"

ပုလဲ ဘာပြောပြော သူ မသိသလို၊ မကြားသလိုနဲ့ ဆွဲခေါ် တာ တရစပ်။ ပုလဲမှာ ပတ်ဝန်းကျင်က ကြည့်နေပါလားဆိုတဲ့အသိနဲ့ ရှက်တာလည်း ပါသည်။

ပုလဲ ပြည်ပထွက်ဖို့ လေယာဉ်လက်မှတ် လာဝယ်ခြင်း လက်မှတ်ဝယ်ပြီး ပြန်အထွက်မှာ သူ့ကို ဘွားခနဲမြင်ရခြင်း။

ခုတော့ လူအများကြားမှ ဆွဲခေါ်ခံရတဲ့အဖြစ်။





"ရှင် လွှတ်စမ်းပါ၊ ပုလဲကို ဘယ်လို ထင်နေတာလဲ၊ ရှင်နဲ့ ပုလဲကြားမှာ ဘာဖယားမှ မရှိတော့ဘူး"

သူ ဘာမှမပြော။ ဆွဲခေါ်ခံတာက ကားဆီအရောက်။ ကား နောက်ခန်းတံခါးဖွင့်ပြီး ကားပေါ် အတင်းဆွဲတင်လေသည်။

ပုလဲဒေါသတို့ ထိန်းမရတော့ပါ။

အားကုန်ဆောင့်ရုန်းကာ မုဇဲလက် လွှဲချလျှင် ရှောင်ချိန်မရ လိုက်ဘဲ မျက်နှာပေါ်ရောက်သွားပြီး ဖြန်းခနဲ အသံထွက်လေသည်။

"ပုလဲ"

သူ့နှုတ်က ကြေမွနေတဲ့ခေါ်သံ လုံးထွေးစွာ ထွက်ပေါ်လာ သည်။ ပုလဲလက်ကို ပုလဲ ပြန်မကြည့်ပါ။ အပျက်ပျက် အယွင်းယွင်း ဖြစ်နေတဲ့ သူ့မျက်နှာကိုလည်း မော့မကြည့်ပါ။

လူကြားသူကြား အဆွဲခံရတဲ့အဖြစ်က ရှက်နေတာပဲသိကာ ရုန်းထွက်လို့မရအောင် ဆွဲသွားသည်က ဒေါသကိုဖြစ်စေသည်။ အဲဒီ နောက်မှာ ပုလဲ လွတ်မြောက်ရေးအတွက် ရုန်းထွက်ရင်း လက်က အရှိန်နဲ့ မြောက်တက်သွားသည့်အဆုံး ရိုက်မိသွားတာ မထင်မှတ်ဘဲ ဖြစ်လေသည်။

အဲဒီအတွက် ပုလဲ နောင်တမရပါ။ ဘာကြောင့်မှန်းမသိ မျက် ရည်တွေ တဝေါဝေါကျလာပြီး –

"ရှင့်အကျိုးစီးပွားအတွက် ပုလဲကို အသုံးချဖို့ မကြိုးစားပါနဲ့ ဦးနေသခင်၊ ပုလဲဟာ ဘယ်ယောကျ်ားတစ်ယောက်အတွက်မှ အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



ခံမယ့် မိန်းမ မဟုတ်ဘူး၊ ပုလဲဘဝမှာ အခက်အခဲ၊ အကျပ်အတည်း အတွက် ပုလဲရဲ့ကိုယ်ကျင့်တရားနဲ့သိက္ခာကို ဘယ်တော့မှ အလဲအလှယ် လုပ်ပစ်ဖို့ စိတ်မကူးခဲ့ဘူး။ အဲဒါကြောင့်မို့ ရှင့်ကို ဆပ်စရာရှိတဲ့ ကြွေး ကို ပုလဲ ပုံဆပ်ပြီးသား၊ ဘာဖြစ်လို့ ရှင် ပုလဲကို အသုံးချပစ်ဖို့ တာဆူ နေရတာလဲ၊ ရှင့်မှာ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းရမယ်ဆိုတဲ့ မြန်မာဆန် တဲ့စိတ် မရှိရင်နေပါ၊ အနောက်တိုင်းဆန်တဲ့ စီးပွားရေးဗျူဟာတစ်ရပ် အနေနဲ့ ဝန်ထမ်းမိန်းကလေးတွေရဲ့စာရိတ္တ မြောင်းထဲထိုးကျသွားအောင် ဉာဏ်ကလာဆင်ပြီး နိုင်းမစားပါနဲ့ ဦးနေသခင်ရယ်၊ ပုလဲရှင့်က အနိုင် စားခံမယ့်မိန်းမ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ အဲဒါကို ရှင် မြဲမြဲမှတ်ထား''

စကားလုံးတွေက လက်ဖဝါးထက် ပိုပြင်းရှကာ၊ သူ့နှလုံးသား က ခံစားမှုတွေက မျက်ဝန်းအိမ်ကို လွှမ်းမိုးလျက်။

''ပုလဲ''

သူ့ခေါ်သံဟာ မိုင်ပေါင်းများစွာမှ ပြေးလာရသလို မောလှ ရှည်လျားစွာ လျှပ်တိုက်ပြေးလွှားလာသည်ဟု ထင်ရသည်။

ပုလဲမျက်ရည်တွေကို ခွန်အားပြည့်နဲ့ပဲ သုတ်ပစ်ရင်း မျက်နှာ ကို မော့ထား၏။

''ကျေးဇူးပြုပြီး ရှင် ပုလဲကိုသိမ်းသွင်းဖို့ မကြိုးစားပါနဲ့''

''ပုလဲရယ် မင်း ကိုယ့်ပါးတင်မက ကိုယ့်အသည်းနှလုံးကို ဆွဲထုတ်ပြီး ရိုက်ပစ်လိုက်စမ်းပါ၊ ရိုက်ပစ်စမ်းပါကွာ''





ပုလဲလက်ကို ဆွဲယူပြီး ရင်ဘတ်ကို အပ်နှင်းလာသူ။ ပုလဲ လက်ကို ပြန်ရုန်းလျှင် သူ့ဒူးက ပုလဲရှေ့ တကယ်ညွတ်ချလေသည်။

''မင်းအမြင်မှာ ကိုယ်ဟာ ယုတ်မာပက်စက်ချင် ပက်စက်နေ လိမ့်မယ်၊ ဒါပေမဲ့ ကိုယ့်နှလုံးသားက မင်းအပေါ် ဘယ်တုန်းကမှ အရောင် ညစ်မဆိုးခဲ့ဘူး ပုလဲရယ်''

''ဟွန့်''

ပုလဲ သူ့လက်ကို ဖယ်ပစ်လိုက်၏။

''ပုလဲ မင်းကို ကိုယ် တောင်းပန်တယ်ကွာ''

''ဟင့်အင်း''

ပုလဲ ခေါင်းခါပစ်၏။ ချက်ချင်း သူ့ရင်ဘတ်ကို ဆောင့်တွန်း လျက် နာကျင်မှုမဲ့ ရယ်မောမိလေသည်။

''တောင်းပန်ပါတယ်''

တဲ့။ မာနတလွှားလွှားနဲ့ သံသာ့ကိစ္စကို လက်စားချေ တိုက် စစ်ဆင်လာတဲ့သူ။ ခုတော့ ချက်ချင်းကြီး တောင်းပန်တဲ့စကားလုံး ပစ် သွင်းလာတာ မယုံနိုင်စရာကြီး။

ဒါပေမဲ့ -

ကိစ္စတစ်ခုဟာ တောင်းပန်ရုံနဲ့ ပြီးဆုံးသွားစေဖို့ ပုလဲ မတောင့် တပါ။ သူ တောင်းပန်တယ်ဆိုတိုင်း ပုလဲ ပျော်ဝင်ဖို့ စိတ်မဝင်စားပါ။

ဘာဖြစ်လို့လဲဆိုတော့ ပုလဲဟာ ကိုယ်ကျင့်သိက္ခာကို ပေါ်ပါး လာရင် ဘယ်တော့မှ ခွင့်လွှတ်ဖို့ စိတ်ထားပျော့ပျောင်းလာမယ့် မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး မဟုတ်ဘူး။ ပုလဲစိတ်ကို ပုလဲ သိတယ်။ ပုလဲသိသလို သူသိဖို့လည်း လိုပါတယ်။

ဒါကြောင့်မို့ တောင်းပန်တယ်ဆိုတဲ့ သူ့ရဲ့စကားလုံးနောက်မှာ ပုလဲ နာကျင်စွာရယ်မောမိ၏။ ထို့ပြင် ခြေလှမ်းတွေကလည်း သူနဲ့ဝေးရာ လျှောက်ထွက်ခဲ့သည်။

"ပုလဲ ကိုယ်တောင်းပန်တယ်၊ ကိုယ့်ကို တစ်ဆိတ် နားလည်ပေးပါ၊ ကိုယ်တောင်းပန်တယ်ကွာ"

သူ့အသံက လေထဲမှာဝဲလို့။

ပြောစမ်းပါ။

တောင်းပန်တယ် ဆိုတဲ့စကားကို ရှင့်အသက် မထွက်မချင်း ပြောနေစမ်းပါ။

ပုလဲရှင့်ဆိုတဲ့မိန်းကလေးက sorry ပါပဲ နေသခင်။

✿ ✿ ✿



အခန်း (၁၁)

"မပုလဲရယ် မပုလဲ အလုပ်ထွက်လိုက်တော့ ပန်းကလေးတို့တအား လျှော့သွားတာပဲ၊ သိလား"

ပန်းကလေးက စိတ်အားငယ်စွာ ပြောလေသည်။

"နောက်တော့ နေသားတကျ ဖြစ်သွားမှာပါကွယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မပုလဲ၊ မေသီရိတို့တွေက မပုလဲပြုတ်သွားတာကို ချီးကျူးပါတယ်၊ ဒါပေမဲ့ မပုလဲမရှိတော့ ဘော့စ်နဲ့ ထိပ်တိုက်ဆက်ဆံရမှာလေး ဘာပဲဖြစ်ဖြစ် စိတ်အားငယ်မိတာ အမှန်ပဲ၊ ပြီးတော့ ဘော့စ်ရဲ့စိတ်ကိုလည်း ကြောက်လှပါတယ်"

"ဟုတ်တယ် မပုလဲရဲ့၊ ဆွေရီတို့မိန်းကလေးတွေ ရင်တထိတ်ထိတ် ဖြစ်နေရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မေသီရိပြောတဲ့နောက် ဆွေရီရီကလည်း ဆိုပြန်သည်။ ထိုအဆိုကို ဝန်ထမ်းမိန်းကလေးတွေအားလုံးလိုလို ခေါင်းညိတ်ထောက်ခံကြသည်က လေးလေးနက်နက် ရှိနေသည်။

ပုလဲဆီလာပြီး စိတ်အားငယ်ကြောင်း လာရင်ဖွင့်ကြတဲ့ လုပ်ဖော်ကိုင်ဖက်မိန်းကလေးများကို ပုလဲ စာနာမိပြီး -

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ သူက ပုလဲအပေါ် အပြုံးနဲ့တုံ့ပြန်နေတာမျိုးပါ။ ပုလဲက သံသာ့သူငယ်ချင်းဆိုတော့လေ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မပုလဲရယ်၊ ခရေတို့က စိုးရိမ်တာက စိုးရိမ်တာပဲ၊ ခုဆို စင်တာထဲ ခြေလှမ်းစဝင်တာနဲ့ ရင်ထိတ်နေရပြီ၊ ဘော့စ်က ဘယ်သူ့ကိုခေါ်ပြီး ဘာကိစ္စ ဘယ်လိုတွေ ခိုင်းစေမလဲ ဘာလဲနဲ့ပေါ့"

ခရေလင်း ဝင်ပြောသည်က ဝန်ထမ်းမိန်းကလေးတွေ ကိုးလန့်စာစားနေရသလို ဖြစ်နေချေသည်။

"ကဲပါလေ ဖြစ်လာတဲ့အခြေအနေကို ရင်ဆိုင်ဖို့က ညီမတို့တာဝန်ပါ"

တိုးတိုးဆင့်က စကားလမ်းကြောင်းလွှဲလေသည်။

"ဒါတော့လည်း ဒါပေါ့"

ဆွေရီရီတို့က ထောက်ခံကာ သက်ပြင်းကိုယ်စီချ၏။

"ပုလဲ တကယ်ပဲ သွားတော့မှာလား"

စန်းစန်းရှင် အနားမှာလာထိုင်ရင်း မေးသည်။ ပုလဲ ကြည်လင်စွာပြုံး၍ -





"သွားမယ်လေ၊ ဦးသက် ဆက်သွယ်ပေးလို့ရတဲ့အလုပ်က ကျောက်မျက်ကုမ္ပဏီပါပဲ၊ ပုလဲ အားလုံးပြင်ဆင်ပြီးသား၊ လေယာဉ်လက်မှတ်တောင် အဆင်သင့်ပဲ၊ မနက်ဖြန်ဖလိုက်နဲ့ သွားမယ်"

ပုလဲစကားဆုံးတော့ မိန်းကလေးအားလုံး တိတ်ဆိတ်သွားလေသည်။ သူတို့တွေလည်း ပုလဲအပေါ် သံယောဇဉ်တွယ်နေကြသည် မဟုတ်လား။

မမသစ်နဲ့ကတည်းက ယုံကြည်စိတ်ချစွာ လက်တွဲလာကြသူတွေဆိုတော့ တကယ်ဝေးရတော့မယ်ဆိုတဲ့အသိက ခံစားရတာပေါ့။

"မပုလဲ ကံကောင်းပါစေလို့ ညီမတို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ပုလဲလည်း ညီမတို့တွေနဲ့ လက်တွဲမဖြုတ်ချင်ပါဘူး၊ အကြောင်းကြောင်းကြောင့် လမ်းခွဲရပေမယ့် ပုလဲ တကယ်စိတ်မကောင်းပါဘူး"

"ဟုတ်တယ်နော်၊ စိတ်မကောင်းစရာပဲ၊ ရေစက်က ဆုံတွေ့လုပ်ကိုင်ခွင့် ဒီလောက်ပဲရတယ်လို့ သဘောထားရမလိုဖြစ်နေတာ ဘာတတ်နိုင်မှာလဲ"

ဆွေရီရီက ဖြေသိမ့်နိုင်မယ့်စကားတွေ ရွေးပြောပြန်သည်။

"ဒါလည်း မှန်တာပဲ၊ ရေစက်ရှိသလောက် ဆုံရပြီးပဲ ဆွေရီရယ်နော်၊ ခရေတို့က ဟန့်ကာဆီးတားလို့လည်း ရတာမှမဟုတ်တာ၊ ကြုံဆုံခဲ့တဲ့သက်တမ်းမှာ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးရှိခဲ့တာက ကျေနပ်စရာ၊ တွေးပြီး ကြည်နူးစရာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတာပေါ့ တီးတီးရဲ့"

စန်းစန်းရှင် အလေးအနက်ထောက်ခံလေသည်။ ထိုအခါ စိတ်အားငယ်နေကြတဲ့ ဆွေရီရီတို့အားလုံး စိတ်ဓာတ်တွေပြန်ကြွလျက်။

"ဟုတ်တယ်၊ သီရိတို့အားလုံး မိန်းကလေးတွေချည်းဖြစ်ပေမယ့် တစ်ယောက်ကိုတစ်ယောက် မနာလိုတာ ဘာညာမရှိဘူး၊ ဘာကိစ္စဖြစ်ဖြစ် သဘောထားညီညီညွတ်ညွတ် ရှိကြတယ်၊ ပြီးတော့ ယုံယုံကြည်ကြည်လုပ်လာကြလို့ ငွေရေးကြေးရေးအရ, ဘာအရဖြစ်ဖြစ် ဂုဏ်သိက္ခာထိပါးအောင် လုပ်ခဲ့တာမျိုး မရှိခဲ့ဘူးလေ၊ ဒီလိုညီညွတ်မှုဆိုတာ တော်တန်ရုံမိန်းကလေးချည်းရှိတဲ့ လုပ်ငန်းခွင်ထဲမှာ ရှိတာမှမဟုတ်တာ"

"အဲဒါ မှန်ပြန်ပြီ သီရိရဲ့၊ တချို့ မိန်းမသားချည်းရှိငဲ့ လုပ်ငန်းခွင်တွေမှာဆို မိန်းကလေးတွေ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြဆိုင်ကြ, ခြေထိုးပြီး ဘော့စ်ကို မျက်နှာချိုသွေးကြနဲ့ ရှုပ်ထွေးနေတာမျိုး လုပ်ငန်းတိုင်းလိုလိုက မိန်းကလေးတွေကြားမှာ ရှုပ်ရှုပ်ထွေးထွေးရှိနေတာဟ၊ ပန်းကလေးတို့စင်တာမှာ အဲဒါမျိုးမရှိတာ ကံကောင်းတာပေါ့"

"အင်း ပန်းကလေးပြောမှ ဒီစင်တာက မိန်းကလေးတွေကို ချီးကျူးရမလို ဖြစ်နေပြီကွယ်"

"ချီးကျူးမယ်ဆိုရင် မပုလဲကိုသာ ချီးကျူးပါတော့ ဝေဝေနိုးရယ်၊ မဟုတ်ဘူးလား"

တိတ်တိတ်ဆိတ်ဆိတ်ကလေး ငြိမ်သက်ကာ နားထောင်နေရှာတဲ့ ဝေဝေနိုးကို မေသီရိ ဦးတည်ပြောတော့ ဆွေရီရီနဲ့အားလုံး ခေါင်းညိတ်





ထောက်ခံကြလေသည်။

"ဟုတ်တာပေါ့၊ မပုလဲက ချီးကျူးဖို့ကောင်းတယ်"

"အမယ် ပုလဲကို ဝိုင်းမြှောက်မနေကြပါနဲ့နော်၊ ညီမတို့အားလုံးလည်း စိတ်ယှဉ်ကျေးမှုရှိကြလို့လေ၊ ပြီးတော့ နာခံတတ်သလို, လိုက်နာဆောင်ရွက်တတ်တဲ့ ရိုကျိုးစိတ်ကလေးတွေ ရှိကြတယ်ဆိုတာလည်း သတိရကြပါဦးကွယ်"

"ဟုတ်သား"

"ဟင့် ဟင့် ဟင့်"

ပုလဲပြောလိုက်တော့ အားလုံးသဘောတကျဖြစ်ကာ ပြုံးကြ၊ ရယ်မောကြနှင့် စိတ်အာရုံရွှင်လန်းလို့ သွားပါသည်။

"ကဲ ရှင်တို့လေးတွေ ရယ်မနေကြနဲ့၊ တော်ကြာ ငိုရမယ့်ကိန်းဆိုက်နေမယ်၊ အချိန်လည်း ကြည့်ကြဦး"

ပုလဲ သတိပေးသလိုပြောမှ နာရီကိုယ်စီကြည့်ကာ မျက်လုံးလေးများ ပြူးကုန်သည်။

"ဟုတ်ပါ့ဟဲ့၊ ရှစ်နာရီကျော်နေပြီ ကွယ်တို့"

ဆွေရီရီ ပြောရင်း ထလေသည်။ အားလုံးလည်း ထိုင်နေရာမှ ထကာ စားပွဲပေါ်တင်ထားတဲ့ ထမင်းချိုင့်တို့ လက်ဆွဲအိတ်တို့ အလုအယက် ယူကြ၏။

"ဝက္ကစီနဲ့ သွားနှင့်ကြ၊ တော်ကြာ တစ်ဖွဲ့လုံး နောက်ကျရကောင်းလားဆိုပြီး ရှင်တို့ဘော့စ် ပွက်နေပါဦးမယ်"

www.burmeseclassic.com



ပုလဲပြောရင်း ဦးဆောင်ကာ အဆောင်ခြံပြင်ထိ ထွက်ခဲ့သည်။

အားလုံး နှုတ်ဆက်လက်ပြကာနှင့် –

''မပုလဲ ဟိုရောက်ရင် ညီမတို့ကို ဖုန်းဆက်နော်''

''ခရေတို့လည်း မပုလဲကို သတိရတိုင်း ဖုန်းဆက်မယ်၊ သိလား''

နောက်ဆုံးခွဲခွာခြင်းမှာ ဒါတွေပဲပြောရင်း နှုတ်ဆက်သွားလေတဲ့ မိန်းကလေးတစ်သိုက်ကိုကြည့်ရင်း ပုလဲရင်မှာ တစ်မျိုးလေး ခံစားရလေသည်။

ဦးနေသခင် –

ရှင်သာ သဘောထားပြည့်ဝခဲ့မယ်ဆိုရင် –

အိုး သူ့အကြောင်းမတွေးတာဘဲ ကောင်းတယ်။ မတွေးဘူးလို့ ဦးနှောက်က ပြတ်သားနေသော်လည်း –

✿ ✿ ✿



အခန်း (၃၂)

နှင်းဆီဖြူသက်သက်ကို ဖဲကြိုးဖြူနဲ့ လှလှကြွကြွ စည်းနှောင်ထားတဲ့ အဖြူရောင်ပန်းစည်းလှလှလေးရယ်။ ထိုပန်းစည်းမှာပါတဲ့ ကတ်လေးမှာ ပုလဲရင့်လို့ ရေးထားတဲ့ စာတန်းလေးပါသည်။

ဒီပန်းစည်းက ဘယ်သူပေးခိုင်းတာလဲ။

တစ်ခါတုန်းကလည်း ပန်းခြင်းလေး ပုလဲနာမည်နဲ့ ရောက်ခဲ့ဖူးတယ် မဟုတ်လား။ ခုချိန်ထိ ထိုပန်းခြင်း ဘယ်သူပေးလဲ မသိရသေးပါ။

ဟော ခုတစ်ခါ ပန်းစည်းလေး ရောက်လာပြန်ပြီ။

ပေးသူနာမည်မပါတော့လည်း မသိရပါ။ သိရခြင်း မသိရခြင်းက ဒေါ်မြမြမေအတွက် အရေးမပါပါ။ ပုလဲရင့်နာမည်နဲ့ဆိုတော့ ပုလဲရင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးလိုက်ရုံပေါ့။

ပန်းအရောင်းစင်တာတစ်ခုက လာပေးသွားတဲ့ ထိုပန်းစည်း လေးကို ဒေါ်မြမြမေ လက်ခံထားလိုက်ရသည်။ ခြံပြင်ဘက် ဝန်ထမ်း ကောင်လေး ထွက်သွားတော့ ဒေါ်မြမြမေ အဆောင်ဘက် ပြန်လှည့်၏။

ပုလဲ ရှိနေတယ်မဟုတ်လား။

ဟော ပြောရင်းဆိုရင်း ပုလဲက အဆောင်ထဲက ထွက်လာသည်။ လေဆိပ်ဆင်းဖို့ အဆင်သင့်ပြင်ဆင်ထားတဲ့ ပုလဲက နုံ့သာရောင်ကုတ် ဝမ်းဆက်နဲ့ တအားလှနေသည်။ ခရီးဆောင်အိတ် တစ်ပါတည်း ဆွဲရ လာတဲ့ ပုလဲနဲ့ ပေါ်တီကိုအောက်မှာ ဆုံလျှင် –

''ပုလဲလေး ဒီမှာ ပုလဲအတွက် ပန်းစည်းရောက်နေတယ်''

''ပန်းစည်း၊ ဘယ်သူပို့တာလဲ အန်တီမြ''

''မသိဘူးကွယ်''

ဒေါ်မြမြမေ ဒါပဲပြောပြီး ပန်းစည်း ကမ်းပေးသည်။ ခရီးဆောင် ဆွဲအိတ်ကြီးကို ပုလဲ လက်လွှတ်ကာ ပန်းစည်းကို တအံ့တသြယူသည်။

လတ်ဆတ်သင်းအီတဲ့ နှင်းဆီဖြူရနံ့က ညှိုညှို့လေး မြှူလျက်

အပြစ်ကင်းခြင်း၊ အကျင့်သီလကောင်းမွန်ခြင်း၊ ကျက်သရေ ရှိခြင်းနဲ့ ညှို့ဓာတ်ရှိခြင်းတို့ကို ရည်ညွှန်းတဲ့အခါမှာ ဒီလို နှင်းဆီဖြူပန်း စည်းမျိုးကို အသုံးပြုလေ့ရှိတာ နိုင်ငံတကာယဉ်ကျေးမှုတစ်ခုပဲ မဟုတ် လား။

ထိုသဘောဆောင်တဲ့ နှင်းဆီဖြူပန်းစည်းလေးကိုကြည့်ရင်း





ပုလဲရင်မှာ နွေးလျလျလေးဖြစ်သွားသည်။

အန်တီမြက ပုလဲကို ရပ်ကြည့်မနေတော့ပါ။ လုပ်လက်စရှိတဲ့ အတိုင်း ခြံထဲကအမှိုက်တွေ လှည်းကျင်းစုပုံထားတာကို မီးရှို့နေတာကို ဆက်လုပ်နေကာ။

ပုလဲက နွေးလျတဲ့ခံစားချက်နဲ့ပဲ ပန်းစည်းကို ရင်မှာပိုက် လျက် ကတ်ကလေးကို ယူကြည့်၏။

''ပုလဲရင့်''

တဲ့။ ကွန်ပျူတာနဲ့ ရေးထားတဲ့ စာလုံး။ နာမည်ကတ်က စာအုပ်ပုံလေးမို့ ဖွင့်ကြည့်လျှင် ပုလဲမျက်လုံးက စာလုံးတွေထဲ စီးဝင် သွားသည်။

ပုလဲ

နေ တောင်းပန်တယ် နေ့နေ့လုံးသားနဲ့ရင်းပြီး တောင်းပန်ပါတယ် ပုလဲရယ်။ ပုလဲကို တောင်းပန်ရင်း နေ ရင်ဖွင့်ပါရစေ။ ပုလဲကို နေချစ်တယ်။ ချစ်တယ် ပုလဲရယ်၊ နေ့အချစ်ကို လက်ခံပေးပါ။

နေသခင်

စာလုံးလေးတွေ ပြနေရင်း ပုလဲ အသက်ရှူဖို့ မေ့နေလေ ပြီ။ တောင်းပန်တယ်။ ဟုတ်လား။ နောက်ပြီး ချစ်တယ်တဲ့။

ဒါက ဘာပရိယာယ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ။

သူက ပုလဲရင်ဘတ်ကို ထိမှန်သွားအောင် မြားတစ်စင်း ပစ်သွင်းလိုက်တဲ့ သဘောလား။ သေချာရင် အဲဒီမြားက အချစ်တွေ ထုံမွမ်းထားတဲ့မြား မဖြစ်နိုင်။

ဘယ်နည်းနဲ့မဆို သံသာ့ကို လက်စားချေနိုင်ဖို့ ပုလဲကို ဆွဲလွဲချည်နှောင်မယ့် သူ့ရဲ့အငြိုးတွေကလွဲပြီး ဘာမှဖြစ်နိုင်ဖို့ မရှိပါ။

သူ့စိတ်၊ သူ့ပရိယာယ် ဘာဆိုတာ ပုလဲ သိနှင့်ပါသည်။

နေသခင် –

ရှင် တော်ပါပေတယ်။ ပုလဲ ရှုံ့ရှုံ့မဲ့မဲ့ ပြုံးသလို နာကျင်စွာလည်း အံကြိတ်၏။ မာနနဲ့သိက္ခာအတွက်လည်း မာန်အပြည့်နဲ့ အကြည့်ရုပ်လျက်။

ပုလဲရင်ခွင်ထဲက ပန်းစည်းကို ချက်ချင်း ခွာသည်။

'ပွမ် ပွမ်'

ကားဝင်လာသံကြားသည်က ပုလဲမာနကို ပို၍အညွန့်တက်စေသည်။ ထိုကားပေါ်မှာ သံသာပါလာသည် မဟုတ်လား။ ဦးသက်က ကားကိုယ်တိုင်မောင်းလို့လေ။ ပုလဲကို လေဆိပ်လိုက်ပို့ဖို့ လာနေကြလေပြီ။

ထိုအသိက မွှေးမြတဲ့ ပန်းစည်းအဖြစ်မှ ခါးသီးကာ အဆိပ်အတောက်ဖြစ်စေသော ပန်းစည်းလေးအဖြစ် ပုလဲနှလုံးသားကို ပြောင်းလဲသွားစေသည်။

ဦးသက်ကားလေး ပေါ်တီကိုအောက်ကိုရောက်လာလျှင် ပုလဲခြေလှမ်းက အနှစ်တီမြအလုပ်လုပ်နေတဲ့ဆီ ရွေ့သွား၏။





မီးဟုန်းဟုန်းတောက်လောင်နေတဲ့ အမှိုက်ရှိ၊ မီးပုံကြီးရှေ့ရောက်လျှင် ပုလဲ ရင်ခုန်သံ တွေဝေမနေပါ။

အနီရောင်မီးညွှန့်မီးတောက်တွေတည့်တည့် ပန်းစည်းကို ပစ်ညည့်လိုက်လေသည်။

''ဟင်''

အနှစ်တီမြ ရုတ်တရက် အံ့ဩသွားပါ၏။

နောက်မှ သဘောပေါက်ဟန်တူပါသည်။ သက်မ ချကာ။

သစ်ရွက်ခြောက်နဲ့ မြက်ခြောက်တွေရောနေသည့် အမှိုက်ာင်းကို မီးပုံထဲ ထပ်မံလောင်းထည့်လျှင် မီးတောက်တွေကြားကန်းစည်းလှလှလေးက နောက်ထပ် လောင်းချခံရတဲ့ အမှိုက်တွေနဲ့အတူရှိန်တညီးညီး တောက်လောင်လျက်။

''ပုလဲ''

ဦးသက် ကားရပ်လိုက်သည်နှင့် သံသာ ကားပေါ်က ဆင်းပြီးက်တက်ကြွကြွ လှမ်းခေါ်သည်။

ပုလဲ မာန်အပြည့်နဲ့ပြုံးကာ မီးပုံနားက ခွာပြီး သံသာ့ဆီသည်။ ဦးသက်က ပုလဲ ခရီးဆောင်အိတ်ကို ကိုယ်တိုင်ပဲ ကားနောက်ထဲ ဖွင့်ထည့်သည်။

''ပုလဲ အဆင်သင့်ပဲ မဟုတ်လား''

''Ready လေ သံသာရဲ့၊ မမြင်ဘူးလား''

''မြင်ပါတယ်ကွယ်၊ ဟင့် ဟင့် ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



သံသာ ကျေကျေနပ်နပ်ဆို၍ သဘောတကျ ရယ်လေသည်။ သံသာ ကမ်းတဲ့လက်ကို ပုလဲ လှမ်းဆွဲသည်က ခွန်အားတို့နဲ့ ပြည့်လျှက်

''ဟိုရောက်တာနဲ့ ဖုန်းဆက်နော်''

''စိတ်ချပါ သံသာရဲ့''

''ဦးသက်က အစစအရာရာ ပုလဲအတွက် အဆင်ပြေအောင် လုပ်ပေးပြီးသား၊ ပုလဲ ဘာမှစိတ်ပူမနေနဲ့၊ သိလား''

''သိပါတယ်ကွယ်၊ သံသာလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်''

ဗိုက်ဖုံးဂါဝန်လေးနဲ့ မြူးကြွနေတဲ့ သံသာ့ကိုကြည့်၍ ပုလဲ ပြောလျှင် –

''စိတ်ချပါ ပုလဲရယ်၊ သံသာက ပုလဲလောက် စိတ်ဓာတ်ခွန် အား မပြည့်ပေမယ့် ရင်ဆိုင်ရဲဖို့ သတ္တိမွေးနေပါပြီ''

''အရင်ဆုံး ကလေးပဲ မွေးစမ်းပါကွာ''

ဦးသက် ကားနောက်ပိုင်းမှ ရှေ့ဘက်သို့ ပြန်လာရင်း ပြော လျှင် ပုလဲနဲ့သံသာ ရယ်မိလေသည်။

''ဟင့် ဟင့် ဟင့်''

''ကဲ မမချောနှစ်ယောက် ကားပေါ်တက်၊ လေယာဉ်ပေါ်တက် ဖို့ နောက်ကျနေဦးမယ်''

ဦးသက်ပြောရင်း ကားမောင်းသူနေရာ ဝင်ထိုင်ကြ၏။ ပုလဲ သံသာလည်း တစ်ယောက်လက် တစ်ယောက်ဆွဲကိုင်၍ ကားနောက်ခန်း ထဲဝင်ထိုင်လျှင် ကားလေး လျောခနဲ မောင်းထွက်သွားလေသည်။





''အန့်တီမြရေ တာ့ တာ''

အန့်တီမြ ကျေကျေနပ်နပ်လေး လက်ပြနှုတ်ဆက်ကာ ကျန် ခဲ့လေသည်။

ဟောဒီမီးပုံထဲမှာ လောင်ကြေးပြာကျ ကျန်ရစ်ခဲ့တဲ့ ပန်းစည်း လေးက ငိုနေမှာလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ပုလဲရဲ့ဘော့စ်အသစ် အမေရိကန်အမျိုးသမီးကြီး မစ္စက်အက်တာ။ ဒီအမျိုးသမီးက မမသစ်လိုပဲ ဖော်ဖော်ရွေရွေ ရှိလှသည်။ ပုလဲကို တွေ့သည်နှင့် မျက်ဝန်းအစုံက သဘောကျဟန်နဲ့ လင်းလက်နေခဲ့သည်။

အက်တာရဲ့ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ယူတဲ့ ပုလဲအတွက် အခက်အခဲ မရှိလှပါ။ ပုလဲက အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်နဲ့ အမေရိကန် လို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်သည်မို့ အဆင်ပြေလှသည်။

ဒါပေမဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံ မတူညီတဲ့အပေါ်မှာ လိုက် လျောညီထွေမရှိတာလေးတွေနဲ့ ကသိကအောက်ဖြစ်စရာတွေတော့ ရှိ တာပေါ့။ အဲဒါလေးတွေကလည်း သိပ်ပြီး ခေါင်းစားခံရတာမျိုးတော့ မဟုတ်ပါ။





အဆင်ပြေအောင် ညှိနှိုင်းပြီး လိုက်လျောညီထွေ ဆက်ဆံလိုက် တော့ အိုကေသွားတယ်လေ။

မစ္စက်အက်တာရဲ့ ရတနာကုမ္ပဏီက မမသစ်ရဲ့အရောင်းစင် တာလို အချောထည်နဲ့ အပ်ထည်ကို ရောင်းတာမျိုးသာ မဟုတ်ပါ။ အရိုင်းတုံးတွေကအစ ရသည်။ ကျောက်မျက်သွေးတဲ့လုပ်ငန်းလည်း ပါသည်။ ကျောက်မျက်ရတနာဝါသနာအိုးတွေအတွက် အထူးသီးသန့် ဖြစ်တဲ့ ဒီဇိုင်းသက်သက်ထုတ်တဲ့ လုပ်ငန်းကလည်း တွင်ကျယ်လျက်။

ကျောက်မျက်ရတနာနဲ့ပတ်သက်တဲ့ အနုပညာဆန်ဆန် လုပ် ထားတဲ့ အရောင်းစင်တာတွေလည်း မကျန်။ ပြောမယ်ဆို ကြီးကျယ်တဲ့ ရတနာကုမ္ပဏီပါ။

ဒီလိုကုမ္ပဏီကြီးမှာ အလုပ်ရတာ ပုလဲအတွက် ကံကောင်း ခြင်းပဲ။ လေ့လာစရာ၊ သင်ယူစရာတွေက အလျှံ။ ဘော့စ်က အမျိုးသမီး ဖြစ်နေတာက ပိုလို့ပင် ကောင်းနေသေးသည်။

ပုလဲအတွက် အစစအရာရာ စိတ်ချလက်ချဖြစ်အောင် စီစဉ် ပေးတဲ့ ဦးသက်ရဲ့ကူညီမှုက လေးစားစရာ။

သူ့ကို ဆပ်ဖို့ကျန်တဲ့ ငွေရော၊ အလုပ်ရဖို့အတွက် သွားရေး လာရေး ဘာညာကအစ စီစဉ်ပေးသည် မဟုတ်လား။ လခက ဒေါ်လာ နဲ့ ရတာဆိုတော့ ထောတာပေါ့။

မစ္စက်အက်တာမှာ တစ်နှစ်နီးပါးလုပ်လိုက်ရင် ဦးသက်အပေါ် တင်နေတဲ့ကြွေးတွေ ကျေပြီလေ။ ရှေ့ဆက် ပုလဲဘဝ ငြိမ်းချမ်းသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ပုလဲ အဲဒါလေးတွေ တွေးရင်း စိတ်က တက်ကြွနေခဲ့သည်။

"ကျောက်မျက်ပန်းချီကား ထပ်ဝင်သေးလား"

မစ္စက်အက်တာက သီးသန့်ဖွင့်ထားတဲ့ ကျောက်မျက်အနုပညာ စင်တာဆီသွားလျှင် ပုလဲကို ခေါ်သွား၏။ ပုလဲကလည်း စိတ်ဝင်တစား ရှိကာ။ တာဝန်ခံပုဂ္ဂိုလ် မစ္စက်အက်တာ မေးလျှင် –

"တချို့တော့ ဝင်လာပါတယ်"

"မဝင်သေးတဲ့ ပန်းချီဆရာတွေဆီ ဆက်သွယ်ဦးမှပေါ့"

"ဆက်သွယ်ထားပါတယ်၊ မစ္စတာကယ်လိုနဲ့ ဒေလီယာကျွဲတို့က နောက်လလောက်မှာ ပို့နိုင်မယ်လို့ အကြောင်းပြန်ထားပါတယ်၊ မစ္စတာဂျေကတော့ ဆက်သွယ်လို့မရသေးဘူး။ သူ့မိတ်ဆွေပြောတော့ ခရီးလွန်နေလို့တဲ့"

"သူ ခရီးလွန်နေရင်လည်း မိမိရရ ဆက်သွယ်မှပေါ့၊ မစ္စတာဂျေရဲ့ပန်းချီကားသစ် မဝင်ရင် စင်တာအတွက် အများကြီး ထိခိုက်နိုင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါ့မယ်"

တာဝန်ခံပုဂ္ဂိုလ် မစ္စတာဒေးဗစ်နဲ့ မစ္စက်အက်တာတို့ ပြောနေတဲ့ စကားတွေက အလုပ်သဘောဆန်ပါသည်။ သို့သော် ပုလဲအတွက် အံ့သြနေရသည်။ အကြောင်းက မစ္စတာဂျေဆိုတဲ့ နာမည်ကြောင့် မဟုတ်လား။ မစ္စတာဂျေ နာမည်ကြားရတော့ ပုလဲနားထဲမှာ သူ့အသံ ပြန်ကြားယောင်ကာ။





"ထရိတ်ဒါးမှာ ဆစ်ဒနီက ရတနာကုန်သည်မစ္စတာဂျေ ရောက်နေတယ်၊ ဟိုတစ်ညက ကိုယ်တို့ သွားစောင့်နေတဲ့ ညှိသည်ဆိုပါတော့"

"မစ္စတာဂျေဆီက ကိုယ်လိုချင်တဲ့ အချက်အလက်အားလုံး အဲဒီဖိုင်ထဲမှာ ရှိတယ်၊ ကိုယ်လိုချင်တာအားလုံးပြည့်အောင် မင်း ဆွေးနွေးယူနိုင်ရမယ်၊ တစ်ခုတလေမှ ကိုယ့်ဘက်က လက်လွှတ်မခံနိုင်ဘူး။ အဲဒါ မင်းခေါင်းထဲ ရိုက်ထည့်"

"မင်း သူနဲ့ သွားတွေ့ရင် ဒီပုံစံနဲ့မသွားနဲ့"

"ရှင်"

"ဒီဘဲက နည်းနည်းဖရိုတယ်၊ သူ့မျက်လုံးကို ဆွဲဆောင်ထားနိုင်တဲ့ မိန်းကလေးဖြစ်အောင် မင်း ပြင်ဆင်သွားဖို့ လိုတယ်"

"ဘုရားရေ"

"အထူးသဖြင့် သူ့မျက်လုံးထဲမှာ ရမ္မက်ဆန်ဆန် အရိပ်အငွေ့သန်းသွားစေဖို့လေ၊ အဲဒီအရိပ်အငွေ့သန်းသွားရင် မင်းဆွေးနွေးသမျှ ခေါင်းညိတ်လက်ခံဖို့ အဆင်သင့်ပဲ၊ အဲဒီဖိုင်ထဲမှာ မင်း ပြင်ဆင်သွားရမယ့် ဒီဇိုင်းပါတယ်၊ ဒီမှာ"

ပုလဲမျက်လုံးကို စုံမှိတ်ချကာ ခေါင်းကိုယမ်းပစ်၏။ သူ့အသံတွေ ထွက်သွားပါ။ ထွက်သွားစမ်းပါ။

✿



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်ရာတွေကို မစ်ပုလဲ သဘောမကျတာလား"

"ရှင် ရှင်"

ပုလဲလက်မောင်းကို ဆုပ်ကိုင်လှုပ်ခါမေးခါမှ ပုလဲ အသိဝင်လာသည်။ ပုလဲအတွေးထဲမှာ သူ့အသံကို မောင်းထုတ်ချင်စိတ်နဲ့ ခေါင်းတွင်တွင်ယမ်းမိကာ။

မစ္စက်အက်တာပြောနေတာ မကြားဖြစ်တော့ပါ။ မစ္စက်အက်တာ ပုလဲလက်မောင်းကို ဆုပ်ကိုင်မေးတော့မှ အခြေအနေကို ပြန်သတိရကာ ယောင်ယောင်ယမ်းယမ်း ထူးမိလေသည်။

မစ္စက်အက်တာ ပြုံး၍ –

"မစ်ပုလဲ အမိမြေကို လွမ်းနေပြီထင်တယ်"

"မ မဟုတ်ပါဘူး။ ရုတ်တရက် စိတ်ရောက်သွားလို့ပါ၊ မစ္စက်အက်တာ ခုနက ဘာပြောလိုက်တာလဲရှင့်၊ ကျေးဇူးပြုပြီး ပြန်ပြောပါလား"

"ဟောဒီပန်းချီလက်ရာတွေကို ယှဉ်ကြည့်လိုက်ရင် တစ်ယောက်နဲ့တစ်ယောက် ရေးဆွဲပုံချင်း မတူကြဘူး၊ ကျောက်မျက်ရတနာကိုရည်ညွှန်းဆွဲကြတဲ့ ပန်းချီကားတွေမှန်ပေမယ့် ရေးဆွဲထားတဲ့အနေအထားလေးတွေက ထူးခြားတယ်၊ မစ်ပုလဲ မြင်သာအောင်ပြောရရင် အက်တာတို့ စင်တာမှာ ပြခန်းတင်ရောင်းတဲ့ ပန်းချီကားတွေထဲမှာ အဓိက တင်ရောင်း





ဖြစ်တဲ့ ကျောက်မျက်ပန်းချီဆရာသုံးဦးရဲ့လက်ရာက ရေပန်းစားတယ်၊ ဒီမှာကြည့်၊ အက်တာ ပြမယ်"

မစ္စက်အက်တာက သူမနာမည် သူမ ထည့်ပြောတတ်သလို စိတ်ရှည်လက်ရှည် ရှိလှသည်။ ဘယ်နေရာမဆို ပုလဲနားလည်အောင် ပြောပြတတ်ဖို့ ဝန်မလေးသူ။

ခုလည်း ရောင်းဖို့ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေထဲက မစ္စတာကယ်လို၊ ဒေလီယာဂျူးနဲ့ မစ္စတာဂျေရဲ့ပန်းချီကားတွေကို လက်ညှိုးထိုးရင်း ရှင်းပြသလို ပြောနေသည်။

"စိန်ပွင့်ကြီးကို လက်စွမ်းပြသွေးပြီး ကတ္တီပါစ အနီရဲရဲပေါ်တင်ထားတဲ့ မစ္စတာကယ်လိုရဲ့ 'စိန်ဘုရင်' ပန်းချီကား။

ပုလဲလုံးတွေကို စီချထားပုံရေးဆွဲထားသော ဒေလီယာဂျူးရဲ့ 'ပုလဲရောင်စဉ်' ပန်းချီကားနဲ့ ကျောက်မျက်ရတနာအရောင်စုံကို လောင်းချထားပုံ ရေးဆွဲထားတဲ့ မစ္စတာဂျေရဲ့ 'ရတနာတောင်ပုံ' ပန်းချီကား။

ဒီသုံးကားကို ယှဉ်ကြည့်လိုက်တာနဲ့ သုံးယောက်စလုံး လက်ရာကောင်းကြတယ်လို့ အကြမ်းဖျင်း သတ်မှတ်လို့ရတယ်။ မစ္စတာဂျေလက်ရာက မြင်သူ့မျက်စိကို ဆွဲညှို့ထားနိုင်သည်။ တောက်ပပြီး ဖြာလဲ့လင်းဝင်းနေတဲ့ ရတနာပုံကြီးက ကြည့်နေလေ သိမ်မွေ့ယူချင်စိတ်ဖြစ်လေနဲ့ပေါ့။ လိုချင်စိတ် ယိုဖိတ်ကျလာတော့မတတ် ခံစားရတယ်လေ။

မစ္စတာဂျေ့ပန်းချီကားက ကြည့်မိတဲ့မျက်လုံးတွေကအစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



လိုချင်စိတ်ကို နှိုးဆွထားတဲ့ခံစားချက်မျိုးပါအောင် အသက်သွင်းရေးဆွဲနိုင်တာက တခြားသူတွေရဲ့လက်ရာထက် ထူးခြားတယ်ဆိုတာပေါ့ မစ်ပုလဲ''

မစ္စက်အက်တာပြောပြတာက လက်တွေ့ဆန်ပါသည်။ ဟုတ်တော့လည်း ဟုတ်သား။ ယှဉ်ချိတ်ထားတဲ့ ထိုပန်းချီသုံးကားကို တစ်ကားပြီးတစ်ကား ကြည့်ကြည့်ပါ။ မစ္စတာဂျေရဲ့ 'ရတနာတောင်ပုံ' ပန်းချီကားမှာပဲ စိတ်က နှစ်ဝင်ကာ။ ထိုရတနာပုံကို ဆွဲပွေ့ထားချင်စိတ်တို့ တဖွားဖွား ပေါ်လာစေသည်။

''အဲဒီလို လက်ရာထူးလို့ ကျောက်မျက်ပန်းချီလောကမှာ မစ္စတာဂျေက တစ်ဂျေတည်း ဂျေဖြစ်နေတာပေါ့၊ ဂျေ့ကားတွေက ကြိုက်ဈေးခေါ်ထား။ Customer တွေက ပက်ခနဲဝယ်ချသွားတာလေ၊ အက်တာတို့ ကျောက်မျက်ပန်းချီစင်တာမှာ ဦးစားပေးအရောင်းသွက်တဲ့ လက်ရာကားကောင်းတွေက ဂျေ့ကားတွေပဲ ဆိုပါတော့ကွယ်၊ နောက်ပြီး ဂျေက ကျောက်မျက်ရတနာကုန်သည်လည်း လုပ်တယ်ဆိုတော့ ပရိသတ်စိတ်ဝင်စားအောင် ကျောက်မျက်ရတနာတွေကို ဘယ်လိုဖန်တီးတင်ပြရမလဲဆိုတဲ့ စိတ်ကူးကောင်းကောင်းလေးတွေ ရှိတယ်၊ အဲဒီစိတ်ကူးကောင်းကောင်းကြောင့် ဂျေ့ပန်းချီကားတွေ နာမည်ကြီးနေတဲ့သဘော Customer အများစု အကြိုက်တွေ့တဲ့ ရှယ်လက်ရာဖြစ်နေတာပေါ့''

''ပုလဲအနေနဲ့ ကျောက်မျက်ပန်းချီတွေအကြောင်း သေချာလေ့လာဖို့ လိုလိမ့်မယ်''





''ဟုတ်ကဲ့ မစ္စက်အက်တာ၊ ပုလဲ ကြိုးစားလေ့လာပါ့မယ်''

''လိုအပ်တာရှိရင် အက်တာ့ကို မေး၊ အက်တာ့ကို မမေးချင်ရင် ဒီက ပုဂ္ဂိုလ်ကို မေးလေ''

''ဟုတ်ကဲ့''

''အက်တာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ချိန်းထားတဲ့ မစ္စတာရေချားနဲ့ အက်တာ တွေ့လိုက်မယ်၊ မစ်ပုလဲ ဒီမှာနေခဲ့၊ ပြီးမှ အက်တာနှုန်းဆက်ရင် မစ်ပုလဲ အက်တာ့ဆီ လိုက်ခဲ့၊ ဟုတ်ပြီလား''

''စိတ်ချပါ အက်တာ၊ ပုလဲ ပန်းချီကားတွေ လေ့လာထားပါ့မယ်''

မစ္စက်အက်တာ ကျေနပ်ပြုံးလေးနဲ့ လက်ပြကာ စက်လှေကားနဲ့ အအပေါ်ဆုံးအလွှာကို တက်သွားလေသည်။

ပုလဲက ပန်းချီကားတွေကြည့်ရင်း ဂျေဆိုတဲ့လူဆီ စိတ်ကရောက်ရောက်သွားသည်။ အက်တာပြောတဲ့ ဂျေနဲ့ သူ့ပြောတဲ့ ဂျေကရော တစ်ယောက်တည်းလား။ ဒါမှမဟုတ် တစ်ယောက်စီလား။

အဲဒါ ပုလဲ သိချင်နေပါသည်။ တကယ်လို့သာ သူပြောတဲ့ မစ္စတာဂျေနဲ့ ကျောက်မျက်ပန်းချီဆရာ မစ္စတာဂျေက တစ်ယောက်တည်းသာဆိုရင်။

ဘုရားရေ

ပုလဲ ရင်ဆိုင်မတွေ့ချင်လို့ သူ့ဆီကတောင် အလုပ်ထွက်ခဲ့တာလေ။ တော်ကြာ အက်တာက 'မစ္စတာဂျေနဲ့တွေ့ဖို့ ကြိုးစားပြီး ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ကားတွေ စင်တာပို့ဖို့ သွားပြောချေ' ဘာညာနဲ့ ပုလဲကိုနိုင်းလာရင် -

ပုလဲရင်မှာ အတွေးများ နောက်ကျိုရှုပ်ထွေးလို့လာသည်။

မစွက်အက်တာဟာလည်း သူ့လိုပဲ အကျိုးစီးပွားတစ်ခုတည်း သာကြည့်တဲ့ ဘောစ်မျိုး ဖြစ်မနေဘူးလို့ ဘယ်သူ အာမခံရဲမလဲ။

ဒါကြောင့် မစ္စတာဂျေကို ဆက်သွယ်လို့ရအောင် ကြိုးစားပါလို့ တာဝန်ခံပုဂ္ဂိုလ် မစ္စတာဒေးဗစ်ကို စေခိုင်းထားတယ်မဟုတ်လား။

မစ္စတာဒေးဗစ်ကလည်း မစ္စတာဂျေနဲ့ အဆက်အသွယ်ရဖို့ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေမှန်း ပုလဲ အကဲခတ်မိလေသည်။

လက်ရှိအနေအထားအရ မစ္စတာဂျေဟာ သူပြောတဲ့ ဂျေလား ပုလဲ ကြိုသိထားဖို့ လိုပါတယ်။

ဒါကြောင့် မစ္စတာဒေးဗစ်နား ပုလဲ ချဉ်းကပ်ရလေသည်။

✿

"ဂျေဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ဆက်သွယ်လို့မရဘူး။ ခက်တယ်ဗျ"

ဖုန်းပိတ်ရင်း ညည်းတွားနေရှာတဲ့ မစ္စတာဒေးဗစ်။ ပုလဲအနား သွားတော့ ပုလဲကို ပြောသလိုလိုနဲ့ တစ်ကိုယ်တည်း ပြောခြင်း။

ပုလဲ ပြုံး၍–

"ဒါနဲ့ မစ္စတာဒေးဗစ် အဲဒီဂျေဆိုတဲ့ ပုဂ္ဂိုလ်က ဘယ်ကလဲ"





"ဆစ်ဒနီက"

"ဘာ ဆစ်ဒနီ"

ပုလဲ တိုးတိုးလေး ရွတ်မိလျက်။

"ဟုတ်တယ် မစ်ပုလဲ၊ မစ္စတာဂျေက ဆစ်ဒနီက"

မစ္စတာဒေးဗစ်ပြောလျှင် ပုလဲ အံ့ဩလွန်းလို့ နှုတ်ခမ်းလေးပါ ဟိုင်းသွားသည်။ 'ထရိုက်ဒါးမှာ ဆစ်ဒနီက ရတနာကုန်သည် မစ္စတာဂျေ ရောက်နေတယ်' လို့ သူ ပြောဖူးတယ်မဟုတ်လား။

ဒါ ဒါဆို သူပြောတဲ့ ဂျေနဲ့ မစ္စတာဒေးဗစ်ပြောတဲ့ ဂျေက တစ်ယောက်တည်း ဖြစ်နိုင်ခြေများလာသည်။ နောက်ပြီး ပုလဲ ပုံတူပန်းချီ ကားပေါ်မှ ဂျေဆိုတာကရော။

"မစ်ပုလဲ စိတ်ဝင်စားလို့လား"

"ဟို ဟိုလေ စိတ်ဝင်စားတယ်ဆိုတာထက် တိုက်ဆိုင်တာများ ဖြစ်နေမလားလို့၊ ပုလဲ အဲဒီနာမည်ကို ရန်ကုန်မှာကတည်းက ကြားဖူးနေတာ၊ နောက်ပြီး အဲဒီပုဂ္ဂိုလ်က ရန်ကုန်ရောက်နေတယ်ဆိုတာပဲ"

"ဘယ်လို၊ မစ္စတာဂျေက ရန်ကုန်ရောက်နေတာ၊ ဖြစ်နိုင်မယ်ထင်တယ်၊ ကျွန်တော်သတင်းရတာက ခရီးလွန်နေတာတဲ့၊ ဒါဆို အဲဒီကိုရောက်နေတာပဲဖြစ်မယ်"

"ဟင်"

မစ္စတာဒေးဗစ် ခန့်မှန်းပြောတဲ့အခါ ပုလဲ အံ့ဩရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုလဲကိုယ်လေး မတ်တောင့်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင်။

"ဒီပုဂ္ဂိုလ်ကို ဆက်သွယ်လို့ရနိုင်ရင် ကောင်းမယ်ဗျ။ နေပါဦး ကျွန်တော် မစ္စတာဂျေနဲ့ ဆက်သွယ်လို့ရအောင် မစ်ပုလဲ ကူညီပေးပါလား"

မစ္စတာအေးဗစ်က အားကိုးတကြီး တောင်းဆိုလာသည်။ ပုလဲ စိတ်ရှုပ်ထွေးသွားပါသည်။ ဘယ်လိုဆက်သွယ်ပေးရမလဲ။

"ဟိုလေ၊ အဲဒါက ပုလဲရဲ့ အရင်ဘော့စ်နဲ့ သိတာရှင့်"

"အဲဒါဆိုလည်း ဆက်သွယ်ပေးပါဗျာ၊ မစ္စတာဂျေကို တတ်နိုင်သမျှ အမြန်ဆုံး ဆက်သွယ်လို့ရအောင် ကြိုးစားပါလို့ပြောတာ၊ မစ်ပုလဲ ကြားပါတယ်နော်၊ ကူညီပါဗျာ၊ Please"

လက်နှစ်ဖက် ထွေးဆုပ်ကာ အလေးအနက် အကူအညီတောင်းနေတဲ့ မစ္စတာအေးဗစ်ကို ပုလဲ ဘယ်လို ဘယ်လိုပြောရမှန်း မသိတော့ပါ။

စိတ်ရှုပ်သွားသလို အားလည်း နာလှသည်။

"ကူညီပါဗျာ၊ ပုလဲရဲ့ဘော့စ်ဟောင်းကို ပြန်ဆက်သွယ်ပေးပါလား"

ပုလဲမှာ အခက်တွေ့လေပြီ။ သူနဲ့ မပတ်သက်ချင်လို့ အလုပ်ထွက်ခဲ့ရတာ အဲဒီမစ္စတာဂျေကြောင့်ပဲလေ။ အခုလည်း မစ္စတာဂျေနဲ့ အလုပ်ကိစ္စ လာငြိပြန်သည်။

"မစ်ပုလဲဘော့စ်ဟောင်းဆီက ထွက်လာတာဆိုတော့ ပြန်ဆက်သွယ်ဖို့ ခက်ခဲနေမယ်ဆိုရင် လိပ်စာသာ ပြောပါ"





ပုလဲရဲ့အကျပ်အတည်းကို မစ္စတာအေးဗစ် ရိပ်စားမိဟန်တူပါသည်။ ထိုသို့ပြောလျှင် ပုလဲ စိတ်သက်သာရာရသွားသည်။

"ကောင်းသားပဲ"

တော်ဝင်သစ်ဆန်းရတနာစင်တာရဲ့ အီးမေးလ်လိပ်စာအတိအကျ ပုလဲ ရွတ်ပြလိုက်သည်။

သူကတစ်ဆင့် မစ္စတာအေးဗစ်ဘာသာ ဆက်သွယ်ပါစေ။

ပုလဲကတော့ ရှင်နဲ့ဆက်သွယ်ဖို့ ဆေားရီးပဲ နေသခင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

''မစ္စတာဂျေဆိုတာပေါ့''

''ဘုရားရေ''

မစ္စက်အက်တာ စကားမဆုံးခင် ပုလဲ ဘုရားတလျက်၊ အသက်တွေ ဘာတွေ မရှူနိုင်တော့ပါ။ ပြူးကျယ်သွားတဲ့မျက်ဝန်းက စိုက်ကြည့်နေခဲ့တာ မိနစ်ပေါင်းများစွာ ကြာသွားခဲ့သည်။

စကားဖြူရိပ်မြုံညွှန်းမှာ ချိတ်ထားတဲ့ ကြက်တောင်ရိုက်နေတဲ့ လူရွယ်ပုံနဲ့ တစ်ထပ်တည်းဖြစ်လျက်။

ပုလဲက ကျောက်မျက်ပန်းချီကားတွေကို လေ့လာနေရသူပီပီ မစ္စက်အက်တာက သူ့ရဲ့စင်တာထဲမှ ရောင်းချပြီးခဲ့တဲ့ ပန်းချီကားပုံတွေကို စီဒီနဲ့ထည့်ပြီး မှတ်တမ်းတင်တာကို တစ်ခုပြီးတစ်ခု ဖွင့်ပြလေသည်။





ကျောက်မျက်ပန်းချီဆရာ မစ္စက်ကာယ်လိုရဲ့ဓာတ်ပုံနဲ့ ပန်းချီကားတွေကို ပြပြီးတော့ မစ္စတာဂျေကို ပြခြင်း။

အဲဒီမှာမှ သူ့ဓာတ်ပုံကိုမြင်လျှင် ပုလဲ တကယ်ဆွံ့အလိုသွားသည်။ စကားဖြူရိပ်မြုံညွှန်းမှာ ချိတ်ထားတဲ့ သူ့ဓာတ်ပုံဖြစ်နေလျှင်

''မစ္စတာဂျေက အားကစားလည်း တော်တယ်၊ ကျောင်းတုန်းက ကြက်တောင်ချန်ပီယံလောင်းတဲ့၊ ကျောင်းပြီးလို့ ပြည်ပထွက်ပြီး ကျောက်မျက်ရတနာအလုပ် လုပ်ရာက ကျောက်မျက်ပန်းချီကားတွေ ရေးတာပေါ့၊ အနုပညာပါရမီ ရှိလို့ထင်တယ်၊ ကျောက်မျက်ပန်းချီလောကမှာလည်း ဂျေက စတားပေါ့''

မစ္စက်အက်တာစကားနောက်မှာ ပုလဲ အသက်မရှူတာ မည်မျှကြာသွားသည် မသိပါ။ မွန်းကျပ်လာမှ အသိဝင်လာသည်။

မစ္စတာဂျေက သူ။

ဟုတ်ရဲ့လား နေသခင်။

ဟင့်အင်း ပုလဲ မယုံချင်ဘူး။

''ဂျေက သိပ်ထူးခြားတဲ့လူရွယ်ပဲ မစ်ပုလဲရယ်၊ ဂျေရေးဆွဲတဲ့ ကျောက်မျက်ပန်းချီတွေကိုကြည့်မိတဲ့ မိန်းကလေးတိုင်း ဂျေ့ရဲ့ ပန်းချီလက်ရာကို သဘောတွေ့တယ်၊ ပုံတူလာလာဆွဲခိုင်းတာ မနည်းမနော ပါပေမဲ့ ဂျေ့စိတ်က မိန်းကလေးတွေနဲ့ပတ်သက်ရင် ဘယ်တုန်းက လုပ်လုပ်ရှားရှား မဖြစ်တာလား၊ ဘာလား မသိဘူး၊ မက်လောက်တဲ့



www.burmeseclassic.com

ငွေပမာဏပေးပြီး အမေရိကားက ဂုဏ်ကြီးရှင်မိန်းကလေးတွေ ပုံတူဆွဲနိုင်းတာ ဂျေ လုံးဝ မဆွဲဘူးလေ၊ အက်တာ ကြားထဲက မနေသာလို့ ဂျေရယ် ဆွဲပေးလိုက်ပါကွာလို့ တောင်းဆိုတာကို ဘာပြန်ပြောတယ် ထင်လဲ''

''ဟင့်အင်း''

ဖြစ်နိုင်ရင် ပုလဲနားကို ပိတ်ထားလိုက်ချင်တယ် အက်တာရယ်။ မစွက်အက်တာက ပြောချင်တဲ့စကား အရှိန်ရနေတုန်း ဆက်ပြောနေသည်လေ။

''မဆွဲပါရစေနဲ့တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးပုံကို ကြည့်ပြီးဆွဲဖို့က ရင်ထဲက ပါမှတဲ့၊ ရင်မခုန်ဘဲ ဘယ်မိန်းကလေးရဲ့ပုံတူကိုမှ မဆွဲဘူး။ ရင်ခုန်စေတဲ့ မိန်းကလေးပုံတူတော့ ဆွဲထားတယ်၊ အက်တာ့ကို ပြပါဆိုတော့လည်း မပြဘူးလေ၊ အက်တာ့ကိုပြလို့ ရင်ခုန်ရမှာ မဟုတ်ဘူး၊ ကျွန်တော်ရင်ခုန်ရတဲ့ မိန်းကလေးကိုပြမှ ကျွန်တော် ရင်ခုန်ရမှာတဲ့၊ ဘယ်လောက် အသည်းယားဖို့ကောင်းလဲ၊ အက်တာလည်း သူ ရင်ခုန်ရတဲ့ မိန်းကလေးကို မြင်ဖူးချင်တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီငနဲလေးက မိန်းမကိစ္စ ရှင်းလွန်းလို့ အက်တာက ရဟန္တာလေးလို့ နာမည်ပေးထားတာလေ၊ သူ့ရင်ကို ခုန်စေအောင် ပြုစားတဲ့ မိန်းကလေးက ရှားရှားပါးပါးနတ်သမီးပဲ ဖြစ်မယ်၊ အဲဒီနတ်သမီးကို ဂျပန်ရတနာပြပွဲသွားရင်း တွေ့ခဲ့တာတဲ့၊ ဒါကြောင့် အက်တာ ကြည့်ချင်တာပေါ့''





ပုလဲ မျက်လုံးထဲမှာ ပုလဲပုံတူဖြစ်တဲ့ ဂျေဆိုတဲ့ လက်မှတ်ပါတဲ့ ထိုပန်းချီကားကို အထပ်ထပ်မြင်ယောင်လျက်။ ရင်ခုန်သံတွေ ညှိုးညှိုးညံ့သွား၏။

ပုလဲကို သူက ဂျပန်မှာ စတွေ့သဟဲ့ဟား။ ပုလဲ ဘာကြောင့် မသိမိတာလဲကွယ်။ နောက်ပြီး ရဟန္တာလေးလို့ မစွက်အက်တာ နာမည်ပေးထားခြင်းခံရတဲ့သူက ဘာဖြစ်လို့ ပုလဲကို ထိုသို့ပြောရတာလဲ။

'ဒီဘဲက နည်းနည်းဖေ့ရှိတယ်' ဘာညာနဲ့လေ။

နောက်ပြီး ဘာကြောင့် သူ့ကိုယ်သူ မစ္စတာဂျေလို့ မကြော်ငြာတာလဲ၊ ဘာကြောင့် ဖုံးကွယ်ထားပြီး။

ဘုရား ဘုရား။

ပုလဲ အသိတရားနဲ့ မျက်ဝန်းမှာ မှုံးမှုံးမိုက်မိုက် ဖြစ်ချင်လာသည်။ ရင်ခုန်သံတွေ မြန်လွန်းကာ ဘာကိုမှ မယုံနိုင်တဲ့၊ မယုံချင်တဲ့ စိတ်နဲ့ ဆောက်တည်ရာမရ ဖြစ်လို့သွားသည်။

''အခုမှ အက်တာ ဆက်စပ်တွေးကြည့်လို့ ရတယ်၊ မစ်ပုလဲရယ် ဂျေ ခရီးလွန်နေတယ်ဆိုတာက သူ့မိန်းကလေးရှိတဲ့ဆီ သွားတာတဲ့''

တော်ပါတော့ မပြောပါနဲ့တော့လို့ ပုလဲရင်မှာ ဟန့်တားချင်လာသည်။

''အက်တာတို့ကို တိတိကျကျပြောမသွားတော့ အက်တာမှာ ဂျေ့ကို ဆက်သွယ်ရတာ ဖတ်ဖတ်မောတယ်၊ ဘာပဲဖြစ်ဖြစ် မစ်ပုလဲကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်၊ မစ်ပုလဲရဲ့ ဘော့စ်ဟောင်းဆီကတစ်ဆင့် မစ္စတာ ဒေးဗစ်ဆက်သွယ်တာ ဂျေနဲ့ အဆက်အသွယ်ပြန်ရတယ်လေ၊ ပန်းချီကား ဆွဲပြီးသားမရှိလို့ မပို့ဖြစ်တာတဲ့လေ''

ပုလဲ အသက်ကိုအောင့်ထားမိတာ မစ္စက်အက်တာရှေ့မှာ ဣန္ဒြေပျက်မတတ်ရယ်။

ပုလဲရဲ့ဘော့စ်ဟောင်း နေသခင်ဆိုတာ မစ္စက်အက်တာ ဆက်သွယ်လို့ရပြီးဖြစ်တဲ့ မစ္စတာဂျေလေ။

အဲဒါကို မစ္စက်အက်တာလည်း မသိသေးဘူး ဖြစ်မယ်။ ဖြစ်နိုင်တယ်လေ။

သူက အားလုံးအပေါ် လျှို့ဝှက်ချက်တွေထားပြီး ဆက်ဆံနေတာ ဘာကြောင့်ပါလဲ။ ပုလဲခမျာ ခုမှ ရေးရေးသိရတဲ့အဖြစ်။

နောက်ထပ် ဘာတွေရှိဦးမလဲ၊ ပုလဲတို့ အက်တာတို့ မသိတာတွေလေ၊

''ဘာပဲဖြစ်ဖြစ် ဂျေက အက်တာ့စီးပွားရေးအတွက် အားထွားရတဲ့ ပန်းချီဆရာဖြစ်သလို ရတနာကုန်သည်လည်း ဟုတ်တယ် မဟုတ်လား၊ အဲဒီအတွက် ပုလဲကို ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ အက်တာ ညစာစားပွဲလေးနဲ့ ဂုဏ်ပြုပေးချင်တယ်၊ ရဟန္တာလေးနဲ့ ဆက်သွယ်လို့ ရအောင် ကူညီတဲ့အထိမ်းအမှတ်နဲ့''

''ဟင့်အင်း၊ ရ ရပါတယ် မစ္စက်အက်တာ၊ မလိုပါဘူး''

ပုလဲ စိတ်လှုပ်ရှားမှု ပြင်းထန်ကာ ငြင်းမိသည်က ဣန္ဒြေ





မဆည်နိုင်။ ပုလဲ ငြင်းတာကို မစ္စက်အက်တာ လက်မခံချင်ပုံရသည်။

''အလို မငြင်းရဘူး မစ်ပုလဲရဲ့၊ အက်တာက စိတ်ဆိုးမှာနော်၊ ဒီညပဲ ဒင်နာပွဲလေး လုပ်ပေးမယ်၊ မစ်ပုလဲ ငြင်းရင် အက်တာ စိတ်ဆိုးမှာနော်၊ ဟင့် ဟင့်''

မစ္စက်အက်တာ အတင်းအကျပ်ပြောလေတော့ ပုလဲ ခေါင်းခါဖို့ ခဲယဉ်းသွားလေပြီ။

နေသခင်ရယ် –

မထင်မှတ်တာတွေက တိုက်တိုက်ဆိုင်ဆိုင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ပုံတူပန်းချီကားလေးကို အမည်မဖော်တဲ့ ပို့ပေးစဉ်ကတည်းက ပုလဲ ရင်ခုန်ခဲ့သည် မဟုတ်လား။ ပုလဲပုံတူကို တစ်စုံတစ်ယောက်က စွဲစွဲနစ်နစ်ကြည့်ပြီး ပြန်ရေးဆွဲနိုင်တဲ့ စိတ်ခံစားမှုက ပုလဲနှလုံးသားကို တလှုပ်လှုပ်ခါစေလျက်။

နှင်းဆီဖြူပန်းစည်းလေးရင်မှာ ပွေ့ထားစဉ်ကလည်း ရင်ခုန်ခွာ။ ချစ်တယ်တဲ့။ ဘုရားရေ ပုလဲ ရင်အခုန်ဆုံးဖြစ်ခဲ့ရတယ် မဟုတ်လား။

ဒါပေမဲ့

တော်ပြီ။ ပုလဲ မတွေးချင်တော့ပါဘူး။

ပုံတူပန်းချီကားဆီမှ ပုလဲ မျက်လုံးကိုခွာရင်း ရင်မှာ မွန်းကျပ်





နေတာတွေကို ဘယ်လိုရှင်းပစ်ရမလဲဆိုတာပဲ တွေးကာ။ ထိုအခါ –

"တီ တီ တီ"

လက်ကိုင်ဖုန်း ထမြည်တော့ ရင်မှာ သိမ့်ခနဲ တုန်ခါကာ။ ဘယ်သူများလဲ သိချင်စိတ်နဲ့ ချက်ချင်း ဖုန်းကိုင်မိသည်။

"ဟဲလို"

"ပုလဲရေ"

သံသာရဲ့အသံစာစာလေးက မြူးရွှင်ရွှင် ပေါ်ထွက်လာသည်။ ပုလဲစိတ်ထဲ မွန်းကျပ်နေတာနဲ့ အတော်ပါပဲ။ သံသာ့အသံလေး ကြားရတော့လည်း ရင်မှာ ကြည်နူးသွားသည်။

"ပြောလေ သံသာ၊ ပုလဲ နားထောင်နေပါတယ်၊ သံသာ့သမီး ငယ်လေးရော နေကောင်းလား"

ပုလဲ မေးလိုက်တော့ သံသာ့ရယ်သံလေး လွင့်လာသည်။

"ပုလဲရယ် ပုလဲကတော့ သံသာ့အတွက်ရော သံသာ့သမီးနှစ်ယောက်အတွက်ပါ စိတ်ပူနေရပြီနော်"

"ဒီလိုပဲပေါ့၊ သူငယ်ချင်းတွေ မဟုတ်လား၊ ပြီးတော့ သံသာ ရင်ဆိုင်ရတာတွေက ဆိုးဆိုးဝါးဝါး၊ ပြီးတော့ သမီးလေးမွေးရ၊ ထိန်းရနဲ့ မဟုတ်လား။ ပုလဲရှိနေရင် ကူထိန်းပေးလို့ရတာပေါ့၊ ခုတော့ အဝေးမှာလေ၊ သံသာ့အတွက် စိတ်မပူဘဲ မနေနိုင်ပါဘူးကွယ်"

"ပုလဲကတော့လေ သံသာ့အတွက်ပဲ စိတ်ပူနေတယ်နော်၊ သံသာ အားနာလှတယ်၊ ပြီးတော့ ပုလဲကိုလည်း ကျေးဇူးတင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ပုလဲကြောင့် သံသာ ရင်ဆိုင်ရဲလာတယ်၊ ဦးသက်ကလည်း ပုလဲမျက်နှာနဲ့ သံသာ့ကို အများကြီး ကူညီပေးခဲ့တာပေါ့''

''ပုလဲ သိပါတယ်''

''ဦးသက်ရဲ့ကျေးဇူးကြောင့် အမှုအခင်းကိစ္စ ပြီးသွားရုံမက ကိုကို့စက်ရုံ ပြန်လည်ပတ်နိုင်ပြီလေ''

''ဝမ်းသာပါတယ် သူငယ်ချင်းရယ်''

''ဝမ်းသာတယ်ဆိုလို့ ပုလဲရေ ပြောရဦးမယ်၊ သိလား''

''အင်း ပြောလေ''

''ဒီလိုဟ၊ ဦးသက်က ကောင်မလေးတွေနဲ့ မကင်းမကင်းနေတတ်ပေမယ့် ကလေးတော့ ချစ်တတ်သားပဲ''

''ဟုတ်လို့လား''

''သြော် ပုလဲရယ်၊ သံသာတောင် အံ့သြတယ်သိလား၊ သမီးငယ်လေးဆို ဦးသက်က မမြင်ရရင် မနေနိုင်ဘူးလေ၊ နေ့တိုင်း လာကြည့်တာ၊ သမီးကြီးကိုလည်း အလိုလိုက်တယ်''

''ဖတဆိုးလေးတွေ မဟုတ်လား သံသာရယ်''

''ဟုတ်တယ်၊ ဖတဆိုးလေးတွေမို့ အသနားပိုတာဖြစ်မယ်၊ သမီးကြီးက ဦးသက်ကိုဆို သူ့ဒယ်ဒီလိုပဲ တွယ်ကပ်နေတာလေ၊ သမီးငယ်လေးက ရယ်တတ် ပြုံးတတ်နဲ့ ချစ်စရာကောင်းအောင် လုပ်ပြတတ်တာလေးတွေကို ဦးသက်က ချစ်နေတာလေ၊ ဦးသက် လက်လေးကမ်းလိုက်တာနဲ့ မအေ့ကိုယ်ထဲက ရုန်းထွက်ပြီး ဦးသက်ရင်ခွင်ထဲ ဝင်သွား





တော့တာပဲ၊ ဟင့် ဟင့် ဟင့်''

သံသာ ကြည်နူးမွတ်သိပ်စွာပြောရင်း ကြည်ရွှင်စွာ ရယ်မောလေသည်။ သံသာတို့မိသားစုအပေါ် ဦးသက် ခင်တွယ်နေတာ သိရတော့ ပုလဲလည်း ကျေနပ်မိပါ၏။

''ကောင်းတာပေါ့ သံသာရဲ့၊ သံသာ့သမီးလေးတွေ စိတ်အားမငယ်ရဘူးပေါ့''

''ဟုတ်တယ် ပုလဲရယ်၊ သံသာတော့ ဦးသက်ကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိဘူး။ ဒါနဲ့ ပုလဲ''

''ပြောလေ''

''ဦးသက်ကို ပုလဲ တကယ်ပဲ ငြင်းနေဦးမှာလား''

''ဟွန်း အောင်သွယ်တော်မ၊ မြားဦးက ပုလဲဘက် လှည့်လာပြန်ပြီလား''

ပုလဲ အားမနာတမ်းမေးရင်း ခေါင်းရင်းမှာချိတ်ထားတဲ့ ပုံတူပန်းချီကားကို မော့ကြည့်မိလေသည်။

''ပုလဲဘက် မြားဦးလှည့်လာတာ မဟုတ်ပါဘူး၊ သံသာကလေ သူငယ်ချင်းအချင်းချင်းမို့ ပွင့်ပွင့်လင်းလင်း မေးတာပါ''

''မေးစရာ မလိုပါဘူး သံသာရယ်၊ ပုလဲသဘောထားက မာမီနှိုင်ဦကတည်းက ဦးသက်ကို လက်မခံနိုင်တာလေ၊ ခုလည်း ဒီအတိုင်း၊ နောင်လည်း ဒီအတိုင်းပဲ သံသာရယ်၊ ပုလဲကို ကူညီတဲ့ကိစ္စအတွက်တော့ [illegible]င်တယ်၊ ယုံကြည်တယ်၊ ဒါထက် မပိုပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်"

"သေချာတာပေါ့ဟဲ့ နေပါဦး ဒီအကြောင်း ထပ်တလဲလဲ ဘာလို့ မေးနေရတာလဲ မိန်းမရဲ့"

"ဟင့် ဟင့် ဟင့်"

သံသာ့ရယ်သံလေး လွင်လာပြန်သည်။ ထိုရယ်သံက စောစော တုန်းက ရယ်သံလို ကြည်ကြည်လွင်လွင်လေးမဟုတ်။ တစ်ခုခုကပ်ငြိ တွယ်တာနေသော သရိုးသရီဆန်သော ရယ်သံလွင်လွင်မျိုးလေးဖြစ်မှန်း ပုလဲ ခွဲခြားသိနေတာမို့။

"ဘာရယ်ကာလဲ၊ ပြောစမ်းပါ သံသာရယ်"

"ဟင့် ဟင့် ဟင့်၊ သံသာကလေ ပုလဲနဲ့ဦးသက်ကို ဖြစ်စေ ချင်တယ်လေ၊ ပုလဲက လုံးဝပဲဆိုတော့ ဦးသက်ကို စာနာတယ်ပေ့ နောက်ပြီး ဦးသက် မကောင်းမကောင်းနေတတ်တဲ့ အဲဒီကောင်မလေးတွေ ငြိသွားမှာလည်း စိုးတယ်လေ၊ ဘာပဲဖြစ်ဖြစ် ဦးသက်ဘဝကို သံယော နှောင်ကြိုးလေးတွေနဲ့ တွယ်ငြိနေတာမျိုး ဖြစ်ချင်တယ်၊ ကိုကိုမာ လည်း ဦးသက်ကို သဘောကျနေတယ်၊ ကိုကိုမရှိတော့ပေမယ့် ဦးသ ကို သားလို အားကိုးလို့ရတာရယ်, သမီးလေးတွေအပေါ်မှာ ဦးသ တွယ်ငြိနေတာရယ်ပေါ့"

"ဩော် အင်း"

ပုလဲ သက်မလေးချကာ ထောက်ခံလိုက်မိလေသည်။

"ဒါနဲ့ စကားမဆပ်မေးရဦးမယ် ပုလဲရဲ့"





"မေးစေရှင် မေးစေ"

သံသာက သူတို့သားအမိနဲ့ သံယောဇဉ်နှောင်ဖွဲ့တဲ့ဇာတ်လမ်း ကို ဖြတ်တောက်ပြီး မေးလေသည်။

"ပုလဲ ရှင် ဦးသက်ကို မချစ်လို့ ဒီလောက်နှမ်ရည်လများ ငြင်းလာတာ သံသာလက်ခံပါတယ်၊ ရှင့်ရင်ထဲမှာ သံသာတို့လို ယောကျ်ား တစ်ယောက်ကို ချစ်ခင်နှောင်ဖွဲ့တဲ့ ခံစားချက်မျိုး မခံစားဖူးဘူးလားဟင်"

ပုလဲ သက်မလေးချလျှင် မျက်ဝန်းထဲမှာ သူ့ပုံရိပ်လေး ထ လာသည်။ အထူးသဖြင့် ထူထဲသော မျက်ခုံးတန်းနှစ်သွယ်နဲ့ ညာဘက် မျက်ခုံးစွန်းက မှဲ့နက်နက်ကလေးကိုပေါ့။

"ပြောလေ ပုလဲ"

ပုလဲ တိကျသွားတော့ သံသာ မေးမြန်သည်။

"ဟင့်အင်း"

ပုလဲ မျက်လုံးစုံမှိတ်ပြီး ညာပစ်၏။

"ဟုတ်ရဲ့လား ပုလဲရယ်"

"ဟုတ်တယ်၊ ဟုတ်ဟုတ်နဲ့ မြည်တယ် သိရဲ့လား၊ တော်ပြီ အဲဒီအကြောင်းတွေမမေးနဲ့ သံသာ၊ ဒါပဲမဟုတ်လား"

သံသာ ဘာမှပြန်မဖြေရသေးခင် ပုလဲ ဖုန်းချလိုက်သည်က နှလုံးသားမှာ ပြင်းပြင်းရှရှ လှုပ်ရှားနေလို့လေ။

"ဟဲ့ မပုလဲ၊ ပုလဲ"

သံသာတစ်ယောက် တကြော်ကြော်ခေါ်နေမှာမလွဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ။

ပုလဲစိတ်၊ ပုလဲနှလုံးသားကို လာမဆွပါနဲ့ သံသာရယ်။ ပုလဲမာနနဲ့ ပုလဲ ခေါင်းမော့နေပါရစေ။

✿ ✿ ✿



## အခန်း (၃၆)

'ဖြောင်း ဖြောင်း ဖြောင်း'

ပုလဲဝင်လာတာနဲ့ လက်ခုပ်သံတွေ မြိုင်လို့သွားသည်။

''ကျေးဇူးတင်ပါတယ် မစ္စက်အက်ဘော''

''မလိုပါဘူး မစ်ပုလဲလေးရယ်၊ ထိုင်ပါကွယ်''

စားပွဲထိပ်ဆုံးကခုံမှာ ပုလဲ ဝင်ထိုင်လျှင် စမ္မက်အက်တာနဲ့ မျက်နှာချင်းဆိုင်ဖြစ်လေသည်။ မစ္စတာဒေးဗစ်နဲ့ အခြားဝန်ထမ်းတွေက ပုလဲကို အားကျတဲ့မျက်လုံးနဲ့ ပြုံးရွှင်ဖော်ရွေစွာ ကြည့်ကြသည်။

စမ္မက်အက်တာချီးမြှင့်တဲ့ ဂုဏ်ပြုညစာစားပွဲလေး ပုလဲအတွက် ခင်းတီးပေးတဲ့အခါ သူတို့လည်း ဆင်နွှဲခွင့်ရလို့လေ။ ဒီညစာစားပွဲက သာမန်ညစာစားပွဲလို စားသောက်ဆိုင်ရဲ့စားသောက်ခန်းမမှာ လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မဟုတ်ပါ။

ဉယျာဉ်ညှော်ခံပွဲလေးဆိုလည်း ဟုတ်တယ်။ ပန်းဥယျာဉ်ထဲမှာ စားပွဲဝိုင်းရှည်ကြီးခင်းပြီး အထူးစီစဉ်နေတဲ့ စားသောက်ပွဲမျိုးပါ။ စားပွဲရှည်ကြီးရဲ့ပတ်လည်မှာ သစ်ပင်တွေက တောအုပ်သဖွယ် ဝိုင်းထားကာ ထိုသစ်ပင်များမှာ ရောင်စုံမီးတွေကို ဒီဇိုင်းအမျိုးမျိုးနဲ့ အလှဆင်ထွန်းထားလေသည်။

ညရဲ့အရသာကို အတိုင်းသားခံစားနိုင်တဲ့ ဥယျာဉ်စားဝိုင်းက အကန့်အကွက်များလှပေသည်။ အခြားစားသောက်သူတွေနဲ့ ရောနှောမနေ။ ကိုယ့်အုပ်စုနဲ့ကိုယ် သီးသန့်ဆန်လျက်။ လွတ်လပ်သော ဥယျာဉ်ညစာစားပွဲလေးဖြစ်ကာ။

ကြိုတင်မှာထားတဲ့ အစားအသောက်တွေက အဆင်သင့်။

''ကဲ သုံးဆောင်ပါ မစ်ပုလဲလေး''

ပုလဲအတွက် ဂုဏ်ပြုချီးမြှင့်တဲ့ ညစာစားပွဲမို့ ပုလဲကို ဦးစွာစားဖို့ မစ္စက်အက်တာ ဆိုလေသည်။

ပုလဲ ခေါင်းလေးဆတ်ကာ ပြုံး၍ ပုလဲစားရမ[illegible]အစားအစာကို ရွေးချယ်မိသည်။ ပုလဲက အမေရိကန်ဆန်တဲ့ အစားအစာကို သိပ်မနှစ်သက်ပါ။ မြန်မာအစားအစာနဲ့ နီးစပ်တဲ့ ကြက်ဆင်ထမင်းအဆာသွပ် (Turkey Rice Filling) ကို ရွေး[illegible]လည်း။

ဘေးချင်းကပ်ထိုင်နေတဲ့ မစ္စတာဒေးဗစ်က ကြက်ဆင်ထမင်းအဆာသွပ်ကို ပုလဲ စားလို့လွယ်ကူအောင် ကြက်ဆင်အကောင်လုံးကင်





ကို ဓားနဲ့ အတုံးလေးများ လှီးဖြတ်ပေးသည်။ ကြက်ဆင်တုံးကလေးကို ပုခဲ ခက်ရင်းနဲ့ထိုးပြီး ဦးစွာ စားပါ၏။ ပုလဲ စတင်စားခါမှ မစ္စက်အက်တာ သဘောတကျ လက်ခုပ်တီးပြန်သည်။ ပြီးမှ မစ္စက်အက်တာစ,စားလျှင် အားလုံးကိုယ်စီ ကြိုက်နှစ်သက်ရာ အစားအစာကို ရွေးယူစားသောက်ကြသည်က ပျော်ရွှင်ဖွယ်ကောင်းနေတဲ့အဖြစ်လေးပါ။

ကြက်ဆင်သားကို ရွှေရောင်သန်းတဲ့အထိ ကင်ထားတာမို့ ကြွပ်ရွကာ ဝါးလိုက်လျှင် ထောပတ်နံ့လေးသင်းလျက် ခံတွင်းထဲမှ စိမ့်လို့နေသည်။

ကြက်ဆင်ကင်အတုံးကလေးတွေနဲ့ အစာသွပ်ထမင်းကို ပုလဲ မိမ်ခံစားနေစဉ် –

''ဒီမှာ ကိုယ်ပြောမယ်''

ပုလဲရဲ့နောက်ကျောဘက်မှ ကြားနေတဲ့ ရင်းနှီးသောအသံ။ ဒီအသံ။ ဒီအသံကို ပုလဲရင်းရင်းနှီးနှီး ကြားဖူးပါကယ်။ နေဦး ဘယ်သူ့အသံ ပါလိမ့်။ ပုလဲ စေ့စေ့တွေးလျှင် မျက်လုံးထဲ ပုံရိပ်တစ်ခု ဘွားခနဲ မြင်လာသည်။

မျက်နှာပြည့်ပြည့်လေးလေးနဲ့ ရင်းနှီးဖော်ရွေဟန်ရှိသော ဦးဝဏ္ဏစိုး။ ဟုတ်တာပေါ့။ ဒါ ဦးစိုးအသံ။

ဦးစိုးနဲ့ ပမသစ်က ပြည်ပြန်[illegible]မှာလေ။ ပုလဲက အမေရိကားမှာ။ ပုလဲ အမေရိကရောက်ကတည်းက ဦးစိုးတို့ကို အသိမပေးခဲ့ပါ။ အသံနဲ့ဦးသက်က တစ်သဘောတည်း ပြော[illegible] တားခဲ့တယ်[illegible]။

www.burmeseclassic.com



"ပုလဲ မမသစ်နဲ့ ပုလဲ မဆက်သွယ်ပါနဲ့၊ မမသစ်ကို ပုလဲ ဆက်သွယ်တာနဲ့ ဦးဝဏ္ဏစိုးကတစ်ဆင့် နေသခင် သိသွားမှာ သေချာတယ်၊ နေသခင် သိသွားရင် ပုလဲကို ဘယ်နည်းနဲ့မှ အလွတ်ပေးမှာ မဟုတ်ဘူး၊ နေသခင်က ကမ္ဘာပတ်နေတဲ့သူ မဟုတ်လား၊ ပုလဲ ဘယ်နိုင်ငံမှာရှိရှိ နေသခင် လိုက်နေလိမ့်မယ်၊ နေသခင် မျက်ခြည်ပြတ်သွားဖို့ ပုလဲ ဆင်ခြင်ရမယ်၊ သစ်သစ်မင်းကို ပုလဲ လုံးဝမဆက်သွယ်နဲ့"

တဲ့၊ ပုလဲကလည်း ဦးသက်ပြောတဲ့အတိုင်း မမသစ်ကို မဆက်သွယ်တော့ပါ။ တော်ဝင်သစ်ဆန်းရတနာဆိုင်က မိန်းကလေးတွေကိုလည်း ဘယ်နိုင်ငံထွက်မယ်ဆိုတာ အရိပ်အမြွက်တောင် မဟာခဲ့ပါ။ ဟိုနိုင်ငံလိုလို ဒီနိုင်ငံလိုလိုနဲ့ မသေမချာပြောခဲ့တာက သူ့နောင့်ယှက်မှာ စိုးရိမ်စိတ်နဲ့ပါ။

ဟော ခုတော့ ဦးစိုး။ ဩစတြေးလျကနေ အမေရိကားရောက်လာတာ ဘာကိစ္စနဲ့လဲ။ အလုပ်ကိစ္စနဲ့လား။ ဘာလား။

ပုလဲ သိချင်လှသည်။ နောက်ဘက် မသိမသာ ငဲ့ကြည့်တော့ ရောင်စုံမီးသီးတွေ ဆင်ထားတဲ့ သစ်ပင်တန်းကြောင့် ဘာမှမမြင်ရပါ။ စားပွဲဝိုင်းတွေကို ခုလိုပဲ သစ်ပင်တန်းတွေနဲ့ လုံလုံခြုံခြုံထားတယ် မဟုတ်လား။

သေချာတာကတော့ ပုလဲကျောပြင်နောက်မှ သစ်ပင်တန်းနဲ့ ကွယ်နေတဲ့စားပွဲမှာ ဦးစိုး ရှိနေလိမ့်မယ်။ ဦးစိုးက တစ်ယောက်တည်းလာတာလား။





ရေရေလည်လည် သိလိုလှသည်။

ဒါကြောင့်မို့ ကြက်ဆင်သားနဲ့ အစာသွပ်ထမင်းကို စားရင်းနားက ဦးစိုးဘက် အားစိုက်ထောင်လျက်။

"တော်ပါတော့၊ မပြောပါနဲ့ ကိုစိုး၊ ကိုစိုးပြောနေတာတွေက သစ်သစ်ကို နှိပ်စက်နေသလိုပဲ"

"ဟင် မမသစ်"

ပုလဲ ခေါင်းလေးထောင်ခနဲဖြစ်၏။ စိတ်ပျက်လက်ပျက်ပြောနေတဲ့ မမသစ်အသံမဆုံးခင် ဦးစိုးပြောသံ ကြားရပြန်သည်။

"သစ်ကို ပြောလိုက်ရင်း ဒါချည်းပဲ၊ သစ် နည်းနည်းဖြစ်ဖြစ် ငြိမ်ငြိမ်ညှာညှာစဉ်းစားပေးဖို့ လိုတယ်ကွ၊ ပုလဲအကြောင်း စကားစတာနဲ့ သစ် ရှောင်ဖယ်တာ ဘာသဘောလဲ"

အလို ပုလဲနာမည် ပါလာပြန်ပြီ။ ထမင်းလုတ် ဝါးစားနေတဲ့ ပုလဲနှုတ်ခမ်း လှုပ်စိဖြစ်မနေတော့။ ငြိမ်သက်သွားကာ။

မစွက်အင်တာနဲ့အဖွဲ့က သူတို့အချင်းချင်း စားလိုက်၊ စကားပြောလိုက်နဲ့ ပုလဲကို သတိမထားနိုင်ဖြစ်ကြ၏။ ပုလဲကသာ ခေါင်းလေးငုံကာ နားစိုက်ထောင်လျက်။

"သစ် ဘာမှမသိဘူး ကိုစိုး"

"မသိဘူးဆိုတိုင်း ပြီးမတဲ့လား၊ ပုလဲ သစ်ဆီ မဆက်သွယ်ဘဲနေမှာ မဟုတ်ဘူး၊ သစ်တို့ချင်း အဆက်အသွယ်ရှိလျက် သစ် ဖုံးဖိကာ ကွယ်ထားတာဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးနေ့် သစ်နဲ့အဆက်အသွယ်မရှိဘူးလို့ သစ်ပြောတာကို ဘာဖြစ်လို့ မယုံရတာလဲ"

"ယုံနိုင်စရာရှိလို့လား ပြောစမ်းကွာ"

ကျွတ်။ ပုလဲကြောင့် မမသစ်နဲ့ဦးစိုး ပြဿနာဖြစ်နေတာလား။ ဘာအကြောင်းကြောင့်လဲ။ ပုလဲ သိလိုလှပါသည်။

"ပုလဲက သစ်နဲ့ ဘယ်နည်းနဲ့မှ မဆက်သွယ်ဘဲမနေဘူး။ သစ်ဘက်က ကျေးဇူးရှိတယ် မဟုတ်လား"

"ဒါကတော့ ဟိုတုန်းကပါ၊ အဲဒီနောက်ပိုင်း ဘာမှအဆက်အသွယ်မရှိဘူး၊ ရတနာစင်တာကနေ ပုလဲ အလုပ်ထွက်သွားတယ်ဆိုတဲ့ သတင်းကြားတုန်းကတောင် သစ် အံ့သြနေတယ်၊ ဘာကြောင့်ထွက်သွားလဲဆိုတာလေ"

"အဲဒီအကြောင်း၊ ကိုယ်ပြောပြီးပြီပဲ၊ သစ်က မိန်းမချင်းမို့ ပုလဲဘက်က နာပြီး ဖုံးထားဖိထားမယ်လို့ ကိုယ်ထင်တယ်"

"ဟွန်း၊ အဲဒါတော့ သစ်ကို ကိုစိုး အယုံကြည်ကင်းမဲ့နေတာပဲ"

"အဲဒါ ကိုယ်မသိဘူး၊ အရေးကြီးတာက ပုလဲနဲ့ အဆက်အသွယ်ရချင်တယ်၊ နေ ခံစားနေရတာကို ကိုယ် မကြည့်ရက်ဘူး"

"အဟွန်း"

မမသစ် မနှစ်မြို့သံလေးနှင့် တိတ်ဆိတ်နေလိုက်ဟန် တူသည်။ ဦးစိုးက အားမရနိုင်ဘဲ ပြောသည်။





"နေရည်ရွယ်တာက ပုလဲကိုမဟုတ်ဘူး။ သံသာ့ကို"

"အိုး အဲဒါတွေ သစ် ဘာမှမသိဘူး၊ ဘယ်သူ့ကို ရည်ရွယ်ပါစေ၊ ကိုယ်ကျင့်တရားထိပါးအောင် ပြောဆိုစေနိုင်းတာက ကိုစိုးသူငယ်ချင်း ယဉ်ကျေးမှုမရှိလို့ ဖြစ်ရတာ၊ ဘယ်မိန်းမဖြစ်ဖြစ် ကိုယ်ကျင့်တရားထိပါးခံရရင် ဒီလိုပဲ ဆုံးဖြတ်ကြမှာပဲ၊ ပုလဲဟာ ကိုယ်ကျင့်တရားထိပါးတာကို ခေါင်းငုံ့ခံဖို့နေနေသာသာ ဂုဏ်သိက္ခာနဲ့ ခေါင်းမော့နေချင်လို့ မမချစ်ကြွေး ပေးစရာရှိတာမှန်သမျှကို မစစ်ဆေးဘဲ ပေးဆပ်လိုက်တာက အကြောင်းမဲ့မဟုတ်ဘူး။ သူ မမချစ်ဂုဏ်သိက္ခာအတွက် မမချစ်သေသွားပေမယ့် ဂုဏ်သိက္ခာမသေအောင် တာဝန်သိသိ သိက္ခာပေးဆပ်ခဲ့တဲ့ ပုလဲရဲ့ကိုယ်ကျင့်စိတ်ဓာတ်ကို သိသိကြီးနဲ့ ငါ ဘော့စ်ပဲ, နိုင်းချင်ရာ နိုင်းပစ်မယ်ဆိုတဲ့အတ္တနဲ့ မိန်းမတစ်ယောက်ရဲ့ဣန္ဒြေကို ထိပါးစေနိုင်းတဲ့ ကိုစိုးသူငယ်ချင်းစိတ်ကို ပုလဲက ခေါင်းငုံ့ခံမတဲ့လား၊ ဝေးပါသေးတယ်"

"နေ တောင်းပန်တာလည်း ထည့်တွက်ဦး"

"တောင်းပန်တိုင်း ကျေအေးတဲ့သူ ရှိသလို ခွင့်မလွှတ်သူလည်း ရှိတာပဲ ကိုစိုး၊ ပုလဲ ခွင့်မလွှတ်ဘူး။ အဲဒါ ဘာဖြစ်လဲ"

"မင်းမှာ အသည်းနှလုံးမရှိဘူးလား သစ်"

"ဘာရယ်"

ဦးဝဏ္ဏစိုး ဖြေနိုးသော ဘာသော မငဲ့တော့ပါ။ သူငယ်ချင်းဘက်က လုံးလုံးလျားလျား ရပ်တည်လျှက်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေရဲ့အချစ်စိတ်ကို မင်းကအခု နားမလည်သေးဘဲ"

"ဘာအချစ်စိတ်လဲ ကိုစိုး၊ ကိုစိုး ဟစ်ကြွေးနေတဲ့ ယောက်ျားတွေရဲ့အချစ်စိတ်ဆိုတာ တန်ဖိုးထားမြတ်နိုးနေတဲ့ ခံစားချက်မပါဘူး။ အတ္တကြီးကြီးနဲ့ တုံ့ပြန်တာလေ"

"တော်တော့ သစ်"

မမသစ် အားကျမခံ ပြန်ပက်သမျှ ဦးစိုးဘက်ကလည်း တင်းမာလျှင် ခုချိန်မှာ အပြင်းထန်ဆုံးဖြစ်လေသည်။

ပုလဲကြောင့် ဖြစ်နေတဲ့ကိစ္စဆိုတော့ ပုလဲစိတ်က မလုံမြဲနိုင်တော့ပါ။

"မတော်နိုင်ဘူး ကိုစိုး။ ပြောစရာရှိလာရင် ပြောရမှာပဲ၊ သံသာက သူ့စိတ်၊ သူ့ခံစားချက်နဲ့သူ၊ ကိုစိုးသူငယ်ချင်းကို ပစ်သွားတာလေ၊ အဲဒါကို ပုလဲအပေါ် ပစ်မှတ်ထားပြီး အခွင့်အရေးရတာနဲ့ သံသာ့ကို ပြန်တိုက်ခိုက်တဲ့ကိစ္စမှာ ပုလဲကို ဓားစာခံလုပ်ပစ်လိုက်တာ၊ သစ်လည်း ပုလဲဘက်က နာတယ်ရှင့် နာတယ်၊ ပုလဲနဲ့ အဆက်အသွယ်ရရင် သစ်က ပုလဲကို အားပေးလိုက်ဦးမှာ သိရဲ့လား"

"ဟာ၊ မင်း ပြောလေ ကဲလေပါလား"

"ဘာရယ် ကိုစိုး။ သစ်က ကဲတယ်၊ ဟုတ်လား"

သစ်သစ်ပြောရင်း ဝမ်းနည်းလာပါသည်။ ဝမ်းနည်းစရာ မဖြစ်ဘဲနေမလား။





အစကတော့ ကိုယ့်လင်ယောက်ျား ကိုယ့်ကို ပြန်ဆက်သွယ်တယ်ဆိုတော့ သစ်ရင်မှာ ကြည်နူးခဲ့ပါသည်။ ဒါတောင် မာနနဲ့ တင်းခံခဲ့သေးသည်။

တကယ်တော့ သစ်ထင်သလို မဟုတ်ခဲ့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"နေ ဂျပန်က ရတနာပြပွဲသွားရင်း မိန်းကလေးတစ်ယောက်ကို မြင်ပြီး ရင်ခုန်သွားတယ်ပေါ့၊ ပြပွဲမှာ လှုပ်ရှားသွားလာနေတဲ့ အဲဒီမိန်းကလေးရဲ့ဓာတ်ပုံတော်တော်များကို နေ မသိမသာ ရိုက်ယူခဲ့တာ၊ အဲ မိန်းကလေးပုံတွေကြည့်ရင်း ပုလဲဘေးမှာ သစ်ကို ကိုယ် စမြင်လိုက်တာပဲ အဲဒါနဲ့ ကိုယ်က နေ့ကိုပြောတယ်ပေါ့၊ သစ်က ကွဲနေတဲ့ ကိုယ့်ဖနီးဆို တော့ နေက ကိုယ့်ကို မရမက ဖိအားပေးလာတယ်၊ သစ်နဲ့ ပြန်ဆက် သွယ် ဘာညာနဲ့၊ ကိုယ်လည်း နေ့ဆန္ဒအတိုင်း သစ်ကို ဆက်သွယ်ရ တော့တာပဲ"

"ဘုရားရေ၊ ဒါ ဒါဆို ကိုစိုးက သစ်ကို တကယ် မြတ်နိုးတမ်း တစိတ်နဲ့ ပေါင်းချင်လို့ ပြန်ဆက်သွယ်တာ မဟုတ်ဘူးပေါ့"





ကိုစိုးနဲ့ ဩစတြေးလျလိုက်လာခဲ့ပြီးခါမှ နေသခင်အကြောင်း ပြောရင်း ကိုစိုးက ထိုသို့ပြောခဲ့တာလေ။ အဲဒီအကြောင်း သိရကတည်း က သစ် ဒေါသ ဟုန်းခနဲ ထလေသည်။

"အမှန်အတိုင်းပြောရရင်တော့ သစ်ကို ကိုယ်မေ့ထားတာ ကြာပြီ၊ နေပြတဲ့ ဓာတ်ပုံတွေထဲမှာ သစ်ကိုမြင်တော့ ချစ်စိတ်တွေ ပြန် လှုပ်ရှားလာတာလည်း ပါတာပေါ့ သစ်ရယ်"

ကိုစိုးက လိမ္မာပါးနပ်စွာပြောရင်း သစ်ကို ပွေ့ဖက်ချော့မြူတာ နဲ့ သစ်ဒေါသတွေ မပြယ်ချင်ဘဲ ပြယ်ခဲ့ရတယ်လေ။

ဒီအကြောင်းစဉ်းစားမိတိုင်း သစ်ရင်ထဲမှာ ခံပြင်းခဲ့သည်။

"သစ်နဲ့ကိုယ် ပြန်ငြိသွားအောင် နေ စီစဉ်တာ၊ နေ့အစီအစဉ် အတိုင်း ပုလဲကို နီးနီးကပ်ကပ် ပိုးနိုင်ဖို့ ကိုယ် သစ်ကို ဩဇီအပါ ခေါ် ခဲ့တဲ့သဘော"

"ဘုရားရေ"

လက်စသတ်တော့ သူ့သူငယ်ချင်းအတွက် ကိုစိုးက သစ်ကို ပရိယာယ်နဲ့ သိမ်းပိုက်ခဲ့တာလေ။

လွန်ပြီးခါမှ ပြန်သိရတဲ့အဖြစ်။ ဒီကိစ္စ သစ်ရင်ထဲ တနုံ့နုံ့နဲ့ ခံစားနေဆဲ။ ခုချိန်မှာ သစ် မခံစားနိုင်တော့ပါ။ ခံပြင်းတာတွေနောက်မှာ ဝမ်းနည်းတာတွေလည်း ပါကာ။

"အခုလည်း ကိုစိုး အမေရိကားရောက်လာတာ အကြောင်းမဲ့ မဟုတ်ဘူးပေါ့၊ သစ် ရိပ်မိပြီ၊ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



မမသစ် ငိုသံလေးနဲ့ မေးလေသည်။

"ကိုယ် မငြင်းပါဘူး၊ ပုလဲ အမေရိကားကို ရောက်နေတယ်လို့ သတင်းရတယ်၊ အဲဒါ နေ့အတွက် ကိုယ်လာခဲ့တာ"

"တောက်၊ တော်ပြီ ကိုစိုး။ ကိုစိုးရင်ထဲမှာ သစ် မရှိဘူး။ ကိုစိုးသူငယ်ချင်းအတွက် သစ်ကို အသုံးချနေတာတွေ သိသိကြီးနဲ့ သစ် သည်းမခံနိုင်တော့ဘူး၊ ရန်ကုန်ပြန်မယ်"

"သစ် ပြန်ချင်ပြန်၊ ဒါပေမဲ့ နေနဲ့ပတ်သက်နေတဲ့ ပုလဲကိစ္စထဲ လုံးဝဝင်မပါပါနဲ့"

"လက်စသတ်တော့ ကိုစိုးက ကိုစိုးသူငယ်ချင်းအတွက် ပါရမီဖြည့်ခနေတာကိုး။ ရတယ်လေ၊ ကိုစိုးက ကိုစိုးသူငယ်ချင်းဘက်က ဖြည့်ပေးနေသလို သစ်ကရော ပုလဲဘက်က ဘာလို့ မရပ်တည်ပေးရမှာလဲ၊ ဦးသက်တို့ သံသာတို့နဲ့ တွေ့ပြီး ပုလဲကို ရအောင်ဆက်သွယ်ပြီး သစ် ပြောမယ်၊ ဒါပဲ"

ပြတ်သားနေတဲ့ သစ်စကားတွေနဲ့အတူ မျက်နှာချင်းဆိုင် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လေသည်။ ဦးဝဏ္ဏစိုး ဖနီးသည်ကို ချော့မော့တားမြစ်ဖို့ စိတ်မကူးတော့ပါ။

သွားပါစေလေ။ သူ့ဖနီး သူ့အပါးမှာမရှိလည်း သူ နေလို့ရတယ်။ နေလို့လည်း နိုင်တယ်။ အရေးကြီးနေတာက နေ့အတွက်။

ခံမှန်ဖူးတဲ့စာသူငယ်လိုဖြစ်နေတဲ့ နေက သံသာနဲ့ ပြန်ဆုံတဲ့နောက်မှာ ခံစားချက်တွေက ရှုပ်ထွေးကုန်တယ်မဟုတ်လား။ ယောက်ျား





ချင်းမို့ သူ ကိုယ်ချင်းစာသည်။

ဒါကြောင့် ခံပြင်းနေတဲ့ ဖနီးသည်ကို ချော့မော့ပေါင်းသင်းနေဖို့ သူ စိတ်မဝင်စားနိုင်။

ညစာ မစားဘဲ ချာခနဲလှည့်ထွက်သွားတဲ့ ဖနီးသည်ကို မမိတ်မသုန် ငေးကြည့်ရင်း –

✿

"မစ်ပုလဲ"

"ဟင် ဟင်"

ပုလဲ ယောင်ယောင်မှားမှားနဲ့ ဝုန်းခနဲ ထရပ်လိုက်သည်။ မမသစ်ရဲ့ စကားသံ ပြတ်တောက်သွားတဲ့နောက်မှာပါ။

ပုလဲကို ဂရုတစိုက်ရှိလှတဲ့ ဒေးဗစ်က ဘာမှန်းမသိ ညာမှန်းမသိ ဝုန်းခနဲ ထရပ်လိုက်တော့ ချက်ချင်းခေါ်လိုက်သည်။

ထိုအခါ ပုလဲ အသိဝင်လာကာ။

"ဘာဖြစ်လို့လဲ မစ်ပုလဲ"

မစွက်အက်တာလည်း သတိထားမိကာ လှမ်းမေးသည်။ ပုလဲ အမူအရာတွေ ပျက်ကျမသွားအောင် ကမန်းကတန်း ဣန္ဒြေဆည်ကာ တောင့်တင်းနေတဲ့ကိုယ်ကို ဖျော့ချလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာမှမဖြစ်ပါဘူး။ ဟင့် ဟင့် ဟင့်"

ပုလဲပြောရင်း မလုံမလဲရယ်ပြကာ ဒီစားပိုင်းထဲက ပုလဲ ထွက်သွားဖို့က အခြေအနေမသာ။

ဘာဖြစ်လို့လဲ၊ ဘာလဲနဲ့ ဆွဲတားပြီးမေးကြရင် ပုလဲ ဖြေဖို့ခက်လှပေသည်။

ပြီးတော့ ပုလဲဟာ သူနဲ့ အတိတ်အကြောင်းတွေ ရှိခဲ့တယ်ဆိုတာ မစွက်အက်တာသိသွားလို့ သူ့ကို ချက်ချင်းအကြောင်းကြားလိုက်ရင် ခက်ရချည်ရဲ့။

ခုချိန်မှာ ပုလဲတွေ့ချင်နေတာ မမသစ်ပါ။ ပုလဲကြောင့် မမသစ်က ဦးဝဏ္ဏစိုးကိုထားခဲ့ပြီး ရန်ကုန်ပြန်တော့မတဲ့။ ဦးစိုးကလည်း မမသစ်ကို မတား။

ထိုလင်မယားနှစ်ယောက်ကြား အခြေအနေက တင်းမာလျက်။

"ထိုင်လေ မစ်ပုလဲ"

ပုလဲ မလုံမလဲနှင့် ဒေးဗစ်ပြောခါမှ ပုလဲ မတ်တတ်ကလေး ရပ်နေသေးမှန်းသိကာ ဝုန်းဆို ထိုင်ချမိပြန်သည်။

ဦးစိုးပြောစကားအရ ပုလဲကို လာစုံစမ်းတာဆိုတော့ ပုလဲ မစွက်အက်တာဆီမှာ တာဝန်ထမ်းနေတာ သိသွားရင်။

ဟင့်အင်း။ ပုလဲ သူနဲ့ မဆုံပါရစေနဲ့ မမသစ်ရယ်။

✿ ✿ ✿



## အခန်း (၃၀)

"သစ်သစ်မင်းကို အန်တီတွေ့ချင်နေတာ ကြာပါပြီကွယ်"

ဒေါ်စကားဖြူ ရောက်လာကတည်းက သူမ ရှောင်ထွက်တာပဲ။ ရှောင်ထွက်လို့ မရအောင် ခခယယ ပိတ်ကာဆွဲတားရင်း စကားပြောလာသည်။

သစ်သစ်မင်း စိတ်ဝင်စားချင်ဟန်မပြ။ မျက်နှာကို တင်းမာထားကာ။

"သစ်က အလုပ်များတယ် အန်တီ၊ ခွင့်ပြုပါဦး"

"နေပါဦး သစ်သစ်မင်းရယ်၊ အန်တီ အနူးအညွတ်တောင်းပန်ပါတယ်"

စကားဖြူရိပ်မြုံရဲ့အရှင်သခင်မ ဒေါ်စကားဖြူဟာ နှယ်နှယ်ရရ

www.burmeseclassic.com



မဟုတ်မှန်း သစ် ရိပ်မိပါတယ်။ ခု အရှိန်အဝါနဲ့ ပဂ္ဂာသနတွေကို ခဝါချထားပြီး ရိုးရိုးစင်းစင်း ပြောလာတော့ သူမ ခံပြင်းတဲ့အရှိန်ကို လျှော့ချလျှက်။

"ရပါတယ် အန်တီ၊ သစ်က အန်တီနဲ့ ဘာမှမပတ်သက်ပါဘူး"

"အန်တီ သိပါတယ်ကွယ်၊ ဒါပေမဲ့ အန်တီ့သားက သစ်အပေါ်မှာဖြစ်ဖြစ် ပုလဲရင့်အပေါ်မှာဖြစ်ဖြစ် တစ်ခုခု အလွဲအမှားလုပ်ခဲ့တယ်ဆိုတာကို နားလည်ပါတယ်၊ မိန်းမသားအနေနဲ့မို့ ကိုယ်ချင်းလည်း စာပါတယ်"

သစ် မသိမသာ သက်မချ၍ မျက်နှာလွှဲထားမိသည်။ ဒေါ်စကားဖြူက ဆုပ်ကိုင်ထားမိတဲ့ သစ်သစ်လက်မောင်းကို ဖြေလျှော့ကာ ဆက်ပြော၏။

"တကယ်တော့ သားဟာ သံသာဦးကြောင့် အရှက်ရစရာနဲ့ ကြုံခဲ့ဖူးတော့ သားစိတ်မှာ မိန်းကလေးတွေနဲ့ပတ်သက်ရင် အမြဲတမ်း တင်းမာနေခဲ့တယ်၊ အယုံအကြည်ကင်းမဲ့သလိုလည်း ခံစားနေခဲ့တယ်၊ ဒါကြောင့်မို့ သားဟာ မိန်းကလေးတွေနဲ့ ကင်းအောင်နေခဲ့တယ်ကွဲ့၊ ဒါတင်မကဘူး အန်တီက သားကို အိမ်ထောင်ချပေးဖို့ အမျိုးမျိုးကြိုးစားခဲ့တယ်၊ သားက လုံးဝလက်မခံဘူး၊ နောက်ဆုံး အန်တီပဲ လက်လျှော့ထားရတဲ့အဖြစ်ပါ၊ သား ပြန်မလာသေးခင် တစ်နေ့တော့ကွယ်"

ဒေါ်စကားဖြူ ပြောနေရင်း စကားကို ခဏဖြတ်ထားလိုက်သည်၊ စကားဖြတ်ထားတယ်ဆိုတာက စကားများများပြောရင် ဒေါ်စကား



ဖြူက ရင်ထဲ မွန်းကျပ်သလိုလို ဖြစ်နေလို့ပါ။

ဒါကြောင့် အသက်ကို ဝအောင်ရှူမိလေသည်၊ စိမ်းစိုအုပ်ဆိုင်းတဲ့ သစ်သစ်ရဲခြံဝင်းထဲမှာ လေပြည်က လတ်ဆတ်လှပါ၏။ လေချိုသွဲ့သွဲ့ကို ဝအောင်ရှူပြီးမှ ဆက်ပြောသည်။

"သား ဖုန်းဆက်ပြောတယ်၊ သားဘဝအတွက် လက်တွဲချင်တဲ့စိတ်နဲ့ ရည်ရွယ်မိတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ထားပြီးပြီတဲ့၊ သားပြန်လာတဲ့အခါ မေမေ့ချွေးမလောင်းကို မေမေ တွေ့စေရမယ်တဲ့၊ အဲလိုပြောတော့ အန်တီ အံ့ဩသွားပါတယ်၊ စိတ်ထဲမှာလည်း မယုံချင်ယုံချင်နဲ့ပေါ့"

ဒေါ်စကားဖြူ မျက်စိထဲ မြင်ယောင်လာသည်။ သား ပြန်ရောက်လာပြီး မကြာပါဘူး သားက သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ အပြင်ထွက်ဖို့ ပြင်သည်။ သွားခါနီး သူမပခုံးကို ပွေ့ဖက်၍ ပြောရှာသည်။

"မေမေ့ချွေးမလောင်းလေး မကြာခင် ရောက်လာလိမ့်မယ်၊ မေမေ အကဲခတ်ကြည့်လေ၊ စကားလေး ဘာလေး ပြောကြည့်ပေါ့"

"သားတို့ချင်း ချစ်သူတွေ ဖြစ်နေပြီလား"

"သား ကြိုးစားမလို့ မေမေ"

"ဘုရားရေ၊ မသေချာမရေရာဘဲနဲ့ မေမေ့ချွေးမလောင်းလို့ အပိုပြောနေတာတော့ မဟုတ်သေးပါဘူး သားရယ်"

"ဟုတ်အောင် သားကြိုးစားမှာပါ၊ အဲဒီအတွက် မေမေ ဘာမှ မပူပါနဲ့၊ လောလောဆယ် မေမေ့ချွေးမလောင်းလေးနဲ့ မေမေ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်ပြီးရင် သား ဖော်ထိုက်တို့နဲ့ ပါရမီစားတော်ဆက်မှာ ရှိနေမယ်၊ မေမေနဲ့စကားပြောပြီးရင် ပုလဲရင့်ကို သားဆီ လွှတ်လိုက်''

သားပြောပြီး ထွက်သွားတာ မကြာပါဘူး။ သူမကလေး ရောက်လာခဲ့သည် မဟုတ်လား။ သူမလေးကို မြင်မြင်ချင်း ဒေါ်စကားဖြူ သဘောကျလို့နေသည်လေ။

ထက်ထက်မြက်မြက်ရှိတဲ့ မိန်းကလေးမှန်း သိသာသလို ဖြူဖြူစင်စင်နဲ့ ဂုဏ်သိက္ခာရှိမှန်းလည်း ထင်ရှားပေသည်။

မြင်မြင်ချင်း ချွေးမလောင်းအဖြစ် ရင်ထဲမှာ သူမ အသိအမှတ်ပြုပြီးသားဖြစ်တာ သူမပဲ သိသည်မဟုတ်လား။

''တကယ်တမ်းမှာ ပုလဲရင့်က သံသာနဲ့ ကျွမ်းဝင်နေတာ သိလိုက်ရတော့ သားရဲ့ဝေဒနာခံစားချက် အုံကြွလာတယ်ပဲ ပြောရမလား၊ ဘာလား အနိတ်ိလည်း မခန့်မှန်းတတ်တော့ဘူး၊ သားက ပေါက်ကွဲတော့တာပဲ၊ သားရင်ထဲမှာတော့ ပုလဲလေးကို သံသာနဲ့ လုံးဝအဆက်အသွယ် ပေးမလုပ်ချင်တဲ့ အတ္တတွေ ဖြစ်လာတယ်၊ နောက်တစ်ခုက သံသာ့ကြောင့် ပုလဲရင့်စိတ်ဟာ သံသာ့လိုစိတ်မျိုး ပြောင်းလာပြီး သားကို ချန်ထားခဲ့မှာလည်း စိုးရိမ်တယ်လေ၊ အဲလိုစိုးရိမ်တာကလည်း သက်တန့်ကျော်က တွယ်ကပ်ဖို့ ကြိုးစားနေတာ သိနေလို့ပါကွယ်''

နားထောင်နေရင်း သစ်သစ် မသိမသာ သက်မ,ချလေသည်။

''ဘာပဲဖြစ်ဖြစ် သားဟာ ပုလဲကို ချုပ်ကိုင်ထိန်းသိမ်းထားနိုင်မယ်လို့ ယူဆပြီး ပြုမူဆက်ဆံခဲ့တာတွေက ပေါက်ကွဲစိတ်နဲ့ရောပြီး





ပြင်းထန်သွားရာကနေ ပုလဲသိက္ခာကို ထိပါးသွားစေတဲ့သဘောမျိုးပါ၊ သား တောင်းပန်ပါသေးတယ်၊ ပုလဲရင့် လက်မခံဘူး၊ ခြေရာပျောက် ရှောင်ထွက်သွားတော့ သားခမျာ အရူးအမူးပဲ၊ သစ်သစ်မယုံရင် လာကြည့်စမ်းပါ၊ သားရဲ့ပန်းချီခန်းမှာ ပုလဲရဲ့ပုံတွေချည်း အပြည့်အကျပ်ဆွဲထားတာလေ''

သစ်သစ် ယုံရမတဲ့လား။ မယုံချင်တဲ့မျက်လုံးနဲ့ ကြည့်တော့ ဒေါ်စကားဖြူက စကားဖြူရိပ်မြုံကိုခေါ်သွားပြီး နေသခင်ရဲ့ ပန်းချီခန်းကို ဖွင့်ပြခဲ့ခါမှ–

''အလို''

သစ်သစ်မှာ ဆွံ့အမတတ်ဖြစ်လို့ သွားလေသည်။

ပန်းချီခန်းနံရံလေးဘက်နဲ့ မျက်နှာကြက်အပြည့် ပုလဲရဲ့လှုပ်ရှားသွားလာဟန် ပုံအမျိုးမျိုးကို ရွေးဆွဲပြီး ချိတ်ထားတာ ပန်းချီကားအရေအတွက် နှစ်ရာကျော်သည်။

အံ့ဩလွန်းလို့ သစ်သစ်ခမျာ စကားတွေ ဖွင့်ဟမပြောနိုင်ရှာတဲ့အဖြစ်။

''နောက်ပြီး ပုလဲရင့်ဆပ်လိုက်တဲ့ကြွေးတွေက ဒေါ်မမချစ်တကယ်တင်နေတဲ့ ကြွေးအစစ်မဟုတ်မှန်း သားက ရိပ်မိနေတယ်၊ တချို့က လူသေသွားပြီဆိုတော့ ကြွေးရမယ်ပေါ့၊ ဘာညာနဲ့ လိမ်ကြည့်တဲ့သဘော၊ တချို့က ပစ္စည်းတွေ လက်ဝယ်ရပြီး ဒေါ်မမသစ်ကို ငွေချေမထားဘူး၊ သူ့အမေ သေသွားတာနဲ့ မသိမသာ လိမ်ယူထားတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပုလဲရင့်ကတော့ သူ့အမေ ပေးရမယ့်ကြွေးမှန်သမျှကို ခေါင်းညိတ်ဆပ်သွားပေမယ့် သားက ရတနာကုန်သည်တွေ၊ ပွဲစားတွေနဲ့ ပြန်အလုပ်လုပ်ရင်း အဲဒီကိစ္စကို သိလာတယ်''

သစ်သစ် ပန်းချီကားတွေကြည့်နေရာမှ ဒေါ်စကားဖြူကို ပြန်လှည့်ကြည့်မိလေသည်၊ ဒေါ်စကားဖြူက သစ်သစ်နားလည်လွယ်အောင် ရှင်းပြသလို ပြောလျက်။

''နောက်ပြီး သားက နိုင်ငံတကာပတ်နေတဲ့ ရတနာကုန်သည်မှန်း သိသွားတော့ ဒီက ကုန်သည်ပွဲစားတော်တော်များများ သားနဲ့ လာချိတ်ဆက်ကြတယ်၊ သူတို့ပစ္စည်းတွေ နိုင်ငံတကာဈေးကွက်ကို တင်မယ့်ကိစ္စ ဘာညာပေါ့လေ၊ အဲလို လာချိတ်ဆက်တဲ့အထဲမှာ ပုလဲရင့်မာမီဆီက ပစ္စည်းတွေ ယူထားပြီး ငွေမချေထားဘဲ ကုန်သည်ပွဲစားတွေလည်း ပါတယ်၊ သားက အဲဒီမှာ ပရိယာယ်သုံးရတာပေါ့''

ပရိယာယ်။ ဘာပရိယာယ်လဲ။

သစ်သစ် သိလိုလှစွာ ဒေါ်စကားဖြူနား ရွှေ့သွားမိသည်။ ဒေါ်စကားဖြူက ပန်းချီခန်းက ပြန်ထွက်ကာ ဧည့်ခန်းထဲ ဦးဆောင်ဝင်သွားသည်။

ဒေါ်စကားဖြူ ဦးဆောင်ဝင်သွားတဲ့အတိုင်း သစ်သစ်လည်း လိုက်ဝင်ကာ –

''နိုင်ငံတကာ ရတနာဈေးကွက်ထဲ ဝင်ချင်ရင် ပွဲစားဖြစ်ဖြစ်၊ ကုန်သည်ဖြစ်ဖြစ် နောက်ကြောင်းမှာ အမည်းစက်ကင်းဖို့ လိုတာပေါ့





ဒေါ်မမချစ် မထင်မှတ်ဘဲ ဆုံးသွားတဲ့ကိစ္စထဲမှာ သိပ်မရှိးသားတဲ့ ကုန်သည်ပွဲစားတွေက နိုင်ငံတကာ ရတနာဈေးကွက်ထဲ ဝင်ခွင့်ရဖို့ အဲဒီကိစ္စနဲ့ပတ်သက်တဲ့ အပေးအယူကိစ္စကို ရှင်းရှင်းလေး လုပ်ပေးကြတယ်လေ''

''ဟင် ဒါ ဒါဆို သူတို့ဆီက ရတနာပစ္စည်းတွေ ပြန်ရတယ်ပေါ့ ဟုတ်လား အန်တီ''

သစ်သစ်မင်း သိချင်စိတ်လောလေးနဲ့ ကမန်းကတန်း မေးလေသည်။ ဒေါ်စကားဖြူက တည်ငြိမ်အေးဆေးစွာပဲ ခေါင်းဆတ်ပြီး –

''ဟုတ်တယ်၊ တချို့ဆီက ပစ္စည်း၊ တချို့ဆီက ငွေပေါ့ကွယ်''

''ဘုရားရေ မယုံနိုင်စရာကြီး''

''ဟုတ်တယ်၊ သူတို့တွေက နိုင်ငံတကာ ရတနာဈေးကွက်ထဲ ဆောက်ဝင်ချင်စိတ် ပြင်းပြနေတော့ သားရဲ့ပရိယာယ်ထဲ တိုးဝင်လာတော့တာပဲ၊ ဒါပေမဲ့ သားက သူတို့ကိုလည်း ပြီးပြီးရော မလုပ်ပါဘူး၊ သူတို့နဲ့လည်း လက်တွဲပါတယ်၊ ပုလဲရင့် ရသင့်ရထိုက်တာလေးတွေ ပြန်ရတဲ့အတွက် သားက အရမ်းဝမ်းသာတယ်၊ ပြီးတော့ ပုလဲရင့် ကြွေးဆပ်ဖို့ ရောင်းခဲ့တဲ့ ဒေါ်မမချစ်ရဲ့တိုက်ကို ပြန်လိုက်ဝယ်တယ်၊ ပုလဲရင့်နာမည်နဲ့ အဲဒီတိုက် ဝယ်ထားပြီးပြီ၊ ပိုတဲ့ငွေကို ဘဏ်ထဲ ထည့်ပေးထားတယ်၊ ဒီမှာ စာချုပ်နဲ့ ဘဏ်စာအုပ်''

ဒေါ်စကားဖြူ ဖြည်းဖြည်းအေးအေး ပြောပြရင်း ဧည့်ခန်းရှိ နံရံမှုပ် ကျွန်းဗီရိုထဲက စာချုပ်နဲ့ ဘဏ်စာအုပ် ထုတ်ယူပြီး သစ်သစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ထည့်ပေးလိုက်လေသည်။

သစ်သစ် အံ့သြဝမ်းသာကာ ပုလဲနာမည်ပါတဲ့ စာချုပ်နဲ့ ဘဏ်စာအုပ်ကို တစ်လှည့်စီကြည့်ရင်း မယုံနိုင်အောင် ဖြစ်လို့နေသည်။

"အန်တီ နောက်ဆုံးပြောချင်တာက သားဟာ ပုလဲလေးအပေါ် မှားခဲ့တယ်၊ ဣန္ဒြေထိပါးအောင် ပြောခဲ့ဆိုခဲ့တာတွေအပေါ်မှာ ပြန်ပေးဆပ်ချင်တဲ့သဘောနဲ့ ဒီကိစ္စကို လုပ်ပေးခဲ့တာပါ၊ အဲဒီအတွက် သားကို နားလည်ပေးပါလို့ အန်တီ တောင်းပန်ပါတယ်ကွယ်၊ သစ်သစ် ကူညီပေးပါနော်၊ အန်တီက ပုလဲကို မြင်ကတည်းက ချွေးမလောင်းလေးအဖြစ် အသိအမှတ်ပြုပြီးသားပါ၊ ပုလဲလက်ခံလာအောင် အန်တီ တိုက်ရိုက်ပြောချင်ပါသေးတယ်ကွယ်၊ အန်တီ့ကို ကူညီပါနော်၊ ကူညီပါ သစ်သစ်ရယ်"

သစ်သစ်ရင်မှာ အစ်ဆို့ဆို့လေး ခံစားရစေသည်၊ စကားမြှုပ်မြှုပ်ဘုရင်မတစ်ဆူက ချွေးမလောင်းအတွက် တောင်းတောင်း[illegible] ပြောနေတဲ့အဖြစ်မျိုး။ သစ်သစ် ယုံတောင် မယုံနိုင်ပါ။

သစ်သစ် ရန်ကုန်ပြန်လာခဲ့တာက ပုလဲနဲ့ အဆက်အသွယ်ရဖို့ပါ။ ဦးသက်တန့်ကျော်နဲ့ ရောက်ရောက်ချင်း တွေ့ပြီးပြီဖြစ်သည်။

ပုလဲ ဘယ်မှာရှိတယ်ဆိုတာလည်း သိရပြီလေ။ ပုလဲနဲ့ ဖုန်းဆက်သွယ်ပြီး နေသခင်နဲ့ကိစ္စအကြောင်း ပြောပြမယ်။ သစ်သစ် ခံစားရသလို သူ့သူငယ်ချင်းလည်း ပြန်ခံစားရအောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။





ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ လက်မတင်လေးတင် ဒေါ်စကားမြှုပ်ရောက်လာပြီး တောင်းပန်တာတွေရဲ့နောက်မှာ သစ်သစ်ရဲ့ခံပြင်းစိတ်က ကြက်ပျောက်ငှက်ပျောက်ရယ်။

ခုတော့ -

"သစ်သစ် အန်တီ့ကို ကူညီမယ်မဟုတ်လားဟင်"

လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပြီး ဒေါ်စကားမြှုပ်အတောမသတ် ပြောလာတဲ့အခါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ပုလဲရယ်

မမသစ်တော့ ဘယ်လိုပြောရမှန်းမသိတော့ပါဘူး ကွယ်။ တကယ်ပါ။

အချစ်စိတ်ဆိုတာ တစ်ခါတလေ ဒေါသကို ဖြစ်တည်စေတယ်။ တစ်ခါတလေမှာ မာနသွေးကို တိုးကြွစေပြီး တစ်ခါတလေတော့လည်း ခံပြင်းစိတ်ကို မွေးဖွားပေးသလိုပါပဲ။

မမသစ်လေ အစကတော့ ကိုစိုးစိတ်ကို ခံပြင်းတယ်။ ပုလဲ အတွက်လည်း နေသခင့်အပေါ် နာတယ်။ ခုတော့ဟယ် ဘယ်လို ဆေး စည်မျိုးနဲ့ ခံစားပြရမလဲဆိုတာ မသိတော့ပါဘူး။

ဘာပဲဖြစ်ဖြစ်လေ နေသခင်က ပုလဲအပေါ် အလေးအနက်





ချစ်တာတော့ ထင်ရှားပါတယ်။ သံသာကတော့ ပုလဲနှလုံးသားနဲ့ ဆုံးဖြတ်ပါစေ မမသစ်ရယ်တဲ့။ ပုလဲရဲ့ဦးသက်ကတော့ ပုလဲရွေးချယ်တဲ့ အတိုင်းပဲ။ ကန့်ကွက်ပိုင်ခွင့် မရှိသူမို့ ပုလဲရွေးချယ်သမျှကို ကျေနပ်လက်ခံပေးဖို့ အဆင်သင့်ပဲလို့ ပြောတယ်။

အန်တီမြကတော့ ပုလဲရဲ့ဖြူစင်တဲ့စိတ်ဓာတ်က ပုလဲဘဝကို အကျိုးပေးကောင်းတဲ့ ယောကျ်ားကောင်းတစ်ယောက်နဲ့ တွေ့ခွင့်ရအောင် ကံကြမ္မာက ဖန်တီးပေးလိုက်တာပဲလို့ မှတ်ချက်ပေးတာကွဲ့။

မမသစ် အခုပြောချင်တာ မာနတွေ၊ ဒေါသတွေနဲ့ ခံပြင်းတာတွေကို ခဏလေး ဘေးဖယ်ပြီး ချစ်တဲ့စိတ်နဲ့ စဉ်းစားပေးပါကွယ်၊ နော် ပုလဲလေး"

အီးမေးလ်ပို့လာတဲ့ မမသစ်စာကိုဖတ်ရင်း ပုလဲရင်မှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်လို့သွားကာ –

'မာနတွေ၊ ဒေါသတွေနဲ့ ခံပြင်းတာတွေကို ခဏလေးဘေးဖယ်ပြီး' တဲ့။

ဒါဆို သူ ပြုခဲ့သမျှ၊ ပြောခဲ့သမျှကြောင့် ဖြစ်တည်လာတဲ့ ဒေါသနဲ့ ခံပြင်းခြင်းတွေအပေါ်မှာ မာနနဲ့ ခုခံခဲ့သမျှကို ဘေးဖယ်ထားရမယ်ဆိုတာလား။ ဘေးဖယ်ပြီးပဲ ထားပါတော့လေ။

'ချစ်တဲ့စိတ်နဲ့ စဉ်းစားပေးပါကွယ်' တဲ့။

ဘုရားရေ။ ချစ်တဲ့စိတ်။

ဟုတ်လား မမသစ်ရယ်။ ချစ်တဲ့စိတ်ဆိုတဲ့ စာလုံးလေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ သူ့ပုံစံလေး ပုလဲမျက်ဝန်းအိမ်မှာ ခိုတွယ်လျက်။

"ဝန်ထမ်းအားလုံးကို အသိအမှတ်ပြုလက်ဆောင်ပေးခဲ့သလို ပုလဲအတွက်လည်း ရေးဆွဲပြီးသားရှိနေတဲ့ ပန်းချီကားကို ပို့ပေးလိုက်တာလေ၊ အဲဒီအတွက် ပုလဲကို အံ့ဩပြီး ရင်ခုန်သွားစေဖို့ပါ"

သူ့သူငယ်ချင်းဖော်ထိုက်က ထိုသို့ပြောသတဲ့။ ကျော်လေးကလည်း -

"ပုလဲရင့်က အပြစ်ကင်းတဲ့ဘဝကို ဖန်တီးယူနိုင်တယ်၊ အကျင့်သီလကောင်းအောင် ကျင့်ကြံနေထိုင်တယ်၊ အဲဒီအတွက် ဂုဏ်ကျက်သရေနှင့် သင့်တယ်မှုရှိရုံမက နေ့နှလုံးသားကို ဆွဲညှို့နိုင်တဲ့ အချစ်တွေ ပျော်ဝင်နေတဲ့ ရှားရှားပါးပါး မိန်းကလေးဖြစ်တယ်ဆိုတာ ကိုယ်စားပြုတဲ့ နှင်းဆီဖြူပန်းစည်းလေးကို အဓိပ္ပာယ်ရှိရှိပေးပြီး ခွင့်တောင်းပန်ရင်း ချစ်ခွင့်ပန်ခဲ့တာပါ"

"နေ လိုချင်မက်မောဆုံးအရာက ပုလဲဆီက နားလည်ပေးမှုနဲ့ ချစ်တဲ့စိတ်၊ ပြီးတော့ ရာသက်ပန် မြတ်နိုးစွာ လက်တွဲခွင့်ရရေးပါ မမသစ်"

ကိုကိုနိုင်က ပြောသေးရဲ့။ မမသစ် ပြန်ပြောတာတွေနောက်မှာ ပုလဲ ရင်ခုန်ရမှာလား၊ ချစ်တဲ့စိတ်ကို သူ့ဆီ ပို့လွှတ်ရမှာလား။

ထိုသို့ တစ်ကိုယ်တည်း ပုလဲ မေးလျှင် -

ပုလဲ

နေ တောင်းပန်ပါတယ်။ နှလုံးသားနဲ့ရင်းပြီး တောင်းပန်





တယ် ပုလဲရယ်။ ပုလဲကို အေးဆောင်းပန်ရင်း နေ ရင်ဖွင့်ပါရစေ။ ပုလဲကို နေ ချစ်တယ်။ ချစ်တယ် ပုလဲရယ်။ နေ့အချစ်ကို လက်ခံပေးပါ။

နေသခင်

ပုလဲကို ပန်းစည်းလေးနဲ့အတူ ရင်ဖွင့်စာလေး ပေးရင်း ပုလဲဆီက အချစ်ကို တောင်းဆိုခဲ့ဘဲ နေသခင်။

ထိုစဉ်က ပုလဲမာနက နှလုံးသားထဲ မထည့်နိုင်ဘဲ မီးပုံထဲ ပစ်ထည့်လိုက်တဲ့အဖြစ်။

ခုနေခါဆိုရင် -

ပုလဲရင်ခုန်သံတွေမြန်ကာ နှလုံးသွေးများ ပူနွေးလာပြီး နှုတ်ခမ်းအစုံက ချစ်စိတ်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာသည့်နှယ်။

ပုလဲနှလုံးသားကို ပုလဲ ထိန်းချုပ်ထားဖို့ မာနစွမ်းအားတို့ လွင့်ပါးသွားလေတဲ့အဖြစ်။ ဒါတင်မက မစွက်အက်တာက ပြုံးပြုံးလေးနဲ့ ပြောရှာသည်။

"မစ်ပုလဲက သိပ်လှို့ဝှက်တာပဲနော်"

"ဟင်၊ ဘာ ဘာကို လှို့ဝှက်ထားမိလို့လဲ မစွက်အက်တာ"

"မစ္စတာဂျေဆိုတာ မစ်ပုလဲရဲ့နေသခင်ဆိုတာလေ"

"ဘုရားရေ"

ပုလဲ ဘုရားတမိတဲ့နောက်မှာ ရှက်သွေးကြောင့် မျက်နှာလှလှလေး ရဲရဲနီလျက်။ မစွက်အက်တာက နားလည်ပါတယ်ကွယ်ဆိုတဲ့ အပြုံးနဲ့ ပုလဲကို စိုက်ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဝဏ္ဏစိုးနဲ့ အက်ိတာ ဆုံပြီးပြီလေ၊ ခုမှပဲ အကြောင်းစုံ သိရတော့တယ်၊ ဒါကြောင့် မစ္စတာဂျေနဲ့ အဆက်အသွယ်ရမယ့် လိပ်စာ မစ်ပုလဲ ပေးနိုင်တာကိုး။ ဟင့် ဟင့် ဟင့်"

မစ္စက်အက်ိတာ ပြောရင်း သဘောတကျရယ်လေ ပုလဲမျက်နှာလေး ရှက်သွေးနဲ့ ပိုရဲ ရဲရဲနီလေ။

"ရှက်မနေပါနဲ့ မစ်ပုလဲရယ်၊ ချစ်တာက ရှက်စရာမဟုတ်ဘူး ရှက်နေရင် ချစ်လို့ မကောင်းဘူးကွဲ့၊ မရှက်နဲ့နော်၊ ဘဝနဲ့နှလုံးသားမှာ အနှစ်သာရရှိရှိ ရပ်တည်ဖို့က အချစ်ဆိုတဲ့ အာဟာရလိုတယ်"

မစ္စက်အက်ိတာ အချစ်အကြောင်းတွေ ရွှန်းရွှန်းဝေအောင် ပြောလျက်။

"ကဲ ရှက်တာတွေ ဘေးဖယ်ပြီး ချစ်ကြဖို့ ပြင်ဆင်ထားပေတော့၊ မစ္စတာဂျေ ဒီညနေဖလိုက်နဲ့ ရောက်လိမ့်မယ်"

"အလို"

"ဒီညက မစ်ပုလဲရဲ့ အချစ်ညလေးပေါ့၊ ဟုတ်ပြီနော်၊ မစ်ပုလဲဘက်က အချစ်စိတ်တွေ နိုးကြွနေ, ရှင်သန်နေအောင် အက်ိတာ သတင်းလာပေးတာ၊ ဒါပဲ မစ်ပုလဲ"

မစ္စက်အက်ိတာ ပြောပြီးထွက်သွားလျှင် ပုလဲကိုယ်လေး တောင့်မတ်နေလို့မရ ဖြစ်ရကာ။ ဆိုဖာပေါ် ပုံကျသလို ထိုင်ချမိသည်က ရင်ခုန်စိတ်တို့ အပြင်းအထန် လှုပ်ရှားသွားလို့ပဲ မဟုတ်လား။

နေ့။ နေ လာနေတယ်။





ပုလဲဆီ နေ လိုက်လာနေတယ်။ ဟုတ်ရဲ့လား။ ပုလဲ ဘယ်လိုရင်ဆိုင်ရမလဲ။ ရင်မှာ အတောမသတ်လျက် ရေရွတ်မိသည်က –

"ရှက်လိုက်တာကွယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

နေ ရောက်မယ်တဲ့။

ထိုသတင်းက နယူးယောက်မြို့တော်ရဲ့ ညည်ယံဟာ အလှသွေးတို့ ပိုကြွယ်နေတယ်လို့ ခံစားရလေသည်။

ဒါတင်မက ဖမ်းစားခံထားရတဲ့နှလုံးသားမှာ နေ့ကို ကြိုဆိုတဲ့ အထိမ်းအမှတ်နဲ့ ရောင်စုံမီးလုံးကလေးများကို အလှဆင်ထွန်းညှိလျက် ရှိဝေရွှန်းလဲ့စွာ ပုလဲ ပြန်ကြည့်မိ၏။

ထိုအခါ ပုလဲမျက်ခုံးတန်း ပင့်တက်သွားသလို နှုတ်ခမ်းလေးကလည်း ပွင့်ဟကာ အံ့သြခြင်းနဲ့ မြူးလို့သွားလေသည်။

နံရံမှာ အလှဆင်ထွန်းညှိမိတဲ့ မီးသီးအလှလေးတွေက နေ့ကိုယ်နေဟန်ကောက်ကြောင်းလေးအတိုင်း ပုံစံထင်လျက်။





ဘုရားရေ။

ပုလဲ ချိတ်ဆွဲထွန်းညှိမိတာက တစ်မျိုး။ ပုံပေါ်နေတာက ရင်ထဲက နေ့။ ထို'နေ'က အေးချမ်းသာယာစွာ ပုလဲနှလုံးသားမှာ သာယာမှုတွေ ပေးစွမ်းနေပေပြီ။

ခုနေခါ နေရောက်လာရင် ပုလဲ ဘယ်လိုရင်ဆိုင်ရမှာလဲ။ ရှက်နေတဲ့ ချစ်စိတ်က မျက်ဝန်းကို ပန်းသွေးရောင်သန်းကာ။

ထိုအတွေးလေးပင် မဆုံးသေးခင် ပုလဲ လက်ကိုင်ဖုန်းလေး ထမြည်လာ၏။ မြည်နေတဲ့ဖုန်းကို ရင်ခုန်စိတ်နဲ့ ပုလဲ ငေးကြည့်နေမိသေးသည်။

အတန်ကြာမှ ပုလဲ ရင်ခုန်စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး 'နေ'လားကွယ်။ တောင့်တစိတ်နဲ့ ဖုန်းကိုင်၏။

"ဟဲလို"

"ပုလဲ"

မမသစ်အသံကြောင့် ပုလဲရဲ့တောင့်တစိတ်လေး အရှိန်ထိုးကျသွားပြီး –

"ပြောပါ မမသစ်"

"မမသစ်နဲ့ကိုစိုး လေဆိပ်က ထွက်လာနေပြီ"

"ဟုတ်၊ ပုလဲ စောင့်နေပါတယ်"

"ဒါပေမဲ့ နေတော့ မပါဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မစွက်အက်တာ အသေအချာ သတင်းပေးထားလျက်နဲ့ နေမပါဘူးဆိုတော့ ပုလဲရင်မှာ လှိုက်ခနဲ ဟာဆင်းသွားကာ။ ဟင်ခနဲဖြစ်ပြီး အသက်ရှူဖို့ပင် မေ့သွားတဲ့နောက် ဝမ်းနည်းသလိုလိုလည်း ခံစားရလေသည်။

''ပုလဲ မမသစ်တို့ ပုလဲအခန်းနား ရောက်ခါနီးပြီ၊ ဒါပဲနော်''

မမသစ်အသံလေး ပျောက်ကွယ်သွားတဲ့နောက်မှာ ပုလဲ ကိုင်ထားတဲ့ လက်ကိုင်ဖုန်းလေးဟာ မျှော်လင့်ချက် ကင်းခဲ့ကာ လျှောခနဲ လွတ်ကျလို့သွားသည်။

ကတ္တီပါ[illegible]အပေါ် ငြိမ်သက်နေတဲ့ ခေါက်ဖုန်းလေးကို ကြည့်ရင်း ပုလဲမျက်ဝန်းမှာ ပူနွေးစိုစွတ်တဲ့ ရာသီဥတုဖြစ်လို့သွားချေပြီ။

နံရံမှာ ထွန်းညှိထားတဲ့ ကောက်ကြောင်းစုံပေါ်နေတဲ့ ရောင်စုံမီးသီးလေးတွေရယ်။

ပုလဲ ရှက်လိုက်တာ။ ဟင့် ဟင့် ဟင့်။

ပုလဲချစ်စိတ်က တောင့်တင်းမခံနိုင်တော့ပါ။ နှလုံးသားမှာ ထိနိုက်ငိုချမိသည်က အတောမသတ်ရယ်။

နေရယ် –

ရှင် သိပ်ရက်စက်တယ်ကွယ်။

✿ ✿ ✿



## အခန်း (၄၁)

''တီ''

ဘဲလ်သံက ရှည်လျားစွာ ပေါ်လာလေသည်။ ပုလဲ မျက်ရည်တွေ ကမန်းကတန်း သုတ်သင်ရင်း ကြွေဆည်လိုက်ရသည်။

မမသစ်နဲ့ဦးစိုး ရောက်လာပြီ မဟုတ်လား။

မျက်ဝန်းနဲ့ပါးပြင်ပေါ်မှာ စိုစွတ်နေတဲ့ မျက်ရည်များ ခြောက်သွေ့သွားမှ အခန်းတံခါးကို ဖွင့်လေသည်။

''ဟင်''

အခန်းပြင်မှာ ဘယ်သူမှလည်း ရှိမနေ။ ပုလဲ အခန်းတံခါးကို ပြန်ပိတ်၏။ မကြာပါ။ 'တီ'ခနဲ ဘဲလ်သံရှည်ကြီး မြည်လာပြန်သည်။

ပုလဲ ဒုတိယအကြိမ် ပြန်ဖွင့်ကြည့်၏။ ဘယ်သူ့ကိုမှလည်း

www.burmeseclassic.com



မတွေ့ရပါ။ သတိထားမိတာက မျက်နှာချင်းဆိုင် အခန်းတံခါး ဟဟပွင့်နေကာ ထိုတံခါးမှာ ချိတ်ထားတဲ့ ပန်းချီကားတစ်ချပ်။

ပုလဲ စိတ်ဝင်စားကာ ထိုအခန်းတံခါးဝမှာ ချိတ်ထားတဲ့ ပန်းချီကားကို ယူကြည့်တော့ နေနဲ့ပုလဲ မျက်နှာချင်းဆိုင် ထိုင်နေတဲ့ပုံ။

သေချာတာက မစွတာဂျေကို စားသောက်ဆိုင်မှာ သွားစောင့်ချိန်က ပုံလေး။

ပန်းချီကားလေးကိုကြည့်ရင်း ရင်ခုန်လာကာ အခန်းထဲ ဝေ့ကြည့်၏။ ပန်းရောင်အလှမီးတွေ ဖြာနေတဲ့ အခန်းထဲမှာ ပန်းချီကားတွေ။

ဘုရားရေ။ ပုလဲပုံတွေချည်း။ ပုလဲပုံတွေကို ပုလဲ လိုက်ကြည့်ရင်း ရင်မှာ လှိုက်လှိုက်ဖိုဖိုလေးဖြစ်ကာ ပုလဲပုံကားချပ်တွေ။ ပြီးတော့ နေ့ရဲ့ပုံ။ ကြက်တောင်ရိုက်နေတဲ့ နေ့ပုံတူ။

အလို နေ။

ရှင် ဘယ်မှာလဲ။

နေ့ပုံတူကားဘေးမှာ ချိတ်ဆွဲထားတာက ဘာပုံမှမပါတဲ့ အပြာရောင်သက်သက် ခြယ်မှုန်းထားတဲ့ ပန်းချီကားတစ်ချပ်။

အပြာရောင်ပေါ်မှာ ပန်းနုရောင်နဲ့ ခပ်ကြွကြွလေး ရေးထားတဲ့ စာလုံးတွေ။

"ပုလဲ၊ နေ့နှလုံးသားမှာ ပုလဲဟာ စင်ကြယ်တဲ့ ပန်းကလေးတစ်ပွင့်ပါကွယ်။ နေကတော့ စင်ကြယ်တဲ့ပန်းကလေးဆိုတာထက် သရွ





လှလှလေး ဆောင်းပေးထားတဲ့ ထာဝရပန်းသခင်မလေးပါကွယ်၊ နေပြောတာ ပုလဲ ယုံလားဟင်၊ ယုံတယ်ဆိုရင် နေ့ရင်ခွင်ထဲ ဝင်လှည့်ပါ ပန်းသခင်မလေးရယ်"

"ဟင်"

စာတန်းလေး အဆုံးသတ်မှာ ပုလဲမျက်လုံးက ရင်ခွင်တစ်ခုကို ရှာမိလေပြီ။

"နေ"

ပုလဲနှလုံးသားမှာ ခေါ်သံတွေ ပဲ့တင်ထပ်လို့သွားသည်။

"ပုလဲရေ"

မမသစ်ရဲ့ ခေါ်သံကြားလျှင် ပုလဲ ဟန်မဆောင်နိုင်တော့ပါ။ မမသစ်ကို ပြေးထွက်ကြိုဆိုရင်း–

"နေရောဟင် မမသစ်၊ နေ ဘယ်မှာလဲ"

လို့ ဟန်မဆောင်နိုင်တမ်း မေးမိလေပြီ။

မမသစ်၊ ဦးစိုးနဲ့ နေ သူငယ်ချင်းသုံးယောက် ပုလဲကိုကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ရယ်မောလေသည်။ ပုလဲ အရှောင်ခံနေရတာလားဟင်။

ဆောက်တည်ရာမရဖြစ်နေတဲ့စိတ်က အားလုံးကို ဆွဲလွှဲဖယ်ရင်း 'နေ' ကို ရှာမိလေသည်။ ဖျတ်ခနဲ မီးငြိမ်းသွားတဲ့နောက်မှာ ပုလဲ့ လက်ကိုဆွဲပြီး ရင်ခွင်ထဲ ထွေးဖက်လိုက်တဲ့အခါ –

"နေ၊ နေ မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ အရှုံးအမှုးမေးရင်း ရင်ခုန်နေတဲ့ ပုလဲလက်ချောင်းတွေက ရင်ခွင်ထဲ ထည့်ပိုက်ထွေးပွေ့ထားသူရဲ့ မျက်နှာကို စမ်းသပ်မိ၏။ ညာဘက်မျက်ခုံးနက်နက်ထောင့်စွန်းမှ မှဲ့သီးလေးကို စမ်းမိလျှင် –

ပုလဲ ရင်ခုန်သံတွေ ထိန်းလို့မရတော့ပါ။

"ဟိတ် ကောင်မလေးကို လွှတ်လိုက်လေ"

အမှောင်ထဲမှ ထွက်ပေါ်လာတဲ့ နေ့သူငယ်ချင်းတွေရဲ့ အော်သံတွေ။

"ဟင့်အင်း"

နေက မလွှတ်သလို ပုလဲလည်း လွှတ်ထွက်မသွားအောင် ဖက်ထားမိလေသည်။

ထိုအခါ ညအမှောင်က နှလုံးသားကို လုပသွားစေပြီ မဟုတ်လား။ ဒါဖြင့် အသံတိတ်အချစ်ဗေဒတွေက ရင်ခွင်နှစ်ခုကို စိုးမိုးသွားကာ ချစ်တယ်ဆိုတဲ့ စည်းချက်ညီရင်ခုန်သံတို့ ပြိုင်ဆိုင်လျက်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**
တိုက်အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၄၉၈၀၅၅၇၁၀, ၀၉၅၇၃၂၀၆၁၃၅

www.burmeseclassic.com